လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်း

# လုပ်ငန်းလမ်းညွှန်ချက်

လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း
လုပ်ငန်းများအပေါ် အထူးအလေးပေးဆောင်ရွက်ခြင်း



လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများအတွင်း
လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်း

# လုပ်ငန်းလမ်းညွှန်ချက်

လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်း နှင့်
တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအပေါ်
အထူးအလေးပေးဆောင်ရွက်ခြင်း

စက်တင်ဘာလ ၂၀၀၅ ခုနှစ်

# ကျေးဇူးတင်မှတ်တမ်း

အေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လိင်ပိုင်းဆိုင်ရာနှင့် လူသားချင်းဆိုင်ရာ အကူအညီထောက်ပံ့ပေးရေး အလုပ်အဖွဲ့အနေဖြင့် ယခုလုပ်ငန်းလမ်းညွှန်ချက်များ ဖြစ်ပေါ်လာစေရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးခဲ့သူ အားလုံးအား ကျေးဇူးဥပကာရ တင်အပ်ပါသည်။ အဖိုးအနဂ္ဃထိုက်တန်သော အချိန် နှင့် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံများအတွက်လည်း ထပ်လောင်း ကျေးဇူးတင်အပ်ပါသည်။

ယခုထုတ်ပြန်လိုက်သော ***လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အပေါ် အထူးအလေးပေး ဖေါ်ပြထားသော လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်ချက်*** အား ၂၀၀၅ –၂၀၀၆ ခုနှစ်အတွင်း ကွင်းဆင်းစမ်းသပ်မှုများ ပြုလုပ်လိမ့်မည်ဖြစ်ပြီး ၂၀၀၆ ခုနှစ်အကုန်တွင် IASC မှ နောက်ဆုံးပိတ် လုပ်ငန်း လမ်းညွှန်အား ပြင်ဆင် အတည်ပြုပေးလိမ့်မည် ဖြစ်သည်။

## အေဂျင်စီများဆိုင်ရာ ကော်မတီများ

Food and Agriculture Organisation (FAO)
Office for the Coordination of Humanitarian Affairs (OCHA)
United Nations Children's Fund (UNICEF)
United Nations Development Programme (UNDP)
United Nations Population Fund (UNFPA)
United Nations High Commissioner for Refugees (UNHCR)
World Food Programme (WFP)
World Health Organisation (WHO)

## ဖိတ်ကြားထားသော အဖွဲ့အစည်းများ

InterAction
International Committee of the Red Cross (ICRC)
International Council of Voluntary Agencies (ICVA)
International Federation of the Red Cross and Red Crescent Societies (IFRC)
International Organisation for Migration (IOM)
Office of the High Commissioner for Human Rights (OHCHR)
Representative of the Secretary-General on Human Rights of IDPs
Steering Committee for Humanitarian Response (SCHR)
World Bank

ယခုလုပ်ငန်းလမ်းညွှန်ပေါ်ပေါက်လာရေးအတွက် အဖိုးတန်လှသော အကူအညီများအား UNIFEM နှင့် အောက်ဖေါ်ပြပါ အဖွဲ့များမှ ပေးခဲ့ကြသည်။ Reproductive Health Response in Conflict Consortium မှ အဖွဲ့ဝင်များ၊ Medecins sans Frontieres, Oxfam, International Medical Corps နှင့် Christian Children's Fund တို့ဖြစ်သည်။ အောက်ဖေါ်ပြပါ တက္ကသိုလ်များမှလည်း တန်းဖိုးကြီးမားလှသော အကူအညီများပေးခဲ့သည်။ ထိုတက္ကသိုလ်များမှာ The International Centre for Reproductive Health of the Ghent University နှင့် The University of Grenoble တို့ဖြစ်သည်။

လူသားချင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း စုပေါင်းတာဝန်ခံလုပ်ငန်းများ ပိုမိုအားကောင်းစေရေးအတွက် ရည်ရွယ်ဆုံးဖြတ်ခဲ့သော အထွေထွေညီလာခံဆုံးဖြတ်ချက် ၄၆ / ၁၈၂ အား အကောင်အထည်ဖေါ်သည့်အနေဖြင့် အေဂျင်များဆိုင်ရာ လုပ်ငန်းကော်မတီ (IASC) အား ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ရှုပ်ထွေးလှသော အရေးပေါ်အခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်ကျရောက်သော အခြေအနေများအပေါ် အေဂျင်စီများဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် အထောက်အပံ့ဖြစ်စေရေး အစပထမလုပ်ငန်းယန္တယားအဖြစ် ဆုံးဖြတ်ချက်က IASC ကို တည်ထောင်လိုက်ခြင်း ဖြစ်သည်။ IASC အား ကုလသမဂ္ဂ နှင့် ကုလသမဂ္ဂမဟုတ်သည့် လုပ်ငန်းတူ ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကျယ်ပြန့်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ IASC အကြောင်းအား ပိုမိုသိရှိလိုပါက IASC ၏ အင်တာနက်စာမျက်နှာဖြစ်သော www.humanitarianinfo.org/iasc တွင် ကြည့်ရှုနိုင်သည်။

*အေဂျင်စီများဆိုင်ရာလုပ်ငန်းကော်မတီ (၂၀၀၅)*
*လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအပေါ် အထူးအလေးပေးဖေါ်ပြထားသော လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်ချက်*
(လက်တွေ့ကွင်းဆင်းစပ်သပ်ရန်)
ဂျနီဘာ၊ အေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီ

# ဥယျောဇဉ်

အေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီ (The Inter-Agency Standing Committee) သည် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် လိုအပ်နေသည့် တစုတစည်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော နည်းလမ်းအား ဖြည့်စည်းပေးရန်အတွက် ***လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအပေါ် အထူးအလေးပေးဖေါ်ပြထားသော လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်ချက်အား ထုတ်ပြန်လိုက်သည်။*** အရေးပေါ် အခြေအနေများအတွင်း လိင်နှင့်ပါတ်သက်သည့် အကြမ်းဖက်မှု လုပ်ငန်းများဆိုင်ရာ လုပ်ငန်းစုံ စုပေါင်းနည်းလမ်းများ တည်ဆောက်လိုသော ကွင်းဆင်းလုပ်သားများအတွက် အရေးပါသော အကိုးအကား တခုဖြစ်သည်။

လက်နက်ကိုင် ပဋိပက္ခတခုအတွင်း လိင်အကြမ်းဖက်မှုသည် လူသားမျိုးနွယ်တခုလုံးအား ဆန့်ကျင်ချိုးဖောက်သော ပြစ်မှုတခုဖြစ်ပြီး၊ ထိုအကြမ်းဖက်မှုအား အထူးသဖြင့် အမျိုးသမီး နှင့် မိန်းကလေးများအပါအဝင် အရပ်သားလူထုအတွင်း အကြောက်တရား လွှမ်းမိုးနိုင်ရေး နှင့် ရက်စက်စွာ နှိပ်စက်ခြင်း စသည့် စစ်ပွဲတခု၏ နည်းလမ်းတခုအဖြစ် အသုံးပြုနေခြင်းဖြစ်သည်။ ယင်းအကြမ်းဖက်မှုအား မဖြစ်ပွားရန်အတွက် ကာကွယ်ဟန့်တားသော နည်းလမ်းများ ပေါ်ပေါ်လာစေရေးအတွက် နိုင်ငံတကာလူသားချင်းစာနာသော အသိုင်းအဝန်းက အတူတကွ ဆောင်ရွက်ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာပါက ကျူးလွန်ခံရသူများအတွက် လိုအပ်ချက်အားကိုလည်း အတူတကွ တုန့်ပြန်ဆောင်ရွက်ရမည် ဖြစ်သည်။ လူသားချင်းဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့် အထောက်အပံ့ပေးခြင်း လုပ်ငန်းများသည် အိုးအိမ်စွန့်ခွာထွက်ပြေးသူများ လုံခြုံစွာ နေထိုင်နိုင်ရေးနှင့် အမျိုးသမီးများ၊ မိန်ကလေးများအပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းလမ်းတစုံစုံဖြင့် လိင်အကြမ်းဖက်မှုအန္တရာယ် မကျရောက်စေရေးအတွက် မည်သို့မည်ဖုံဆောင်ရွက်ရမည်နှင့်ပတ်သက်၍ လက်တွေ့အကြံညဏ်များပေးထားသည်။ လိင်အကြမ်းဖက်မှုခံရသော ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် မည်ကဲ့သို့သော လုပ်ငန်းများ ရှိသင့်သည်နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကိုလည်း ယင်းလုပ်ငန်းလမ်းညွှန်က ပြောဆိုထားသည်။

လူသားချင်းဆိုင်ရာ အကာအကွယ်ပေးခြင်း နှင့် အထောက်အပံ့ပေးခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူအားလုံးအား လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအား အတူတကွပူးပေါင်း လုပ်ဆောင်ကြရန် နှင့် ယခု လုပ်ငန်းလမ်းညွှန်ချက်များအား အသုံးပြုကြရန် မိမိအနေဖြင့် တိုက်တွန်းဆော်ဩလိုက်သည်။ လိင်အကြမ်းဖက်မှုအဆုံးသတ်ရေး နှင့် ကျူးလွန်ခံရသူများအတွက် ပိုမိုထိရောက်စွာ၊ ကရုဏာရှိစွာ အကျိုးပြုဆောင်ရွက်နိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံးက အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

Jan Egeland
Emergency Relief Coordinator and Under-Secretary-General for Humanitarian Affairs

# မာတိကာ


| | |
|---|---|
| ကျေးဇူးတင်မှတ်တမ်း | i |
| ဥပဒေကျော်ဗဥ် | iii |
| အခန်း ၁။ နိဒါန်း | ၁ |
| အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှုအား ကြားဝင်ဟန့်တားခြင်း | ၁ |
| လုပ်ငန်းလမ်းညွှန်းချက်များ၏ ရည်ရွယ်ချက် | ၃ |
| ပစ်မှတ်ပရိတ်သတ် | ၄ |
| လုပ်ငန်းလမ်းညွှန်ချက်များအသုံးပြုပုံ | ၄ |
| လူသားချင်းဆိုင်ရာ အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု၏ သဘာဝနှင့် အတိုင်းအတာပမာဏ | ၆ |
| အခန်း ၂။ အခေါ်အဝေါ်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၉ |
| အခန်း ၃။ လူသားချင်းဆိုင်ရာ အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်ခြင်းများ | ၁၅ |
| အခန်း ၄။ အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း အလုပ်စာမျက်နှာများ | ၂၀ |
| ၁၊ တာဝန်ခံဆောင်ရွက်ခြင်း | ၂၂ |
| ၂၊ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း | ၃၀ |
| ၃၊ အကာအကွယ်ပေးခြင်း (ဥပဒေကြောင်း၊ လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ) | ၃၈ |
| ၄၊ လူသားအရင်းအမြစ် | ၄၉ |
| ၅၊ ရေ နှင့် မိလ္လာစနစ် | ၆၁ |
| ၆၊ အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အဟာရ | ၆၅ |
| ၇၊ အိုးအိမ်၊ နေရာချထားခြင်း နှင့် အစားအစာမဟုတ်သော ပစ္စည်းများ | ၇၀ |
| ၈၊ ကျန်းမာရေးနှင့် ရုပ်ရှာဝန်ဆောင်မှုလုပ်ငန်း | ၈၃ |
| ၉၊ ပညာရေး | ၉၆ |
| ၁၀၊ တရားဝင်ပညာရေးနှင့် ဆက်သွယ်ရေး | ၉၉ |
| နောက်ဆက်တွဲ အခန်း ၁ — အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှုများ ဖြေရှင်းခြင်း လုပ်ငန်း။ IASC ၏ ကတိကဝတ်။ | ၁၀၉ |
| နောက်ဆက်တွဲ အခန်း ၂ — နမူနာ စောင့်ကြည့်ကြပ်မတ်ခြင်းပုံစံ။ အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း | ၁၁၂ |
| နောက်ဆက်တွဲ အခန်း ၃ — နမူနာ အမှုတင်ပြခြင်း ပုံစံ | ၁၁၃ |
| နောက်ဆက်တွဲ အခန်း ၄ — အတိုကောက်ဝေါဟာရများ | ၁၁၄ |

# အခန်း (၁)

## နိဒါန်း

လိင်အခြေခံအကြမ်းဖက်မှု (Gender Based Violence – GBV) သည် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတခုဖြစ်ပြီး အဓိကအားဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအပေါ်တွင် ဆိုးဝါးသော၊ အသက်အန္တရာယ် ခြိမ်းခြောက်မှုမှ အကာအကွယ်ပေးရမည့် အရေးကြီးလှသောကြောင်းကိစ္စရပ်တခုဖြစ်သည်။ လိင်အခြေခံအကြမ်းဖက်မှုသည် နိုင်ငံတကာ လူထုကျန်းမာရေးနှင့် လူ့အခွင့်အရေး ကိစ္စရပ် တခုဖြစ်သည့်အပြင် လုံလောက်သော၊ သင့်လျော်သော၊ ပြည့်စုံသော ကာကွယ်တားဆီးမှုများနှင့် တုန့်ပြန်ဆောင်ရွက်ချက်များသည် ကမ္ဘာ့အဝှမ်း နိုင်ငံအများစုတွင် လုံလုံလောက်လောက် မလုပ်သေးသည်နှင့် ပတ်သက်၍လည်း ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားမှုများ ရှိသည်။ လိင်အခြေခံအကြမ်းဖက်မှုသည် ရှုပ်ထွေးသော အရေးပေါ် အခြေအအနေများနှင့် သဘာဝ ဘေးဥပဒ်ကြုံတွေ့ရသော အခြေအနေ များတွင် အထူး ခက်ခဲလှသော ပြဿနာ တခုဖြစ်သည်။ ထိုအခြေအနေများအောက်တွင် အမျိုးသမီးများနှင့် ကလေးငယ်များသည် ရံဖန်ရံခါ ဆိုသလို အနိုင်ကျင့် ချိုးဖောက်မှုများခံရသော ပစ်မှတ်များဖြစ်နေတတ်ပြီး၊ လိင်ပိုင်းဆိုင်ရာ ခွဲခြားခံရမှု၊ အသက်အရွယ်နှင့် လူ့အဖွဲ့အစည်းအတွင်း သတ်မှတ်ပြဋ္ဌာန်းချက်များကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များသည် ဂုတ်သွေးစုတ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် အနိုင်ကျင့် ချိုးဖောက်ခံရခြင်းများ အတွက် အကာအကွယ်မဲ့ဆုံးသူများ ဖြစ်နေကြရသည်။

***(စာမျက်နှာ ၃ တွင် ဖေါ်ပြထားသော လူသားချင်းဆိုင်ရာ အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု၏ သဘာဝနှင့် အတိုင်းအတာ ခေါင်းစဉ်အောက်တွင် ကြည့်ပါ။)***

လိင်အခြေခံအကြမ်းဖက်မှုသည် လူတဦးချင်း၏ လုံခြုံမှုအခွင့်အရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အမြင့်ဆုံး အဆင့်အတန်းအထိ ကုသနိုင်ခွင့် အခွင့်အရေး၊ နှိပ်စက်မှု သို့မဟုတ် ရက်စက်မှု၊ လူသားမဆန်မှု သို့မဟုတ် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ဆက်ဆံမှုတို့မှ ကင်းဝေးစွာ နေနိုင်ခွင့်နှင့် အသက်ရှင်ခွင့်များအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များမှ အကာအကွယ်ပြုထား သော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအား ချိုးဖောက်ခြင်း တခုဖြစ်သည်။

***လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူများသည် အရေးပေါ်အခြေအနေ၏ ကနဦးပိုင်း အဆင့်များမှ စ၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကာကွယ်ဟန့်တားသည်အထိ ဆောင်ရွက်ရမည်ဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူများ (သို့မဟုတ်) ကျူးလွန်ခံရသူများအတွက် သင့်လျော်သော အထောက်အပံ့အကူအညီများလည်း ပံ့ပိုးပေးရမည် ဖြစ်သည်။***

### အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှုအား ကြားဝင်ဟန့်တားခြင်း

လက်နက်ကိုင်ပဋိပက္ခများ သို့မဟုတ် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အကြပ်အတည်းကာလများအတွင်းတွင် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးသော အင်စတီကျူးရှင်းများနှင့် စနစ်များ အားနည်းနေခြင်း သို့မဟုတ် ပြိုပျက်ကောင်း ပြိုပျက်နေနိုင်သည်။ ရဲတပ်ဖွဲ့ဆိုင်ရာ၊ ဥပဒေကြောင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများသည် ရံဖန်ရံခါဆိုသလို ပျက်ဆီးကောင်း ပျက်ဆီးနေနိုင်သည်။ လူအများစုက ထွက်ပြေးတိမ်းရှောင်နေကြပြီး ကျန်ရစ်သူများမှာလည်း လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် လုပ်ဆောင်နိုင်စွမ်းမရှိခြင်း သို့မဟုတ် ချပ်ဝတ်တန်ဆာ မပြည့်မစုံ ဖြစ်နေခြင်းများလည်း ဖြစ်ကောင်း ဖြစ်နေနိုင်သည်။ မိသားစုများနှင့် အသိုင်းအဝန်းများ ကွဲပြားနေတတ်ပြီး၊ ထိုသို့ကွဲပြားရခြင်းကြောင့် လူ့အဝန်းအဝိုင်းအတွင်း ကူညီထောက်ပံ့ပေးသော စနစ်များနှင့် အကာအကွယ်ပေးရေး ယန္တရားများ ပို၍ ပြိုလဲပျက်ဆီးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

အသက်ရှင်မှုဘဝများ ကယ်တင်နိုင်ရေးနှင့် အကာအကွယ်များ အများဆုံးပေးနိုင်ရေးအတွက် အရေးပေါ် အခြေအနေ၏ ကနဦးအကျဆုံးအဆင့် များအတွင်း လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားရန်နှင့် တုန့်ပြန်ဆောင်ရွက်နိုင်ရန် အနည်းဆုံး လုပ်ငန်းတစုံအား စုပေါင်းနည်းဟန်ဖြင့် လျှင်လျှင်မြန်မြန် ဆောင်ရွက်ရမည်။ လိင်အခြေခံအကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများနှင့်

**လိင်အခြေခံအကြမ်းဖက်မှုကို ဆန်းစစ်ကြည့်ရှုခြင်း**

အရေးပေါ်ကာလအခြေအနေတခု၏ ကာလတလျှောက်လုံးတွင် လိင်အခြေခံအကြမ်းဖက်မှုပုံစံများစွာ ပေါ်ပေါက်သည်။ ကနဦးပိုင်း အဆင့် များတွင် လူ့အသိုင်းအဝန်း ပထမဦးဆုံး ပျက်ဆီးပြိုလဲသွားသောအခါတွင် လူထုသည် ကစဥ့်ကလျား ရွှေ့ပြောင်းသွားကြသည်။ ထို့နောက် အကာအကွယ်ပေးခြင်း စနစ်များသည်လည်း ပြည့်ပြည့်ဝဝ လည်ပတ်နိုင်ခြင်း မရှိကြတော့ပေ။ အစီရင်ခံလာသော လိင်အခြေခံ အကြမ်းဖက်မှုများမှာ အမျိုးသမီး အသက်ရှင်ကျန်ရစ်သူများ၊ အမျိုးသမီးကျူးလွန်ခံရသူများနှင့် ချိုးဖောက်သူ အမျိုးသားများ ပါဝင်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်များ ဖြစ်ကြသည်။ **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ကြီးမားသော အရေးပေါ် အခြေအနေများ အောက်တွင် ဖြစ်ပွားတက်သော အလျင်မြန်ဆုံးနှင့် အန္တရာယ်အရှိဆုံး လိင်အခြေခံ အကြမ်းဖက်မှု ပုံစံတခုဖြစ်သည်။** ထို့နောက် နောက်ပိုင်း အခြေအနေများဖြစ်သော တည်ငြိမ်မှုပိုမိုရှိသော အဆင့်၊ ပြန်လည်ပြုစု ပျိုးထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများအတွင်း အခြားသော လိင်အခြေခံ အကြမ်းဖက်မှုပုံစံများ ဖြစ်ပွားနေခြင်းသည် (သို့မဟုတ်) ဖြစ်ပွားနိုင်ခြေ ပိုမိုများနေကြောင်း အစီရင်ခံချက်များရှိသည်။ အခြား ပုံစံများအနက် အန္တရာယ်ဖြစ်စေသော မိရိုးဖလာ ထုံးတမ်းစဉ်လာများ (မိန်းမတန်ဆာ ဖြတ်တောက်ခြင်း၊ အသက်ငယ်ငယ်ဖြင့် အတင်းအဓမ္မ အိမ်ထောင်ချပေးခြင်း၊ ယဇ်ရုပ်ပူဇော်ခြင်း စသဖြင့်)နှင့် အိမ်တွင်း အကြမ်းဖက်မှု စသည်တို့ ပါဝင်သည်။

အရေးပေါ်အခြေအနေတခု၏ ကနဦးအဆင့်များတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကြားဝင်ဟန့်တားမှုကို အကြမ်းဖက်မှုကို အာရုံစူးစိုက်သင့်သော်လည်း အခြေအနေတခုချင်းစီသည် သီးခြားပုံစံဖြင့် ရှိနေတတ်ကြပြီး အခြားသော လိင်အခြေခံအကြမ်းဖက်မှုပုံစံများကိုလည်း ဥပေက္ခာမပြုသင့်ပေ။ ဥပမာ သဘာဝဘေးအန္တရယ် ကျရောက်ပြီး နောက်ပိုင်းတွင် တခါတရံ၌ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနှုန်းနှင့် ဆိုးဝါးမှုပမာဏ မြင့်တက်လာ တတ် (အောက်ဖော်ပြပါ နမူနာ ကိန်းစာရင်းတွင်ကြည့်ပါ။)သည်။ ထို့ကြောင့် လူသားချင်းစာနာသော လုပ်ငန်းလုပ်ဆောင်သူများသည် ချက်ချင်းလက်ငင်းကြားဝင်ဆောင်ရွက်ရန် လိုအပ်သည်။ အခြေအနေဆိုင်ရာ စုပေါင်းသုံးသပ် အကဲဖြတ်ချက် (Coordinated Situational Analysis) (အရေးပေါ် အခြေအနေ စုပေါင်းသုံးသပ်အကဲဖြတ် – အလုပ်စာမျက်နှာ ၂ ၊ ၁ တွင် ဖော်ပြထားသည်။) က ဖြစ်ပွားကြိမ်နှုန်း၊ အန္တရာယ်နှင့် အသက်ဆုံးရှုံးနိုင်လောက်မှုများအပါအဝင် ပေါ်ပေါက်နိုင်သော လိင်အခြေခံအကြမ်းဖက်မှု အခြားပုံစံများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးထားသည်။ အခြားသော လိင်အခြေခံ အကြမ်းဖက်မှုပုံစံများသည် ယခုလုပ်ငန်း လမ်းညွှန်ချက်များဖြင့် ရှင်းရှင်းလင်းလင်း သက်ဆိုင်ခြင်း မရှိပေ။ သို့သော် ယင်းပုံစံများအား ပြင်ဆင်ခြင်း၊ ဘက်ပေါင်းစုံမှ ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန် ဆောင်ရွက်ခြင်း အဆင့်များအတွက် အထောက်အကူပြု ပစ္စည်းများနှင့် အကြံပြုချက် အကျဉ်းချုပ်များအဖြစ် ထည့်သွင်း ဖော်ပြထားသည်။

ကျူးလွန်ခံရသူများသည် နောက်ဆက်တွဲ အန္တရာယ်များအား ရင်ဆိုင်ဖြေရှင်းရန်အတွက် အကူအညီများလိုအပ်သည်။ ၎င်းတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုများ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထောက်ပံ့မှုများ၊ လုံခြုံရေးနှင့် ဥပဒေကြောင်းအရ ဖြေရှင်းမှုများရှိရန် လိုအပ်သည်။ တချိန်တည်းတွင် ပြဿနာ၏အရင်းအမြစ်များကို ဖြေရှင်းရန်နှင့် ထိုဖြစ်စဉ်အတွင်း လိင်အခြေခံအကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်း အချက်အလက်များကို ဖြေရှင်းပေးရမည့် အကာအကွယ်ပေးခြင်း လုပ်ငန်းများသည် အဆင်သင့် တည်ရှိနေရမည် ဖြစ်သည်။ ယင်းလုပ်ငန်းများ အားလုံးတွင် ဝင်ရောက်လုပ်ကိုင်မည့်သူများသည် ဗဟုသုတ ကြွယ်ဝသူများ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ အသက်ရှင်ကျန်ရစ်သူများ သို့မဟုတ် ကျူးလွန်ခံရသူများအပေါ် ကူညီလိုသော မေတ္တာစိတ်ရှိသူများနှင့် ထိရောက်သော အကာအကွယ်ပေးခြင်း နည်းနာများကို တည်ထောင်နိုင် သူများ ဖြစ်ရမည်။ ထို့ကြောင့် လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများတွင် ကဏ္ဍများစွာ၊ အေဂျင်စီများစွာမှ လုပ်ဆောင်သူများ၏ စုပေါင်းလုပ်ဆောင်ချက်ရှိရန် လိုအပ်သည်။

## လုပ်ငန်းလမ်းညွှန်းချက်များ၏ ရည်ရွယ်ချက်

ယင်းလုပ်ငန်းလမ်းညွှန်ချက်များ၏ အဓိကရည်ရွယ်ချက်မှာ အရေးပေါ်အခြေအနေတခု၏ အစောပိုင်း အဆင့်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားရန်နှင့် တုန့်ပြန်ဆောင်ရွက်ရန် လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် လူ့အသိုင်းအဝန်းများအတွက် အစီအစဉ်များ ရေးဆွဲရန်၊ တည်ထောင်ရန်နှင့် အနိမ့်ဆုံးအဆင့်ကဏ္ဍစုံကြားဝင်ဟန့်တားခြင်းများ ပူးပေါင်း လုပ်ဆောင်ရန်အတွက် ကူညီအားဖြည့်ပေးရန် ဖြစ်သည်။

ယင်းလုပ်ငန်းလမ်းညွှန်ချက်များသည် အရေးပေါ်အခြေအနေတခု၏ အစောပိုင်းအဆင့်များအတွက် အလေးပေးဆောင်ရွက်နေစဉ် တဆက်တည်းပင် အရေးပေါ်အခြေအနေများအတွင်းတွင် လိင်အခြေခံအကြမ်းဖက်မှု တည်ရှိနေခြင်းနှင့် ယင်းအကြမ်းဖက်မှုသည် အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သော အကာအကွယ်ပေးရမည့် အရေးကိစ္စရပ်တခုဖြစ်ကြောင်းအား လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူ အသိုင်းအဝန်းအား အသိပေး၊ နှိုးဆော်ရန်အတွက်လည်း ရည်ရွယ်ခြင်းဖြစ်သည်။ ထို့အပြင် အရေးပေါ်ပြင်ဆင်ချက် စီမံကိန်း ရေးဆွဲခြင်း အဆင့်နှင့် အရေးပေါ်အခြေအနေများ၏ ပိုမိုတည်ငြိမ်မှုရှိသော အဆင့်များအတွင်း ထည့်သွင်းစဉ်းစားသင့်သော အချက်များနှင့် လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဟန့်တားမှုများအတွက် ခိုင်မာသော မဟာဗျူဟာများကိုပါ အထောက်အပံ့ပေးရန် အတွက်လည်း ရည်ရွယ်ထားသည်။

ယခုလမ်းညွှန်ချက်များတွင် ပါဝင်သော လုပ်ဆောင်ချက်များမှာ

၁) ပြင်ဆင်ခြင်းအဆင့်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းအကျဉ်းချုပ်

၂) အရေးပေါ်အခြေအနေ၏ အစောပိုင်းအဆင့်များအတွင်း အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများအတွက် အသေးစိတ်နှင့် အကောင်အထည်ဖေါ် ဆောင်ရွက်ချက်များ

၃) တည်ငြိမ်မှုပိုမိုရှိသော အဆင့်၊ ပြန်လည်ပြုစု ပျိုးထောင်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်းများအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အပြည့်အစုံ၏ အကျဉ်းချုပ် တို့ဖြစ်သည်။

လုပ်ငန်း လမ်းညွှန်ချက်များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပေါ်မှုအတိုင်းအတာ မြင့်တက်နေသည် သို့မဟုတ် နည်းပါးနေသည်ဟု သိရှိနေသော မည့်သည့်အခြေအနေတွင်မဆို အရေးပေါ်အခြေအနေတိုင်းတွင် အသုံးပြုနိုင်သည်။ ကမ္ဘာ့အဝှမ်းအရင်းအမြစ်ကောင်းမွန်သော အခင်းအကျင်းများတွင်ပင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား လျော့လျော့ပေါ့ပေါ့ဖြင့် ပြောဆိုတတ်ကြသည်ကို အရေးတကြီး သတိပြုရမည်။ အရေးပေါ် အခြေအနေတခုအတွင်း ပြဿနာရပ်တခု၏ အရေးပါမှုနှင့် ပတ်သက်သော အတိုင်းအတာ အတိအကျကို ရရှိရန်မှာ အလွန်ခက်ခဲသော ကိစ္စရပ်ဖြစ်သည်။ **ထို့ကြောင့် လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်သူများအနေဖြင့် လိင်အခြေခံအကြမ်းဖက်မှု အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ဖြစ်ပွားနေသည်ဟု ယုံကြည်ယူဆသင့်သည်။ ခိုင်မာ၊ ယုံကြည်ဖွယ်ရာ သက်သေအထောက်အထားများရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လိင်အခြေခံအကြမ်းဖက်မှုသည် ဆိုးဝါးသောကိစ္စရပ်တခုဖြစ်ပြီး အသက်အန္တရာယ် ကျရောက်နိုင်သော အကာအကွယ်ပေးရမည့် အကြောင်းကိစ္စရပ်တခုဖြစ်သည်။**

## ပစ်မှတ်ပရိတ်သတ်

ယင်းလုပ်ငန်းလမ်းညွှန်ချက်များအား လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (အန်ဂျီအို)၊ လူထုအခြေပြုအဖွဲ့အစည်းများ (စီဘီအို)နှင့် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်များ၏ နောက်ဆက်တွဲ အရေးပေါ်အခြေအနေများတွင် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသော အစိုးရအာဏာပိုင်များ အသုံးပြုရန် အတွက် ပြင်ဆင်ထားခြင်း ဖြစ်သည်။

ဒေသခံအာဏာပိုင်များနှင့် လူထုအသိုင်းအဝန်း၏ တက်ကြွကွသော ပါဝင်မှုသည် အထူးသဖြင့် လုပ်ငန်းအဆင့် အားလုံးတွင် အမျိုးသမီးများနှင့် ကလေးငယ်များ၏ပူးပေါင်းပါဝင်ခြင်းနှင့် ဦးဆောင်မှုများသည် အဆင့်တိုင်းတွင် အရေးပါကြောင်းအား လုပ်ငန်းလမ်းညွှန်ချက်က အလေးပေး ဖော်ပြထားသည်။ ထိုကဲ့သို့သော ပူးပေါင်းပါဝင်မှုသည် စုပေါင်းလုပ်ဆောင်ချက်၏ အောင်မြင်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ဒေသတွင်း လုပ်နိုင်စွမ်းများကို ပိုမိုအားကောင်းစေနိုင်သလို ရေရှည်တည်တန့်မှုအတွက်လည်း ပိုမိုအားဖြစ်စေသည်။

## လုပ်ငန်းလမ်းညွှန်ချက်များအသုံးပြုပုံ

ယခုလုပ်ငန်းလမ်းညွှန်ချက်များသည် လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူများအားလုံးအတွက် လွယ်လင့်တကူရရှိသင့်သည်။ လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေများတွင် လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း များအတွက် အဓိကကျသော အသေးစိတ် အကြံပြုချက်များကို လုပ်ငန်းလမ်းညွှန်ချက်များက အကြံပြုတင်ပြထားသည်။ **အခန်း ၃ ပါ ဇယားကွက်**သည် အရေးပေါ်အခြေအနေများ၏ ယေဘုယျ အဆင့် ၃ ဆင့်တွင် ဖြစ်ပေါ်တက်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ရန်အတွက် အကြံပြုတင်ပြထားသော အဓိကကြားဝင်ဟန့်တားခြင်းများ၏ အကျဉ်းချုပ်တခုပင် ဖြစ်သည်။

## အရေးပေါ် ပြင်ဆင်ခြင်း

ကနဦးအဆင့် (အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း)

တည်ငြိမ်သောအဆင့် (အလုံးစုံ ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း)

**အရေးပေါ် ပြင်ဆင်ခြင်းအဆင့်**အတွင်းတွင် အရေးပေါ်အခြေအနေတခု၏ ကနဦးပိုင်းအဆင့်များ၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားရန်နှင့် တုန့်ပြန်ဆောင်ရွက်ရန်အတွက် လျင်လျင်မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော လုပ်ငန်းများကို လုပ်ဆောင်သင့်သည်။ အရေးပေါ်ပြင်ဆင်ခြင်းများသည် အကြောင်းခြင်းရာများကြောင့် အကန့်အသတ်များ ဖြစ်နိုင် သော်လည်း ပြင်ဆင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ အခန်း ၃ ပါ ဇယားကွက်၏ ဘယ်ဖက်ကော်လံသည် အရေးပေါ် ပြင်ဆင်ခြင်း အတွက် အကြံပြုထားသော အဓိကဆောင်ရွက်ချက်များနှင့် ပတ်သက်သော သတင်းအကျဉ်းချုပ်ဖြစ်သည်။ ၎င်းအဆင့်အတွက် အကောင် အထည်ဖော်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ယခုလုပ်ငန်းလမ်းညွှန်ချက်များတွင် ထည့်သွင်းမဖော်ပြထားပေ။ သို့သော် လည်း အထောက်အကူပြုပစ္စည်းများကို လုပ်ငန်းလမ်းညွှန်ချက်များ တခုလုံးတွင် ရည်ညွှန်းဖော်ပြထားပြီး တွဲလျှက်ပါရှိသော CD-ROM အတွင်းတွင် ထည့်သွင်းပေးထားခြင်းကြောင့် နောက်ထပ် သတင်းအချက်အလက်များရှာဖွေရန်အတွက် အလွန်ကောင်းမွန်သော အရင်းအမြစ်များဖြစ်ကြသည်။

ကနဦးအဆင့်ဖြစ်သော အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းအဆင့်အတွင်း ကြားဝင်ဟန့်တားခြင်းအား အခန်း ၃ ဇယားကွက်၏ အလယ်ကော်လံတွင် ဖော်ပြထားသည်။ ထိုအဆင့်တွက် လုပ်ဆောင်ရမည့် အလုပ်တခုချင်းစီအား **အခန်း ၄ အလုပ်စာမျက်နှာ** တွင် အသေးစိတ်ဖော်ပြထားသည်။ အလုပ်စာမျက်နှာပါ လမ်းညွှန်ချက်တွင် လုပ်ဆောင်ရမည့် အဓိကအသေးစိတ် အလုပ်များ၊ ထိုအလုပ်များအတွက် တာဝန်ရှိမှုများနှင့် အဓိကလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် အဓိကအရင်းအမြစ်များကို ထည့်သွင်းဖော်ပြထားသည်။ အနိမ့်ဆုံးအဆင့် ကြားဝင်ဟန့်တားခြင်းနှင့် အကောင်အထည်ဖော်ခြင်း

အသေးစိတ် များသည် ယခုလုပ်ငန်းလမ်းညွှန်ချက်များ၏ အဓိကဆုံချက်ဖြစ်သည်။ပထမပိုင်းအကြပ်အတည်းများလွန်မြောက်ပြီးနောက် ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း အဆင့်သို့ ဝင်ရောက်လာပြီဖြစ်သော အရေးပေါ်အခြေအနေတခု၏ ပိုမိုတည်ငြိမ်သော အဆင့်များတွင် အလုံးစုံ ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများ လိုအပ်လာလိမ့်မည်။ ထိုအခြေအနေအောက်တွင် ဖြစ်ပေါ်လာသော အခြားသော လိင်အခြေခံအကြမ်းဖက်မှု ပုံစံများကိုလည်း ဖြေရှင်းပေးရန် ကြားဝင်ဟန့်တားမှု ဘောင်ကို ပို၍ ချဲ့ထွင်ရန် လိုအပ်လာလိမ့်မည်။ အခန်း ၃ ဇယားကွက်ပါ ညာဖက်ကော်လံက ယခုအဆင့်တွင် ဆောင်ရွက်ရမည့် အဓိကကြားဝင်ဟန့်တားခြင်းနှင့် သက်ဆိုင်သော အကျဉ်းချုပ်တခုကို ဖေါ်ပြထားသည်။ အကောင်အထည် ဖေါ်ခြင်းလုပ်ငန်းအသေးစိပ်များကို လုပ်ငန်းလမ်းညွှန်ချက်များ၏ စလယ်ဆုံးတွင် ရည်ညွှန်းဖေါ်ပြထားသော အထောက်အကူ ပြုမှတ်တမ်းများတွင် ရရှိနိုင်သည်။ ထိုအချက်အလက်အများစုကို တွဲလျှက်ပါ CD-ROM တွင် ထည့်သွင်းဖေါ်ပြထားသည်။

### အနိမ့်ဆုံးအဆင့်ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းအတွက် အလုပ်စာမျက်နှာ

အလုပ်စာမျက်နှာများအား လုပ်ငန်းကဏ္ဍများ၊ ကဏ္ဍစုံလုပ်ငန်းဟုသတ်မှတ်ထားသည်။ အဖွဲ့များစွာနှင့် လုပ်ငန်းကဏ္ဍများစွာ၏ လိုအပ်သော ဆောင်ရွက်မှုများလုပ်ငန်းအတွက် လုပ်ငန်းဆက်စပ်မှု ၅ မျိုးရှိသည်။ ထိုအရာများမှာ

- တာဝန်ခံဆောင်ရွက်ခြင်း (Coordination)
- စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း (Accessment and Monioring)
- အကာအကွယ်ပေးခြင်း (Protection)
- လူသားအရင်းအမြစ်များ (Human Resources)
- သတင်းပညာရေးဆက်သွယ်ခြင်း (Information Education Communication)

ထိုကဏ္ဍစုံလုပ်ငန်းများအပြင် ကဏ္ဍအလိုက် ပြင်ဆင်ထားသော အသေးစိတ်ကြားဝင်ဆောင်ရွက်မှုလုပ်ငန်းများလည်း ရှိသည်။ (သိစေရန် – အကာအကွယ်ပေးခြင်း လုပ်ငန်းသည် ကဏ္ဍစုံလုပ်ငန်းဆက်စပ်မှုရှိသော လုပ်ငန်းနှင့် လုပ်ငန်း လမ်းညွှန်ချက်များပါ အလုပ်ကဏ္ဍတခုလည်းဖြစ်သည်။)

- အကာအကွယ်ပေးခြင်း (Protection)
- ရေ နှင့် မိလ္လာစနစ် (Water and Sanitation)
- အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အဟာရ (Food Security and Nutrition)
- အိုးအိမ်၊ နေရာချထားခြင်းနှင့် အစားအစာမဟုတ်သော ပစ္စည်းများ (Shelter and Site Planning and Non-Food Items)
- ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုလုပ်ငန်း (Health and Community Services)
- ပညာရေး (Education)

**ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုနှင့် ရပ်ရွာမှပါဝင်မှု၏ အရေးပါပုံကို လုပ်ငန်းလမ်းညွှန်ချက်က အလေးပေးဖေါ်ပြထားသည်။ ကဏ္ဍစုံ လုပ်ငန်းများအားလုံးတွင် ကဏ္ဍစုံပါဝင်မှု များပြားလာရေးအတွက် လမ်းညွှန်ချက်တခုလည်း ပါဝင်သည်။ အနိမ့်ဆုံး အဆင့် ကြားဝင်ဟန့်တားခြင်းအား အကောင်အထည် ဖေါ်နိုင်ရန် အတွက် လုပ်ငန်းကဏ္ဍများအကြားနှင့် လုပ်ငန်းကဏ္ဍများ အတွင်း တာဝန်ခံ ဆောင်ရွက်မှု ရှိရမည်။ နောက်ဆုံးတွင် အလုပ်စာမျက်နှာတခုချင်းစီတွင် အခြားအလုပ်ကဏ္ဍများနှင့် လုပ်ငန်းများအတွက် သက်ဆိုင်ရာ အလုပ်စာမျက်နှာများနှင့် ဆက်သွယ်ထားသော လင့် (Links) များအား ခရမ်းရောင် စာလုံးဖြင့် ထည့်သွင်းဖေါ်ပြထားသည်။**

### အထောက်အကူပြုပစ္စည်းများ

ယခုလုပ်ငန်းလမ်းညွှန်ချက်များသည် လမ်းညွှန်ချက်များစွာ၊ နည်းလမ်းများ၊ သတ်မှတ်ချက်များ၊ သုတေသနပြုချက်များနှင့် နောက်ခံ သမိုင်းကြောင်း အချက်အလက်များမှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး ကုလသမဂ္ဂနှင့် အန်ဂျီအိုများပြုလုပ်ထားသော အခြားပြုစုချက်များနှင့် ပညာရှင် စာတမ်းများမှလည်း ထုတ်နှုတ်ယူထားခြင်းဖြစ်သည်။ ယင်းအထောက်အကူပြုပစ္စည်းများသည် အရေးပေါ်အခြေအနေ၏ အဆင့်တခုချင်းစီ၌ ကြားဝင်ဟန့်တားခြင်းလုပ်ငန်းများဆောင်ရွက်သူများအတွက်လည်း အထောက်အကူဖြစ်စေနိုင်သည်။ ကဏ္ဍစုံလုပ်ငန်းများ နှင့် လုပ်ငန်းကဏ္ဍတခုချင်းစီအတွက် အလုပ်စာမျက်နှာတွင် အဓိကအကြံပြုထားသော အရင်းအမြစ်များကို ဖေါ်ပြထားသည်။ လုပ်ငန်းလမ်းညွှန်ချက်နှင့် တွဲလျှက်ပါ CD-ROM တွင်လည်း အထောက်အကူပြု ကိုးကားချက် အများစုပါဝင်သည်။

## လူသားချင်းဆိုင်ရာ အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု၏ သဘာဝနှင့် အတိုင်းအတာ ပမာဏ

အနည်းဆုံး ကမ္ဘာ့အမျိုးသမီးဦးရေ၏ သုံးပုံတပုံသည် သူမ၏ဘဝသက်တမ်းကာလအတွင်း တချိန်ချိန်၌ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာအရ တခု မဟုတ် တခု အနိုင်ကျင့်ခံနေရသည်။ နိုင်ငံအများစုတွင် ယင်းပြဿနာနှင့်ပတ်သက်၍ မဆိုသလောက်သော သုတေသန ပြချက်များ ရှိသော်လည်း အချို့တိုင်းပြည်များတွင် အမျိုးသမီး ၄ ဦးတွင် ၁ ဦးသည် ရင်းချာသော လက်တွဲဖော်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရနိုင်ပြီး၊ အပျိုဖော်ဝင်ကာစ အမျိုးသမီးငယ် ၃ ဦးတွင် ၁ ဦးသည် ပထမဦးအကြိမ် လိင်ပိုင်းဆိုင်ရာ အတွေ့အကြုံသည် အတင်း ဖိအားပေးမှုကြောင့် ဖြစ်ခဲ့သည်ဟု ရရှိလာသော အချက်အလက်များအရ သိရသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြေမဲ့ဖြစ်ရမှု အခြေအနေ များတွင် ဂုတ်သွေးစုတ်မှုနှင့် အနိုင်ကျင့်မှုများအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် လူသိများပြီး အန္တရာယ်ရှိသော ပြဿနာတခုဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား တခါတရံတွင် အမျိုးသမီးများနှင့် ကလေးများအား ပစ်မှတ်ထားကာ စစ်ပွဲများအတွင် လက်နက်တခုအဖြစ် အသုံးပြုတတ်သည်။

- ဆီယာလီယွန်တွင် နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ အမျိုးသမီးဦးရေ ၅၀၀၀၀ နှင့် ၆၄၀၀၀ သည် လက်နက်ကိုင်သူများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံခဲ့ရသည်ဟု အစီရင်ခံခဲ့သည်။ လက်နက်ကိုင်များနှင့် မျက်နှာချင်းဆိုင်တွေ့ကြုံခဲ့ရသော နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူ အမျိုးသမီးဦးရေ၏ ထက်ဝက်သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံခဲ့ရသည်။
- အမေရိကန်ရောဂါထိန်းချုပ်ရေးဌာန၏ သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် စစ်တမ်းကောက်ယူခဲ့သော အဇာဘိုင်ဂျန် အမျိုးသမီး၂၅ ရာခိုင်နှုန်းသည် အတင်းအကြပ် လိင်ဆက်ဆံခြင်း ပြုခံရကြောင်းနှင့် အဇာဘာဂျန်၏ နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူ အကြား အန္တရာယ်အရှိဆုံးသူများမှာ အမျိုးသမီးများပင်ဖြစ်သည်။
- ၁၉၉၉ ခုနှစ် အစိုးရစစ်တမ်းများအရ ဆီယာလီယွန်မှ ၃၇ ရာခိုင်နှုန်းသော ပြည့်တန်ဆာများသည် အသက် ၁၅ နှစ်အောက်များ ဖြစ်ကြပြီး ထိုအထဲမှ ၈၀ ရာခိုင်နှုန်းသည် အုပ်ထိန်းသူမဲ့ ကလေးငယ်များ သို့မဟုတ် စစ်ပွဲကြောင့် အိုးအိမ်မဲ့ ကလေးများဖြစ်ကြသည်။
- ၁၉၉၄ ခုနှစ် ရဝမ်ဒါလူသတ်ပွဲတွင် တူစီ အမျိုးသမီးအများစုသည် လိင်အခြေခံအကြမ်းဖက်မှုကို ခံခဲ့ရပြီး၊ ထိုအထဲမှ အမျိုးသမီးပေါင်း ၂၅၀၀၀၀ နှင့် ၅၀၀၀၀၀ အကြားသည် မုဒိမ်းမှုကျင့်ခံခဲ့ရသော အသက်ရှင်ကျန်ရစ်သူများဟု ခန့်မှန်းကြသည်။
- ၁၉၉၀ အစောပိုင်းနှစ်များတွင် ဖြစ်ပွားခဲ့သော ဘော့စနီးယား–ဟာဇီဂိုးဗီးနား စစ်ပွဲအတွင်း အမျိုးသမီးဦးရေ ၂၀၀၀၀ နှင့် ၅၀၀၀၀ အကြား မုဒိမ်းကျင့်ခံခဲ့ရသည်ဟု ခန့်မှန်းရသည်။
- သဘာဝဘေးအန္တရာယ်များကျရောက်ပြီးနောက် အခြေအနေများတွင် အနိုင်ကျင့်မှုများပါဝင်သော လူမှုရေးအရ သက်ရောက်မှု များဆိုင်ရာ ကွင်းဆင်းအစီရင်ခံစာများ ရှိသည်။ ဩစတေးလျရေကြီးမှုက ထိုကဲ့သို့ ပြောဆိုထားသည်။ "လူသားဆက်ဆံရေးများ ပွင့်အံထွက်လာခဲ့သည်။ ဆက်ဆံရေး၏ အားနည်းချက်၊ အားသာချက်များသည် လုံးဝ တိကျစွာ ကွဲပြားပေါ်ထွက်လာသည်။ ဤသို့သောကြောင့် လူမှုရေးအရ အထီးကျန်သော အမျိုးသမီးများ ပိုမို၍ အထီးကျန်လာရသည်။ အိမ်တွင်း အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာသည်။ မိသားစုအကြား၊ မိတ်ဆွေများ အကြားနှင့် အိမ်ထောင်ဖက်အကြား အဓိက ဆက်ဆံရေးသည်လည်း အကာအကွယ်မဲ့လာသည်။ "ဖိလစ်ပိုင်နိုင်ငံ ပီနာတူဘို မီးတောင်ပေါက်ကွဲမှု၊ အလယ်ပိုင်းနှင့် မြောက်အမေရိကတိုက်အတွင်း မစ်ချ်ဟာရီကိန်းတိုက်ခိုက်မှုနှင့် နိုင်ငံတော်တော်များတွင်၂၀၀၄ ဆူနာမီ ဘေးဒဏ်ခံရပြီး စသည့်ဖြစ်ရပ်များ နောက်ပိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပိုမိုများပြား လာခဲ့သည်ဟူသော အစီရင်ချက်များကိုလည်း သတိပြုမိခဲ့သည်။

အဓိကအားဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် လိင်အခြေခံအကြမ်းဖက်မှုသည် အမျိုးသားများက အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကျူးလွန်သော ပြစ်မှုဖြစ်သည်။ အမျိုးသားများနှင့် လူငယ်အမျိုးသားများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံရနိုင်သော သူများဖြစ်သည်။ အထူးသဖြင့် ၎င်းတို့ နှိပ်စက်ခံနေရချိန်၊ ဖမ်းဆီးချုပ်နှောင်ခံနေရသော အချိန်တွင် ပို၍ ခံရနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူ အများစုမှာ အမျိုးသမီးများဖြစ်သည်။

### ပေါ့ပေါ့လျော့လျော့ပြောဆိုခြင်း

လိင်အခြေခံအကြမ်းဖက်မှု အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ ဝိသေသများအနက် တခုမှာ လျော့ကာပေါ့ကာ ပြောဆိုခြင်းဖြစ် သည်။ အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူများသည် သိမ်ငယ်စိတ်၊ လက်စားချေမည့် အန္တရာယ်အပေါ်

စိုးရိမ်မှု၊ အာဏာပိုင်များ အပေါ် မယုံကြည်မှုနှင့် တဖန်အကျူးလွန်ခံ ဘဝပြန်ရောက်မည့်အရေး စိုးရိမ်မှုစသည့် အကြောင်းပြချက်များကြောင့် ပုံမှန်အားဖြင့် ဖြစ်ခဲ့သည့် အရာကို ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ လိင်အခြေခံအကြမ်းဖက်မှုက အရှက်ရစေခြင်း၊ အပြစ်ပုံချခြင်း၊ လူမှုရေးအမည်းစက်ဖြစ်စေခြင်းနှင့် တခါတရံတွင် အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူ၏ မိသားစုနှင့် အသိုင်းအဝန်း၏ ပစ်ပယ်ခံရမှု စသည်တို့ကို ဖြစ်ပေါ်စေသည်။ လူမှုရေးအမည်းစက်နှင့် အပစ်ပယ်ခံရမှုသည် အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူက ဖြစ်ပျက်ခံမှုကို လူသိရှင်ကြားထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် အစီရင်ခံမှုများ ပြုလုပ်သောအခါတွင် ပိုမို၍ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်နိုင်သည်။ မည်သို့သော အခြေအနေမျိုးတွင်မဆို ရဲတပ်ဖွဲ့၊ ဥပဒေကြောင်း၊ ကျန်းမာရေးသို့မဟုတ် အခြားသော အရင်းအမြစ်များမှ လိင်အခြေခံအကြမ်းဖက်မှုအကြောင်း အစီရင်ခံစာများပါ အချက်အလက်များတွင် လိင်အခြေခံအကြမ်းဖက်မှု ဖြစ်ပွားသော အကြိမ်အရေအတွက်သည် အလွန့်အလွန် နည်းပါးလွန်းသည်။

## နောက်ဆက်တွဲ အကျိုးဆက်များ

လိင်အခြေခံအကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူများသည် ဒဏ်ရာဒဏ်ချက်ကြောင့် အသက်ဆုံးရှုံးနိုင်သည်မှ ကိုယ်ကိုကိုယ်သတ်သေသည့်အထိ ဖြစ်နိုင်သော ကြီးမား၊ ရှည်ကြာသော ကျန်းမာရေး ပြဿနာများ၏ အန္တရာယ်အရှိဆုံး သူများဖြစ်သည်။ မလိုချင်သောကိုယ်ဝန် ဆောင်ရခြင်း၊ မလုံခြုံသော တကိုယ်ရေ ကိုယ်ဝန်ဖျက်ချခြင်း၊ မွေးကင်းစကလေးငယ်အား သတ်ဖြတ်ခြင်းနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အပါအဝင် လိင်မှတဆင့် ကူးဆက်ရောဂါများသည် ကျန်းမာရေးအရ နောက်ဆက်တွဲ ဖြစ်ရပ်များဖြစ်သည်။ စိတ်ဝေဒနာ၊ လူမှုရေးအမည်းစက်နှင့် အပစ်ပယ်ခံရခြင်းသည်လည်း အမြဲတစေ ကြုံတွေ့ရတတ်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်များတွင် လူ့အဖွဲ့အစည်းအများစုက ကျူးလွန်ခံရသူကိုသာ အပြစ်ပုံချတတ်ကြသောကြောင့် စိတ်ပိုင်းဆိုင်ရာ အနာတရကို ပိုမိုဖြစ်စေသည်။ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ခံစားမှုဆိုင်ရာ အနာတရဖြစ်မှု၏ သဘာဝနှင့် ကြီးမားမှုအတိုင်းအတာသည် အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူများအကြား မတူကွဲပြားသည်။ အဆင်သင့်ရှိနေပြီးသား ဝန်ဆောင်မှုများကို အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူများက မလိုလားခြင်း သို့မဟုတ် မလိုအပ်ခြင်းလည်း ရှိနိုင်သည်။ သို့ပင်ငြား လိင်အခြေခံအကြမ်းဖက်မှုကို တုန့်ပြန်ရာတွင် အန္တရာယ်ရှိသော နောက်ဆက်တွဲများကို လျော့ကျ စေရန်နှင့် အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူများအား နောက်ထပ် ဒဏ်ရာအနာတရများ မကျရောက်စေရေး အကာအကွယ်ပြုရန် အတွက် လက်ရှိ ရှိနေသော ဝန်ဆောင်မှုများကို ထည့်သွင်းရမည်။

## ကလေးငယ်များနှင့် လူငယ်များ

အရေးပေါ်အခြေအနေများတွင် ကလေးငယ်များသည် ၎င်းတို့၏ မှီခိုရသောသဘာဝ၊ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်းအကန့်အသတ် နှင့် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ရမှုနှင့် ပါဝင်နိုင်စွမ်း အကန့်အသတ်များကြောင့် လိင်အခြေခံအကြမ်းဖက်မှုအတွက် အထူးအန္တရာယ်ရှိသူများ ဖြစ်သည်။ ကလေးများသည် ဘဝအတွေ့အကြုံ အလွန်နည်းပါးလှသောကြောင့် အလွယ်တကူ ခေါင်းပုံဖြတ်ခံရနိုင်ခြင်း၊ လှည့်ဖျားခံရနိုင်ခြင်း နှင့် အရွယ်ရောက်သူများထက် အနိုင်အထက်ပြုကျင့်ရန် လွယ်ကူသည်။ ဖွံ့ဖြိုးမှုအဆင့်ပေါ်တွင် မူတည်ကာ အချို့သောအပြုအမူများ၏ လိင်သဘာဝကို ကလေးငယ်များ အပြည့်အဝ နားမလည်နိုင်သကဲ့သို့ သဘောတူမှုကိုလည်း ပေးနိုင်မည်မဟုတ်ပေ။ အရွယ်ရောက်စ မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ်များသည် လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် ကြီးမားလှသော စီးပွားရေးအကြပ်အတည်းများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် အထူး ပစ်မှတ်ထားခံရသူများ ဖြစ်သည်။

## အရေးပေါ်အခြေအနေများအတွင်း အရင်းခံအကြောင်းရင်းများနှင့် အန္တရာယ်ရှိသော အချက်အလက်များ

လိင်အခြေခံအကြမ်းဖက်မှု၏ အဓိကပင်မအကြောင်းမှာ လိင်ပိုင်းဆိုင်ရာ တန်းတူညီမျှမှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းများကြောင့် ဖြစ်သကဲ့သို့ အခြားများစွာသော အချက်အလက်များသည်လည်း အခြေအနေတခုချင်းစီတွင် အကြမ်းဖက်မှု၏ ပမာဏနှင့် အမျိုးအစားကို သတ်မှတ်ဆုံးဖြတ်နိုင်သည်။ အရေးပေါ်အခြေအနေများတွင် လူမှုရေးဆိုင်ရာ ပြုမူနေထိုင်မှုများကို ပြဋ္ဌာန်းပေးသော စံသတ်မှတ်ချက်များသည် အားယုတ်သွားပြီး မိရိုးဖလာ လူမှုရေးစနစ်များသည်လည်း တခါတရံတွင် ပြိုလဲပျက်ဆီးသွားတက်သည်။ အမျိုးသမီးများနှင့် ကလေးငယ်များ သည် မိသားစုများ၊ ရပ်ရွာအထောက်အပံ့များမှ ကွဲကွာသွားတက်သည်။ လိင်သတ်မှတ်ချက်၊ အသက်အရွယ်၊ အကူအညီနှင့် လုံခြုံသော လမ်းကြောင်းတခုအတွက် အခြားသူအပေါ်တွင် မှီခိုရသောကြောင့် ထိုသို့ကွဲကွာသွားခြင်းက အမျိုးသမီးများနှင့်

ကလေးများသည် ပိုမိုအနိုင်ကျင့်ခံရ၊ ဂုတ်သွေးစုပ်ခံရနိုင်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား အမျိုးသမီးများနှင့် ကလေးငယ်များကို ပစ်မှတ်ထားကာ စစ်ပွဲ၏ လက်နက်သဖွယ် တခါတရံတွင် အသုံးပြုတတ်သည်။ စစ်ပွဲနှင့် ပတ်သက်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် တခါတရံ၌ ဖမ်းဆီးခြင်းနှင့် လိင်ကျေးကျွန်ပြုခြင်းများလည်း ပါဝင်သည်။

**Notes**

1. Heise, L, Pitanguy, L., Germain, *A. Violence Against Women: The Hidden Health Burden.* World Bank Discussion Paper 255, 1004. World Report on Violence and Health, World Health Organisation, 2002.

2. Heise, L., Ellsberg M., and Gottemoeller, M.. *Ending Violence Against Women.* Population Reports. Series L. No.11. Baltimore, Maryland: Population Information Program, Johns Hopkins School of Public Health. 1999.

3. *World Report on Violence and Health.* WHO, 2002, page 149.

4. Physicians for Human Rights, *War-related Sexual Violence in Sierra Leone: A Population-based Assessment,* Boston, 2002.

5. J. Kerimova et al, *Factors Associated with Self-reported Forced Sex Among Azerbaijani Women,* unpublished abstract presented at the Reproductive Health Response in Conflict Consortium Conference, Washington, D.C., 2000.

6. Government of Sierra Leone, *Situation Analysis of Women and Children in Sierra Leone,* Freetown, 1999.

7. Association of Widows of the Genocide (Avega), *Survey on Violence Against Women in Rwanda,* Kigali, 1999.

8. M. Olujic and V. Nikolic-Ristanovic, cited in Jeanne Ward, If Not Now, When? Addressing Gender-based Violence in Refugee, Internally Displaced, and Post-Conflict Settings. A Global Overview. RHRC Consortium, 2002.

9. Violence Against Women in Disasters Fact Sheet http://online.northumbria.ac.uk/geography_research/gdn/resources/violence-against-women-in-disasters.doc

10. *Sexual and Gender-based Violence against Refugees, Returnees, and Internally Displaced Persons: Guidelines for Prevention and Response,* UNHCR, 2003. Chapter 5. http://www.womenwarpeace.org/issues/violence/GBV_nairobi/PR_UNHCRguide.pdf

# အခန်း ၂။ ။ အခေါ်အဝေါ် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

## အခေါ်အဝေါ် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အောက်ဖော်ပြပါ အခေါ်အဝေါ်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ယခုလုပ်ငန်းလမ်းညွှန်များတွင် အသုံးပြုသော အခေါ်အဝေါ်များဖြစ်ပြီး ယခုစာတမ်းပါ အသုံးအနှုန်းများ၏ အဓိပ္ပါယ်အား ပိုမိုရှင်းလင်းရေးအတွက် အထောက်အကူပြုရန် ဖြစ်သည်။ စာတမ်းပါ အခေါ်အဝေါ်နှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်များသည် တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်သလို ထိုသို့ဖြစ်ရန်ကိုလည်း ရည်ရွယ်ထားခြင်း မရှိပါ။

**လှုပ်ရှားဆောင်ရွက်သူများ (Actors)** ဆိုသည်မှာ လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ရာ တွင် ပါဝင်သော တသီးပုဂ္ဂလများ၊ အစုအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် အင်စတီ ကျူးရှင်းများကို ရည်ညွှန်းသည်။ လှုပ်ရှားဆောင်ရွက်သူ များသည် ဒုက္ခသည်များ၊ နိုင်ငံတွင်း အိုးအိမ်မဲ့ လှည့်လည်နေထိုင်သူများ၊ ဒေသခံပြည်သူများ၊ အလုပ်သမားများ သို့မဟုတ် ကုလသမဂ္ဂ အေဂျင်စီများမှ စေတနာဝန်ထမ်းများ၊ အန်ဂျီအိုများ၊ အိမ်ရှင်အစိုးရ အင်စတီကျူးရှင်းများ၊ အလှူရှင်များနှင့် နိုင်ငံတကာ မိသားစုမှ အခြားသောသူများကို ဖြစ်နိုင်သည်။

**ကလေးငယ် (သို့မဟုတ်) အရွယ်မရောက်သေးသူများ** ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အရ အသက် ၁၈ နှစ်အောက် အရွယ်ရှိသူများကို ဆိုလိုသည်။ အရွယ်မရောက်သေး သူများသည် ၎င်းတို့ရွေးချယ်မှု၏ နောက်ဆက် တွဲ ရလဒ်များအပေါ် နားမလည် မသုံးသပ်နိုင်သူများ သို့မဟုတ် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူမှုများတွင် မှန်ကန်သော သဘောထား မပေးနိုင်သူများ ဖြစ်သည်ဟု သတ်မှတ်ထားသည်။

**အသိုင်းအဝန်း (Community)** ဟူသော လုပ်ငန်းလမ်းညွှန်ချက်များပါ အသုံးအနှုန်းသည် အရေးပေါ်အခြေအနေတခု၏ သတ်ရောက်မှုကို ခံရသော လူထုကို ရည်ညွှန်းသည်။ အဖြစ်အပျက် တခုချင်းစီတွင် အသိုင်းအဝန်းဆိုသည်မှာ ဒုက္ခသည်များ၊ နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည် နေထိုင်သူများ၊ ဘေးအန္တရာယ်ကျရောက်သူများ သို့မဟုတ် အခြားသော အခြေအနေများကို ရည်ညွှန်းသည်။

**ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ အေဂျင်စီများ (Coordinating agencies)** လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းအစုအဖွဲ့များအား ကမကထပြုဦးဆောင်ခြင်း၊ အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်သော ကြားဝင်ဟန့်တားမှုများ လည်ပတ်မှုရှိမရှိ ကြပ်မတ်ရသော အဖွဲ့အစည်းများ (ပုံမှန်အားဖြင့် သဘောတူညီချက်အား တွဲဖက်ကမကထပြု လုပ်ကိုင်သော နှစ်ဖွဲ့) ဖြစ်သည်။ တာဝန်ခံအေဂျင်စီများကို လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းအဖွဲ့များက ရွေးချယ်ကြပြီး တိုင်းပြည်အတွင်းရှိ ဦးဆောင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းတခုခု (ဥပမာ လူသားချင်းဆိုင်ရာ လုပ်ငန်းများ တာဝန်ခံဆောင်ရွက်သူ၊ SRSG) ၏ သဘောတူညီချက်ရှိရန် လိုအပ်သည်။

**လုပ်ငန်းဆုံချက်၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ငန်းဆုံချက်** ဆိုသည်မှာ လိင်အခြေခံ အကြမ်းဖက်မှု အလုပ်အအဖွဲ့များတွင် ပါဝင်၍ ၎င်းတို့၏လုပ်ငန်းကဏ္ဍများ၊ အဖွဲ့အစည်းများကို ကိုယ်စားပြု ပါဝင်သော အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း တာဝန်ထမ်းဆောင်သော ဝန်ထမ်းများကို ရည်ညွှန်းသည်။

**လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား ကာကွယ်တာဆီးခြင်းနှင့် တုန့်ပြန် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပုံစံချခြင်း၊ တည်ဆောက်ခြင်း၊ တာဝန်ခံဆောင်ရွက်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ် ခြင်းများ လုပ်ဆောင်ရန်အတွက် ပုံမှန်ဆုံတွေ့သော အဖွဲ့အစည်းများ၊ လုပ်ငန်းကဏ္ဍများပါဝင်သော အလုပ်အဖွဲ့ကို ခေါ်ဆိုခြင်း ဖြစ်သည်။ နိုင်ငံတော်အဆင့်ဆောင်ရွက်သော အလုပ်အဖွဲ့နှင့် အောက်ခြေဒေသအဆင့် ဆောင်ရွက်သော အလုပ်အဖွဲ့ဟူ၍ ရှိသည်။ အလုပ်အဖွဲ့ များတွင် လူထုအသိုင်းအဝန်း၊ အစိုးရ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် နိုင်ငံတွင်း အန်ဂျီအိုများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အလှူရှင်များ နှင့် အခြားသော နေရာများမှ လုပ်ငန်းကဏ္ဍစုံ လှုပ်ရှားဆောင်ရွက်သူများ ပါဝင်သင့်သည်။ အနည်းဆုံးအဆင့်အဖြစ် အလုပ်အဖွဲ့များတွင် အလုပ်စာမျက်နှာ၌ ဖော်ပြထားသော လုပ်ငန်းကဏ္ဍဆိုင်ရာ ဆုံချက်များ ပါဝင်ရမည်။

**လိင်** ဆိုသည်မှာ **အမျိုးသမီးများနှင့် အမျိုးသားအကြား လူမှုခန္ဓာဗေဒအရ** ကွာခြားချက်ကို ခေါ်ဆိုသည်။ ယင်းကွာခြားချက်များသည် ဓလေ့ထုံးစံတိုင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော်လည်း သင်ယူ၍ ရနိုင်သည်။ အချိန်နှင့်အမျှ ပြောင်းလဲ၍လည်း ရသည်။ ဓလေ့ထုံးစံများ အတွင်း၌ပင်လျှင် ကျယ်ပြန့်သော ခြားနားချက်များ ရှိတက်သည်။

လိင် မှတဆင့် ဓလေ့ထုံးစံများအတွင်း အမျိုးသားနှင့် အမျိုးသမီးများအကြား အခန်းကဏ္ဍများ၊ တာဝန်ရှိမှုများ၊ အခွင့်အလမ်းများ၊ အခွင့်ထူးခံများ၊ မျှော်မှန်းချက်များနှင့် အကန့်အသတ်များကို ပိုင်းဖြတ်သည်။

**လိင်အခြေခံအကြမ်းဖက်မှု** ဆိုသည်မှာ လူတဦး၏ ဆန္ဒကိုဆန့်ကျင်သော ပြစ်မှုဖြစ်ပြီး အမျိုးသားနှင့် အမျိုးသမီးအကြားခြားနားချက်ကို လူမှုရေးအရ အရင်းခံ၍ ကျူးလွန်သော ထိခိုက်နာကျင်စေသော လုပ်ဆောင်မှုအားလုံး၏ ခြုံငုံအသုံးအနှုန်းတခုဖြစ်သည်။

**လိင်အခြေခံအကြမ်းဖက်မှုသည်** နိုင်ငံတကာသဘောတူစာချုပ်များမှ အကာကွယ်ပေးထားသော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများစွာကို ချိုးဖောက်ခြင်းဖြစ်သည်။ လိင်အခြေခံအကြမ်းဖက်မှု ပုံစံများစွာ – အားလုံးမဟုတ်ပေ – သည် နိုင်ငံတော် ဥပဒေနှင့် မူဝါဒများအရ တရားမဝင်သော ပြစ်မှုဆိုင်ရာလုပ်ဆောင်ချက်များ ဖြစ်သည်။

ကမ္ဘာအဝှမ်းတွင် လိင်အခြေခံအကြမ်းဖက်မှုသည် အမျိုးသားနှင့် ယောက်ျားကလေးများထက်ယှဉ်ပါက အမျိုးသမီးများ၊ မိန်းကလေးများ တွင် ပိုမို၍ သတ်ရောက်မှု ရှိသည်။ လိင်အခြေခံအကြမ်းဖက်မှုဟူသော အသုံးအနှုန်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော အသုံးအနှုန်းနှင့်လည်း အပြန်အလှန်ဖြစ်သည်။ လိင်အခြေခံအကြမ်းဖက်မှု သည် ထိုကျူးလွန်မှုများ၏ လိင်ဆိုင်ရာ ကွာဟချက်ကို ဖေါ်ထုတ် ပြသည်။ ဆိုလိုသည်မှာ လူအဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ နိမ့်ကျသော အဆင့်အတန်းအကြား ဆက်ဆံရေးနှင့် အကြမ်းဖက်မှုအပေါ် တွန်းလှန်နိုင်စွမ်းမရှိသော၊ တစစများပြားလာသော မလုံခြုံမှုကိုလည်း ဖေါ်ပြခြင်းဖြစ်သည်။ သို့သော် အမျိုးသားများနှင့် **ယောက်ျားကလေး**များသည်လည်း လိင်အခြေခံအကြမ်းဖက်မှု၏ သားကောင်များ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ သားကောင်းများဖြစ်နိုင်သည်ကိုလည်း သတိချပ်ရန် အရေးကြီးသည်။

ဓလေ့ထုံးစံများ၊ တိုင်းပြည်များနှင့် ဒေသများအလိုက် လိင်အခြေခံအကြမ်းဖက်မှု၏ ပမာဏနှင့် သဘာဝ ကွဲပြားသည်။

**ဥပမာများမှာ**

- လိင်ပိုင်းဆိုင်ရာ ဂုတ်သွေးစုတ်ခြင်း၊ အနိုင်ကျင့်ခြင်းနှင့် အတင်းအကြပ် လိင်လုပ်ငန်းအတွင်းသို့ သွတ်သွင်းခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
- အိမ်တွင်းအကြမ်းဖက်မှု
- လူကုန်ကူးမှု
- အတင်းအကြပ် အသက်ငယ်ငယ်ဖြင့် အိမ်ထောင်ချပေးခြင်း
- မိန်းမတန်ဆာဖြတ်ခြင်း၊ ယစ်ယူဇော်ခြင်း၊ မုဆိုးမအဖြစ်ဆက်လက်နေထိုင်ရခြင်း၊ နှင့်အခြားသော ဓလေ့များကဲ့သို့သော ထိခိုက် နာကျင်စေသော ထုံတမ်းစဉ်လာများ

**လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများ**တွင် အေဂျင်စီတခု၏ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဆင့် သို့မဟုတ် နိုင်ငံတွင်းအဆင့်တွင် စုစည်းထားပြီး လူသားချင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သော အေဂျင်စီများနှင့် ဆက်စပ်လုပ်ကိုင်သော သူများအားလုံး သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသော ရပ်ရွာအတွင်းမှ အတည်ဖြစ်စေ သို့မဟုတ် အချိန်ပိုင်း ဖြစ်စေ ဆောင်ရွက်နေသူများ ပါဝင်သည်။

**ကျူးလွန်သူများ** ဆိုသည်မှာ သူ သို့မဟုတ် သူမ၏ ဆန္ဒကို ဆန့်ကျင်ကာ တိုက်ရိုက်ကျူးလွန်ခြင်း သို့မဟုတ် အကြမ်းဖက်မှု သို့မဟုတ် အခြားသူများ၏ ကျူးလွန်မှုကို ထောက်ခံသော လူပုဂ္ဂိုလ်နှင့် အစုအဖွဲ့များကို ခေါ်ဆိုသည်။

**မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန် ကြင့်ကြံအားထုတ်ခြင်း** ဆိုသည်မှာ သဘောဆန္ဒမပါသော လိင်ဆက်ဆံခြင်းကို ခေါ်ဆိုသည်။ လိင်အင်္ဂါဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတခုခုအား ထိပါးခြင်း သို့မဟုတ် အမျိုးသမီးအင်္ဂါအတွင်း သို့မဟုတ် စအိုအတွင်းသို့ အရာဝတ္ထု တခုခု သို့မဟုတ် ကိုယ်ခန္ဓာ အစိတ်အပိုင်းတခုခုဖြင့် ထိုးသွင်းခြင်းသည်လည်း အကျုံးဝင်သည်။ မုဒိမ်းကျင့်ခြင်းနှင့် မုဒိမ်းကျင့်ရန် ကြင့်ကြံ အားထုတ်ခြင်းတွင် အင်အားသုံးခြင်း၊ အင်အားသုံးခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအဓမ္မပြုကျင့်ခြင်းတို့ ပါဝင်သည်။ မည်သည့် ပုံစံမျိုးဖြင့်မဆို ထိုသွင်းခြင်းအား မုဒိမ်းကျင့်သည်ဟု သတ်မှတ်သည်။ တစုံတဦးအားမုဒိမ်းကျင့်ရန် အားထုတ်သော်လည်း ထိုးသွင်းခြင်း အဆင့်သို့ မရောက်ရှိခြင်းအား မုဒိမ်းကျင့်ရန်ကြင့်ကြံအားထုတ်ခြင်း ဟုခေါ်သည်။

အမျိုးသမီး သို့မဟုတ် အမျိုးသားများအား မုဒိမ်းကျင့်ခြင်းကို တခါတရံတွင် တဖက်ရန်သူအား ထိုးနှက်ချက်တခုအဖြစ် ၎င်းတို့ဖက်မှ အဖမ်းခံရသူ အမျိုးသားတိုက်ခိုက်သူများ သို့မဟုတ် အမျိုးသမီးများ၏ သိက္ခာအားထိပါးစေသော နမူနာလုပ်ရပ်အဖြစ် အသုံးပြုတတ် သည်။ လူမှုရေးဖောက်ဖျက်မှု သို့မဟုတ် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှု အဖြစ်လည်း မုဒိမ်းကျင့်ခြင်းကို အပြစ်ပေးသည့် သဘောအဖြစ် အမျိုးသမီးများအပေါ်တွင် အသုံးပြုသည်။ ဉပမာ လူမြင်ကွင်းတွင် အရက်မူးခြင်းနှင့် အိမ်ထောင်ရေး ဖေါက်ပြားခြင်းတို့ဖြစ်သည်။ အမျိုးသမီးနှင့် အမျိုးသားများသည် ရဲအချုပ်များနှင့် အကျဉ်းထောင်အတွင်းတွင်လည်း မုဒိမ်းကျင့်ခံရနိုင်သည်။

**မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန် ကျင့်ကြံအားထုတ်ခြင်း**တွင်

- အရွယ်ရောက် အမျိုးသမီးတဉီးအား မုဒိမ်းကျင့်ခြင်း
- သွေးအရင်းအချာအပါအဝင် အရွယ်မရောက်သူတဉီး (မိန်းကလေး သို့မဟုတ် ယောက်ျားကလေး) အား မုဒိမ်းကျင့်ခြင်း
- တဉီးမက ပိုမိုပါဝင်သော အုပ်စုလိုက် မုဒိမ်းကျင့်ခြင်း
- ခင်ပွန်းသည်နှင့် ဇနီးအကြား အိမ်ထောင်ရေး မုဒိမ်းကျင့်ခြင်း
- အမျိုးသားအချင်းချင်း မုဒိမ်းကျင့်ခြင်း

**လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု** ဆိုသည်မှာ အတင်းအကြပ်သော်လည်းကောင်း နိုင်ထက်စီးနင်းခြင်းကြောင့် သော်လည်းကောင်း အင်းအားသုံးခြင်းကြောင့်သော်လည်းကောင်း လိင်ဆက်ဆံမှုတခုအဖြစ်သို့ရောက်အောင် ရုပ်ပိုင်းဆိုင်ရာထိပါးခြင်း သို့မဟုတ် လက်တွေ့ထိပါးခြင်း ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း ဆိုသည်မှာ အကာအကွယ်မဲ့နေသော၊ အာဏာချိန်ခွင်လျှာ မညီမျှနေသော၊ ယုံကြည်ရသော အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာရည်ရွယ်ချက်အတွက် အနိုင်ကျင့်ရန်အားထုတ်ခြင်း သို့မဟုတ် လက်တွေ့လုပ်ကိုင်ခြင်းအပါအဝင် အခြားသူတဉီးအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းမှ ငွေကြေးအရ၊ လူမှုရေးအရ သို့မဟုတ် နိုင်ငံရေးအရအမြတ်ထုတ်ခြင်းများလည်း ပါဝင်သည်။ (လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုအား ကြည့်ပါ။)

**လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** ဆိုသည်မှာ ကျူးလွန်ခံရသူနှင့် ကျူးလွန်သူအကြား မည်သို့သော ဆက်နွယ်မှုရှိစေ၊ အိမ်၊ အလုပ်ရုံစသဖြင့် မည်သည့်နေရာတွင်မဆို မုဒိမ်းကျင့်ရန် ကျင့်ကြံအားထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတို့ပါဝင်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ လိင်ဆက်ဆံမှုပြုလုပ်လိုခြင်းကြောင့် ကြိုးပမ်းအားထုတ်ခြင်း၊ ဆန္ဒမပါသော လိင်ဆက်ဆံခြင်း သို့မဟုတ် ချည်းကပ်ခြင်း သို့မဟုတ် တဉီးတယောက်၏ လိင်ဆန္ဒကို ဆွဲဆောင်ခြင်း၊ အင်အားအသုံးပြုခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြပ်ကိုင်ခြင်း သို့မဟုတ် နာကျင်စေရန် ခြိမ်းခြောက်ခြင်းများအား ယခုလုပ်ငန်းလမ်းညွှန်ချက်အရ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် အကျုံးဝင်သည်။ မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ လူကုန်ကူးခြင်း၊ အတင်းအကြပ်ကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာနှောက်ယှက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းနှင့် အတင်းအကြပ် သန္ဓေဖျက်ချခြင်းတို့ ပါဝင်သည်။

**အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ** ဆိုသည်မှာ လိင်အခြေခံအကြမ်းဖက်မှုခံခဲ့ရသော သူတဉီးဖြစ်သည်။ ကျူးလွန်ခံရသူ ဟူသော အသုံးအနှုန်းနှင့် အသက်ရှင်ကျန်ရစ်သူဟူသော အသုံးအနှုန်းနှစ်ခုသည် အပြန်အလှန်ဖြစ်သည်။ ကျူးလွန်ခံရသူဟူသော အသုံးအနှုန်းအား ရံဖန်ရံခါတွင် ဉပဒေကြောင်းနှင့် ဆေးပညာတွင် အသုံးပြုသည်။ အသက်ရှင်ကျန်ရစ်သူဟူသော အသုံးအနှုန်းမှာ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များတွင် အသုံးပြုသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအသုံးအနှုန်းက ဒူပေနာပေ ခံနိုင်မှုသဘောကို ရည်ညွှန်းသောကြောင့် ဖြစ်သည်။

**အကာအကွယ်မဲ့အုပ်စု** ဆိုသည်မှာ အရေးပေါ်အခြေအနေတိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အခြားသူများထက် ပို၍ အကာအကွယ်မဲ့သော လူအုပ်စုများရှိသည်။ ကိုယ့်ကိုကိုယ်အကာအကွယ်ပေးနိုင်မှု အားနည်းသော၊ အသက်ရှင်ရပ်တည်မှုအတွက် တပါးသူကို အမှီသဟဲပြုရသော၊ လုပ်နိုင်စွမ်းအားနည်းသော၊ ထင်သာမြင်သာမှုမရှိသော အမျိုးသမီးများပင် ဖြစ်သည်။ တဉီးတည်းနေထိုင် သော အမျိုးသမီးများ၊ အမျိုးသမီးဉီးဆောင်သော အိမ်ထောင်စုများ၊ မိသားစုနှင့်ကွဲကွာနေသော အုပ်ထိန်းသူမရှိသည့် ကလေးများ၊ မိဘမဲ့ကလေးများ၊ မသန်မစွမ်းများ သို့မဟုတ် အသက်ကြီးသော အမျိုးသမီးကြီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် ပိုမို၍ အကာအကွယ်မဲ့ကြသည်။

**Notes**

1. *Sexual and Gender-Based Violence against Refugees, Returnees and Internally Displaced Persons: Guidelines for Prevention and Response.* UNHCR: Geneva, 2003. Pg. 6.

2. From Inter-Agency Standing Committee, *Report of the Task Force on Protection from Sexual Exploitation and Abuse in Humanitarian Crises.* June 2002.

3. "Rape/attempted rape" adapted from Tanzania interagency GBV protocols and *Sexual and Gender-Based Violence against Refugees, Returnees and Internally Displaced Persons, Guidelines for Prevention and Response.* UNHCR, May 2003.

4. This paragraph from *World Report on Violence and Health. WHO,* 2002. Pg. 149.

5. "Sexual abuse," "sexual exploitation" from Secretary-General's Bulletin *Special measures for protection from sexual exploitation and sexual abuse.* October 2003.

6. Ibid.

7. *World Report on Violence and Health.* WHO, 2002.

# အခန်း (၃)
# လူသားချင်းဆိုင်ရာ အခြေအနေများအတွင်း လိင်အခြေခံ အကြမ်းဖက်မှု ကြားဝင် ဆောင်ရွက်ခြင်းများ

အခန်း ၃ ပါ ဇယားကွက်သည် အရေးပေါ်အခြေအနေများအတွင်း လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန် ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် အဓိကအကြံပြုထားသော ကြားဝင်ဆောင်ရွက်မှု အကျဉ်းချုပ်ဖြစ်သည်။ အကူအညီပေးခြင်း လုပ်ငန်းများ စီမံရေးဆွဲခြင်း နှင့် တာဝန်ခံဆောင်ရွက်ခြင်းများအတွက် အသုံးဝင်သော သတင်းအချက် အလက်များ ဖြစ်သည်။ အခန်း ၁ ပါ လုပ်ငန်းလမ်းညွှန်ချက် အသုံးပြုပုံကို ကျေးဇူးပြု၍ ဖတ်ပါ။

| **လုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍ** | **အရေးပေါ်ပြင်ဆင်ခြင်း** |
|---|---|
| ၁၊ တာဝန်ခံဆောင်ရွက်ခြင်း | • လုပ်ငန်းယန္တ ရားများနှင့် တာဝန်ရှိမှုများ ပေါင်းစပ်သတ်မှတ်ခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းဆိုင်ချက်များနှင့် လုပ်ငန်းတူဆောင်ရွက် သူများအားသတ်မှတ် စာရင်းပြုစုခြင်း<br>• ပြင်ဆင်ချက်ရေးဆွဲခြင်းနှင့် ပရောဂျက်တိုးတက်မှုများ၏ အဓိကအချက် အလက်အဖြစ် လူ့အခွင့်အရေးများနှင့် ကောင်းမွန်သောအလေ့အကျင့်များ ကို မြှင့်တင်ခြင်း<br>• လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု အဆင့်များအားလုံးတွင် လိင် အခြေခံအကြမ်းဖက်မှု  ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း အား စည်းရုံးလှုံ့ဆော်သွားခြင်း<br>• လိင်အခြေခံအကြမ်းဖက်ကာကွယ်ရေးအစီအစဉ်အား ပြင်ဆင်ခြင်းလုပ်ငန်း နှင့် အရေးပေါ်ကြိုတင်စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်ခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှု အကြောင်းအရာ သင်တန်းများ ဆောင်ရွက်ခြင်း<br>• အေဂျင်စီများအကြား စုပေါင်း မဟာဗျူဟာများနှင့် တောင်းဆိုချက်များတွင် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးခြင်းလုပ်ငန်းများထည့်သွင်း ခြင်း<br>• အရင်းအမြစ်များအား သတ်မှတ်ခြင်းနှင့် ပြင်ဆင်စုဖွဲ့ခြင်း |
| ၂၊ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း | • လိင်အခြေခံအကြမ်းဖက်မှု၏ သဘာဝ၊ အကျယ်အဝန်းနှင့် ပမာဏများ ဆိုင်ရာ လက်ရှိအချက်အလက်များအား ပြန်လည်သုံးသပ်ခြင်း<br>• လုပ်နိုင်စွမ်းနှင့်အခြေအနေသုံးသပ်ချက်များပြုလုပ်ခြင်းနှင့် ကောင်းမွန်သော အလေ့အကျင့်ကောင်းများအား ဖေါ်ထုတ်သတ်မှတ်ခြင်း<br>• စောင့်ကြည့်ကြပ်မတ်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းများအတွက်မဟာဗျူဟာများ၊ တိုင်းတာချက်များ နှင့် နည်းလမ်းများ ဖေါ်ထုတ်ခြင်း |
| ၃၊ အကာအကွယ်ပေးခြင်း (ဥပဒေကြောင်း၊ လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ) | • လိင်အခြေခံအကြမ်းဖက်မှုရန်မှ အကာကွယ်ပေးခြင်းနှင့် ဆက်နွယ်သော နိုင်ငံတွင်းဥပဒေများ၊ မူဝါဒများနှင့် အာဏာပိုင်အဖွဲ့များအား ပြန်လည် သုံးသပ်ခြင်း<br>• အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် လုံခြုံရေးအတွက် မဟာဗျူဟာ များ ချမှတ်ခြင်းနှင့် ဦးစားပေးများ သတ်မှတ်ခြင်း<br>• နိုင်ငံတကာစာချုပ်စာတမ်းများအား ထိထိရောက်ရောက် အကောင် အထည်ဖေါ်ခြင်း၊ လတ်မှတ်ထိုးခြင်းနှင့် အပြည့်အဝ လေးစားလိုက်နာရန် တွန်းအားပေးခြင်း<br>• လူ့အခွင့်အရေး၊ နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေများနှင့် ကောင်းမွန်သော အလေ့အကျင့်များအား မြှင့်တင်ခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှုနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှု များအား ဖြေရှင်းပေးရန်၊ အစီရင်ခံစာထုတ်ပြန်ရန်နှင့် စောင့်ကြည့် ကြပ်မတ်ရန်အတွက် လုပ်ငန်းယန္တ ရားများ ဖေါ်ထုတ်ခြင်း<br>• နိုင်ငံတကာစံညွှန်းများနှင့်အညီ ဝန်ထမ်းအားလုံးအား လေ့ကျင့်ပေးခြင်း |

| **အနိမ့်ဆုံးအဆင့် ကာကွယ် တားဆီး ခြင်းနှင့် တုန့်ပြန် ဆောင်ရွက်ခြင်း**<br>(အရေးပေါ် အခြေအနေတခု၏ ဖြစ်ပေါ်နေစဉ်ကာလအတွင်းတွင်ပင် ဆောင်ရွက်ရန် ဖြစ်သည်။) | **အလုံးစုံကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**<br>(တည်ငြိမ် အေးချမ်းသော အဆင့်) |
|---|---|
| ၁၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံ ဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း<br>၁၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်း<br>၁၊ ၃ လုပ်ငန်းကဏ္ဍာစုံ စံသတ်မှတ် ချက်များကို ဖြန့်ဝေထားခြင်းနှင့် သေချာစွာ လေးစား လိုက်နာခြင်း | • ဘဏ္ဍာငွေဆက်လက်ရှာဖွေခြင်း<br>• ဒေသခံလုပ်ငန်းတူအဖွဲ့ထံသို့ တာဝန်ခံမှုအား လွှဲပြောင်းပေးခြင်း<br>• အလုံးစုံ လိင်အခြေခံအကြမ်းဖက်ကာကွယ်တားဆီးရေးလုပ်ငန်းများအားလုံးအား နိုင်ငံတော် စီမံကိန်းများ တွင် ထည့်သွင်းခြင်း<br>• ကွန်ယက်များ ခိုင်မာလာစေခြင်း<br>• သတင်းအချက်အလက် ဖြန့်ဝေခြင်းအား ပိုမိုကောင်းမွန်စေခြင်း<br>• လူသားစွမ်းဆောင်ရည်များ တည်ဆောက်ခြင်း<br>• တာဝန်ခံဆောင်ရွက်ခြင်း လုပ်ငန်းယန္တရားများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ထည့်သွင်းခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်မှုများတွင် ရပ်ရွာအဝန်းအဝိုင်းဖြင့် ဆက်စပ်လုပ်ကိုင်ခြင်း |
| ၂၊ ၁ အရေးပေါ် အခြေအနေ သုံးသပ် အကဲဖြတ်ချက်တခုအား တာဝန်ခံ ဆောင်ရွက်ခြင်း<br>၂၊ ၂ လုပ်ငန်းများအား စောင့်ကြည့် ကြတ်မတ်ခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း | • အလုံးစုံလျှို့ဝှက်ရမည့် အချက်အလက်များအား ဆက်လက်ထိန်းသိမ်းထားခြင်း<br>• အခြေအနေတခုလုံး သုံးသပ်အကဲဖြတ်ချက်တခု ဆောင်ရွက်ခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအစီအစဉ်များ၊ လိင်ကွဲပြားခြားနားမှုနှုန်း ညီမျှသော အလုပ်ခန့်အပ်ခြင်း၊ ကျင့်ဝတ်သိက္ခာပိုင်းများ အသုံးပြုခြင်းများကို စောင့်ကြည့်ကြပ် မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း<br>• အကာအကွယ်ပေးခြင်းအတိုင်းအတာများ၊ အဖြစ်အပျက်များ၊ မူဝါဒများ၊ လုပ်ငန်း နည်းလမ်းများ၊ တရားဥပဒေကြောင်းအရ တုန့်ပြန်ဆောင်ရွက်မှုများ၊ လူမှုရေးအထောက် အပံ့ဌာနများ ဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း<br>• လုပ်ငန်းများပိုမိုတိုးတက်လာရေးဆိုင်ရာ အချက်အလက်များကို စုံစမ်းလေ့လာခြင်း၊ အသုံး ပြုခြင်း |
| ၃၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာ စုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေး ဗျူဟာများ ချမှတ်ခြင်း<br>၃၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှု ပေးခြင်း<br>၃၊ ၃ နိုင်ငံတကာ သဘောတူ စာချုပ် များကို အကောင်အထည် ဖေါ်ရန်နှင့် လေးစားလိုက်ရန် အတွက် စည်းရုံးလှုံ့ဆော်ခြင်း | • လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းအား တိုးချဲ့ခြင်း<br>• နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဥပဒေများအား ထိရောက်စွာ အကောင်အထည် ဖေါ်ခြင်း၊ ပြင်ဆင်ခြင်းများအတွက် ဥပဒေကြောင်းဆိုင်ရာနှင့် တရားရေးစနစ်များအတွက် လိုအပ်သော နည်းနာ အကူအညီများပေးခြင်း<br>• လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းဆိုင်ရာ ဥပဒေချိုးဖောက်ခြင်းများအား နိုင်ငံတော်အဆင့် စောင့်ကြည့်ကြတ်မတ်မှု၊ ဖြေရှင်းပေးခြင်းများကို ပိုမိုအားကောင်း စေရန် ကူညီပေးခြင်း<br>• နိုင်ငံတကာ သဘောတူစာချုပ်များ လက်မှတ်ထိုးစေခြင်း၊ ၎င်းဥပဒေများအား ထိရောက်စွာ အကောင် အထည်ဖေါ်စေခြင်းနှင့် ပြည့်ဝစွာ လိုက်နာစေရေးတို့အတွက် တွန်းအား ပေးခြင်း<br>• လူ့အခွင့်အရေး၊ IHL နှင့် ကောင်းမွန်သော အလေ့အကျင့် များကို မြှင့်တင်ပေးခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှုအား တာဝန်ခံမှု လုပ်ငန်းပုံစံဖြင့် ဖြေရှင်းပေးရန် ဆောင်ရွက်ခြင်း<br>• စစ်ပွဲများတွင် အမျိုးသမီးနှင့်ကလေးငယ်များပါဝင်မှု ဖျက်သိမ်းရေး၊ လူမှုဘဝပြန်လည် ပေါင်းစပ်ရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်း စီမံကိန်းများ ဖြစ်ပေါ်စေရေး<br>• ပြန်လည်ပေါင်းစပ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း လုပ်ငန်းစီမံကိန်းများတွင် လိင်အခြေခံအကြမ်းဖက်မှု ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် အဓမ္မကျင့်ခံရပြီး မွေးဖွားလာသော ကလေးများပါဝင်စေရေး<br>• လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တရားသူကြီးများ၊ ရှေ့နေများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ဆောင်မှု ပေးသူများ ပါဝင်သော ဆက်နွယ်ပတ်သက်သော လုပ်ငန်းကဏ္ဍများအတွက် သင်တန်းများ ထောက်ပံ့ပေးခြင်း |

| | |
|---|---|
| ၄၊ လူသားအရင်း အမြစ် | • အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက် ဘူလက်တင်များအား ဝန်ထမ်းအားလုံး၊ လုပ်ဖော်ကိုင်ဖက်များနှင့် သင်တန်းများသို့ အဆင်ပြေချောမွေ့စွာ ပုံမှန်ရောက်ရှိရေး<br>• လိင်တန်းတူရေးအကြောင်းအရာများ၊ လိင်အခြေခံအကြမ်းဖက်မှု လမ်းညွှန်စည်းကမ်းများနှင့် နိုင်ငံတကာ ဥပဒေစံညွှန်းများ စသည့်အကြောင်းအရာများကို ဝန်ထမ်းများသို့ လေ့ကျင့်သင်ကြားပေးခြင်း<br>• မကျေနပ်မှုများအား တိုင်တန်းနိုင်သော နေရာတခုနှင့် မဟာဗျူဟာများ စုံစမ်းသော လုပ်ငန်းတခု ဖေါ်ထုတ်ပေးခြင်း<br>• လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းသူများ၏ လုပ်ငန်း ဆောင်ရွက်ရာ ရပ်ရွာအသိုင်း အဝန်းအတွင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှု အန္တရာယ် များ နည်းပါးရေး |
| ၅၊ ရေ နှင့် မိလ္လာစနစ် | • ရေရရှိမှုနှင့် မိလ္လာစနစ်အသုံးပြုမှု ပုံစံများနှင့်ပတ်သက်၍ ဝန်ထမ်းများ၊ WATSAN ရပ်ရွာကော်မတီဝင်များအား လေ့ကျင့် သင်တန်းပေးခြင်း |
| ၆၊ အစားအသောက် ပြည့်ပြည့် ဝဝ ရှိမှုနှင့် အဟာရ | • ဝန်ထမ်းများ၊ ရပ်ရွာ အစားအသောက်စီမံခန့်ခွဲရေးကော်မတီများအား အစားအသောက်ခွဲဝေရေး လုပ်ထုံးလုပ်နည်းပုံစံများ လေ့ကျင့်သင်ကြားပေးခြင်း<br>• အရေးပေါ်စီမံကိန်းများ ကြိုတင်စီစဉ်ခြင်း<br>• အထောက်အပံ့များ ကြိုတင်စီမံခြင်း |
| ၇၊ အိုးအိမ်၊ နေရာချ ထားခြင်းနှင့် အစား အစာမဟုတ်သော ပစ္စည်းများ | • အိုးအိမ်၊ နေရာချထားခြင်းနှင့် အစားအစာမဟုတ်သော ပစ္စည်းများတွင် တာဝန်ရှိသော ရပ်ရွာအုပ်စုများနှင့် ဝန်ထမ်းများကို လေ့ကျင့် သင်တန်းပေးခြင်း<br>• သတ်မှတ်ထားသော ဧရိယာများ၏ လုံခြုံရေးနှင့် ဧရိယာများအတွင်း အရေးကြီးသော နေရာများ၏ လုံခြုံရေးကို သေချာစွာ စီမံထားခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် အိုးအိမ်ထောက်ပံ့မှု အစီအစဉ်ချမှတ်ခြင်း |
| ၈၊ ကျန်းမာရေးနှင့် ရပ်ရွာ ဝန်ဆောင်မှု လုပ်ငန်း | • လက်ရှိဝန်ဆောင်မှုလုပ်ငန်းများနှင့် အလေ့အထများကို မှတ်သားခြင်း<br>• မူဝါဒများ၊ သဘောတူညီချက်များအား ပြဌာန်းခြင်း၊ ပြုလုပ်ခြင်းနှင့် ဖြန့်ဝေခြင်း<br>• ဆေးဝါးရိက္ခာများနှင့် RH ရိက္ခာများအား သိုလှောင်စီမံခြင်း<br>• ဝန်ထမ်းများအား လိင်အခြေခံအကြမ်းဖက်မှု ကျန်းမာရေးစောင့်ရှောက်မှုများ၊ နှစ်သိမ့်အားပေးမှုများ၊ လွှဲပြောင်းရေးလုပ်ငန်းများနှင့် အခွင့်အရေး ဆိုင်ရာ ကိစ္စရပ်များ လေ့ကျင့်သင်ကြားပေးခြင်း<br>• လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးအစီအစဉ်များအား ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှု အရေးပေါ်စီမံကိန်း များတွင် ထည့်သွင်းခြင်း |
| ၉၊ ပညာရေး | • ယောက်ကျ်ားကလေးများနှင့် မိန်းကလေးများအတွက် ပညာရေး အခွင့်အလမ်းများ ဆုံးဖြတ်ပေးခြင်း<br>• ကျောင်းဆရာ၊ ဆရာမများအား လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေး အကြောင်း လေ့ကျင့်သင်ကြားပေးခြင်း |
| ၁၀၊ တရားဝင် ပညာ ရေးနှင့်ဆက်သွယ်ရေး | • ယဉ်ကျေးမှုအရလိုက်လျောညီထွေသော သတင်းစကားများအား ဒေသခံဘာသာစကားများဖြင့် ဖေါ်ပြရန်အတွက် အမျိုးသမီး၊ လူငယ်၊ လူကြီးများအား ပါဝင်စေခြင်း<br>• လှုံ့ဆော်ရေးလုပ်ရှားမှုတွင် လျော်ကန်သင့်မြတ်သော ဆက်သွယ်ရေး နည်းနာများကို အသုံးပြုခြင်း |

| | |
|---|---|
| ၄ – ၁ SEA ကို ကာကွယ်တားဆီးဟန့်တားလိုသော ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း<br>၄ – ၂ ကျင့်ဝတ်သိက္ခာ (Code of Conduct) အား လုပ်ငန်းတူဆောင်ရွက်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ အသိပေးခြင်း<br>၄ – ၃ လိုု့ဝှက်တိုင်တန်းခြင်းစနစ်တခုအား အကောင်အထည် ဖော်ခြင်း<br>၄ – ၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည် ဖော်ခြင်း | • မကျေနပ်ချက်တိုင်းတာခြင်း လုပ်ငန်းများ၏ ထိရောက်မှုအား စောင့်ကြည့်ကြတ်မတ်ခြင်း နှင့် လိုအပ်ပါက အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခြင်း<br>• ငြိမ်းချမ်းရေးထိန်းသိမ်းသူများအပါအဝင် ဝန်ထမ်းများအားလုံးအတွက် SEA ဆိုင်ရာ သင်တန်းများအား အဖွဲ့အစည်း၏ လုပ်ငန်းတခုအဖြစ် ဆောင်ရွက်စေခြင်း |
| ၅၊ ၁ သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖော်ခြင်း | • ရေ နှင့် မိလ္လာစနစ်ထောက်ပံခြင်းနှင့် ဆပ်လျင်း၍ လိင်အခြေခံအကြောင်းရင်းရာများကို ပုံမှန် လေ့လာစုံစမ်းမှုများ ပြုလုပ်ခြင်း<br>• WATSAN ကော်မတီများတွင် အမျိုးသားကိုယ်စားပြု ပါဝင်စေရေး |
| ၆၊ ၁ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်း ပေးသော အစီအစဉ်များ အကောင်အထည် ဖော်ခြင်း | • အစားအသောက်လုံခြုံရေးနှင့် အဟာရဖြည့်ဆီးရေးတွင် လိင်အခြေခံအကြောင်းရင်းရာ များကို သိရှိနိုင်ရန်အတွက် အဟာရ ရှိမှုအဆင့်များကို စောင့်ကြည့်ကြတ်မတ်ခြင်း |
| ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံ ကိန်းများ အကောင်အထည်ဖော်ခြင်း<br>၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း<br>၇၊ ၃ လောင်စာလုံခြုံစွာ ရရှိနိုင်ရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း<br>၇၊ ၄ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေ ပစ္စည်းများ ထောက်ပံ့ပေးခြင်း | • အိုးအိမ်၊ တည်နေရာနှင့် ပုံစံကိစ္စရပ်များတွင် လိင်အခြေခံအကြောင်းရင်းများကို သိရှိနိုင် ရန် အတွက် အဆက်မပြတ် စောင့်ကြည့်ကြပ်မတ်မှုများ ပြုလုပ်ခြင်း |
| ၈ ၊ ၁ အမျိုးသမီးများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှု များအား အသုံးပြုခွင့် ရရှိရေး<br>၈၊ ၂ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ထောက်ပံ့ပေးခြင်း<br>၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်း | • ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း<br>• ဆေးပညာဆိုင်ရာ သက်သေခံပစ္စည်းများ ကောက်ယူခြင်းအတွက် စည်းမျဉ်းများ တည်ဆောက်ခြင်း သို့မဟုတ် ကောင်းမွန်အောင်ပြုလုပ်ခြင်း<br>• လက်ရှိတည်ရှိနေသော ကျန်းမာရေးဌာနများ၊ နိုင်ငံတော် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် သင်ရိုး ညွှန်းတမ်းများတွင် လိင်အခြေခံအကြမ်းဖက်မှု ဆေးပညာဆိုင်ရာ စီမံခန့်ခွဲမှုအား ထည့်သွင်း ခြင်း<br>• ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများနှင့် အထောက်အပံ့ကြီးကြပ်မှုများ ဆောင်ရွက် ခြင်း<br>• စောင့်ရှောက်မှုအရည်အသွေးအား ပုံမှန်လေ့လာစုံစမ်းမှုများ ပြုလုပ်ခြင်း<br>• အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ ကလေးများအတွက် အထောက်အပံ့ပေးသော ရပ်ရွာအခြေပြု လုပ်ငန်းများအား အထောက်အကူပြုရေး<br>• လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးတွင် အမျိုးသားများတက်ကြွစွာ ပါဝင်လာစေရေး<br>• ဝင်ငွေဖန်တီးသော လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အဓိက အာရုံစိုက်ရေး |
| ၉ ၊ ၁ မိန်းကလေးများ၊ ယောက်ျားငယ်ကလေးများအတွက် လုံခြုံသော ပညာရေးအတွက် ရရှိစေရေး | • ပညာရေးပြဌန်းမှုများအားလုံးတွင် ကျောင်းဆရာများ၊ မိန်းကလေးများနှင့် ယောက်ျား လေးများအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများတွင် လိင်အခြေခံအကြမ်းဖက်မှု အကြောင်းအရာအား ထည့်သွင်းခြင်း<br>• ပညာရေးပြဌာန်းမှုများတွင် SEA ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ တည်ဆောက်ခြင်း |
| ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်း<br>၁၀ ၊ ၂ လက်နက်ကိုင်အဖွဲ့များထံသို့ နိုင်ငံတကာလူသားချင်း ဆိုင်ရာ ဥပဒေများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း | • မတူညီသော လမ်းကြောင်းများမှ တဆင့် IEC ထောက်ပံ့ခြင်း<br>• ပြင်ပထိစပ်မှုလုပ်ငန်းများအားကောင်းစေရေးအတွက် အမျိုးသမီးအုပ်စုများနှင့် အမျိုးသားများ၏ ပူးပေါင်းပါဝင်မှုအား အထောက်အပံ့ပေးခြင်း<br>• ဆက်သွယ်ရေးလုပ်ငန်းများတွင် အပြုအမူပြောင်းလဲမှုများ အကောင်အထည်ဖော်ခြင်း |

# အခန်း (၄)
# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း အလုပ်စာမျက်နှာများ

# ၁၊ တာဝန်ခံဆောင်ရွက်ခြင်း

## ကဏ္ဍစုံလုပ်ငန်းများ

## အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း

၁ ၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်း

၁ ၊ ၃ လုပ်ငန်းကဏ္ဍစုံ စံသတ်မှတ်ချက်များကို ဖြန့်ဝေထားခြင်း နှင့် သေချာစွာ လေးစားလိုက်နာခြင်း

# ၁၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံ ဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း

## လုပ်ငန်း ။ ။ ပူးပေါင်းဆောင်ရွက်ခြင်း

## အဆင့် ။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (သို့မဟုတ် အေဂျင်စီများ) အတွက် ရည်ညွှန်းချက် (Term of Reference) အား ရှင်းရှင်းလင်းလင်း သတ်မှတ် သင့်ပြီး လုပ်ငန်းအဖွဲ့ပါ အဖွဲ့ဝင်အားလုံးမှ သဘောတူညီချက် ရှိရမည်။ အကောင်းဆုံးသော အခြေအနေတခုမှာ အစိုးရမှ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအဖြစ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်းကိုလည်း သတိချပ်သင့်သည်။ လူသားချင်းဆိုင်ရာ အရေးပေါ် အခြေအနေများ၏ ကနဦးပိုင်းအဆင့် များတွင် အစိုးရများသည် ကျယ်ပြန့်သော လုပ်ငန်းပုံစံတခုအပေါ်တွင် လျင်မြန် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် လုပ်ကိုင်နိုင်စွမ်း အားနည်းတတ်သည်။

**အဓိကဆောင်ရွက်ချက်များ**

အရေးပေါ်အခြေအနေတခုခုတွင် လူသားချင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် တာဝန်ယူ ဆောင်ရွက်ပေးသော အဖွဲ့အစည်းတခု အနေဖြင့် သော်လည်းကောင်း တဦးချင်းအရ သော်လည်းကောင်း တစုံလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ဦးဆောင်မှုပေးသော အုပ်စုပုံစံ အဖွဲ့အစည်းများရှိသည်။ ၎င်းပူးပေါင်းဆောင်ရွက်ရေးအုပ်စုများသည် အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ဆောင်ခြင်း ရှိစေရန် အတွက် တာဝန်ရှိသည်။

၁၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် အောက်ခြေအဆင့်တွင် အဖွဲ့အစည်းများအကြားနှင့် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေး လုပ်ငန်းအုပ်စု များအကြား ကဏ္ဍစုံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ခြင်း။

- လုပ်ငန်းအဖွဲ့များသည် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းဆုံချက်များ (အောက်တွင်ဖော်ပြထားသည်) ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ရပ်ရွာအသိုင်းအဝန်း၊ အစိုးရ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် နိုင်ငံတော်အဆင့် အန်ဂျီအိုများ၊ ဆရာဝန်များနှင့် အခြားကဏ္ဍ များမှ အဓိက ကဏ္ဍစုံဆောင်ရွက်သူများလည်း ပါဝင်သင့်သည်။
- လုပ်ငန်းအဖွဲ့များတွင် ဘက်စုံမှ ပါဝင်သင့်သော်လည်း သတင်းအချက်အလက်များ ထိရောက်စွာ ဖလှယ်ခြင်း၊ စီမံကိန်းများရေး ဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျစ်လစ် သော အလုပ်အဖွဲ့မျိုး ဖြစ်သင့်သည်။
- အဖွဲ့ဝင်များသည် လိင်အကြမ်းဖက်မှု ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်သော ၎င်းတို့၏ လုပ်ငန်းကဏ္ဍများမှ လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကိုယ်စားပြုနိုင်သူများဖြစ်သင့်ပြီး လုပ်ငန်းအဖွဲ့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သင့်သည်။
- အရေးပေါ်အခြေအနေ အများစု၏ ကနဦးအဆင့်များတွင် ကာလတိုဝန်ထမ်းများ သို့မဟုတ် Mission ဝန်ထမ်းများသည် လုပ်ငန်းခွင်ထဲ၌ အများစု ဖြစ်ကြပြီး လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် အစောပိုင်းအဖွဲ့ဝင်များအဖြစ် တာဝန် ထမ်းဆောင်ရန် လိုအပ်ကောင်း လိုအပ်လိမ့်မည်။ ထိုကဲ့သို့သော အခြေအနေများတွင် လုပ်ငန်းအဖွဲ့များသည် ကာလတို ဝန်ထမ်းများ ထွက်ခွာကာ ဝန်ထမ်းအသစ်များ ဝင်လာချိန်တွင် လုပ်ငန်းပုံမှန်လည်ပတ်ခြင်းနှင့် သတင်းအချက်အလက် ဖလှယ်ခြင်းလုပ်ငန်းများကို အမြင့်မားဆုံး လုပ်ကိုင်ဆောင်ရွက်ရမည်။

၂၊ နိုင်ငံတော်အဆင့် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (သို့မဟုတ် အေဂျင်စီများ) တခုကို ရွေးချယ်သင့်သည်။ ပိုမိုကောင်းမွန်သော ပုံစံမှာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီချက်ဖြင့် လုပ်ကိုင်သော အဖွဲ့အစည်း နှစ်ဖွဲ့ဖြစ်သင့် သည်။ အဖွဲ့အစည်းများမှာ ကမ္ဘာ့ကုသမဂ္ဂ၊ နိုင်ငံတကာ သို့မဟုတ် နိုင်ငံတော်အဆင့် အန်ဂျီအို သို့မဟုတ် အခြားသော အာဏာရ ကိုယ်စားပြု အဖွဲ့အစည်းများ ဖြစ်နိုင်သည်။

- လုပ်ငန်းအဖွဲ့ဝင်များ အားလုံးမှ သဘောတူထားသော ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (သို့မဟုတ် အေဂျင်စီများ) အတွက် ရှင်းလင်းတိကျသော ရည်ညွှန်းချက်များ တည်ဆောက်ခြင်း
- နိုင်ငံအတွင်း ဦးစီးဦးရွက်ဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂဌာနေအာဏာပိုင် (ဥပမာ လူသားချင်းဆိုင်ရာလုပ်ငန်းများ တာဝန်ခံဆောင်ရွက်သူ၊ SRSG) မှ ရည်ညွှန်းချက်အပေါ် သဘောတူညီရမည်။

၃၊ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (သို့မဟုတ် အေဂျင်စီများ)သည် အလုပ်စာမျက်နှာတွင် ဖေါ်ပြထားသော ဆောင်ရွက်ချက်များအား ဆောင်ရွက်ခြင်း ရှိမရှိ ကြည့်ရှုရန် တာဝန်ရှိသည်။

၄၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် အောက်ခြေအဆင့် လုပ်ငန်းအဖွဲ့များသည် လုပ်ငန်းအဖွဲ့များ အကြား နှင့် လုပ်ငန်းအဖွဲ့နှစ်ဖွဲ့အကြား ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နည်းနာများကို တည်ဆောက် သင့်သည်။ လုပ်ငန်းအဖွဲ့များအားလုံးသည် အတိအကျ သတ်မှတ်နိုင်ခြင်း မရှိသေးသော သတင်းအချက် အလက်များ (အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများနှင့် ပတ်သက်သော အသေးစိတ် သတင်းအချက်အလက် မရှိသေးမှု) နှင့်အတူ အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းရမည်။ ထို့နောက် ၎င်းမိတ္တူများကို လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအားလုံးသို့ ဖြန့်ဝေရမည်။
ယေဘုယျအားဖြင့် –

- အောက်ခြေအဆင့် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များသည် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖေါ်ခြင်း အသေးစိတ်များကို ဆွေးနွေးခြင်း၊ ပြဿနာများနှင့် လိုအပ်ချက်များကို သတ်မှတ်ဖေါ်ထုတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ နိုင်ငံတော် အဆင့်နှင့် မူဝါဒဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်အဆင့် လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းအဖွဲ့များသို့ လွှဲပြောင်းပေးရခြင်း စသည်တို့ကို လုပ်ဆောင်ရမည်။
- နိုင်ငံတော်အဆင့် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့က အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အား နိုင်ငံတော်အဆင့်အမြင်ဖြင့် ဆောင်ရွက်ခြင်း၊ အထောက်အပံ့များပေးခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ အောက်ခြေအဆင့် လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များအတွက် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းများကို လုပ်ဆောင်ရမည်။

၅၊ လုပ်ငန်းကဏ္ဍအစုအဖွဲ့အားလုံး (ကျန်းမာရေး၊ လူထုဝန်ဆောင်မှုလုပ်ငန်းများ၊ အကာအကွယ်ပေးခြင်း လုပ်ငန်းများ၊ စခန်းစီမံခန့်ခွဲမှု၊ လူ့အခွင့်အရေး၊ ဥပဒေနှင့် တရားရေးရာ လုပ်ငန်းများ၊ လုံခြုံရေးနှင့် ရဲတပ်ဖွဲ့များ အစရှိသဖြင့်) လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီး တုန့်ပြန်ဆောင်ရွက်ရန် အတွက် ၎င်းတို့နှင့် သက်ဆိုင်သော တာဝန်ရှိမှုများကို ရှင်းလင်းစွာ ပြဌာန်းသတ်မှတ်ထားပြီး ယခုလုပ်ငန်း လမ်းညွှန်များကို နည်းလမ်းတခုသဖွယ်အသုံးပြု၍ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များ၊ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (သို့မဟုတ် အေဂျင်စီများ) နှင့် မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်မည်ဆိုသည်ကိုပါ ရှင်းလင်းစွာ ပြဌာန်းထားရမည်ဖြစ်သည်။

- လုပ်ငန်းတခုချင်းစီနှင့် အဖွဲ့အစည်း တဖွဲ့ချင်းစီသည် လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီး၊ တုန့်ပြန်ဆောင်ရွက်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းတခုချင်း သို့မဟုတ် အဖွဲ့အစည်း တဖွဲ့ချင်းစီအား ကိုယ်စားပြုပါဝင်မည့် လုပ်ငန်းဆုံချက် တာဝန်ခံတဦးကို အလေးဂရုပြု၍ ရွေးချယ်သင့်သည်။
- လုပ်ငန်းကဏ္ဍဆိုင်ရာ လိင်အခြေခံအကြမ်းဖက်မှု ဆုံးချက်များ၏ တာဝန်ရှိမှုများကို လုပ်ငန်းကဏ္ဍ တခုချင်းစီအတွက် ပြင်ဆင်ထားသော အလုပ်စာမျက်နှာများတွင် ဖေါ်ပြထားသည်။ လုပ်ငန်းကဏ္ဍများကို ကိုယ်စားပြုဖွဲ့စည်းထားသော လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းဆုံချက် တာဝန်ခံများသည် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် တက်ကြွကွစွာ ပါဝင် ဆောင်ရွက်ကြသည်။

၆၊ လိင်အကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန်၊ ကာကွယ်တားဆီးရန်၊ တုန့်ပြန်ဆောင်ရွက်ရန်အတွက် လုပ်ငန်းစီမံချက်တခု ရေးဆွဲရမည်။ အလုပ်အဖွဲ့ဝင်များအားလုံး၊ အဖွဲ့အစည်းများတွင် ပါဝင်သူများအားလုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ပါဝင်ကြရမည် ဖြစ်ပြီး၊ ပါဝင်သူအားလုံးသည် လုပ်ငန်းအကောင်အထည်ဖေါ်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပါဝင်ဆောင်ရွက် သူအားလုံးက တာဝန်ခံမှုအား ထိန်းသိမ်းထားခြင်း စသည့်လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ရမည်။

- ယခုလုပ်ငန်းဆောင်ရွက်ချက်စာမျက်နှာအဆုံးတွင် ဖေါ်ပြထားသော အဓိကအကိုးအကား အရင်းအမြစ်များတွင် မည်ကဲ့သို့ လုပ်ငန်းစီမံချက်တခုရေးဆွဲရမည်နှင့် ပတ်သက်၍ အသေးစိတ် သတင်းအချက်အလက်များကို ဖေါ်ပြထားသည်။
- အခြေအနေသုံးသပ်ချက် (အလုပ်စာမျက်နှာ ၂၊ ၁ – ၂၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံ ဆောင်ရွက်ခြင်း) တွင်ပါရှိသော သတင်းအချက်အလက်များကို အခြေခံ၍ အမျိုးသမီးများ၏ တက်ကြွကွသော ပူးပေါင်းပါဝင်မှု နှင့်အတူ စီမံချက်အား ရေးဆွဲသင့်သည်။ ထိုစီမံချက်တွင် အောက်ဖေါ်ပြပါအချက်များ အနည်းဆုံး ထည့်သွင်းရမည်။

    ၁၊ လိင်အကြမ်းဖက်ဖြစ်ပွားပြီးနောက် အကူအညီတောင်းခံနိုင်ရန် သို့မဟုတ် ထိုဖြစ်ပွားမှုအား အစီရင်ခံနိုင်ရန်အတွက် အသက်ရှင် ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများနှင့် ရပ်ရွာအသိုင်းအဝန်းအတွက် လုံခြုံသောထိစပ်နိုင်ခွင့် နည်းလမ်း (Entry point) များ တည်ဆောက်ထားခြင်း

    ၂၊ အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများမှ တောင်းဆိုလာပါက ပါဝင်ဆောင်ရွက်သူများနှင့် လုပ်ငန်းကဏ္ဍများ အကြား လုပ်ငန်းကဏ္ဍစုံဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန်အတွက် လုံခြုံသော လွှဲပြောင်းလက်ခံခြင်း လုပ်ငန်းယန္တရားတခု တည်ရှိခြင်း

၇၊ အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများအတွက် အန္တရာယ်ရှိမှုအား နည်းနိုင်သမျှ နည်းစေရန်နှင့် အထိရောက်ဆုံး ကာကွယ် ဟန့်တားခြင်း နှင့် ကြားဝင်တုန့်ပြန်ဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန်အတွက် ချမှတ်ထားသော လုပ်ငန်းလမ်းညွှန် စည်းမျဉ်းဥပဒေ များကို အဖွဲ့ဝင်အားလုံးမှ လိုက်နာရန် သဘောတူရမည်။ လုပ်ငန်းလမ်းညွှန်စည်းမျဉ်းဥပဒေသများသည် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်ဟန့်တား၊ တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစီမံချက်၏ အဆင့်အားလုံးတွင် ပါဝင်ရမည်ဖြစ်ပြီး အနည်းဆုံးအဆင့် အောက်ဖေါ်ပြ ပါအချက်များ ပါဝင်သင့်သည်။

- အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများနှင့် ၎င်းတို့အားကူညီသူများအတွက် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအား အသေအချာ ဆောင်ရွက်ပေးရန်
- လျှို့ဝှက်မှုကို အာမခံရန်
- အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ၏ လိုအင်ဆန္ဒများ၊ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာများကို လေးစားရန်နှင့် ကလေးများအတွက် အကောင်းဆုံးသော အကျိုးစီးပွားကိုသာရှေးရှု၍ လုပ်ဆောင်ရမည်။
- ခွဲခြားဆက်ဆံခြင်း မရှိစေရ။

၈၊ ပါဝင်ဆောင်ရွက်သူအားလုံးသည် လုပ်ငန်းကဏ္ဍစုံ ပူးပေါင်းချည်းကပ်ခြင်း နည်းနာနှင့် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်ဟန့်တား ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း သင်တန်းအထောက်အကူပြု ပစ္စည်းများ၊ အဓိကကျသော အကိုးအကား အရင်းအမြစ်များ ဖြန့်ဝေ ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို နားလည်ရမည်။

- ရပ်ရွာအသိုင်းအဝန်းဆီသို့ ဆက်နွယ်ပတ်သတ်မှုရှိသော အထောက်အကူပြု ပစ္စည်းများ ပေးပို့ပေးခြင်း (အလုပ်စာမျက်နှာ ၁၀၊ ၁ နှင့် လိင်အကြမ်းဖက်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ နှင့် အဆင်သင့်အသုံးပြုနိုင်သော ဝန်ဆောင်မှု လုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်ပေးခြင်း)
- လုပ်ငန်းလမ်းညွှန်ချက် မိတ္တူများသည် ဆက်နွယ်လုပ်ဆောင်သူများအားလုံး၏ လက်ဝယ်တွင် ရှိသင့်ပြီး အနိမ့်ဆုံးအဆင့်တွင် အကျွမ်းတဝင် ရှိသင့်သည်။ အလုပ်စာမျက်နှာ ၈၊ ၃။ အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများအား လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအထောက်အပံ့များပေးခြင်း။ ဆက်နွယ်ဆောင်ရွက်သူများတွင် လုပ်ငန်းကဏ္ဍများ၊ အဖွဲ့အစည်း များကို ကိုယ်စားပြုသူများ ပါဝင်သင့်ပြီး ထိုသူများသည် လိင်အကြမ်းဖက်မှုမှ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများ အတွက် ကြားခံဆောင်ရွက်သူများလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်း လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် နေသူများလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့သော် ၎င်းတို့၏ လုပ်ငန်း တာဝန်ရှိမှုများနှင့် ဆောင်ရွက်ရမည့် ဝတ္တရားများကို ယခုအလုပ်လမ်းညွှန်တွင် အသေးစိတ် ဖေါ်ပြထားခြင်း မရှိပေ။

၉၊ လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တား၊ တုန့်ပြန်ဆောင်ရွက်ခြင်းများအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ လုပ်ငန်းဆုံချက်များ နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ စာရင်းကို ပြုစုပါ။ ရပ်ရွာအသိုင်းအဝန်း အပါအဝင် ပါဝင်ဆောင်ရွက်သူများထံသို့ ဖြန့်ဝေပါ။ ပုံမှန် သတင်းအချက်အလက်ထည့်သွင်းပါ။

၁၀၊ စောင့်ကြည့်ကြပ်မတ်နှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစီမံချက်တခု ရေးဆွဲပါ။ (အလုပ်စာမျက်နှာ ၂၂ နှင့် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းများကို ကြည့်ပါ။)

- အသက်အရွယ်အပိုင်းအခြားအလိုက် အချက်အလက်ကောက်ယူသော အစီရင်ခံစာပုံစံကို အသုံးပြု၍ လိင်အကြမ်းဖက်မှု အဖြစ်အပျက်များကို လက်ခံယူခြင်း၊ မှတ်တမ်းတင်ခြင်း စနစ်တခု ပါဝင်ရမည်။ အောက်တွင်ဖော်ပြထားသော **UNHCR** ၏ **SGBV** တွင် နမူနာ ဖြစ်စဉ်ကောက်ယူသော ပုံစံကို လွယ်လင့်တကူရရှိ အကောင်အထည် ဖေါ်ဆောင်ရွက်နိုင်သည်။
- စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း (M & E) လုပ်ငန်းစီမံချက်သည် အမည်ဖေါ်ပြထားခြင်းမရှိသော အမှုဖြစ်စဉ်များ၊ လုပ်ဆောင်ထားသော ဆောင်ရွက်ချက်များ နှင့် လုပ်ငန်းကဏ္ဍများမှ ထွက်ပေါ်လာသော ရလဒ်များကိုပါ စုစည်းရမည်။
- ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (သို့မဟုတ် အေဂျင်စီများ) ထံသို့ လုပ်ငန်းဆောင်ရွက်သူများ အားလုံးမှ အမည်မဖေါ်လျှို့ဝှက်အချက်အလက်များ ပုံမှန်တင်ပြရမည်။ ထိုအေဂျင်စီများသည် အချက်အလက်များ စုဆောင်း၍ လုပ်ငန်းဆောင်ရွက် သူများအားလုံးထံသို့ သတင်းအချက်အလက်များ ပြန်လည်တင်ပြရန် တာဝန်ရှိသည်။

**Key Reference Materials**

1. *Sexual and Gender-based Violence against Refugees, Returnees, and Internally Displaced Persons: Guidelines for Prevention and Response.* UNHCR, May 2003.
http://www.unhcr.ch/cgi-bin/texis/vtx/home/
+4wwBmeMUiECnwwwhFqA72ZR0gRfZNtFqr72ZR0gRzFqmRbZAFqA72ZR0gRfZNDzmxwww1FqmRbZ/
opendoc.pdf or http://www.rhrc.org/pdf/gl_sgbv03.pdf
   - These guidelines are accompanied by a CDROM which includes a wide variety of resources.
   - Includes a chapter describing how to establish reporting and referral system.

2. *How-To Guide: Monitoring and Evaluating Sexual Gender Violence Programs.* UNHCR 2000.
http://www.rhrc.org/resources/gbv/index.html
   - Step by step description of establishing interorganisational reporting and referral procedures.

3. *Gender-based Violence: Emerging Issues in Programs Serving Displaced Populations.* RHRC, 2002.
http://www.rhrc.org/resources/gbv/ (available in English, French, Portuguese)
   - Detailed information in text and annex about establishing multisectoral coordination mechanisms including reporting and referral mechanisms.

4. *Gender-based violence in populations affected by conflict: A field guide for displaced settings.* RHRC, 2005.
http://www.rhrc.org/pdf/Fact%20Sheet%20for%20the%20Field.pdf

5. *Checklist for Action: Prevention & Response to Genderbased Violence in Displaced Settings.* RHRC, 2004.
http://www.rhrc.org/pdf/Checklist.pdf

6. *Gender-based Violence Tools Manual for Assessment and Program Design, Monitoring, and Evaluation.* RHRC, 2004.
http://www.rhrc.org/resources/gbv/

7. Training Manual, *Facilitator's Guide: Multisectoral and Interagency Prevention and Response to Gender-based Violence in Populations Affected by Armed Conflict.* RHRC, 2004. http://www.rhrc.org/resources/gbv/

# အလုပ်စာမျက်နှာ
# ၁၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်း
# လုပ်ငန်း။ ။ ပူးပေါင်းဆောင်ရွက်ခြင်း
# အဆင့်။ ။ အနိမ့်အဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

ဘေးအန္တရာယ်ကျရောက်မှုအပေါ် တုန့်ပြန့်ဆောင်ရွက်မှုလုပ်ငန်းများအတွက် လူသားချင်းဆိုင်ရာလုပ်ငန်း သဘောတူချက်နှင့် အနိမ်ဆုံး အဆင့် ရှု့ထောင့်စုံစံသတ်မှတ်ချက်များ (The Sphere Project Humanitarian Charter And Minium Standards in Disaster Response) က လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အေဂျင်စီများအား အထောက်အပံ့များ ပေးရာတွင် ပိုမိုထိရောက်စေရေးနှင့် အရည်အသွေးပိုမိုပြည့်မှီစေရေးအတွက် လမ်းညွှန်ချက်တခုအဖြစ် ဆောင်ရွက်ပေးသည်။ ယင်း၏ အခြေခံ အုတ်မြစ်တခုဖြစ်သော လူသားချင်းဆိုင်ရာလုပ်ငန်းများသဘောတူညီချက် (Humanitarian Charter) တွင် မဏ္ဍိုင် ဥပဒေသ များဖြစ်သော လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုများအား ကိုင်တွယ်ထိန်းချုပ်ခြင်းနှင့် ထိခိုက်ခံရသော လူထုအတွက် ဂုဏ်သိက္ခာရှိစွာ ၎င်းတို့၏ ဘဝများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းရရှိနိုင်ခွင့် အခွင့်အရေးအား ထပ်လောင်း ပုံဖေါ်ထားသည်။

ရာပေါင်းများစွာရှိသည့် လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများ၊ နိုင်ငံတကာအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ငွေကြေးလှူဒါန်းသော အဖွဲ့အစည်းများသည် ရှု့ထောင့်စုံစံသတ်မှတ်ချက်များနှင့်အညီ လူသားချင်းဆိုင်ရာ အကာအကွယ်ပေးမှုများနှင့် အထော်အပံ့များပေးပါမည်ဟု ၎င်းတို့ကိုယ်တိုင် သံဓိဋ္ဌာန်ချထားကြသည်။ ထို့အပြင် အောက်ဖေါ်ပြပါ အလုပ်ကဏ္ဍများအတွက်လည်း စံသတ်မှတ်ချက်များ ပြဌာန်းပေးထားသည်။ ရေအထောက်အပံ့ပေးရေးလုပ်ငန်း၊ မိလ္လာစနစ်နှင့် တကိုယ်ရေ သန့်ရှင်းမှု မြင့်တင်ပေးရေးလုပ်ငန်း၊ အစားအသောက်ဖူလုံစွာရရှိရေးလုပ်ငန်း၊ အဟာရ ဓါတ်ဖြည့်ဆည်းပေးရေးနှင့် အစားအသောက် ထောက်ပံ့ပေးရေးလုပ်ငန်း၊ အမိုးအကာ နေရာထိုင်ခင်း ထောက်ပံ့ပေးရေးလုပ်ငန်း၊ နေရာချထားရေးလုပ်ငန်း၊ အစားအသောက်မဟုတ်သော ပစ္စည်းများ ထောက်ပံ့ပေးရေးလုပ်ငန်းနှင့် ကျန်းမာရေးလုပ်ငန်းတို့ဖြစ်သည်။

ရှု့ထောင့်စုံစံသတ်မှတ်ချက်များ၏ အခန်း (၁) တွင် လူသားချင်းဆိုင်ရာ အထောက်အပံ့များအား ဂုဏ်သိက္ခာရှိစွာ အသက်ရှင်နေထိုင်ခွင့် ဟူသော ပုံစံဖြင့် အထောက်အပံ့ပေးရန် လုံးဝလိုအပ်သည်ဟု သတ်မှတ်ထားသည်။ ထိုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စုံးစမ်းလေ့လာခြင်း၊ တုန့်ပြန်ဆောင်ရွက်ခြင်း၊ ပစ်မှတ်ထားခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဝန်ထမ်းများ အရည်အချင်း ရှိခြင်းနှင့် စီမံခန့်ခွဲမှုတို့ ပါဝင်သည်။ ထို့အပြင် လုပ်ငန်းကဏ္ဍအားလုံးဖြင့် ဆက်နွယ်မှုရှိသော ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်းမစွမ်းသူ များ၊ လိင်ကွဲပြားမှု၊ အကာအကွယ်ပေးမှု၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်နှင့် သဘာဝတ်ပတ်ဝန်းကျင် စသော မတူညီသော ကိစ္စရပ် ၇ ခုအား တစည်းတပေါင်းတည်း ထည့်သွင်းစဉ်းစားပြီးဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ ရှု့ထောင့်စုံစံသတ်မှတ်ချက်များတွင် မကူးစက်နိုင်သော ရောဂါများအား ထိန်းချုပ်ခြင်း (Standard 2) မျိုးပွား ကျန်းမာရေးဖြစ်သည်။ လူထုသည် ၎င်းတို့၏ မျိုးပွားကျန်းမာရေးလိုအပ်ချက်များအား ဆောင်ရွက်ပေးရန်အတွက် ပြင်ဆင်ထားသော Minimum Initial Service Package (MISP) အား ခံစားခွင့်ရှိသည်။ ဒုက္ခသည်များအတွင်း မျိုးပွားကျန်းမာရေးအတွက် အလုပ်အဖွဲ့များမှ ၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော MISP တွင် အခန်းကဏ္ဍပါရှိသည်။ MISP၏ ဒုတိယ အခန်းကဏ္ဍမှာ ကျန်းမာရေး အေဂျင်စီများသည် လိင်အခြေခံအကြမ်းဖက်မှု၏ အကျိုးဆက်များအား ကာကွယ်ဟန့်တားရန်နှင့် စီမံဆောင်ရွက်နိုင်ရန်အတွက် လူထုအခြေပြု အကာအကွယ်ပေးရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အထူးလက်တွဲ၍ အခြားဆက်စပ်သော လုပ်ငန်းများဖြင့်ပါ တွဲဖက်ကာ လိုအပ်သော အဆင့်များကို ဆောင်ရွက်လျှက်ရှိသည်။ (အလုပ်စာမျက်နှာ ၈၊ ၁ – အမျိုးသမီးများအခြေခံကျန်မာရေးဝန်ဆောင်မှုများအား အသုံးပြုနိုင်ရေးအား ကြည့်ပါ။)

မကူးစက်နိုင်သော ရောဂါ သတ်မှတ်ချက် ၂ (Standard 2) ၏ စံသတ်မှတ်ချက် ထိန်းကြောင်းသူအတွက် လမ်းညွှန်မှတ်စုတွင် **လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် စီမံခန့်ခွဲခြင်းများတွင် လူထုအကြားနှင့် အေဂျင်စီများအကြား**

**ပူးပေါင်းဆောင်ရွက်မှုနှင့် ပူပေါင်းတာဝန်ခံမှုရှိရန်လိုအပ်သည်ဟု ဖေါ်ပြထားသည်။** ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုခံခဲ့ရသူများအတွက် ဆေးဝါးများ စီမံပေးရန်၊ သီးသန့် နှစ်သိမ့်မှုများလုပ်ဆောင်ပေးရန်၊ သင့်တော်သော ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် လွှဲပြောင်းပေးရန် စသည့်လုပ်ငန်းများ ပါဝင်သင့်သည်။ နေရာချထားသတ်မှတ်ခြင်း၊ မရှိမဖြစ် ပစ္စည်းများဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြားသော လုပ်ငန်းစဉ်များသည် လိင်အခြေခံအကြမ်းဖက်မှုအား လျော့ကျစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ရမည်။ ဒုက္ခရောက်နေသော လူထု အထူးသဖြင့် ကလေးနှင့် လူငယ်များအပေါ် အကူအညီပေးရေး ဝန်ထမ်းများ၊ စစ်သားများနှင့် အခြားအာဏာရှိသောသူများမှ လိင်အမြတ်ထုတ်ခြင်းအား ထိထိရောက်ရောက် ဟန့်တား၍ စီမံဆောင်ရွက်ရမည်။ မည်သို့သော ချိုးဖောက်မှုများကို မဆိုဟန့်တားနိုင်ရန်အတွက် လိုက်နာရမည့်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းချက်များ တည်ဆောက်ရမည်။ (အကူအညီပေးရေး လုပ်သားများ၏ အရည်အချင်းနှင့် သတ်မှတ်ထားသောတာဝန်များ အပိုင်းကို ကြည့်ပါ။)

## အဓိကလုပ်ငန်းများ

၁၊ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် Sphere Chapter ၁၊ မကူးစက်နိုင်သော ရောဂါများ သတ်မှတ်ချက် ၂ တို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဖြန့်ဝေသင့်သည်။
(အလုပ်စာမျက်နှာ ၁၊ ၁ – လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း နှင့် အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအားကြည့်ပါ။)

- အထက်တွင်ဖေါ်ပြထားသော သတင်းအချက်အလက်များအား ဆက်သွယ်အသိပေးနိုင်ရန်အတွက် လူထုအတွင်း စာတတ် မြောက်မှုအခြေအနေ၊ သက်ဆိုင်ရာ ဘာသာစကားအလိုက် ထိခိုက်ခံရသော လူထုဖြင့် ဆွေးနွေး၍ သတင်းအကျဉ်းချုပ်များ ပြုလုပ်ပါ။
- ထိုသတင်းအချက်အလက် အကျဉ်းချုပ်များအား လုပ်ငန်းခွင်အတွင်း လုပ်ငန်းတူ ဆောင်ရွက်သူများအားလုံးသို့ ဖြန့်ဝေ ပေးခြင်းနှင့် ပိုမိုကျယ်ပြန့်သော လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အဝန်းအဝိုင်းအတွင်းသို့ ပုံနှိပ် စာရွက်ဖြင့်သော်လည်းကောင်း၊ စီဒီဖြင့်သော်လည်းကောင်း၊ အင်တာနက်မှသော်လည်းကောင်း စသဖြင့် ပေးပို့ပါ။
- လုပ်ငန်းတူဆောင်ရွက်သူများအားလုံး (လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများ၊ ငြိမ်းချမ်းရေး ထိန်းသိမ်း သူများ၊ အစိုးရအရာရှိများ၊ လူထုများ စသဖြင့်) အား ထိုသတင်းအချက်အလက်ဖြင့် ပတ်သက်၍ မိတ်ဆက်ပေးသော အစီအစဉ် တခုပြုလုပ်ပါ။
- လူအများသိနိုင်ရန်အတွက် သက်ဆိုင်ရာသတင်းအချက်အလက်များကို ထုတ်ပြန်ပါ။

၂၊ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုများအပါအဝင် လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ရှုထောင့်စုံစံ သတ်မှတ်ချက်များအား လိုက်နာမှု ရှိစေရန် စောင့်ကြည့်ကြပ်မတ်သင့်သည်။
(အလုပ်စာမျက်နှာ ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း နှင့် အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအားကြည့်ပါ။)

- လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုအား ဖြေရှင်းပေးသော လူသားအရင်းအမြစ် မူဝါဒများအား အကောင်အထည် ဖေါ် ဆောင်ရွက်ခဲ့ပြီးသည်ကိုပြသသော စာရင်းတခု အဖွဲ့အစည်း များအားလုံးတွင် ရှိရမည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား တုန့်ပြန်ဆောင်ရွက်ရန်အတွက် လက်ရှိတာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးထားသည်ကို ပြသသော စာရင်းတခု ကျန်းမာရေးလုပ်ငန်များဆောင်ရွက်နေသော အဖွဲ့အစည်းများ အားလုံးတွင် ရှိရမည်။
- လိင်အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ပေးနေသော အဖွဲ့အစည်း များတွင်လည်း စာရင်းတခုရှိရမည်။

**Key Reference Materials**

1. *Technical Guidelines for the Consolidated Appeals Process.* www.reliefweb.intlcap or
http://www.humanitarianinfo.org/iasc/CAtechguide.doc

# အလုပ်စာမျက်နှာ
# ၁၊ ၃ လုပ်ငန်းနယ်ပယ်သတ်မှတ်ချက်များအား ဖြန့်ချီပေးခြင်းနှင့် လိုက်နာခြင်း ရှိမရှိ ဆောင်ရွက်ခြင်း
# လုပ်ငန်း ॥ ॥ ပူးပေါင်းဆောင်ရွက်ခြင်း
# အဆင့် ॥ ॥ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

ဘေးအန္တရာယ်ကျရောက်မှုအပေါ် တုန့်ပြန်ဆောင်ရွက်မှုလုပ်ငန်းများအတွက် လူသားချင်းဆိုင်ရာလုပ်ငန်း သဘောတူချက်နှင့် အနိမ်ဆုံးအဆင့် ရှုထောင့်စုံစံသတ်မှတ်ချက်များ (The Sphere Project Humanitarian Charter And Minium Standards in Disaster Response) က လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အေဂျင်စီများအား အထောက်အပံ့များပေးရာတွင် ပိုမိုထိရောက်စေရေးနှင့် အရည်အသွေးပိုမိုပြည့်မှီစေရေးအတွက် လမ်းညွှန်ချက်တခုအဖြစ် ဆောင်ရွက်ပေးသည်။ ယင်း၏ အခြေခံ အုတ်မြစ်တခုဖြစ်သော လူသားချင်းဆိုင်ရာလုပ်ငန်းများသဘောတူညီချက် (Humanitarian Charer) တွင် မဏ္ဍိုင် ဥပဒေသများဖြစ်သော လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုများအား ကိုင်တွယ်ထိန်းချုပ်ခြင်းနှင့် ထိခိုက်ခံရသော လူထုအတွက် ဂုဏ်သိက္ခာရှိစွာ ၎င်းတို့၏ ဘဝများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းရရှိနိုင်ခွင့် အခွင့်အရေးအား ထပ်လောင်း ပုံဖေါ်ထားသည်။

ရာပေါင်းများစွာရှိသည့် လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများ၊ နိုင်ငံတကာအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ငွေကြေးလှူဒါန်းသော အဖွဲ့အစည်းများသည် ရှုထောင့်စုံစံသတ်မှတ်ချက်များနှင့်အညီ လူသားချင်းဆိုင်ရာ အကာအကွယ်ပေးမှုများနှင့် အထော်အပံ့များပေးပါမည်ဟု ၎င်းတို့ကိုယ်တိုင် သံဓိဋ္ဌာန်ချထားကြသည်။ ထို့အပြင် အောက်ဖေါ်ပြပါ အလုပ်ကဏ္ဍများအတွက်လည်း စံသတ်မှတ်ချက်များ ပြဌာန်းပေးထားသည်။ ရေအထောက်အပံ့ပေးရေးလုပ်ငန်း၊ မိလ္လာစနစ်နှင့် တကိုယ်ရေ သန့်ရှင်းမှု မြင့်တင်ပေးရေးလုပ်ငန်း၊ အစားအသောက် ဖူလုံစွာရရှိရေးလုပ်ငန်း၊ အဟာရ ဓါတ်ဖြည့်တည်းပေးရေးနှင့် အစားအသောက်ထောက်ပံ့ပေးရေးလုပ်ငန်း၊ အမိုးအကာ နေရာထိုင်ခင်း ထောက်ပံ့ပေးရေး လုပ်ငန်း၊ နေရာချထားရေးလုပ်ငန်း၊ အစားအသောက်မဟုတ်သော ပစ္စည်းများ ထောက်ပံ့ပေးရေးလုပ်ငန်းနှင့် ကျန်းမာရေးလုပ်ငန်းတို့ဖြစ်သည်။

ရှုထောင့်စုံစံသတ်မှတ်ချက်များ၏ အခန်း (၁) တွင် လူသားချင်းဆိုင်ရာ အထောက်အပံ့များအား ဂုဏ်သိက္ခာရှိစွာ အသက်ရှင်နေထိုင်ခွင့် ဟူသော ပုံစံဖြင့် အထောက်အပံ့ပေးရန် လုံးဝလိုအပ်သည်ဟု သတ်မှတ်ထားသည်။ ထိုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စုံးစမ်းလေ့လာခြင်း၊ တုန့်ပြန်ဆောင်ရွက်ခြင်း၊ ပစ်မှတ်ထားခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဝန်ထမ်းများ အရည်အချင်း ရှိခြင်းနှင့် စီမံခန့်ခွဲမှုတို့ ပါဝင်သည်။ ထို့အပြင် လုပ်ငန်းကဏ္ဍအားလုံးဖြင့် ဆက်နွယ်မှုရှိသော ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်းမစွမ်းသူ များ၊ လိင်ကွဲပြားမှု၊ အကာအကွယ်ပေးမှု၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်နှင့် သဘာဝတ်ပတ်ဝန်းကျင် စသော မတူညီသော ကိစ္စရပ် ၇ ခု အား တစည်းတပေါင်းတည်း ထည့်သွင်းစဉ်းစားပြီးဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ ရှုထောင့်စုံစံသတ်မှတ်ချက်များတွင် မကူးဆက်နိုင်သော ရောဂါများအား ထိန်းချုပ်ခြင်း (Standard 2) မျိုးပွားကျန်းမာ ရေးဖြစ်သည်။ လူထုသည် ၎င်းတို့၏ မျိုးပွားကျန်းမာရေးလိုအပ်ချက်များအား ဆောင်ရွက်ပေးရန်အတွက် ပြင်ဆင်ထားသော Minimum Initial Service Package (MISP) အား ခံစားခွင့်ရှိသည်။ ဒုက္ခသည်များအတွင်း မျိုးပွားကျန်းမာရေးအတွက် အလုပ်အဖွဲ့များမှ ၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော MISP တွင် အခန်းကဏ္ဍပါရှိသည်။ MISP၏ ဒုတိယ အခန်းကဏ္ဍမှာ ကျန်းမာရေးအေဂျင်စီများသည် လိင်အခြေခံအကြမ်းဖက်မှု၏ အကျိုးဆက်များအား ကာကွယ်ဟန့်တားရန်နှင့် စီမံဆောင်ရွက်နိုင်ရန်အတွက် လူထုအခြေပြု အကာအကွယ်ပေးရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အထူးလက်တွဲ၍ အခြားဆက်စပ်သော လုပ်ငန်းများဖြင့်ပါ တွဲဖက်ကာ လိုအပ်သော အဆင့်များကို ဆောင်ရွက်လျှက်ရှိသည်။ (အလုပ်စာမျက်နှာ ၈၊ ၁ – အမျိုးသမီးများအခြေခံကျန်မာရေးဝန်ဆောင်မှုများအား အသုံးပြုနိုင်ရေး အား ကြည့်ပါ။)

မကူးစက်နိုင်သော ရောဂါ သတ်မှတ်ချက် ၂ (Standard ၂) ၏ စံသတ်မှတ်ချက် ထိန်းကြောင်းသူအတွက် လမ်းညွှန်မှတ်စုတွင်

**လိင်အခြေခံအကြမ်းဖက်မှု အား ကာကွယ်ဟန့်တားခြင်းနှင့် စီမံခန့်ခွဲခြင်းများတွင် လူထုအကြားနှင့် အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပူပေါင်းတာဝန်ခံမှုရှိရန်လိုအပ်သည် ဟု ဖေါ်ပြထားသည်။** ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုခံခဲ့ရသူများအတွက် ဆေးဝါးများ စီမံပေးရန်၊ သီးသန့် နှစ်သိမ့်မှုများလုပ်ဆောင်ပေးရန်၊ သင့်တော်သော ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် လွှဲပြောင်းပေးရန် စသည့်လုပ်ငန်းများ ပါဝင်သင့်သည်။ နေရာချထားသတ်မှတ်ခြင်း၊ မရှိမဖြစ် ပစ္စည်းများဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြားသော လုပ်ငန်းစဉ်များသည် လိင်အခြေခံအကြမ်းဖက်မှုအား လျော့ကျစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ရမည်။ ဒုက္ခရောက်နေသော လူထု အထူးသဖြင့် ကလေးနှင့် လူငယ်များအပေါ် အကူအညီပေးရေး ဝန်ထမ်းများ၊ စစ်သား များနှင့် အခြားအာဏာရှိသောသူများမှ လိင်အမြတ်ထုတ်ခြင်းအား ထိထိရောက်ရောက်ဟန့်တား၍ စီမံဆောင်ရွက်ရမည်။ မည်သို့သော ချိုးဖောက်မှုများကို မဆိုဟန့်တားနိုင်ရန်အတွက် လိုက်နာရမည့်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းချက်များ တည်ဆောက်ရမည်။ (အကူအညီပေးရေး လုပ်သားများ၏ အရည်အချင်းနှင့် သတ်မှတ်ထားသောတာဝန်များ အပိုင်းကို ကြည့်ပါ။)

## အဓိက လုပ်ငန်းများ

၁၊ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် Sphere Chapter ၁၊ မကူးစက်နိုင်သော ရောဂါများ သတ်မှတ်ချက် ၂ တို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဖြန့်ဝေသင့်သည်။
(အလုပ်စာမျက်နှာ ၁၊ ၁ – လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း နှင့် အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအားကြည့်ပါ။)

- အထက်တွင်ဖေါ်ပြထားသော သတင်းအချက်အလက်များအား ဆက်သွယ်အသိပေးနိုင်ရန်အတွက် လူထုအတွင်း စာတတ် မြောက်မှုအခြေအနေ၊ သက်ဆိုင်ရာ ဘာသာစကားအလိုက် ထိခိုက်ခံရသော လူထုဖြင့် ဆွေးနွေး၍ သတင်းအကျဉ်းချုပ်များ ပြုလုပ်ပါ။
- ထိုသတင်းအချက်အလက် အကျဉ်းချုပ်များအား လုပ်ငန်းခွင်အတွင်း လုပ်ငန်းတူ ဆောင်ရွက်သူများအားလုံးသို့ ဖြန့်ဝေပေးခြင်းနှင့် ပိုမိုကျယ်ပြန့်သော လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အဝန်းအဝိုင်းအတွင်းသို့ ပုံနှိပ်စာရွက်ဖြင့်သော်လည်းကောင်း၊ စီဒီဖြင့်သော်လည်းကောင်း၊ အင်တာနက်မှသော်လည်းကောင်း စသဖြင့် ပေးပို့ပါ။
- လုပ်ငန်းတူဆောင်ရွက်သူများအားလုံး (လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများ၊ ငြိမ်းချမ်းရေး ထိန်းသိမ်း သူများ၊ အစိုးရအရာရှိများ၊ လူထုများ စသဖြင့်) အား ထိုသတင်းအချက်အလက်ဖြင့် ပတ်သက်၍ မိတ်ဆက်ပေးသော အစီအစဉ်တခုပြုလုပ်ပါ။
- လူအများသိနိုင်ရန်အတွက် သက်ဆိုင်ရာသတင်းအချက်အလက်များကို ထုတ်ပြန်ပါ။

၂၊ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုများအပါအဝင် လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ရှုထောင့်စုံစံ သတ်မှတ်ချက်များအား လိုက်နာမှု ရှိစေရန် စောင့်ကြည့်ကြပ်မတ်သင့်သည်။ (အလုပ်စာမျက်နှာ ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြတ်မတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း နှင့် အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအားကြည့်ပါ။)

- လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုအား ဖြေရှင်းပေးသော လူသားအရင်းအမြစ် မူဝါဒများအား အကောင်အထည် ဖေါ် ဆောင်ရွက်ခဲ့ပြီးသည်ကိုပြသသော စာရင်းတခု အဖွဲ့အစည်း များအားလုံးတွင် ရှိရမည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား တုန့်ပြန်ဆောင်ရွက်ရန်အတွက် လက်ရှိတာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးထားသည်ကို ပြသသော စာရင်းတခု ကျန်းမာရေးလုပ်ငန်များဆောင်ရွက်နေသော အဖွဲ့အစည်းများ အားလုံးတွင် ရှိရမည်။
- လိင်အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ပေးနေသော အဖွဲ့အစည်း များတွင်လည်း စာရင်းတခုရှိရမည်။

**Key Reference Materials**

1. *Humanitarian Charter and Minimum Standards in Disaster Response.* The Sphere Project, Geneva 2004. www.sphereproject.org

2. *Inter-agency Field Manual. Reproductive health in refugee situations.* UNHCR/WHO/UNFPA. Geneva, 1999. Chapter 2. http://www.rhrc.org/resources/general%5Ffieldtools/iafm_menu.htm

3. MISP Fact Sheet. RHRC Consortium, 2003. http://www.rhrc.org/pdf/fs_misp.pdf and checklist

# ၂၊ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း

## ကဏ္ဍစုံလုပ်ငန်းများ

## အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၂ ၊ ၁ လျင်မြန်သော အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံဆောင်ရွက်ခြင်း

၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း

## အလုပ်စာမျက်နှာ
## ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက် တခုအားတာဝန်ခံဆောင်ရွက်ခြင်း
## လုပ်ငန်း။ ။ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း
## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

လိင်အကြမ်းဖက်မှုအား ဖြေရှင်းရာတွင် အဓိက စိန်ခေါ်ချက်တခုမှာ ပြဿနာ၏ သဘာဝနှင့်ပမာဏကို သိရှိနိုင်သော အချက်အလက်မရှိခြင်း ဖြစ်သည်။ လိင်အကြမ်းဖက်မှုအကြောင်းသည် အရင်းအမြစ်များ များစွာရှိနေသော အခြေအနေနှင့် တည်ငြိမ်သော အခြေအနေများ အောက်တွင်ပင် ထိရောက်သော တင်ပြမှုများ မရှိပေ။ အရေးပေါ်အခြေအနေများတွင် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော ယုံကြည်စိတ်ချ ရလောက်သော အချက်အလက်များ မည်သို့မျှ မရနိုင်ပေ။ စစ်ပွဲကာလ အဓမ္မပြုကျင့်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု ပမာဏနှင့် လက်နက်ကိုင်ပဋိပက္ခ၏ သတ်ရောက်မှုများအား တခါတရံတွင် ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများက နိုင်ငံရေး အမြတ်ထုတ်ရန်အတွက် အသုံးပြုကြသည်။ အချို့ဖြစ်ရပ်များတွင် ယုံကြည်စိတ်ချရသော အချက်အလက်များအား လူ့အခွင့်အရေး အဖွဲ့များထံမှ ရရှိသည်။ သို့သော် အခြေအနေအများစုတွင် လိင်အကြမ်းဖက်မှုအား တုန့်ပြန်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဟန့်တားခြင်း များ လုပ်ဆောင်ရန်အတွက် သတင်းအရင်းအမြစ်များစွာထံမှ အမည်ဖေါ်ပြမထားသော အချက်အလက်များကိုသာ အခြေခံ၍ ဆောင်ရွက်ရသည်။

လူထုမှခံစားရသော လိင်အကြမ်းဖက်မှု၏ ပမာဏ၊ ပုံစံများနှင့် ပတ်သက်၍ အချက်အလက်ကောက်ယူရန်အတွက် အခြေအနေဆိုင်ရာ လေ့လာအကဲဖြတ်ချက်တခုသည်သာ အခွင့်အလမ်းဖြစ်သည်။ ယင်းသုံးသပ်ချက်သည် ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ၊ တရားဥပဒေကြောင်းဆိုင်ရာနှင့် လူထုအကြား အဓိကဆောင်ရွက်နေသူများ၏ မူဝါဒများ၊ သဘောထားများနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို သိရှိနိုင်သည်။ အခြေအနေဆိုင်ရာ လေ့လာအကဲဖြတ်ချက်အား ကြားခံတခုအဖြစ်မြင်တွေ့နိုင်သည်။ ၎င်းသုံးသပ်ချက်မှတဆင့် လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သော လူထုဆွေးနွေးပွဲများ လုပ်ဆောင်ပေးနိုင်ခြင်း၊ လူထုအကြားပိုမိုသိရှိလာစေရန် လုပ်ဆောင်ပေးနိုင်ခြင်းနှင့် အဓိကဆောင်ရွက်သူများ၊ လူထုအကြား ပွင့်လင်းသော ဆွေးနွေးပွဲများဆောင်ရွက်ပေးနိုင်သည်။

လူထုရွှေ့ပြောင်းနေရသော အခြေအနေ၊ မလုံခြုံသော အခြေအနေဖြစ်သော အရေးပေါ်အခြေအနေတခု၏ အစောပိုင်းကာလများ အတွင်းတွင် ပင်လျှင် လိင်အကြမ်းဖက်မှု၏ သဘာဝ၊ ပမာဏနှင့် ပတ်သက်သော သတင်းအချက်များကို စုစည်းနိုင်သည်။ ထို့အပြင် လက်ရှိတည်ရှိနေသော ဝန်ဆောင်မှုများအား မှတ်တမ်းထားရှိသင့်ပြီး လိင်အကြမ်းဖက်မှုအား တုန့်ပြန်ဆောင်ရွက်ရန်နှင့် ကာကွယ်ဟန့်တားရာတွင် ဝန်ဆောင်မှုလုပ်ငန်းများအကြား ကွာဟမှုများကိုလည်း မှတ်သားထားသင့်သည်။

အရေးပေါ်အခြေအနေကာလတခုအတွင်းတွင် လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့များနှင့် အစိုးရအာဏာပိုင်များက လေ့လာစုံစမ်းမှုများစွာကို ဆောင်ရွက်ကြသည်။ ယင်းလေ့လာစုံစမ်းမှုများတွင် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကဏ္ဍများ၏ အကျိုးစီးပွားကို ရွေးမရှုပဲ လိင်အကြမ်းဖက်မှု သတင်းအချက်အလက်များပါဝင်သင့်ပြီး၊ ထိုအချက်အလက်များအား လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များအကြား ဖြန့်ဝေသင့်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ပုံစံတူလေ့လာစုံစမ်းမှုများ မလုပ်ဆောင်မိ စေခြင်းနှင့် လူထုအကြား ထပ်ခါတလည်းလည်း မေးမြန်းခြင်းများကို ရှောင်ရှားနိုင်သည်။

ပတ်ဝန်းကျင်အတွင်း ပြောင်းလဲမှုများကို သိရှိနိုင်ရန်နှင့် လုပ်ငန်းများကို အလျဉ်းသင့်သလို ထိန်းညှိနိုင်ရန်အတွက် အလားတူနည်းလမ်း များကို အသုံးပြု၍ ရေရှည်တွင် လေ့လာစုံစမ်းမှုများကို ရံဖန်ရံခါဆိုသလို ပြုလုပ်သင့်သည်။

## အဓိကလုပ်ငန်းများ

၁၊ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များသည် လိင်အကြမ်းဖက်မှုနှင့်သက်ဆိုင်သော အခြေအနေသုံးသပ်ချက်တခု ဆောင်ရွက်ခြင်း ရှိမရှိကို စစ်ဆေးရမည်။

- တူညီသော အခြေအနေတခုတည်းအောက်တွင် ဆောင်ရွက်နေကြသော အဖွဲ့အစည်းအားလုံးမှ ဆောင်ရွက်သော လေ့လာ စုံစမ်းမှုများတွင် လိင်အကြမ်းဖက်မှုနှင့်သက်ဆိုင်သော အကြောင်းအရာများပါဝင်လာစေရေးအတွက် တွန်းအားပေးရန်
- ကောက်ယူထားသော လေ့လာစုံစမ်းမှုများသည် လိင်အကြမ်းဖက်မှုတခုတည်းကိုသာ ဦးတည်ဆောင်ရွက်ထားခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုရရှိထားသော အချက်အလက်များမှ တွေ့ရှိရသော လိုအပ်ချက်များအနက် သက်ဆိုင်ရာ အချက် များကို ဆွဲထုတ်ရန်

၂၊ လက်ရှိတည်ဆောက်ထားပြီးနှင့် လက်တွေ့စမ်းသပ်ကျင့်သုံးနေသော နည်းလမ်းများအား လမ်းညွှန်တခုအဖြစ် အသုံးပြုကာ လိင်အကြမ်းဖက်မှု၏ သဘာဝ၊ ပမာဏ နှင့်ဆက်နွယ်သော သတင်းအချက်အလက်များ၊ မူဝါဒများ၊ သဘောထားနှင့် ပါဝင်လုပ်ဆောင်သူ များစွာ၏ လုပ်ကိုင်ဆောင်ရွက်ပုံများ၊ လက်ရှိဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ၎င်းတို့အကြားကွာဟချက်များ စသည့်အချက်အလက်များကို ကောက်ယူပါ။ ထိုသတင်းအချက်အလက်တွင် အောက်ပါအချက်များပါဝင်သင့်သည်။

- အသက်ကွာဟမှုနှင့် လိင်ကွဲပြားမှုအချက်အလက်များအပါအဝင် မြေပြင်သတင်းအချက်အလက်များ
- လူထုပြောင်းရွှေ့မှုအား ပုံဖော်ပြခြင်း (လိင်အကြမ်းဖက်မှု၏ အန္တရာယ်ရှိမှုအား နားလည်စေရန်)
- လက်ရှိအခြေအနေများ၊ ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုအမျိုးအစားများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား ပုံဖော်ပြခြင်း
- လိင်အကြမ်းဖက်မှုအား ခြုံငုံဖော်ပြခြင်း (အန္တရာယ်အလွန်ရှိနေသော လူထု၊ လိင်အကြမ်းဖက်မှု ဖြစ်ပွားမှုများနှင့် ပတ်သက် သော ရရှိနိုင်သော သတင်းအချက်အလက်များ)
- နိုင်ငံတော်လုံခြုံရေးနှင့် ဥပဒေပိုင်းဆိုင်ရာ အာဏာပိုင်များ (ဥပဒေများ၊ ဥပဒေကြောင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ရဲလုပ်ထုံးလုပ်နည်းများ၊ တရားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အများပြည်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)
- မိရိုးဖလာတရားစီရင်မှု သို့မဟုတ် ဓလေ့ထုံတမ်းဥပဒေများအတွက် လူထုအကြား ဆောင်ရွက်မှုပုံစံစနစ်များ
- လက်ရှိတည်ရှိနေသော ဌာနများဆိုင်ရာ ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ (တာဝန်ခံ ဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးရေးနည်းလမ်းများ၊ စိတ်လူမှုရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ လုံခြုံရေး၊ ရဲ၊ အကာအကွယ်ပေးခြင်း၊ တရားဥပဒေဆိုင်ရာစနစ်)

၃၊ လုံခြုံရေး၊ လျှို့ဝှက်မှု၊ အသိအမှတ်ပြုလေးစားမှုနှင့် ခွဲခြားဆက်ဆံခြင်းများမရှိစေရေးအတွက် လမ်းညွှန်းချက် စည်းမျဉ်းစည်းကမ်းများနှင့် အညီ သတင်းအချက်များကို စုဆောင်းပါ။ (၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံ ဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်းကို ကြည့်ပါ။) လူထုအတွင်းနှင့် ဝန်ဆောင်မှုပေးသူများအကြား ယင်းကိစ္စရပ်၏ အလွဲအမှား မခံသော သဘာဝကို စိတ်တွင် စွဲမြဲစွာ မှတ်ထားပါ။ ( အခန်း ၁)

- သတင်းအချက်အလက်ကောက်ယူခြင်းနည်းလမ်းများတွင် လူထုပါဝင်သင့်ပြီး၊ ပမာဏတွေ့ဆုံမေးမြန်းခြင်းများ၊ကွင်းဆင်းလေ့လာ မှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုများပါဝင်နိုင်သည်။
- အသုံးပြုနိုင်သော တဆင့်ခံသတင်းအရင်းအမြစ်များတွင် လက်ရှိတည်ရှိနေသော လိုအပ်ချက် လေ့လာမှုများ၊ အစီရင်ခံစာများ နှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ လက်ဝယ်ရှိနေသော အချက်အလက်များပါဝင်သည်။
- မထိတွေ့ဖူးသော လူထုအသိုင်းအဝန်းများနှင့် လူတဦးချင်းစီမှ ယုံကြည်မှုထက် အရေးကြီးသော ခေါင်းစဥ်များဆွေးနွေးရာတွင် ယဥ်ကျေးမှုအရ အမှားမဖြစ်စေမှုနှင့် အရေးကြီးသော ခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် အထူးသတိပြုရမည်၊
- သတင်းအရင်းအမြစ်များအားလုံး၏ လုံခြုံမှုနှင့် အမည်လျှို့ဝှက်မှုကို ထိန်းသိမ်းပါ။
- လိင်တူတွေ့ဆုံမေးမြန်းသူနှင့် ဘာသာပြန်သူကိုသာ အသုံးပြုပါ။
- အကောင်းမွန်ဆုံးသော သတင်းအချက်အလက်ကောက်ယူခြင်းမှာ စည်းကမ်းတကျလေ့ကျင့်ပေးထားသော အဖွဲ့များမှ ဆောင်ရွက်သင့်ခြင်း ဖြစ်သည်။

၄။ အစီရင်ခံစာတွင် ပါရှိသော အခြေအနေဆိုင်ရာ အကဲဖြတ် တွေ့ရှိချက်များကို မှတ်တမ်းတင်၍ လူထုနှင့် အလှူရှင်များအပါအဝင် ပါဝင်သူများအားလုံးထံသို့ ဖြန့်ဝေပါ။

၅။ အခြေအနေဆိုင်ရာအကဲဖြတ်ချက်အား အရင်းအမြစ်တခုအဖြစ်နှင့် လမ်းညွှန်တခုအဖြစ် အသုံးပြု၍ လိင်အကြမ်းဖက်မှု ကာကွယ် ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ စီမံရေးဆွဲပါ။ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း၊ အလုပ်စာမျက်နှာ ၁ ၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်းအားကြည့်ပါ။)

**Key Reference Materials**

1. *Gender-Based Violence Tools Manual for Assessment & Program Design, Monitoring & Evaluation.* RHRC Consortium, 2004. Situation Analysis Guidelines, pages 19-50.
http://www.rhrc.org/resources/gbv/index.html

2. *Humanitarian Charter and Minimum Standards in Disaster Response,* 2004. Initial Assessment, pages 29- 33. The Sphere project.
http://www.sphereproject.org/handbook/index.htm

3. *Sexual and Gender-Based Violence Against Refugees, Returnees and Internally Displaced Persons. Guidelines for Prevention and Response.* UNHCR, May 2003.
http://www.rhrc.org/pdf/gl_sgbv03.pdf

4. *According to Need? Needs Assessment and Decision- Making in the Humanitarian Sector.* Humanitarian Policy Group (HPG), 2003.
http://www.odi.org.uk/hpg/papers/hpgreport15.pdf

5. *Reproductive Health During Conflict and Displacement.A guide for programme managers.* WHO, 2000. http://www.who.int/reproductivehealth/publications

6. *Addressing the Needs of Women Affected by Armed Conflict.* An ICRC Guidance Document. ICRC, 2004.
http://www.icrc.org/Web/Eng/siteeng0.nsf/iwpLisa safet74/888F718CF7575CB4C1256 E4B004D0576

# အလုပ်စာမျက်နှာ
# ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း
# လုပ်ငန်း။ ။ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း
# အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းသည် မတူကွဲပြားသည်။ သို့သော် လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများ၏ ထိရောက်မှုအား ပြန်လည်သုံးသပ်ရန်၊ အကဲဖြတ်ရန်အတွက်မူ ဆက်နွှယ်မှုရှိနေသော လုပ်ငန်းများဖြစ်သည်။ စောင့်ကြည့်ကြပ်မတ်ခြင်းလုပ်ငန်းက ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများသည် အစီအစဉ်အတိုင်း တိုးတက်ဖွံ့ဖြိုးခြင်းရှိမရှိ သိရှိနိုင်ရန်အတွက် ပုံမှန်ပြုလုပ်ရသော ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းဖြစ်သည်။ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်း ဆိုသည်မှာ လုပ်ငန်းကဏ္ဍစုံများ၏ ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း မဟာဗျူဟာများ၏ ဆက်နွှယ်မှုများ၊ ထိရောက်မှု များနှင့် အရည်အချင်းပြည့်မှီမှုများကို လေ့လာအကဲဖြတ်သော လုပ်ငန်းဖြစ်သည်။ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်း (M&E) က အောက်ဖော်ပြပါ မေးခွန်းများကို ဖေါ်ဆိုရာတွင် အထောက်အကူဖြစ်စေသည်။

ကျွန်ုပ်တို့လုပ်မည်ဟု ပြောထားသောလုပ်ငန်းများကို ကျွန်ုပ်တို့ လုပ်ဆောင်မည်လား။ ကျွန်ုပ်တို့ အောင်မြင်မည်ဟု ပြောဆိုထားသော အရာများ အောင်မြင်မည်လား။ ကျွန်ုပ်တို့၏ ကြားဝင်ဆောင်ရွက်မှုသည် သင့်တော်ကောင်းမွန်ပါသလား။ မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်နည်း။ မမျှော်မှန်ထားသော နောက်ဆက်တွဲများသည် မည်သည့်အရာများနည်း။ ကျွန်ုပ်တို့၏ လုပ်ငန်းပရိုဂရမ်များသည် ရည်မှန်းထားသော အပြောင်းအလဲများအတွက် အံဝင်ဂွင်ကျမှုရှိပါသလား။

M&E သည် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များမှ ပြုလုပ်ထားသော လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရမည်။ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်းငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်းအား ကြည့်ပါ။) အရေးပေါ်အခြေအနေတခု၏ ကနဦးအဆင့်များတွင် အနည်းဆုံးအနေဖြင့် လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းလမ်းညွှန်များတွင် အသေးစိတ် ဖေါ်ပြထားသော အနည်းဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းအကောင်အထည်ဖေါ်မှုများ အပေါ် စောင့်ကြည့် ကြပ်မတ်ခြင်းကို ထည့်သွင်းရမည်။ ယင်းလုပ်ငန်းတွင် ပုံမှန်စောင့်ကြည့်ကြပ်မတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းများလုပ်ကိုင်နိုင်ရန်အတွက် တိုင်းတာချက်များနှင့် စနစ်များ တည်ဆောက်ရန် ပါဝင်သည်။

လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များသည် M&E လုပ်ငန်းများတွင် တက်ကြွကွစွာ ပါဝင်ရမည်ဖြစ်ပြီး၊ စောင့်ကြည့်ကြပ်မတ်ခြင်း လုပ်ငန်းများမှ ရရှိလာသော သတင်းအချက်အလက်များအား စုစည်း၊ လေ့လာကာ ကာကွယ်ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမိုအားကောင်းစေရေးအတွက် အသုံးပြုခြင်းရှိစေရန် ဆောင်ရွက်ရမည်။ လိင်အခြေခံအကြမ်းဖက်မှုတာဝန်ခံအေဂျင်စီများသည် လိင်အကြမ်းဖက်မှုဖြစ်ရပ်များနှင့် ပတ်သက်၍ ပုံမှန်သတင်းစုစည်းခြင်းနှင့် အစီရင်ခံခြင်းများ ပြုလုပ်ရန် တာဝန်ရှိသည်။ ထို့နောက် ထိုအစီရင်ခံစာအား လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်းများ ပြုလုပ်ပြီး၊ ဒေသခံလူထုနှင့် ဒေသခံအာဏာပိုင်များအပါအဝင် အဓိကလုပ်ဆောင်သူများအကြား ယင်းအစီရင်ခံစားအား ဖြန့်ဝေရမည်။ လုံခြုံမှုအား ထိန်းသိမ်းသော အားဖြင့် မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သော အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ၊ မိသားစုများ သို့မဟုတ် ကျူးလွန်သူများ ၏ သတင်းအချက်အလက်များကို လူသိရှင်ကြားထုတ်ပြန်သော အစီရင်ခံစာများတွင် ဖယ်ထုတ်ရမည်။

လိင်အကြမ်းဖက်မှုကြားဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ထားသော သတ်ရောက်မှုမှာ လိင်အကြမ်းဖက်မှု ဖြစ်ရပ်များ လျော့ကျစေရေး ဖြစ်သည်။ ယင်းအချက်သည် ရေရှည်မျှော်မှန်းချက်တခုဖြစ်ပြီး (လုပ်ငန်းစဉ်များအပြီး နောင်နှစ်ပေါင်းများစွာအကြာမှ လေ့လာကောင်း လေ့လာနိုင်သည်။) အကယ်၍ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းအား လုပ်ငန်းပရိုဂရမ်၏ အစောပိုင်းအဆင့်များ တွင် လုပ်ကိုင်ခဲ့ပါက ယင်းအချက်ကို တိုင်းတာနိုင်သည်။ အစပိုင်းအခြေအနေမှစ၍ စောင့်ကြည့်ကြပ်မတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များသည်

| နမူနာတိုင်းတာချက်များ | |
|---|---|
| လုပ်ငန်းကဏ္ဍ | နမူနာတိုင်းတာချက် |
| တာဝန်ခံဆောင်ရွက်ခြင်း | ဆောင်ရွက်သူအားလုံးမှ သဘောတူထားပြီး စာဖြင့်ရေးသားထားသော လုပ်ငန်းစုံ လုပ်ထုံးလုပ်နည်းများ၊ လုပ်ဟန်များ နှင့် အစီရင်ခံပုံစံများ |
| | ပုံမှန် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများတွင် အဓိကဆောင်ရွက်သူ များ၏ ပူးပေါင်းပါဝင်မှု အတိုင်းအတာ |
| စုံစမ်းလေ့လာခြင်း နှင့် စောင့်ကြည့်ကြပ်မတ်ခြင်း | လစဉ်ကောက်ယူသော လိင်အကြမ်းဖက်မှု ဖြစ်ရပ် အစီရင်ခံစာ (အမည်ဖော်ပြခြင်း မရှိသော အချက်အလက်များ) အား သုံးသပ်အကဲခတ်ခြင်း၊ လုပ်ငန်းတူများအကြား ဖြန့်ဝေခြင်း |
| အကာအကွယ်ပေးခြင်း | အမှုအခင်းဖြစ်ပွားသောနေရာတွင် ရှိသောလုံခြုံရေးစနစ်များနှင့် ထိရောက်မှုအား စောင့်ကြည့်ကြပ်မတ်ခြင်း |
| | အသက်ရှင်ကျန်ရစ်သူ၊ ကျူးလွန်ခံရသူများ (သို့မဟုတ် ကလေးငယ်တဦးဖြစ်ပါက မိဘများမှ ကိုယ်စားပြုခြင်း) သည် ဥပဒေကြောင်းအရ ဖြေရှင်းလိုသဖြင့် တင်ပြထားသောလိင်အကြမ်းဖက်မှု ဖြစ်ရပ်များ၏ ပမာဏ |
| လူသားအရင်းအမြစ်များ | လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအား SEA အမှုအခင်းကြောင့် အလုပ်ဖြုတ်ပစ်ရခြင်း သို့မဟုတ် တရားစွဲဆိုရခြင်းနှင့် ပတ်သက်သော တင်ပြထားမှု ပမာဏ |
| | ကျင့်ဝတ်ဂုဏ်သိက္ခာများ ထုတ်ပြန်မှု ပမဏ |
| ရေ နှင့် မိလ္လာစနစ် | ကျား၊ မ တဦးချင်းစီအတွက် သီးသန့်တည်ဆောက်ပေးထားသော လုံလောက်သော ရေအိမ်အရေအတွက်နှင့် သော့များ ထားရှိပေးမှု။ (ကဏ္ဍစုံ စံသတ်မှတ်ချက်များ) |
| အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အာဟာရ | အမျိုးသမီးထုထံသို့ ဖြန့်ဝေပေးသော ရိက္ခာ ပမာဏ |
| | ရိက္ခာဖြန့်ဝေရေးကော်မတီများတွင် အမျိုးသမီးဦးရေပါဝင်မှု ပမာဏ |
| အိုးအိမ်၊ နေရာချထားခြင်း နှင့် အစားအစာ မဟုတ်သော ပစ္စည်းများ | ကျူးလွန်ခံရသူများ သို့မဟုတ် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော အိုးအိမ်နေရာထောက်ပံ့ပေးရန်အတွက် လူထုအခြေပြုရေးဆွဲထားသော စီမံချက်၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ထိရောက်စွာ အသုံးပြုမှု |
| | အမျိုးသမီးနှင့် မိန်းမငယ်များထံသို့ တကိုယ်ရေသုံးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးမှု |
| ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုလုပ်ငန်း | ဆေးပညာဆိုင်ရာ ကျင့်ဝတ်နှင့်အညီ အချိန်တပြေးညီနှင့် သင့်လျော်သော ဆေးဝါး စောင့်ရှောက်မှုများအား လိင်အကြမ်းဖက်မှုခံရသော ကျူးလွန်ခံရသူများ၊ အသက်ရှင် ကျန်ရစ်သူများ ရရှိမှု |
| | လိင်အကြမ်းဖက်မှု ဆေးပညာဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အထောက်အပံ့လုပ်ငန်းများတွင် ပါဝင် လုပ်ဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်ပေးထားမှု ပမာဏ |
| | လိင်အကြမ်းဖက်မှု စိတ်ပိုင်းဆိုင်ရာ အားဖြည့်မှု လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေသော လူထု အခြေပြု လုပ်သားများအား လေ့ကျင့်ပေးထားမှု ပမာဏ |
| ပညာရေး | ကျင့်ဝတ်သိက္ခာအား လတ်မှတ်ထိုးသော ကျောင်းဆရာ ဦးရေ ပမာဏ |
| တရားဝင်ပညာရေးနှင့် ဆက်သွယ်ရေး (IEC) | လူထုအတွင်း ဒေသခံဘာသာစကားများဖြင့် ရေးသားထားသော အကိုးအကား စာရွက် စာတမ်းများ အရေအတွက် |
| | IEC စာရွက်စာတမ်းများအား နှုတ်အားဖြင့်သော်လည်းကောင်း သို့မဟုတ် ရုပ်ပုံများဖြင့် သော်လည်းကောင်း (စာမတတ်သူများလေ့လာနိုင်စေရန်) အသုံးပြုမှု ပမာဏ |

နောင်ကာလများ၌ လုပ်ငန်းစဉ်၏ ထိရောက်မှုအပြင် နောက်ဆုံးအဆင့် သတ်ရောက်မှုများအား ပြန်လည် တိုင်းတာရာတွင် အခြေခံ အချက်အလက်များအဖြစ် အသုံးပြုနိုင်သည်။

## အဓိကလုပ်ငန်းများ

၁၊ လိင်အခြေခံအကြမ်းဖက်မှု လမ်းညွှန်ချက် အလုပ်စာမျက်နှာတွင် အသေးစိတ်ဖေါ်ပြထားသော လုပ်ငန်းနယ်ပယ် ၁၀ ခုတွင် လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း အနိမ့်ဆုံးအဆင့် လုပ်ဆောင်နိုင်ရန်အတွက် ချမှတ်ထားသော အဓိကလုပ်ငန်းများ အကောင်အထည်ဖေါ်မှုကို စောင့်ကြည့်ကြပ်မတ်ပါ။ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် အကောင်အထည်ဖေါ်မှု၏ တိုးတက်မှုများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများအတွက် နည်းလမ်းများနှင့် ကြိမ်နှုန်းများ အပေါ် သဘောတူရမည်။

- အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်နေသော အရေးပေါ်အခြေအနေတခု၏ အစောပိုင်းအခြေအနေများတွင် အလျင်အမြန်အကောင်အထည်ဖေါ်ခြင်း ရှိမရှိနှင့် အခက်အခဲ ကြန့်ကြာမှုများအား ဖြေရှင်း နိုင်ခြင်း ရှိမရှိအား သိရှိနိုင်ရန်အတွက် လုပ်ငန်းတိုးတက်မှုများအား အပတ်စဉ် သို့မဟုတ် ထိုထက်မကသော အချိန်ပိုင်းအတွင်း စောင့်ကြည့်ကြပ်မတ်ရမည်။
- အနည်းဆုံးအဆင့် လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖေါ်နေသော အချိန်တွင် တိုးတက်မှုများအား လစဉ် စောင့်ကြည့်ကြပ်မတ်နိုင်သည်။ အဓိကလုပ်ငန်းများ အကောင်အထည် မဖေါ်ခင်အချိန်အထိ အခက်အခဲများ သို့မဟုတ် ကြန့်ကြာမှုဖြေရှင်းခြင်းများကိုလည်း စောင့်ကြည့်ကြပ်မတ်ရမည်။
- အသုံးပြုနိုင်သော နမူနာအစီရင်ခံစာတခုအား နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ။

၂၊ လုပ်ငန်းနယ်ပယ် ၁၀ ခု၏ လုပ်ငန်းတခုချင်းစီအတွက် စောင့်ကြည့်ကြပ်မတ်ခြင်းလုပ်ဆောင်နိုင်ရန်အတွက် တိုင်းတာချက်များ တည်ဆောက်ခြင်း

- ပုံမှန် စောင့်ကြည့်ကြပ်မတ်ခြင်းများအတွက် တိုင်းတာချက်များနှင့် စနစ်များအား အဓိကလုပ်ငန်းများတွင်လည်း ထားရှိရမည်။ ဆိုလိုသည်မှာ လိင်အခြေခံအကြမ်းဖက်မှု လမ်းညွှန်ချက်များပါ အဓိကလုပ်ငန်းများအတွင်းသို့ စောင့်ကြည့်ကြပ်မတ်ခြင်း လုပ်ငန်း အား ထားရှိရမည်ကို ဆိုလိုသည်။
- လုပ်ငန်းတခုချင်းစီအတွက် အနည်းဆုံး တိုင်းတာချက်တခုရှိရမည်။
- အောက်ဖေါ်ပြပါ နမူနာပုံစံများ သို့မဟုတ် အဓိကကိုးကားချက်များတွင် ပါရှိသော နမူနာပုံစံများမှ (အောက်တွင် ဖေါ်ပြထား သည်။) တိုင်းတာချက်များကို ထုတ်နှုတ်နိုင်သည်။

၃၊ တင်ပြလာသော လိင်အကြမ်းဖက်မှုဖြစ်ရပ်များအား စုစည်း၍ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း) အစီရင်ခံစာတခုအဖြစ် ပြင်ဆင်ပါ။ အသက်ရှင် ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ သို့မဟုတ် ကျူးလွန်သူများ၏ ကိုယ်ရေးအချက်အလက်များ မပေါက်ကြားစေရန် ထိန်းသိမ်းရမည်။

- အစီရင်ခံစာများအား ပုံမှန် တသတ်မတ်တည်း စုစည်းပါ။
- လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့အစည်းအဝေးများတွင် အမှုအခင်းသတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပါ။ လေ့လာအကဲဖြတ်ပါ။ ထိုအချက်အလက်များကို ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမို အားကောင်း စေရေးအတွက် အသုံးပြုပါ။ သတင်းအချက်အလက်များကို မကြာခဏ ယှဉ်ထိုးလေ့လာပါ။ လားရာများ၊ ပြဿနာများ၊ ကိစ္စရပ်များ၊ အောင်မြင်မှုများ စသည့်အရာများကို သတ်မှတ်ပါ။
- အစီရင်ခံစာအား အဓိကလုပ်ကိုင်ဆောင်ရွက်နေသူများ၊ လူထုနှင့် ဒေသခံအာဏာပိုင်များထံသို့ ဖြန့်ဝေပါ။
- ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် မဟာဗျူဟာများ၊ သတင်းအချက်အလက်များကို ဆွေးနွေးရန် လူထုအစည်းအဝေးပွဲများ ခေါ်ယူပါ။ အမျိုးသမီးများနှင့် မိန်းမငယ်များ၏ တက်ကြွကွသော ပူးပေါင်းပါဝင်မှု ရှိပါစေ။

**Key Reference Materials**

1. *Gender-based Violence Tools Manual For Assessment & Program Design, Monitoring & Evaluation in Conflictaffected Settings.* RHRC Consortium, 2003. http://www.rhrc.org/resources/gbv/ Sample indicators on pages 177-178.

2. *Sexual and Gender-Based Violence against Refugees, Returnees and Internally Displaced Persons: Guidelines for Prevention and Response.* UNHCR, 2003. http://www.rhrc.org/pdf/gl_sgbv03.pdf Sample monitoring tools in Chapter 7.

3. *Inter-agency field manual. Reproductive health in refugee situations.* UNHCR/WHO/UNFPA, 1999. http://www.unfpa.org/emergencies/manual/Sample indicators in Chapters 2, 4, and 9.

# ၃၊ အကာအကွယ်ပေးခြင်း

## ကဏ္ဍစုံလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

## အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၃ ၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာစုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေးဗျူဟာများ ချမှတ်ခြင်း

၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်း

၃ ၊ ၃ နိုင်ငံတကာသဘောတူစာချုပ်များကို အကောင်အထည်ဖော်ရန်နှင့် လေးစားလိုက်ရန်အတွက် စည်းရုံး လှုံ့ဆော်ခြင်း

## အလုပ်စာမျက်နှာ

## ၃ ၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာစုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေးဗျူဟာများ ချမှတ်ခြင်း

## လုပ်ငန်း။ ။ အကာအကွယ်ပေးခြင်း

## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

အကာအကွယ်ပေးခြင်းဆိုသည်မှာ ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသော သဘောတရားတခုဖြစ်သည်။ လူ့အခွင့်အရေး၊ ဒုက္ခသည်နှင့် လူသားချင်းဆိုင်ရာ ဥပဒေများတွင် ရေးထိုးထားသော စာသား သို့မဟုတ် ယုံကြည်ချက်များနှင့်အညီ တဦးချင်း၏ အခွင့်အရေးများကို အပြည့်အဝ အသိအမှတ်ပြု လေးစားလိုက်နာရန်အတွက် ရည်မှန်းလုပ်ဆောင်သော လုပ်ငန်းအားလုံးကို ဆိုလိုသည်။ အကာအကွယ် ပေးခြင်း ဆိုသည်မှာ လူတဦးချင်း သို့မဟုတ် လူအစုအဖွဲ့များသည် ၎င်းတို့၏ လူ့အခွင့်အရေးနှင့် အခြေခံရပိုင်ခွင့်များအား ဆိုးဝါးစွာ ထိခိုက်ခံနေရသော အန္တရာယ်ရှိသော သို့မဟုတ် ခြိမ်းခြောက်ခံရသော အခြေအနေမှ ထိုသူများအား ဖယ်ထုတ်ပေးခြင်း ဖြစ်ပြီး၊ အကြမ်းဖက်မှုဖြစ်ပွားရသော မူရင်းဇစ်မြစ်အား လျော့ကျသွားစေရန် သို့မဟုတ် ရပ်တန့်သွားအောင် ကြားဝင်ဆောင်ရွက်ပေးခြင်းများကို ဆိုလိုသည်။ အခြေခံလွတ်လပ်ခွင့်များနှင့် လူအခွင့်အရေးများကို လေးစားလိုက်နာသော၊ ပြုမူဆောင်ရွက်သော ပတ်ဝန်းကျင်တခု ပေါ်ပေါက် စေရေးအတွက် တွန်းအားပေးခြင်း၊ အားထုတ်ပေးခြင်းမှတဆင့်လည်း အကာအကွယ်ပေးခြင်းလုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင် သည်။

အမျိုးသမီးများနှင့် မိန်းမငယ်လေးများအတွက် အကာကွယ်ပေးခြင်းလုပ်ငန်းတွင် လိင်တန်းတူရည်တူဖြစ်မှု၊ အမျိုးသမီးများ၏ လုပ်နိုင်စွမ်းရည်များကို လေးစားအသိအမှတ်ပြုမှု၊ ဆုံးဖြတ်ချက်လုပ်ငန်းများတွင် ၎င်းတို့၏ ပါဝင်နိုင်ခွင့် အခွင့်အရေးအား လေးစားမှု၊ ပဋိပက္ခ အသွင်ပြောင်းရေးနှင့် စီမံခန့်ခွဲရေးများတွင် ၎င်းတို့ အားထုတ်နိုင်မှုများအား အသိအမှတ်ပြုခြင်းမှတဆင့် အမျိုးသမီးများအပေါ် ကျရောက်နိုင်သော လိင်အကြမ်းဖက်မှုများ ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ အနှိမ့် ရည်မှန်းချက်မှာ အခြေအနေတခုလုံးအား သေချာတိကျစွာ၊ ပူးပေါင်းမှုရှိစွာ အကြံပြုညှိနှိုင်းမှုများ လုပ်ဆောင်ပြီးနောက် အကောင်းဆုံး အကာအကွယ်ပေးခြင်း နည်းလမ်းအတွက် ဆုံးဖြတ်ချက်သည် ခြိမ်းခြောက်ခံနေရသော လူပုဂ္ဂိုလ် သို့မဟုတ် အုပ်စုများဖြင့် တသားတည်းကျနေရမည်။ ယင်းနည်းလမ်းသည် အကာအကွယ်ပေးရေးနည်းဗျူဟာများအတွက် အဓိကကျသော အချက်တခုဖြစ်သည်။

အကာအကွယ်ပေးခြင်း မဟာဗျူဟာတခုသည် အရပ်သားများအတွက် ပဓာဏကျသော အကာအကွယ်ပေးရေးတာဝန်သည် နိုင်ငံတော် တွင် တည်ရှိသည်ဟူသော အချက်ကို အသိအမှတ်ပြုရမည်။ သို့သော် အချို့အခြေအနေများတွင် အရပ်သားများအား လိင်အကြမ်းဖက် မှုကို တိုက်ရိုက်ကျူးလွန်သော သို့မဟုတ် ကျူးလွန်ရာတွင် ပါဝင်နေသူများသည် နိုင်ငံတော် အစိုးရများကိုယ်တိုင် ဖြစ်နေတတ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် အခြားသူများအား လူ့အခွင့်အရေး၊ ဒုက္ခသည်နှင့် လူသားချင်းစာနာသော ဥပဒေများအရ တာဝန်ယူစေရန် လုပ်ဆောင်ခြင်းသည် အကာအကွယ်ပေးခြင်းမဟာဗျူဟာ တခု၏ အဓိကကျသော သော့ချက်တခုဖြစ်ရမည်။ (၁ ၊ ၂ စည်းရုံးလှုံ့ဆော်ခြင်း နှင့် ဘဏ္ဍာငွေရှာဖွေခြင်းနှင့် ၁၀ ၊ ၂ လက်နက်ကိုင်များထံသို့ နိုင်ငံတကာလူသားချင်းဆိုင်ရာ ဥပဒေများဆိုင်ရာ သတင်းအချက်အလက် များ ဖြန့်ဝေပေးခြင်းအား ကြည့်ပါ။) သို့ပင်သော်ငြား အကာအကွယ်ပေးခြင်းအတွက် အဓိကကျသော တာဝန်ရှိမှုပုံစံတခုအဖြစ် သတ်မှတ် ခြင်းသည် လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အဝန်းအဝိုင်းတခုလုံး၏ အရေးပါသော အခန်းကဏ္ဍအား မေ့မိန်သွား စေရန် မရည်ရွယ်ကြောင်း အထူးမှတ်သားသင့်သည်။

**အဓိကလုပ်ငန်းများ**

အောက်ဖေါ်ပြပါလုပ်ငန်းများသည် အကာအကွယ်ပေးရေးလုပ်ငန်းနှင့် အခြားသော လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အသုံးပြုသော အကာအကွယ်ပေးခြင်းလုပ်ငန်းများဖြစ်သည်။ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် အောက်ဖေါ်ပြပါလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါဝင်ရန်နှင့် တိုးတက်မှုအခြေအနေအား အစီရင်ခံတင်ပြရန်အတွက် လုပ်ငန်းဆုံချက် များကို ဖန်တီး တည်ဆောက်ကြသည်။

၁၊ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော အကာအကွယ်ပေးခြင်းနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား အကျွမ်းတဝင် ရှိလာခြင်း။ အလုပ် စာမျက်နှာ ၂ ၊ ၁ လျင်မြန်သော အခြေအနေသုံးသပ်အကဲဖြတ်ချက် တခုအားတာဝန်ခံဆောင်ရွက်ခြင်း တွင်ဖေါ်ပြထားသကဲ့သို့ စုပေါင်း အခြေအနေအကဲဖြတ်ချက်တွင် ပူးပေါင်းပါဝင်ရမည်။

- အခြေအနေတခုလုံးတွင် အန္တရာယ်ထူပြောနေသော နေရာများကို သတ်မှတ်ပါ။ ဉပမာ လိင်အကြမ်းဖက်မှုများ ဖြစ်ပွားရာနေရာ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ လုံခြုံမှုနှင့် လုံခြုံရေးအတွက် အန္တရာယ်ကျရောက်နေသော နေရာ စသည်ဖြင့် သတ်မှတ် ပါ။
- အမျိုးသမီးနှင့် ကလေးငယ်များအတွက် ထိခိုက်ဒဏ်ရာရနိုင်သော အချက်အလက်များကို သတ်မှတ်ပါ။ ဉပမာ တရားဥပဒေ စိုးမိုးမှု နည်းပါးခြင်း၊ စီးပွားရေးအကျပ်အတည်း၊ မိသားစုနှင့်ကွဲကွာခြင်းနှင့် လူမှုအသိုင်းအဝန်းနှင့် ကွဲကွာခြင်း။
- အနိုင်ကျင့်ခံရနိုင်သော သူများကို သတ်မှတ်ခြင်း။ ဉပမာ အုပ်ထိန်းသူမဲ့ ကလေးများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များ၊ မသန်မစွမ်းအမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ စသည်ဖြင့်
- လက်ရှိတည်ရှိနေသော လုံခြုံရေးအရ တုန့်ပြန်ဆောင်ရွက်မှုနှင့် ဉပဒေကြောင်းအရ နောက်ဆက်တွဲလုပ်ငန်းများအား စုံစမ်း လေ့လာခြင်း။ ဉပမာ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများက ရဲများသို့ ဉပဒေကြောင်းအရ အရေးယူရန် တိုင်းကြားသောအခါ၌ အမျိုးသမီးလုံခြုံရေးအဖွဲ့ဝင်များ၊ လုံခြုံရေးတုန့်ပြန်ဆောင်ရွက်မှုများအား အသုံးပြုနိုင်ခွင့်၊ တရားဥပဒေ အရ ကင်းလွတ်ခွင့် စသည်များအပါအဝင် ရဲများ၊ လုံခြုံရေးတပ်ဖွဲ့များ တည်ရှိနေမှု။
- သက်ဆိုင်ရာ နိုင်ငံတော်မှ ပြဌာန်းထားသော ဉပဒေများနှင့် မူဝါဒများအား သတ်မှတ်ထားရန်
- လူထုအကြား ပြဿနာဖြေရှင်းရေးနှင့် တရားစီရင်ရေးတွင် မိရိုးဖလာထုံးထမ်းစဉ်လာများကို သတ်မှတ်ထားရန်
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် လက်ရှိ ရှိနေသော ဉပဒေကြောင်းဆိုင်ရာ အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများအား သတ်မှတ်ထားရန်
- လူထုအကြား အရင်းအမြစ်များနှင့် ရုပ်ဝထ္ထုပစ္စည်းများကို သတ်မှတ်ထားရန်၊ ဉပမာ လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တား ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအား အထောက်အကူဖြစ်စေသော ကျွမ်းကျင်မှု၊ ယခင်အတွေ့အကြုံ၊ ပြန်လည် ဆန်းသစ်မှု၊ သူရသတ္တိ၊ ထိရောက်သော ဦးဆောင်မှု၊ စသည်တို့ဖြစ်သည်။

နိုင်ငံတကာဥပဒေစံသတ်မှတ်ချက်များနှင့်အညီ နိုင်ငံရေးနှင့် စစ်ရေးတွင် တာဝန်ရှိသူများ၏ ရည်ရွယ်ရင်းအား ဖေါ်ထုတ်ပါ။ (၃ ၊ ၃ နိုင်ငံတကာသဘောတူစာချုပ်များကို အကောင်အထည်ဖေါ်ရန်နှင့် လေးစားလိုက်နာရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်း

၁၀ ၊ ၂ လက်နက်ကိုင်များထံသို့ နိုင်ငံတကာလူသားချင်းဆိုင်ရာ ဉပဒေများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း အားကြည့်ပါ။) ထိန်းချုပ်ရန်ကြိုးစားမှုတွင် ၎င်းတို့၏ အားနည်းချက်ကို လေ့လာပါ။

၂၊ လိင်အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်သော နိုင်ငံအတွင်းရှိ တသီးပုဂ္ဂလိကများ၊ အဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများနှင့် အစုအဖွဲ့များ အကြားဆက်သွယ်ရေး ကွန်ယက်တခုနှင့် မဟာမိတ်ကွန်ယက်တခု တည်ဆောက်ပါ။

- လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့အတွင်းရှိ အဆက်အသွယ်များကို ဖြန့်ထုတ်ပါ။
- ရဲတပ်ဖွဲ့ဝင်များ၊ စစ်သားများ၊ တရားရေးအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးခေါင်းဆောင်များ၊ အမျိုးသမီး အုပ်စုများ၊ ရိုးရာဆေးဆရာများ၊ သံတမန်များ၊ အလှူရှင်များ၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ စသူတို့ကို ထည့်သွင်းပါ။

၃၊ ဖမ်းဆီးမှုများ၊ တရားစွဲဆိုမှုများ ဆောင်ရွက်ရန်အတွက် အတားအဆီးများ လျော့ကျပစ်ရန် သို့မဟုတ် ဖယ်ရှားပစ်ရန်အတွက် အာဏာပိုင်များနှင့် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များအကြား မဟာဗျူဟာများ တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်ရန်။ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါ။

- ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များတွင် သက်ဆိုင်ရာ ဉပဒေနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ သတင်းအချက်အလက် အားနည်း နေခြင်း
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများမှ (ရဲတပ်ဖွဲ့ထံသို့) တင်ပြမှုအားနည်းခြင်း (အခန်း ၁ ကို ကြည့်ပါ)နှင့် သက်သေ အကာအကွယ်ပေးရေးအစီအမံအားနည်းခြင်း
- တရားစွဲဆိုမှုပြုလုပ်ရန် အတားအဆီးများ (ဉပမာ တရားသူကြီး မရှိခြင်း၊ တရားရုံးသို့ လာရောက်ရန် ခရီးဝေးလွန်းခြင်း၊

သယ်ယူပို့ဆောင်ရေးမရှိခြင်း သို့မဟုတ် သက်သေအတွက် ညအိပ်နေရာထိုင်ခင်း မစီစဉ်ပေးနိုင်ခြင်း။)
- ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ တည်ရှိနေခြင်းသည် ဒေသခံအာဏာပိုင်များအတွက် အရည်အသွေးမြှင့်တင်ပေးရန်နှင့် သင်တန်းများပေးရန်အတွက် အခွင့်အရေးတခုဖြစ်သည်။

၄၊ အမည်မဖေါ်လိုသော အမှုဖြစ်ရပ် သတင်းအချက်အလက်များကို စုစည်းသော စနစ်တခုတည်ထောင်ပါ။ ထိုမှသာ ဖြစ်နိုင်ချေရှိသော လားရာ များနှင့် အကာအကွယ်ပေးရေးကိစ္စများအတွက် သတ်မှတ် ဖြေရှင်းနိုင်မည် ဖြစ်သည်။

- အစီရင်ခံစာတင်သွင်းခြင်း၊ လွှဲပြောင်းပေးရေးစနစ်နှင့် ပါဝင်ဆောင်ရွက်သူများအားလုံးအတွက် ချမှတ်ထားသော လမ်းညွှန် စည်းမျဉ်းစည်းကမ်းများအပါအဝင် အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက် များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း တွင် ဖေါ်ပြထားသော လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပါ။
- ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း တွင် လိင်အကြမ်းဖက်မှုဖြစ်ရပ်များ၏ သတင်းအချက် များကို စုစည်းခြင်းနှင့် လေ့လာအကဲဖြတ်ခြင်းကို ဖေါ်ပြထားသည်။

**Key Reference Materials**

1. *Glossary of Humanitarian Terms in Relation to the Protection of Civilians in Armed Conflict.* UNOCHA, 2003.
http://ochaonline.un.org/DocView.asp?DocID=572

2. *Aide Mḿoire for the Consideration of Issues Pertaining to the Protection of Civilians.* UNOCHA, 2004.
http://ochaonline.un.org/DocView.asp?DocID=1327

3. *Sexual and Gender-Based Violence against Refugees, Returnees and Internally Displaced Persons.* UNHCR, 2003.
http://www.rhrc.org/pdf/gl_sgbv03.pdf

4. *Protection Into Practice.* Oxfam, 2005. http://www.womenwarpeace.org/issues/displacement/protectionintopractice.pdf

5. *Camp Management Toolkit.* Norwegian Refugee Project, 2004. http://www.nrc.no/camp/cmt_complete.pdf

6. *Operational Protection Reference Guide.* UNHCR, 2005.

7. *Inclusive Security, Sustainable Peace: A Toolkit for Advocacy and Action.* International Alert and Women Waging Peace, 2004.
http://www.womenwagingpeacenet/toolkit.asas

# အလုပ်စာမျက်နှာ
# ၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်း
# လုပ်ငန်း။ ။ အကာအကွယ်ပေးခြင်း
# အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

အရေးပေါ်အခြေအနေအများစုသည် လက်နက်ကိုင် ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ ဆူပူသောင်းကြမ်းမှုများနှင့် ဥပဒေမဲ့ခြင်းများတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အရပ်သားအမျိုးသမီးများနှင့် ကလေးငယ်များသည် အကြမ်းဖက်ခံရနိုင်သော အန္တရာယ်တွင် ကျရောက် နေတတ်ပြီး လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများသည်လည်း အိုးအိမ်မဲ့ပြည်သူလူထုံသို့ သွားရောက်ရာတွင် ငြင်းပယ်ခံရတတ်သလို တိုက်ခိုက်ခံရခြင်း များလည်း ရှိတတ်သည်။ အရေးပေါ်အခြေအနေကာလများတွင် (အိုးအိမ်မဲ့မှုအပါအဝင်) လူသားချင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သူများအတွက် နိုင်ငံတကာအသိုင်းအဝန်းမှ လုံခြုံရေးပိုမိုကောင်းမွန်စေရန်အတွက် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင် ပေးရန် တာဝန်ရှိသည်။ နိုင်ငံတကာအသိုင်းအဝန်းသည် စခန်းအတွင်း လူသားချင်းဆန်မှုနှင့် အရပ်သားဆန်သော အခြေအနေတခု ရှိနေစေရေးအတွက် လုပ်ဆောင်ပေးရန်လည်း တာဝန်ရှိသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ ချထားခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့် လေ့လာသူများ ထားရှိခြင်းနှင့် ပုံမှန်အားဖြင့် အခြားသောသူများက လုံခြုံမှုနှင့် လုံခြုံရေးကောင်းမွန်လာစေရန်အတွက် လုပ်ဆောင် ပေးကြသည်။

အမျိုးသမီးနှင့် ကလေးငယ်များသည် အကာအကွယ်ပေးခြင်းနှင့် လုံခြုံရေး နှစ်မျိုးစလုံးပါဝင်သော လိင်အကြမ်းဖက်မှုမှ အကာအကွယ် ပေးရန် လိုအပ်သည်။

- အန္တရာယ်ကျရောက်မှု လျော့ကျစေရေး
- အရင်းခံအကြောင်းရင်းများအား ဖြေရှင်းပေးရေးနှင့် တရားဥပဒေအရ ကင်းလွတ်ခွင့်အပါအဝင် ပြဿနာအပေါ်သက်ရောက်မှုရှိနေသော အကြောင်းရင်းများ ဖြေရှင်းပေးခြင်း။

အခြေအနေတခုချင်းစီတွင် လိင်အကြမ်းဖက်မှု၏ နောက်ဆက်တွဲ သက်ရောက်မှုများနှင့် အန္တရာယ်ဖြစ်စေသော အချက်အလက်များကို အမြဲတစေ သုံးသပ်မှုများလုပ်ရန် အရေးကြီးသည်။ လိင်တန်းတူရည်မရှိမှုနှင့် ခွဲခြားဆက်ဆံခြင်းသည် လိင်အကြမ်းဖက်မှု၏ အဓိက အရင်းအမြစ်များ ဖြစ်နေပါက အခြားများစွာသော အချက်အလက်များသည်လည်း အခြေအနေတခုချင်းစီတွင် လိင်အကြမ်းဖက်မှု၏ မတူညီသောပုံစံနှင့် ပမာဏကို ကွဲပြားစွာ ပေါ်ပေါက်စေသည်။ ***အစီရင်ခံတင်ပြလာသော ဖြစ်ရပ်များအား တုန့်ပြန်ဆောင်ရွက်ရန်နှင့် အသက်ရှင်ကျန်ရစ်သူများအား အထောက်အကူပေးနိုင်ရန်အတွက် လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တားရန်၊ သင့်လျော်သော လုံခြုံရေး နှင့် အကာအကွယ်ပေးရေး လုပ်ငန်းများအတွက် ထိရောက်သော မဟာဗျူဟာရေးဆွဲရာတွင် ယင်းအချက်များကို သိရှိရန် အရေးကြီးသည်။***

ထိရောက်သော လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်သော လုပ်ငန်းများတွင် အလုပ်ကဏ္ဍစုံနှင့် စုပေါင်း တာဝန်ခံမှု လုပ်ငန်းမျိုးရှိရမည်။ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း တွင် ဆောင်ရွက်သူများအားလုံးအတွက် တာဝန်ခံဆောင်ရွက်ခြင်းပုံစံနှင့် လမ်းညွှန်စည်းမျဉ်းစည်းကမ်းများအပါအဝင် လုပ်ငန်းဘောင်နှင့် စီမံချက်ကို ဖော်ပြထားသည်။ လုံခြုံရေးနှင့် အကာကွယ်ပေးရေးလုပ်ငန်း လုပ်ဆောင်နေသူများအတွက် လုပ်ကိုင်ရမည့် အလုပ်အသေးစိတ်၊ တာဝန်ရှိမှုများအား အောက်တွင် ဖော်ပြထားသည်။

အနည်းငယ်မျှသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် အကာအကွယ်ပေးရေး တပ်ဖွဲ့ဝင်များထံမှ အကူအညီရယူလိုကြသည်ကို အသိအမှတ်ပြုရမည်။ အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံ ရသူများနှင့် အခြားသော လုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်နေကြသောသူများ (ပုံမှန်အားဖြင့် ကျန်းမာရေး သို့မဟုတ်

စိတ်ပိုင်းဆိုင်ရာ အကူအညီပေးသော ဝန်ထမ်းများဖြစ်သည်။)သည် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ ရွေးချယ်ခွင့်အား လေးစားလိုက်နာ ခြင်း၊ လုံခြုံမှုအား ထိန်းသိမ်းသောအားဖြင့် အဖြစ်အပျက်၏ အသေးစိတ်ကို ပြောပြရန်မှာ မဖြစ်နိုင်ပေ။ ယင်းကိစ္စသည် တခါတရံတွင် လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေး လုပ်ငန်းအဖွဲ့ဝင်များအကြား တင်းမာမှုများ ဖြစ်ပေါ်တက်သည်။ သို့ပင်ငြား မူရင်းပါဝင်သူများကို ဖုံးကွယ်ပေး ထားသော အမည်မဖော်လိုသော သတင်းအချက်အလက်များ စုစည်းရန်အတွက် အခြားနည်းလမ်းများလည်း ရှိသည်။ ထိုသတင်း အချက်အလက်များကို လုံခြုံရေးနှင့် အကာအကွယ်ပေးရေးလုပ်ဆောင်နေကြသူများက အကဲဖြတ်၍ လိုအပ်သော လုံခြုံရေးအရ ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်သည်။

အချို့သော တိုင်းပြည်များတွင် ကျန်းမာရေးဝန်ထမ်းများသည် ဆိုးရွားသော အကြမ်းဖက် ပြစ်မှုများအား ဒေသခံဥပဒေ အာဏာပိုင်များ ထံသို့ သတင်းပေးပို့ရမည်ဟူသော နိုင်ငံတွင်းဥပဒေများရှိသည်။ အချို့သော တိုင်းပြည်များတွင် ဆရာဝန်၊ နပ်စ်များသည် ဆေးရုံအတွင်း မုဒိမ်းကျင့်ခံခဲ့ရသည်ဟု သင်္ကာမကင်းသော ဖြစ်ရပ်များကို ရဲတပ်ဖွဲ့သို့ မပျက်မကွက် သတင်းပေးပို့ရမည်ကို ဆိုလိုခြင်းဖြစ်သည်။ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များအကြား ရှင်းလင်းစွာ ဆွေးနွေးနားလည်းထားရန်လိုအပ်သော ဂုဏ်သိက္ခာဆိုင်ရာ၊ ဥပဒေ ဆိုင်ရာနှင့် လက်တွေ့ ကြုံတွေ့ရမည့် စိန်ခေါ်ချက်များဖြစ်သည်ကို ယင်းအခြေအနေက ပြသနေသည်။ (အလုပ်စာမျက်နှာ ၁၊ ၁ ကိုကြည့်ပါ။)

## အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် လုံခြုံရေးလုပ်ငန်းကဏ္ဍတွင် အကျုံးဝင်သည်။ လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းများ (အချို့အခြေအနေများတွင် အကာအကွယ်ပေးရေး ဖြစ်သည်။) အတွက်လည်း အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်း အဖွဲ့များတွင် ပုံမှန်ပါဝင် နေသူများ ပါဝင်သော လုပ်ငန်းဆုံချက်တခုအား တည်ဆောက်ပြီး လုံခြုံရေးလုပ်ငန်း၏ အဓိက အောင်မြင်မှု များကို သတင်းပို့ပေးရမည်။ လုံခြုံရေးလုပ်ငန်းဆုံချက်သည် တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်နှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးတာဝန်ခံ ဆောင်ရွက်ရေး အေဂျင်စီ၊ လုပ်ငန်းအဖွဲ့များ ဦးဆောင်သော လုပ်ငန်းများတွင် ပါဝင်ရသည်။

၁၊ ထိခိုက်ခံနေရသော ဒေသများတွင် လုံခြုံရေးအပြင် တရားဥပဒေစိုးမိုးရေးအစီအစဉ်များ ပိုမိုအားကောင်းလာစေရေးအတွက် အာဏာပိုင်များအား တွန်းအားပေးခြင်း

- ၎င်းတို့၏ လုပ်ဆောင်မှုများအား တာဝန်ခံနိုင်သော ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော ရဲများနှင့် လုံခြုံရေးတပ်ဖွဲ့ အရည်အတွက် လုံလောက်စွာ ထားရှိရေး။
- လိုအပ်ပါက စွမ်းရည်မြှင့်တင်ရေးများ လုပ်ဆောင်ရန်။

၂၊ အလုပ်စာမျက်နှာ ၂၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွင် ဖော်ပြထားသကဲ့သို့ လိင်အကြမ်းဖက်မှုအား အနည်းဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် ကာလတို လုံခြုံရေးရည်မှန်းချက် များနှင့် တိုင်းတာချက်များ ထားရှိခြင်း

၃၊ အန္တရာယ်ရှိနေသော နေရာများတွင် ရံဖန်ရံခါ ကင်းလှည့်ခြင်း၊ တပ်ဖြန့်ထားခြင်းနှင့် လှည့်လည်နေထိုင်ခြင်းအား လက်ဦးမှုရှိစွာ စုပေါင်း လုပ်ဆောင်ခြင်းဖြင့် လုံခြုံရေးအခြေအနေများ ပိုမိုကောင်းမွန် လာစေရေးအတွက် မဟာဗျူဟာများ ချမှတ်နိုင်ခြင်း။ ထိုသို့ မကြာခဏ လှည့်လည်သွားလာခြင်းအားဖြင့် လူများကို အကာအကွယ်ပေးနိုင်ပြီး၊ ချိုးဖောက်နိုင်ချေရှိသော သူများကိုလည်း အနီးအနား တွင် နိုင်ငံတကာမှ တစုံတဦး အမြဲရှိနေသည်ဟူသော အဓိပ္ပါယ်ကို ရောက်စေသည်။
အောက်ဖော်ပြပါ ဗျူဟာများကို စဉ်းစားကြည့်ပါ။

- လူထုအတွင်းမှ ယုံကြည်အားကိုးရသော အမျိုးသမီးနှင့် အမျိုးသားများပါဝင်ပါက ပို၍ ကောင်းမွန်သော ရပ်ရွာစောင့်ကြည့်ရေး အဖွဲ့ သို့မဟုတ် လုံခြုံရေးအုပ်စုများ။ သင်တန်းများပေးရန်လိုအပ်သည်နှင့် ထိုအဖွဲ့မှ အဖွဲ့ဝင်များသည် ချိုးဖောက်နိုင်သော အနိုင်ကျင့် ချိုးဖောက်မှုများအား ကာကွယ်ရန်အတွက် စောင့်ကြည့်ကြပ်မတ်ခြင်းများ လုပ်ဆောင်ရန်လိုအပ်သည်ကို သတိပြုပါ။
- လုံခြုံရေးကင်းလှည့်အဖွဲ့များ
- ရပ်ရွာရိပ်သာများ၊ အမျိုးသမီးရိပ်သာများ (အလုပ်စာမျက်နှာ ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့်

အသက်ရှင်ကျန်ရစ်သူများတွင် လုံခြုံသော နေရာထိုင်ခင်းရှိအောင် ဆောင်ရွက်ပေးခြင်းအားကြည့်ပါ။)

- အကာအကွယ်ပေးရေးဆောင်ရွက်နေသော နိုင်ငံတကာမှ ဝန်ထမ်းများ လူထုအတွင်း (စခန်းအတွင်းနှင့် ကျေးရွာအတွင်း) တွင် ပုံမှန်သို့မဟုတ် မကြာခဏ ရှိနေခြင်း

၄၊ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့်အတူ စည်းရုံးပါ။ ရဲတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့များနှင့် လူထုအကြား ယုံကြည်မှုအား တည်ဆောက် ပါ။ ဥပမာ အချို့မှာ

- အမျိုးသမီးရဲတပ်ဖွဲ့ဝင်ဦးရေအား တိုးမြှင့်ပါ။
- ရဲတပ်ဖွဲ့နှင့် လူထုအကြား အစည်းအဝေးများ၊ သတင်းဖလှယ်ခြင်းများပြုလုပ်ပါ။
- လူထုအတွင်းရှိ အမျိုးသမီးများ ကလေးငယ်များအတွက် ရဲတပ်ဖွဲ့မှ ဥပဒေကြောင်းဖြင့် အကာအကွယ်ပေးခြင်းနှင့်ဆိုင်သော သတင်း အချက်အလက်များကို ပေးပါ။
- ဒေသခံအာဏာပိုင်များနှင့် ပုံမှန်အဆက်အသွယ်တည်ဆောက်ရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်းဖွင့်ထားပါ။

၅၊ လိင်အကြမ်းဖက်မှု တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၏ တည်ရှိမှုနှင့် တန်ဖိုးရှိမှု သတင်းအချက် အလက်များကို သင့်လျော်သော လုပ်ဖော်ကိုင်ဖက်အဖွဲ့တခုခုဖြင့် ပူးပေါင်း၍ ဖြန့်ဝေပါ။ (အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်း ရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းသို့ ကြည့်ပါ။) အောက်ဖေါ်ပြပါအချက်များအား ရပ်ရွာနှင့် အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များသို့ အသိပေးအကြောင်းကြားပါ။

- လိင်အကြမ်းဖက်မှု
- ဖြစ်နိုင်ချေရှိသော အကျိုးဆက်များ
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် လိုအပ်သော အကူအညီ၊ အထောက်အပံ့နှင် လုံခြုံရေး၊ ရှုတ်ချခြင်း၊ လူမှုရေးအမည်းစက်အတင်ခံရခြင်းများ မလုပ်ဆောင်ရ။
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် မည်သည့်နေရာတွင် မည်ကဲ့သို့ အကူအညီတောင်းခံရမည်နှင့် ထိုအကူအညီပေးမှုသည် လျှို့ဝှက်မှုရှိခြင်း

၆၊ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ရဲတပ်ဖွဲ့သို့မဟုတ် လုံခြုံရေးဝန်ထမ်းများထံသို့ အမှုလာရောက်တိုင်ကြားပါက လုံခြုံရေးပေးပါ။

- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ လျှို့ဝှက်မှု၊ အခွင့်အရေးများ၊ ရွေးချယ်ခွင့်များ၊ ဂုဏ်သိက္ခာများနှင့် လျှို့ဝှက်မှုအား အမြဲလေးစားလိုက်နာရမည်။ သူမ၏ လုံခြုံရေးကို အကာအကွယ်ပေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချခြင်း၊ အရေးယူ လုပ်ဆောင်ခြင်းများလုပ်ဆောင်ပါက ဆုံးဖြတ်ချက်ချရာတွင် သူမပါဝင်ရမည်။ ကလေးငယ်တဦးဖြစ်ပါက ကလေး၏ အကောင်းဆုံးအကျိုးစီးပွား ကြည့်ရမည်။
- အသက်ရှင်ကျန်ရစ်သူများ ၊ ကျူးလွန်ခံရသူများနှင့်ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းများသည် သီးသန့်နေရာများတွင် ပြုလုပ်ရမည် ဖြစ်ပြီး ဖြစ်နိုင်လျှင် အမျိုးသမီးဝန်ထမ်းများကသာ ဆောင်ရွက်ရမည်။
- အချို့အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ယာယီ သို့မဟုတ် ကာလရှည်တခုအတွက် လုံခြုံသော နေရာ တခုလိုချင် သို့မဟုတ် လိုအပ်နိုင်သည်။ လုပ်ငန်းများ၊ အစီအစဉ်များ စဉ်းစားနိုင်ရန်အတွက် အလုပ်စာမျက်နှာ ၇ ၊ ၂ ကို ကြည့်ပါ။
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် အပြစ်ရှိသောသူများအဖြစ် ရှုမြင်မှုများ တိုက်ဖျက်ရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ အာဏာပိုင်များ၊ အမျိုးသမီးအဖွဲ့များဖြင့် တွဲဖက်လုပ်ကိုင်ပါ။

၇၊ လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သူများနှင့် ရပ်ရွာလူထုအပါအဝင် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအား အကူအညီနှင့် အထောက်အပံ့ပေးနေသောသူများအတွက် အကောင်းဆုံး လုံခြုံရေးအစီအမံများကို ပြုလုပ်ပါ။

၈၊ လုံခြုံရေးအရ အကန့်အသတ်များရှိနေသော ကာလအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အန္တရာယ်များသော ဒေသများကို သတ်မှတ်ပါ။

- လိင်အကြမ်းဖက်မှုသတင်းအချက်အလက်များအား ပုံမှန် ပြန်လည်သုံးသပ်ပါ။
- လုံခြုံရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကွန်ယက်အဆက်အသွယ်များဖြင့် သတင်းအချက်အလက်နှင့် တာဝန်ခံမှုများခွဲဝေရန် အတွက် ပုံမှန်တွေ့ဆုံခြင်းများ ပြုလုပ်ရန်
- ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ပါ။ သတင်းအချက်အလက်များအား ပြန်လည်အသက်သွင်းခြင်းနှင့်

နောက်ဆုံးအခြေအနေများ အားဖြည့်စွက်ခြင်းများ ပြုလုပ်ပါ။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကြံပေးမှုများပြုလုပ်ရာတွင် သီးသန့်နေရာ များတွင် သာ ပြုလုပ်စေရမည်။

၉၊ လိင်အကြမ်းဖက်မှုများအား အနာဂါတ်တွင် မည်ကဲ့သို့ ကာကွယ်တားဆီးရမည်နှင့် ပတ်သတ်သော လမ်းညွှန်ချက်များအား လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များသို့ပေးအပ်ပါ။ ယင်းလုပ်ငန်းသည် အဆက်အသွယ်ကွန်ယက်များ၊ အတည်မပြုရသေးသော သတင်းများ၊ စုဆောင်းရမည်။ တင်ပြလာသော လိင်အကြမ်ဖက်မှု သတင်းအချက်အလက်များမှ တဆင့် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ အကဲဖြတ်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်သည်။

- ဖြစ်ရပ်အမှုအခင်းများ၊ တုန့်ပြန်ဆောင်ရွက်ချက်လုပ်ငန်းများ၊ ချိုးဖောက်မှု၏ သဘာဝနှင့် ပုံစံများကို ပြန်လည်သုံးသပ်ပါ။ ဥပမာ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ (မည်သည့်အုပ်စု လူမျိုးမဆို)နှင့် ထိုအခင်းဖြစ်ပွားသောနေရာ ထိုနေ့အချိန်၌ ရှိနေသော သက်ာမကင်းဖွယ်ရာ ကျူးလွန်သူတို့၏ အမြဲတွေ့ရှိရတက်သော သွင်ပြင်လက္ခဏာများ။
- ထိုအမှုအခင်းများသည် ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း (လူအများလုပ်ဆောင်သောအရာများ) သို့မဟုတ် ဥပက္ခောပြုနေခြင်း (လုပ်သင့်သောအရာကို မလုပ်ဆောင်ခြင်း) နှစ်ခုအနက် တခုခုကြောင့် ဖြစ်သလား သို့မဟုတ် နှစ်ခုစလုံးကြောင့် ဖြစ်သလားစသည် တို့ကို အထူးလေ့လာစုံစမ်းပါ။
- ထူခြားသော ပုံစံ၊ အချိန်တိုက်ဆိုင်မှု၊ နောက်ခံအကြောင်း သို့မဟုတ် ထိုချိုးဖောက်မှုနှင့် ဆက်နွယ်သော အလေးအမြတ်ထားမှုများ ရှိမရှိကို စုံးစမ်းပါ။ ထို့အပြင် ထိုအမှုသည် ပုံစံတခုခုဖြင့် ခန့်မှန်းနိုင်ပါသလား။ ပြည်သူများအား အန္တရာယ်ရှိစေနိုင်သည့် အချက်အလက်တခုခု (ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ နေရာထိုင်ခင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အလေ့အထဆိုင်ရာ) အဖြစ် ခန့်မှန်းခဲ့ခြင်း ရှိမရှိအား စုံစမ်းပါ။
- မည်သူသည် ဤချိုးဖောက်မှုအတွက် တာဝန်ရှိသည်၊ ၎င်းတို့တွင် မည်ကဲ့သို့သော လုပ်ပိုင်ခွင့်အာဏာရှိသည်၊ မည်ကဲ့သို့သော အရင်းအမြစ်များ ထိုသူများက အသုံးပြုနေသည်ကို တိကျစွာ ရှင်းလင်းပါ။ မည်ကဲ့သို့၊ မည်သည့်အချိန်တွင်၊ မည်သည့်နေရာ၌ အဘယ့်ကြောင့် ထိုကဲ့သို့သော ချိုးဖောက်မှုများကို ကျူးလွန်ရသည်ကို သေချာတိကျစွာ နားလည်ပါ။
- ယင်းကျူးလွန်မှုအား ဖြစ်ပေါ်စေရန် အထောက်အကူဖြစ်စေခဲ့သော အဓိကအချက်အလက်များကို သေချာစွာ သတ်မှတ်ပါ။ ဥပမာ ပါဝါ မတူညီမှု (ကျောင်းသားနှင့် ကျောင်းဆရာ၊ လက်နက်ကိုင်သူနှင့် အရပ်သား၊ လက်နက်ငယ်လက်ဝယ်ရှိနေခြင်း စသဖြင့်)
- ထိုချိုးဖောက်မှုအား မည်သူက စီမံဆောင်ရွက်နေသည်၊ အားပေးနေသည်၊ ခွင့်ပြုသည်၊ လျှို့ဝှက်စွာပါဝင်နေသည်များကို လေ့လာပါ။ ဥပမာ အယူဝါဒစွဲများ၊ မဟာဗျူဟာချမှတ်သူများနှင့် တက်တက်ကြွကြွထောက်ခံသူများ စသဖြင့်ဖြစ်သည်။ ချိုးဖောက်မှုများအား မည်သူက မျက်စိမှိတ်မမြင်ဟန်ဆောင်ကြသည် သို့မဟုတ် ငြင်းဆန်ရေးမဟာဗျူဟာများ ဆွဲနေကြသည်ကို သတ်မှတ်ပါ။
- ကျူးလွန်သူ၏ နောက်ထပ်လှမ်းမည့် ခြေလှမ်းအား မှန်းဆပါ သို့မဟုတ် ကြိုးစား၍ မျှော်မှန်းကြည့်ပါ။ ထိုသူများသည် ၎င်းတို့အား တားမြစ်မည့် ကြိုးပမ်းမှုများအား လွဲချော်သွားစေရန်အတွက် ၎င်းတို့၏ မဟာဗျူဟာများကို ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်မည် ကို နားလည်ပါ။

**Key Reference Materials**


1. *Sexual and Gender-based Violence Against Refugees and Internally Displaced Persons: Guidelines for Prevention and Response.* UNHCR, 2003.
http://www.rhrc.org/pdf/gl_sgbv03.pdf

2. *Action for the Rights of Children (ARC) Foundations: Standards* (UNHCR, OHCHR, UNICEF, Save the children).
http://www.unhcr.ch/cgibin/texis/vtx/protect/opendoc.pdf?tbl=PROTECTION&id=3e37e5ba7

3. *UNHCR Resettlement Handbook.* UNHCR, 2002.http://www.unhcr.ch/cgi-bin/texis/vtx/protect?id=3d4545984

4. *Adolescent Development.* UNHCR, OHCHR, UNICEF, 2001.

5. *Refugee Children: Guidelines on Protection and Care.* UNHCR, 1994. http://www.unhcr.ch/cgibin/texis/vtx/protect/opendoc.pdf ?tbl=PROTECTION&id=3b84c6c67

6. Convention on the Rights of the Child. 1989.
http://www.unhchr.ch/html/menu3/b/k2crc.htm

## အလုပ်စာမျက်နှာ

## ၃ ၊ ၃ နိုင်ငံတကာသဘောတူစာချုပ်များကို အကောင်အထည်ဖော်ရန်နှင့် လေးစားလိုက်ရန် အတွက် စည်းရုံးလှုံ့ဆော်ခြင်း

## လုပ်ငန်း။ ။ အကာအကွယ်ပေးခြင်း

## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

လိင်အကြမ်းဖက်မှုသည် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များမှ အကာအကွယ်ပြုထားသော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအား ချိုးဖောက်မှုတခုဖြစ်သည်။ ဥပမာ လူတဦးတယောက်၏ လုံခြုံမှု ရပိုင်ခွင့်အခွင့်အရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အမြင့်ဆုံးအဆင့် ရရှိနိုင်မှု အခွင့်အရေး၊ ရက်စက်သော၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပြုမူဆက်ဆံခြင်းများမှ လွတ်လပ်စွာ နေထိုင်နိုင်ခွင့် အခွင့်အရေး၊ အသက်ရှင်ရပ်တည်ပိုင်ခွင့် အခွင့်အရေး စသည်တို့ဖြစ်သည်။ နိုင်ငံတကာစာချုပ်ပေါင်းများစွာသည် အမျိုးသမီး နှင့် မိန်းကလေးများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများ အတွက် သီးသန့် ဖေါ်ပြထားချက်များ ရှိသည်။ (အောက်ဖေါ်ပြပါ အဓိကရည်ညွှန်းများမှ ကိုးကားချက်များကို ကြည့်ပါ။)

အရေးပေါ်ကာလများအတွင်း လိင်အကြမ်းဖက်မှုများသည် အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသော အခြေအနေများတွင် လူမှုရေးနှင့် ဥပဒေကြောင်းအရ အကာအကွယ်ပေးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပြီး၊ အကျိုးဆက်အားဖြင့် ကျူးလွန်သူများအကြား တရားလက်လွတ် အစဉ်အလာများအား ပိုမိုတိုးပွားလာစေသည့် အပြင် အသက်ရှင်ကျန်ရစ်သူများအကြား ထုတ်ဖေါ်ပြောဆိုနိုင်ခြင်းများ ပို၍လည်း နည်းပါးစေသည်။ (၁) နောက်ထပ်ကျူးလွန်မှုများအား ကာကွယ်တားဆီးခြင်းနှင့် အတိတ်ကာလချိုးဖောက်မှုများအတွက် တရားဥပဒေကြောင်းနှင့် လူမှုရေးအရ ဖြေရှင်းခြင်းများ လုပ်ဆောင်နိုင်ရေး အပါအဝင် လိင်အကြမ်းဖက်မှုအား အကာအကွယ်ပေးရန်မှာ အဓိက ပဓာနကျသော တာဝန်ဖြစ်သည်။

နောက်ထပ်အကြမ်းဖက်မှုများကာကွယ်ဟန့်တားခြင်းနှင့် လိင်အကြမ်းဖက်မှု ပြစ်မှုများအတွက် ဖြေရှင်းရန် အဓိကကျသော အချက်မှာ လိင်အကြမ်းဖက်မှုမှ လူထုလွတ်လပ်စွာ နေထိုင်နိုင်ခွင့် အခွင့်အရေးအား မြှင့်တင်ပေးသော ဥပဒေများအား လေးစားလိုက်နာခြင်းနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း ဖြစ်သည်။ လိင်အကြမ်းဖက်မှုမှ အကာအကွယ်ပေးရန် အဓိကတာဝန်မှာ နိုင်ငံတော်၏ တာဝန်ဖြစ် သော်လည်း အချို့အရေးပေါ် အခြေအနေများတွင် နိုင်ငံတော်သည် တရားဥပဒေစိုးမိုးရေးအတွက် ထမ်းဆောင်နိုင်ရန် အရင်းအမြစ် အပြည့်အဝမရှိနိုင်ပေ။ အချို့အရေးပေါ် အခြေအနေများတွင် နိုင်ငံတော် ကိုယ်တိုင်ပင်လျှင် လိင်အကြမ်းဖက်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ခြင်း သို့မဟုတ် ပါဝင်ပတ်သတ်မှုများ ရှိနေတတ်သည်။ ထိုသို့ ဖြစ်ရပ်များတွင် ကမ္ဘာ့ကုလသမဂ္ဂ၊ လူ့အခွင့်အရေးနှင့် လူသားချင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသော အေဂျင်စီများသည် ထိုတိုင်းပြည်နှင့်လက်တွဲ၍ လူ့အခွင့်အရေးအား အကာအကွယ် ပေးနိုင်ရေး ဆောင်ရွက်ရသည်။

အရေးပေါ်အခြေအနေတခု ကနဦးအဆင့်တွင် လိင်အကြမ်းဖက်မှုချိုးဖောက်ခံရသူ၏ အခွင့်အရေးများအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် လိင်အကြမ်းဖက်မှုအား အကာအကွယ်ပေးထားသော နိုင်ငံတကာစံသတ်မှတ်ချက်များအား အစိုးရများက သဘောတူ လိုက်နာလာ စေရေးအတွက် ဖိအားပေးခြင်းလုပ်ငန်းများသည် အကာအကွယ်ပေးခြင်း တာဝန်ရှိမှုတွင် ပါဝင်သည်။ နိုင်ငံတော်အစိုးရများက လိင်အကြမ်း ဖက်မှုဆိုင်ရာ အကာကွယ်ပေးခြင်းတွင် ၎င်း၏ တာဝန်ရှိမှုများတိုးတက်လာစေရေးအတွက် လူသားချင်းဆိုင်ရာ နိုင်ငံတကာ အသိုင်းအဝန်းမှ အသုံးပြုနိုင်သော မဟာဗျူဟာသုံးရပ်ရှိသည်။ (၁) နိုင်ငံတော်၏ တာဝန်ဝတ္တရားများနှင့် လူသိရှင်ကြား ကျူးလွန်ခံရသူ များအတွက် အကာအကွယ်ပေးမှုများကို လူသိရှင်ကြားထုတ်ဖေါ်ပြောဆိုခြင်းမှ အာဏာပိုင်များအား ဖိအားပေးခြင်း၊ ရှုတ်ချခြင်း (၂) လူသိရှင်ကြား ကျူးလွန်ခံရသူများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား လိုက်နာကျင့်သုံးလာစေရေး တိုးတိုးတိတ်တိတ် ဆွေးနွေးပွဲများမှတဆင့် အာဏာပိုင်များအား ဖျောင်းဖြခြင်း၊ ဆွဲဆောင်ခြင်း၊ (၃) လူသိရှင်ကြားကျူးလွန်ခံရသူများအား အကာအကွယ် ပေးရန်နှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား

လိုက်နာဆောင်ရွက်လာရေးအတွက် အာဏာပိုင်များအပေါ် လွှမ်းမိုးနိုင်သော သူများအား လျှို့ဝှက်စွာ သတင်းပေးပို့ခြင်းနှင့် စည်းရုံးသိမ်းသွင်းခြင်း (အလုပ်စာမျက်နှာ ၁ ၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်းနှင့် အလုပ်စာမျက်နှာ ၁၀ ၊ ၂ လက်နက်ကိုင်များထံသို့ နိုင်ငံတကာလူသားချင်းဆိုင်ရာ ဥပဒေများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း ကို ကြည့်ပါ။)

လိင်အကြမ်းဖက်မှုအား တရားဥပဒေကြောင်းအရ ဖြေရှင်းပေးရေးတွင် အသက်ရှင်ကျန်ရစ်သူများအား တိုက်ရိုက်ဥပဒေကြောင်းအရ ကူညီမှုပေးသလို လက်ရှိတည်ရှိနေသော နိုင်ငံတော်၊ ရပ်ရွာ၊ မိရိုးဖလာတရားရေးစနစ်များအား အရည်အသွေးမြှင့်တင်ပေးခြင်း၊ ပိုမိုစွမ်းဆောင်နိုင်အောင် ကူညီပေးခြင်းနှင့် တရားရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အစမ်းထောက်ပံ့မှုများ ထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများ ပါဝင်သည်။ အရေးပေါ်အခြေအနေတခု၏ ကနဦးအဆင့်များတွင် ပြည့်စုံသော ဥပဒေကြောင်းနှင့် တရားစီရင်ရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ခြင်း မရှိနိုင်သေးသော်လည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အေဂျင်စီများအတွင်းမှ သီးသန့်တာဝန်ရှိသူများ ခန့်အပ်၍ နိုင်ငံတော်အတွက် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အသက်ရှင်ကျန်ရစ်သူများ အတွက် ဥပဒေရေးရာ အထောက်အပံ့များ တိုက်ရိုက်ပေးရမည်။

လိင်အကြမ်းဖက်မှု ပြစ်မှုများအား ဥပဒေကြောင်းအရအောင်မြင်စွာ တရားစွဲဆိုမှုများပြုလုပ်ရန်မှာ မျက်မြင် သက်သေများအပါအဝင် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ တက်ကြွကွသော ပူးပေါင်းပါဝင်မှုအပေါ်တွင် အများအပြား မှီတည်နေသည်။ အခြေအနေ များအားလုံးတွင် လိင်အကြမ်းဖက်မှုပြစ်မှုများသည် အများအပြား တင်ပြလာမှုများမရှိခြင်းနှင့် အနည်းငယ်သော အသက်ရှင် ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသာ တရားဥပဒေအရ ဖြေရှင်းပေးမှုများရရှိရန် ကြိုးစားကြသည်ကို စိတ်တွင် မှတ်သားထားရမည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် ရယူလိုသော ဥပဒေလုပ်ငန်းစဉ် တလျှောက်လုံးတွင် ကူညီထောက်ပံ့ရန် ကဏ္ဍစုံ ဆောင်ရွက်သူများ (အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအထောက်အပံ့ပေးမှု၊ စည်းရုံးပြောဆိုခြင်း၊ ဥပဒေဆိုင်ရာ အကြံဉာဏ်နှင့် အကူအညီပေးသော ကဏ္ဍများ)မှ လျှို့ဝှက်သော၊ စနစ်တကျစုပေါင်းတာဝန်ခံသော အနိမ့်ဆုံးအဆင့် တုန့်ပြန်ဆောင်ရွက်မှု လုပ်ငန်းများမဖြစ်မနေ ရှိရန်လိုအပ်သည်။ ကောင်းမွန်သော၊ မေတ္တာတရားရှိသော၊ လေးစားလောက်သော ဝန်ဆောင်မှုလုပ်ငန်းများရှိနေပါက အသက်ရှင်ကျန်ရစ်သူများအနေဖြင့် ဥပဒေ ကြောင်းအရ ဖြေရှင်းမှုများ လုပ်ဆောင်လာနိုင်ပြီး လိုအပ် သော အရေးယူဆောင်ရွက်မှုများမှတဆင့် လိုက်ပါလာ နိုင်ဖွယ်ရှိသည်။ ထိုကဲ့သို့သော အထောက်အပံ့များမရှိပါက အသက်ရှင်ကျန်ရစ်သူ များနှင့် ကျူးလွန်ခံရသူများ အများစုသည် ကြောက်ရွံ့နေနိုင်ပြီး ရဲများ သို့မဟုတ် ဥပဒေကြောင်းအရ မည်သို့သော ဆောင်ရွက်မှုမျိုးကိုမဆို ရှောင်လွဲ နေနိုင်သည်။

## အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် အကာအကွယ်ပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အကာအကွယ်ပေးခြင်းအလုပ်ကဏ္ဍများအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်းဆုံချက်တခု ဖွဲ့စည်းကာ အကာအကွယ်ပေးရေး လုပ်ငန်း၏ အောင်မြင်မှုများကို ပြန်လည်အစီရင်ခံရမည်။ တာဝန်ခံ ဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များနှင့် သတင်းပညာဆက်သွယ်ရေး အလုပ် စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေး တာဝန်ခံအေဂျင်စီများနှင့် အလုပ်အဖွဲ့များဦးဆောင်သော ကဏ္ဍစုံ လုပ်ငန်းများတွင် အကာအကွယ်ပေးခြင်းလုပ်ငန်းဆုံချက်များ ပူးပေါင်း ပါဝင်ရမည်။

၁။ အလုပ်စာမျက်နှာ ၂ ၊ ၁ တွင် ဖော်ပြထားသော အခြေအနေဆိုင်ရာ စုပေါင်းအကဲဖြတ်ချက်တွင် ပါဝင်ရမည်။ လိင်အကြမ်းဖက်မှုအတွက် ဥပဒေကြောင်းအရ ဖြေရှင်းပေးနိုင်သော သတင်းအချက်အလက်များကို စုဆောင်းပါ (ဥပမာ နိုင်ငံတော်ဥပဒေ၊ လိင်အကြမ်းဖက်မှုပြစ်မှု အတွက် တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းများ၊ အောင်မြင်သော တရားစွဲဆိုမှုအရေအတွက်နှင့် အခြေအနေများ စသဖြင့်)။

၂။ လိင်အကြမ်းဖက်မှု အတွက် ဥပဒေကြောင်းအရ ဖြေရှင်းခြင်းအား တာဝန်ယူမည့် လုပ်ငန်းခွဲအဖွဲ့တခုအား လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့အတွင်းတည်ထောင်ပါ။ လုပ်ငန်းခွဲအဖွဲ့တွင် အမျိုးသမီးများအပါအဝင် ဒေသခံကိုယ်စားပြုမှု ပါဝင်ရမည်။

၃၊ ကမ္ဘာ့ကုလသမဂ္ဂ နှင့် လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော အေဂျင်စီများအတွင်းမှ သီးသန့် တာဝန်ရှိသူများ ခန့်အပ်၍ နိုင်ငံတော်အတွက် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် လိင်အကြမ်းဖက်မှုပြစ်မှုအတွက် ဥပဒေကြောင်းအရ ဖြေရှင်းရန်ဆန္ဒရှိသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် ဥပဒေရေးရာ အထောက်အပံ့များ တိုက်ရိုက်ပေးရမည်။ ထိုသူများသည် လုပ်ငန်းခွဲအဖွဲ့ဝင် ပါဝင်ရမည်။

၄၊ လိင်အကြမ်းဖက်မှုပြစ်မှုများအား နိုင်ငံတော်အစိုးရမှ စုံစမ်းစစ်ဆေးမှုနှင့် ဖြေရှင်းပေးမှုများအား သိရှိနိုင်ရန်အတွက် သီးသန့်တာဝန်ယူမည့် သူများအား လုပ်ငန်းခွဲ အဖွဲ့အတွင်း တာဝန်ပေးပါ။

၅၊ လိင်အကြမ်းဖက်မှုဆိုင်ရာ တည်ဆဲဥပဒေများအား လေးစားလိုက်နာခြင်း ရှိစေရန်အတွက် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ ရဲတပ်ဖွဲ့၊ မိရိုးဖလာ တရားရေးစနစ်များနှင့် ကွန်ယက်များ တည်ဆောက်ပါ။

၆၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသော ပုံစံအားလုံးအား တိုက်ဖျက်သွားရေး သဘောတူစာချုပ် (CEDAW) နှင့် အခြားသော သဘောတူ စာချုပ်များအား သဘောတူလိုက်နာရန်နှင့် အကောင်အထည်ဖော်ရန် အပြင် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုပြစ်မှုများအား ထိရောက်စွာ စုံစမ်းဖော်ထုတ်၍ တရားစွဲဆိုရန်အတွက် နိုင်ငံတော်အစိုးရများအား ဖိအားပေးရန် မည်သည့်နေရာတွင်မဆို လိုအပ်ပါက စုပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ပါ။

၇၊ အဓမ္မပြုကျင့်မှုနှင့် အခြားသော လိင်အကြမ်းဖက်မှု ပုံစံများတားမြစ်ခြင်းသည် ရပ်ရွာလူထုများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံတော်နှင့် မိရိုးဖလာတရားရုံးများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သူများ၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များ နှင့် သက်ဆိုင်သောကြောင့် နိုင်ငံတကာနှင့် လူ့အခွင့်အရေးအကြောင်းများကို လုပ်ငန်းခွဲအဖွဲ့က သင်တန်းပေးနိုင်သော အဖွဲ့ဝင်များကို တာဝန်ပေးအပ်ရမည်။

**Key Reference Materials**

1. UN General Assembly, Convention on the Elimination of All Forms of Discrimination Against Women (CEDAW), December 1979. http://www.un.org/womenwatch/daw/cedaw/text/econvention.htm

2. UN General Assembly, Optional Protocol to the Convention on the Elimination of All Forms of Discrimination Against Women, A/RES/54/4, December 2000. http://www.un.org/womenwatch/daw/cedaw/protocol/

3. ICRC, The Geneva Conventions of 12 August 1949 and the Additional Protocols of 8 June 1977. http://www.icrc.org/Web/Eng/siteeng0.nsf/html/genevaconventions

4. United Nations, Rome Statute of the International Criminal Court, July 1998.

5. International Human Rights—Basic Reference Guide for NGOs, International Human Rights, www.hshr.org.

6. Legal Framework for Service Providers Addressing GBV, International Planned Parenthood Foundation, http://www.ippfwhr.org/publications/download/monographs/gbv_tools_files/gbv_legalguide_e.pdf

7. *Addressing the Needs of Women Affected by Armed Conflict*, ICRC Guidance Document 2004 http://www.icrc.org/Web/Eng/siteeng0.nsf/htmlall/p0840/$File/ICRC_002_0840.PDF!Open

8. *Women Facing War,* ICRC, 2001, http://www.icrc.org/web/eng/siteeng0.nsf/iwpList138/8A9A66C7DB7E128DC1256C5B0024AB36

9. *Sexual and Gender-based Violence against Refugees, Returnees, and Internally Displaced Persons,* UNHCR, May 2003.

10. *Gender Equality and Humanitarian Assistance: A guide to the issues,* Woroniuk, Beth, Canadian International Development Agency (CIDA), November 2003. http://www.acdicida.gc.ca/INET/IMAGES.NSF/vLUImages/Africa/$file/Guide-Gender.pdf

11. *Gender-based Violence Web-based AnnotatedBibliography,* www.rhrc.org/resources/gbv

# ၄၊ လူသားအရင်းအမြစ်

## ကဏ္ဍစုံလုပ်ငန်းများ

# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၄ – ၁ SEA ကို ကာကွယ်တားဆီးဟန့်တားလိုသော ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း

၄ – ၂ ကျင့်ဝတ်သိက္ခာ (Code of Conduct) အား လုပ်ငန်းတူဆောင်ရွက်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ အသိပေးခြင်း

၄ – ၃ လျှို့ဝှက်တိုင်တန်းခြင်းစနစ်တခုအား အကောင်အထည်ဖေါ်ခြင်း

၄ – ၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည်ဖေါ်ခြင်း

အလုပ်စာမျက်နှာ

# ၄ – ၁ လိင်အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများကို ကာကွယ်တားဆီးဟန့်တားလိုသော ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း

လုပ်ငန်း။ ။ လူသားအရင်းအမြစ်များ

အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့်မိန်းကလေးများသည် လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူများနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအပါအဝင် အာဏာရှိသူများ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းအပါအဝင် လိင်အကြမ်းဖက်မှုပုံစံများ အားလုံးအတွက် အကာအကွယ်မဲ့ ဖြစ်နေတတ်သည်။

လိင်အကြမ်းဖက်မှုအား ကာကွယ်တားဆီးရာတွင် –
လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများအား ကာကွယ်တားဆီးပေးခြင်း၊ ရပ်တန့်စေခြင်း။ ကာကွယ်တားဆီးခြင်းလုပ်ငန်းများအတွက် မှန်ကန်သော လူရွေးချယ်မှု၊ စစ်ဆေးမှု နှင့် ခန့်အပ်မှုတို့ မရှိမဖြစ် လိုအပ်သည်။

ဝန်ထမ်းတဦးအဖြစ် ဖြစ်နိုင်ချေရှိသော လူသစ်တဦးနှင့် ပထမဦးဆုံး စတင်ဆက်ဆံသည့်အချိန်မှစ၍ အဖွဲ့အစည်းသည် တဦးချင်းဆိုင်ရာ အပြန်အလှန်ဆက်ဆံမှုများ၊ လုပ်ငန်းလုပ်ကိုင်ပုံအလေ့အထများကို သေချာစွာ အနီးကပ်ကြည့်ရှုရမည်။ သေချာဂရုစိုက်စွာ ဌားရမ်းတတ် သော အလေ့အထအား ဆွဲကိုင်ပြုလျက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်ခြင်းများအား အဖွဲ့အစည်းမှ ကာကွယ်သွားရန် သံဓိဋ္ဌာန်နှင့် တာဝန်ရှိမှုကို ပြသရမည်။ ထိုကိစ္စရပ်ပေါ်တွင် ထားရှိသော အဖွဲ့အစည်း၏ ရပ်တည်ချက်ကို နားလည်၊ ယုံကြည်သော ဝန်ထမ်းသည် ကျင့်ဝင်သိက္ခာတွင် ဖေါ်ပြထားသော ပြုမူဆောင်ရွက်ခြင်းစံသတ်မှတ်များကို လိုက်နာနိုင်ဖွယ်ရှိသည်။

## အဓိကလုပ်ငန်းများ

လုပ်ငန်းကဏ္ဍအားလုံးတွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများအားလုံးသည် အောက်တွင် ဖေါ်ပြထားသာ လုပ်ငန်းများကို လုပ်ဆောင်ရန် တာဝန်ရှိသည်။ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းဆုံချက်တခုအား လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်း အဖွဲ့အစည်းအဝေးတွင် လူသားအရင်းအမြစ် အကြောင်းရင်းများတွင် ကိုယ်စားပြုရန် မေတ္တာရပ်ခံနိုင်ပြီး အဓိကလုပ်ငန်း အကောင်အထည်ဖေါ်မှုများ၏ တိုးတက်မှု များကိုလည်း အစီရင်ခံရန် တောင်းဆိုနိုင်သည်။

၁၊ ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော၊ ဗဟုသုတကြွယ်ဝသော၊ တာဝန်ခံလိုစိတ်ရှိသော သူများအား ဝန်ထမ်းသစ်ရွေးချယ်ခန့်အပ်ခြင်း၊ ဝန်ထမ်း နှင့် အကြံပေးများ ဌားရမ်းခြင်း လုပ်ငန်းများအတွက် တာဝန်ပေးပါ။ ထိုပုဂ္ဂိုလ်များသည် လူသားအရင်းအမြစ်ဆိုင်ရာလုပ်ငန်းတွင် လေ့ကျင့်ထားပြီးသားသူများ ဖြစ်သင့်ပြီး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းအပါအဝင် လိင်အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ မတော်မရော် လုပ်သော ဝန်ထမ်းတဦးနှင့် ပတ်သက်သော အန္တရာယ်ရှိမှုများအကြောင်းနှင့်ပတ်သက်၍လည်း ဗဟုသုတရှိသင့်သည်။ ထို့အပြင် ဝန်ထမ်းဌားရမ်းခြင်း လုပ်ငန်းတွင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဆောင်ရွက်နိုင်သော တာဝန်ခံမှုလည်း ရှိသင့်သည်။

၂၊ အချိန်ပိုင်းအကြံပေးအရာရှိများ၊ အလုပ်သင်များ နှင့် စေတနာ့ဝန်ထမ်းများအပါအဝင် ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ ဝန်ထမ်းများ စုဆောင်းသော အခါတွင် ဝန်ထမ်းအမျိုးအစားများအားလုံးအတွက် အထောက်အထား စစ်ဆေးမှုများ ပါဝင်သင့်သည်။

- အထောက်အထား စစ်ဆေးမှုများတွင် လျှောက်ထားသူ၏ ယခင်လုပ်ငန်းများ၊ ပုဂ္ဂလိကဆိုင်ရာ လုပ်ဆောင်မှုများ သို့မဟုတ် ပြစ်မှု မှတ်တမ်းအကြောင်း သတင်းအချက်အလက်များရနိုင်သော မေးခွန်းများအတိအကျ ပါဝင်သင့်သည်။

- ထိုသို့သော ဂရုတစိုက် စစ်ဆေးမှုများက ခေါင်းပုံဖြတ်စိတ်ရှိသော အမူအကျင့်ရှိပြီး အထူးသဖြင့် အရေးပေါ်အခြေအနေများတွင် နောက်တခုသို့ ခုန်ကူးတတ်သော ရာဇဝင်ရှိသည့် လျှောက်ထားသူများအား ဖယ်ရှားပစ်နိုင်သလို လိင်အကြမ်းဖက်မှုနှင့် ပတ်သက် သော ပြစ်မှုဆိုင်ရာ မှတ်တမ်းရှိသူများကိုလည်း ဖယ်ရှားပစ်နိုင်သည်။

၃၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် လိင်အခြေခံအကြမ်းဖက်မှု ပုံစံတခုခုအား ကျူးလွန်ခဲ့ဖူးသော နောက်ခံသမိုင်းရှိသူများကို လုံးဝမငှားရ။

၄၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် အနိုင်ကျင့်မှုကျူးလွန်မှုအတွက် အလုပ်မှ ထုတ်ပယ်ထားခြင်းခံရသော ဝန်ထမ်းများ၏ အမည်များကို အခြားသောအဖွဲ့အစည်းဖြင့် သတင်းဝေငှပေးခြင်းများ ဆောင်ရွက်နိုင်သော စနစ်များ တည်ဆောက်ရန်။ အလုပ်ရှင်နှင့် အလုပ်သမားများကို ကိုင်တွယ်ထိန်းချုပ်သော သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထိုစနစ်များကို တည်ဆောက်ရမည်။

၅၊ အဆင့်များအားလုံးတွင် အမျိုးသမီးဝန်ထမ်းများ ပို၍ ခန့်အပ်ပါ။

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများသည် လိင်ပိုင်းဆိုင်ရာ တန်းတူမရှိမှုအပေါ်တွင် အမြစ်တွယ်ခဲ့ခြင်းဖြစ်၍ အရေးပေါ် အခြေအနေများအတွင်း ဆောင်ရွက်သော လုပ်ငန်းများအားလုံးသည် လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုအပေါ် လုံးဝ အထိခိုက်မခံနိုင်သော ပုံစံဖြင့် ဆောင်ရွက်ရမည်။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ အမြင်များအား ပြည့်ဝစွာ ထည့်သွင်းစဉ်းစားရမည်။
- လူသားအရင်းအမြစ်ဆိုင်ရာလုပ်ငန်းသည် အရေးပေါ်အခြေအနေများတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ အမျိုးသမီးဝန်ထမ်းဦးရေ ပိုမိုများပြားလာရေး တွန်းအားပေးလုပ်ဆောင်ရမည်။ ယင်းအချက်တွင် အမျိုးသမီးများအား စီမံခန့်ခွဲမှုအပိုင်းနှင့် ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်ရေးကိုပါ ဆိုလိုသည်။
- အမျိုးသမီးများ ဝန်ထမ်းခန့်အပ်ခြင်းအတွက် ဖြစ်ပေါ်နေသော အနှောက်အယှက်များကို သတ်မှတ်ပါ။ နားလည်ပါ။ ဖြေရှင်းပါ။ အမျိုးသမီးများသည် အထူးသဖြင့် ရပ်ရွာနှင့် နိုင်ငံအတွင်းမှဆိုပါက ၎င်းတို့သည် အလုပ်အတွက် အဆင်သင့်ဖြစ်မှုနှင့် ထိတွေ့ နိုင်စွမ်းသည် အကန့်အသတ်ဖြစ်နိုင်သည်ကို အသိအမှတ်ပြုပါ။ အမျိုးသမီးဦးရေအတွင်း စာမတတ်သူဦးရေ များပြားသောကြောင့် အမျိုးသမီးများ အလုပ်လုပ်နိုင်ခွင့် အခွင့်အလမ်းအား ထုံတမ်းစဉ်လာ ယုံကြည်မှုက ကန့်သတ်ထားခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ အမျိုးသမီးများဖြင့် လိုက်လျောညီထွေသော မဟာဗျူဟာများနှင့် အလုပ်ခန့်အပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ပါ။ ထိုသို့သော အခြေအနေတွင် ဖြစ်နိုင်ချေရှိသည်များကို မူတည်၍ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားပါ။
  - အဖွဲ့အစည်းတွင် အမျိုးသမီးများရှိနေခြင်းသည် အရေးပါလှကြောင်းအား ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပါ။ အမျိုးသမီးဝန်ထမ်းများစုဆောင်းခြင်းနှင့် ခန့်အပ်ခြင်းများတွင် ၎င်းတို့၏ ထောက်ခံမှုများပါဝင်လာစေရန် ဆွေးနွေးပါ။
  - အခြားသောလုပ်ငန်းများ သို့မဟုတ် ပရိုဂရမ်များဖြင့် ပူးပေါင်းလုပ်ကိုင်ပါ။ ဥပမာ ကလေးစောင့်ရှောက်ရေး၊ သာရေးနာရေးအသင်း များဖြစ်သည်။ ကလေးထိန်းဂေဟာတခုဖွင့်ပါ သို့မဟုတ် မိခင်များအကြား ကလေးဝိုင်းထိန်းသော ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ပါ။
  - တဦးနှင့်တဦး အလုပ်ဝိုင်းကူပေးသော သဘောတူညီချက်များအရယူပါ။
  - ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် နေ့လည်စာ တာဝန်ယူပါ။
  - ဝန်ထမ်းအသစ်များအား အလုပ်တာဝန် နှင့် ခံစားခွင့်များတိုးတက်နိုင်သော စာရေးစာဖတ်နှင့် အတွက်အချက် သင်တန်းများ (အကယ်၍ ထိုသင်တန်းများသည် အဆင့်သင့်ရှိနေသည်ဆိုပါက) တက်ခွင့်ပေးပါ။
  - တာဝန်ပေးမှုများတွင် ခင်ပွန်းသည်နှင့် ဇနီးသည် သို့မဟုတ် အကို – ညီမ လုပ်ငန်းအဖွဲ့များအဖြစ် ခန့်အပ်ပါ။ ၎င်းတို့သည် အလုပ်ကို အလှည့်ဖြင့်လုပ်နိုင်ပြီး မိသားစုတာဝန်များကို ခွဲဝေလုပ်ကိုင်နိုင်သည်။ အမျိုးသမီးများသည် အမျိုးသားမိသားစုဝင်တဦးတယောက် မပါပဲ အိမ်အပြင်သို့ ထွက်ခွင့်မရသော ဓလေ့ထုံးတမ်းရှိသော တိုင်းပြည်များတွင် ထိုစနစ်သည် အထူးအသုံးဝင်သည်။

၆၊ အလုပ်ငှားရမ်းခြင်း လုပ်ငန်းစဉ်အတွင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအား ဟန့်တားကာကွယ်သော အလုပ်ခန့်အပ်ခြင်း ပုံစံဖြစ်ရမည်။

- လူသစ်စုဆောင်းခြင်းနှင့် ခန့်အပ်ခြင်းလုပ်ငန်းများတွင် ပါဝင်သောသူများအားလုံးသည် ၎င်းတို့၏ အမူအကျင့်နှင့် လုပ်ဆောင်ချက်များအတွက် တာဝန်ခံရမည်။
- ဝန်ထမ်းခန့်အပ်ခြင်းလုပ်ငန်းတွင် ထင်သာမြင်သာဖြစ်စေရန် စစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ဝန်ထမ်းခန့်အပ်ခြင်း လုပ်ငန်းစဉ်တခုလုံးတွင် ပါဝါမတူညီမှုကို အလွဲသုံးစားမလုပ်စေရန်လည်း စစ်ဆေးရမည်။

**Key Reference Materials**

1. *Firstcheck: a step by step guide for organisations to safeguard hildren,* NSPCC, 2002.
www.nspcc.org.uk/html/home/informationresources/firstcheck.htm

2. *Aid agencies — a target for paedophiles?* British Overseas Aid Group Report of Seminar, Save the Children, 2000.
3. *Sexual and Gender-based Violence Against Refugees, Returnees and IDPs: Guidelines for Prevention and Response,* http://www.rhrc.org/pdf/gl_sgbv03.pdf

4. "Building Safer Organisations," Jane Warburton, *Refugee Quarterly* 2004; 23: 20-29.
http://rsq.oxfordjournals.org/cgi/content/abstract/23/2/20

5. *Caring for young people and the vulnerable?: Guidance for preventing abuse of trust.* Home Office, September 1999.
www.tdo-directions.freeserve.co.uk/safeguarding.htm

6. *Setting The Standard: A Common Approach to Child Protection for INGOs.* UK INGO consortium, 2003.
http://tilz.tearfund.org/webdocs/Tilz/Topics/Child%20Protection%20Policy.pdf

7. *Choose With Care.* ECPAT Australia, 2001. www.ecpat.org

*8. Training of Trainers: Gender-based Violence Focusing on Sexual Exploitation and Abuse,* UNICEF.
http://www.reliefweb.int/w/rwt.nsf/WebPubDocs/37ACC35E7F3EFF23C1256E08004BD41B?OpenDocument

9. *Facilitator's Guide: Understanding Humanitarian Aid Worker Responsibilities: Sexual Exploitation and Abuse Prevention.* Coordination Committee for the Prevention of Sexual Exploitation and Abuse in Sierra Leone, 2003. http://www.reliefweb.int/w/rwt.nsf/WebPubDocs/08968B910604DA6FC1256E430040BD4E?OpenDocument

အလုပ်စာမျက်နှာ

၄ – ၂ ကျင့်ဝတ်သိက္ခာ (Code of Conduct) များအား လုပ်ငန်းတူဆောင်ရွက်သူများ ထံသို့ ဖြန့်ဝေပေးခြင်း၊ အသိပေးခြင်း

လုပ်ငန်း။ ။ လူသားအရင်းအမြစ်များ

အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများမှ အကာအကွယ်ပေးခြင်း အထူးလုပ်ဆောင်ချက်များဆိုင်ရာ ထုတ်ပြန်ကြေငြာချက် *Bulletin Special Massures for Protection from Sexual Exploitation and Sexual Abuse (SGB 2003/13)* သည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများဆိုင်ရာ ဝန်ထမ်းများ လိုက်နာရမည့် အနိမ့်ဆင့်အဆင့် စံသတ်မှတ်ချက်များကို အလေးထားဖေါ်ပြထားပြီး၊ ထိုစံသတ်မှတ်ချက်များသည် ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းဆိုင်ရာ စည်းမျဉ်းဥပဒေများဖြင့် တထပ်တည်းဖြစ်သည်။ အကောင်အထည်ဖေါ်ခြင်း အတွက်လည်း လမ်းညွှန်ချက်များ ပြဌာန်းပေးထားသည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ သီးခြားဆောင်ရွက်နေသော လုပ်ငန်းပရိုဂရမ်များအပြင် ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းသဘောတူလုပ်ဆောင်နေသော အဖွဲ့အစည်းများအားလုံး သို့မဟုတ် တသီးပုဂ္ဂလိကအားလုံးအတွက် ယင်းထုတ်ပြန်ကြေငြာချက်သည် အကျုံးဝင်သည်။ ပြည်သူ့ရဲတပ်ဖွဲ့နှင့် စစ်သားများအပါအဝင် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ အားလုံးအတွက်လည်း ကြေငြာချက်ပါ စံသတ်မှတ်ချက်များက အကျုံးဝင်သည်။ ကြေငြာချက်ပါ သတ်မှတ်ချက်များအား ချိုးဖောက်ပါက အလုပ်မှချက်ချင်းထုတ်ပစ်ချင်းများ၊ မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းများနှင့် လိုအပ်ပါက ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများပင် ဖြစ်ပေါ်နိုင်သည်အထိ အရေးယူနိုင်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင်လည်း အထွေထွေအတွင်းရေးမှူးချုပ်၏ စံသတ်မှတ်ချက်များဖြင့် ကိုက်ညီသော သတ်မှတ်ချက်များ ရှိကြသည်။ ဥပမာ လုပ်ငန်းကဏ္ဍစုံ သတ်မှတ်ချက်များ (Sphere Standards) ( အလုပ်စာမျက်နှာ ၁ ၊ ၃ လုပ်ငန်းကဏ္ဍစုံ စံသတ်မှတ်ချက်များကို ဖြန့်ဝေထားခြင်း နှင့် သေချာစွာ လေးစားလိုက်နာခြင်းအား ကြည့်ပါ။) တွင် ပြဌာန်းသော စံသတ်မှတ်ချက်များ။ ငွေကြေးထောက်ပံ့ပေးသော အစိုးရအများစုသည် ထိုစံသတ်မှတ်ချက်များကို သဘောတူလက်ခံကြပြီး၊ ၎င်းတို့ထံမှ ငွေကြေးအကူအညီယူသော အဖွဲ့အစည်းများသည် ထိုစံသတ်မှတ်ချက်များကို လေးစားလိုက်နာကြရန် တာဝန်ယူကြရသည်။

အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်တွင် တရားဝင်ထုတ်ပြန်ထားသော အသေးစိတ် စံသတ်မှတ်ချက် ၆ ချက်မှာ

၁၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုသည် ဆိုးဝါးသော ကျင့်ဝတ်ချိုးဖောက်မှုတခုဖြစ်သည်။ ထို့ကြောင့် ချက်ချင်းအလုပ်ဖြုတ်ပစ်နိုင်သော အပြစ်ပေးချက်အပါအဝင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် ခိုင်လုံသည်။

၂၊ ကလေးသူငယ်များ (အသက်၁၈ နှစ်အောက်) ဖြင့် လိင်မှုဆောင်ရွက်ခြင်းအား ဒေသအတွင်း လက်ခံထားသော အသက် သတ်မှတ်ချက်ဖြင့် မဆို တားမြစ်သည်။ ကလေး၏ အသက်အား မှားယွင်းစွာ မှတ်သားထားသည်ဟူသော အချက်ဖြင့် ခုခံချေပခွင့် မရှိ။

၃၊ လိင်ပိုင်းဆိုင်ရာ ဦးစားပေးမှု သို့မဟုတ် အခြားပုံစံများဖြစ်သော အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း သို့မဟုတ် အမြတ်ထုတ်သော အမူအယာများအပါအဝင် ငွေကြေး၊ အလုပ်၊ ပစ္စည်းများ ပေးခြင်းသို့မဟုတ် လိင်ဆက်ဆံခြင်း စသည့်အရာများအား တားမြစ်သည်။ ပေးအပ်သော အကူအညီကြောင့် အကျိုးအမြတ်ရရှိစေနိုင်သော မည်သို့သော အကူအညီမျိုးမှ မပေးရ။

၄၊ မတူညီသော လုပ်ပိုင်ခွင့် အခွင့်အာဏာပေါ်တွင် အခြေခံသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အကူအညီလက်ခံသူများအကြား မည်သို့သော လိင်ဆိုင်ရာ ဆက်ဆံရေးမျိုးမှ မရှိစေရ။ ထိုသို့သော ဆက်ဆံရေးမျိုးသည် ကမ္ဘာ့ကုလသမဂ္ဂ၏ လုပ်ငန်းဖြူစင်မှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ ထို့ကြောင့် ပြင်းထန်စွာ တားမြစ်သည်။

၅၊ ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းတဦးသည် အေဂျင်စီတခုတည်းတွင်ဖြစ်စေ သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂ စနစ်အတွင်း သို့မဟုတ် ပြင်ပတွင် ရှိသည်ဖြစ်စေ လုပ်ဖော်ကိုင်ဖက်တဦးက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ပတ်သက်၍ သက်သေမကင်း သို့မဟုတ် စိုးရိမ်မကင်းဖြစ်နေပါက သူ သို့မဟုတ် သူမသည် လက်ရှိတည်ရှိနေသော သတင်းပို့ခြင်းစနစ်များမှ တဆင့် အစီရင်ခံတင်ပြရမည်။

၆၊ ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများအား ကာကွယ်ဟန့်တားသော ပတ်ဝန်းကျင်တခုအား တည်ဆောက်၊ ထိန်းသိမ်းရန် တာဝန်ရှိသည်။ အဆင့်အားလုံး၏ စီမံခန့်ခွဲသူများသည် ထိုကဲ့သို့သော ပတ်ဝန်းကျင်တခုအား ထိန်းသိမ်းပေးသော စနစ်များ ဖြစ်ထွန်းလာစေရေးအတွက် အထူးတာဝန်ရှိသည်။

အထက်ဖော်ပြပါ အချက်များသည် ပြီးပြည့်စုံသော စာရင်းတခု မဟုတ်သေးပေ။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ အနိုင်ကျင့်သော အခြားပြုမူဆက်ဆံခြင်းများအား ချက်ချင်းအလုပ်ဖြုတ်ပစ်ရေးအပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက် မှု သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေး အရေးယူမှုများ လုပ်ရန်အတွက် ခိုင်လုံနိုင်သည်။

**အဓိကလုပ်ငန်းများ**

အဖွဲ့အစည်းများအားလုံး၏ ဦးဆောင်သူအားလုံးသည် လူသားချင်းဆိုင်ရာလုပ်ငန်းတာဝန်ခံ သို့မဟုတ် ဌာနေတာဝန်ခံများဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှတဆင့် အောက်ဖော်ပြပါ လုပ်ငန်းများ လုပ်ဆောင်ရန် တာဝန်ရှိသည်။ အပြည့်အဝအကောင်ထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည်နှင့်အမျှ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များက စည်းရုံးသိမ်းသွင်းကြရမည်။

၁၊ လူသားချင်းစာနာသော လုပ်ငန်းများဆောင်ရွက်နေသူများအားလုံးသည် ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာရ မည်ဖြစ်ပြီး ၎င်းတို့၏ သဘောတူညီချက်နှင့် သံဓိဌာန်ကို ပြဆိုသောအားဖြင့် အထောက်အထားစာရွက်တွင် လက်မှတ်ရေးထိုးရမည်။ ထိုကတိသည် ဝန်ထမ်းအဆင့်အားလုံးတွင် တည်ရှိစေရေးအတွက် လူသားချင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများအားလုံးတွင် တာဝန်ရှိ၍ တာဝန်လည်း ခံရမည်။

- **ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများ (ဒေသခံ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှဝန်ထမ်းများ)။ ။**
  ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများအားလုံးနှင့် လူသစ်များသည် အလုပ်ကန်ထရိုက်အား လတ်မှတ်ရေးထိုးချိန်တွင် သင့်တော်ရာ ဘာသာစကားဖြင့် ရေးသားထားသော အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက် မိတ္တူတစောင်ရရှိသင့်သည်။ သို့မဟုတ် အရေးပေါ် အခြေအနေများတွင် ဖန်တီးယူထားသော အထောက်အထားတခုတွင် လတ်မှတ်ရေးထိုးရမည်ဖြစ်ပြီး၊ ကြေငြာချက်ပါ အချက်အလက်များကို လေးစားလိုက်နာပါမည်ဟု ခံဝန်ချုပ်တွင် လတ်မှတ်ရေးထိုးရမည်။

- **နိုင်ငံတကာနှင့် နိုင်ငံတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ။ ။**
  လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများအားလုံးသည် အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်ပါ စည်းကမ်း ၆ ချက် ပါဝင်သော ကျင့်ဝတ်သိက္ခာအား အကောင်အထည်ဖော်ရန်အတွက် လုပ်ထုံးလုပ်နည်းများ ရှိရမည်။ ထိုအရာများဖြင့် ဝန်ထမ်းများအားလုံး၊ အကြံပေးများနှင့် အခြားအလုပ်သမားများကို အုပ်ချုပ်ရမည်။

- **အကောင်အထည်ဖော်သော အေဂျင်စီများနှင့် အကြံပေးများ။ ။**
  ကမ္ဘာ့ကုလသမဂ္ဂနှင့်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် သဘောတူထားသော အဖွဲ့အစည်းအားလုံး သို့မဟုတ် တသီးပုဂ္ဂလိ များသည် " C " အောက်တွင် ပြထားသော ကွင်းဆင်းအဆင့် အကောင်အထည်ဖော်ခြင်းနည်းလမ်းများအပြင် အထွေထွေ အတွင်းရေးမှူးချုပ်၏ ကြေငြာချက် မိတ္တူတစောင်

လက်ခံရရှိရမည်။ အထွေထွေအတွင်းရေးမှူးချုပ်ကြေငြာချက်တွင် ပါဝင်သော စံသတ်မှတ်ချက် များကို လက်ခံပါသည်ဆိုသော သဘောတူညီချက်တွင် လတ်မှတ်ရေးထိုးရမည်။ ဝန်ထမ်းအားလုံး၊ အကြံပေးများနှင့် အခြားလုပ်သားများအားလုံးအတွက် အကျုံးဝင်စေသော အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်ပါ စံသတ်မှတ်ချက်များ အကောင်အထည်ဖေါ်ရန်အတွက် မကျေနပ်ချက်များ တိုင်တန်းနိုင်သော လုပ်ငန်းယန္တရားအပါအဝင် အဖွဲ့အစည်းများတွင် လုပ်ထုံးလုပ်နည်းများလည်းရှိရမည်။

- **ယူနီဖောင်းဝတ်ထားသော ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ။ ။**
  ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးသို့ ရောက်ရှိလာသော ယူနီဖောင်းဝတ်ဆင်ထားသော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအားလုံး (ပြည်သူ့ရဲတပ်ဖွဲ့များနှင့် စစ်သားများ)သည် သင့်တော်ရာ ဘာသာစကားတခုခုဖြင့် အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်မိတ္တူ တစောင်စီရသင့်သည်။ ထို့နောက် ကြေငြာချက်ပါ အချက်များအား လေးစားလိုက်နာပါမည်ဟု လက်မှတ် အရေးထိုးရမည်။ မစ်ရှင်ဆိုင်ရာ အထူးကျွမ်းကျင်သူများ ဟူသော အဆင့်ဖြင့် ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ပါဝင်သူများကလည်း ကြေငြာချက်တွင် ပါရှိသော စံသတ်မှတ်ချက်များ လေးစားလိုက်နာရန် တာဝန်ယူပါသည်ဟူ၍ လက်မှတ်ရေးထိုးသင့်သည်။

၂။ လူသားချင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သော အရပ်သားပြည်သူများ (ကျောင်းဆရာများ၊ အစားအစာဖြန့်ဖြူးသူများ၊ စခန်းစီမံခန့်ခွဲရေးကော်မတီများ စသဖြင့်)အတွက် တာဝန်ခံယူသော စနစ်တခုအား အလုပ်ကဏ္ဍတခုချင်းစီတွင် ရှိရမည်။ ပါဝင်ဆောင်ရွက် သော ပြည်သူများသည် ကျင့်ဝတ်သိက္ခာအား နားလည်၍ လေးစားလိုက်နာပါမည်ဟူ၍ သင့်လျော်ရာ အထောက်အထားတခုတွင် လက်မှတ် ရေးထိုးရမည်။ သူ သို့မဟုတ် သူမ၏ အပြုအမူအပေါ်တွင် တာဝန်ခံရမည်ဟုလည်း နားလည်လက်ခံရမည်။

၃၊ ဝန်ထမ်းအသစ်များနှင့် စတင်ရောက်ရှိလာသော ဝန်ထမ်းများအား မိတ်ဆက်ပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း လုပ်ငန်းများမှ တဆင့် ကျင့်ဝတ်သိက္ခာနှင့် အပြုအမူဆိုင်ရာ စံသတ်မှတ်ချက်များကို မိတ်ဆက် အသိပေးရမည်။

- ဝန်ထမ်းများ မရှင်းမလင်းဖြစ်နိုင်သော စံသတ်မှတ်ချက်များ၏ ရှုထောင့်များအား ဆွေးနွေးရှင်းလင်းရန်အတွက် အချိန်နှင့် ဆွေးနွေးနိုင်ခွင့်အခွင့်အလမ်း လုံလောက်စွာ ယူပါ။ ဥပမာ အထက်ဖေါ်ပြပါ နံပါတ် ၅ တွင် ဖေါ်ပြထားသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းနှင့်ပတ်သက်၍ သံသယရှိမှုအား တင်ပြရန် တာဝန်ရှိခြင်းအား ဝန်ထမ်းများက မကြာခဏဆိုသလို စိုးရိမ်တက်သည်။ စံသတ်မှတ်ချက်အား လိုက်နာရခြင်းသည် လုံးဝ အလျှော့အတင်းမရှိသော အရာဖြစ်ပြီး ချိုးဖောက်သူများအတွက် လုံးဝမခွင့်လွှတ်သော မူဝါဒတခုဖြစ်ကြောင်းအား အလေးအနက် ပြောဆိုပါ။

- ကျင့်ဝတ်သိက္ခာနှင့် အခြားဆက်နွယ်သော မူဝါဒများ သို့မဟုတ် ထုတ်ပြန်ကြေငြာချက်များအား ဒေသခံ ဘာသာစကားသို့ ပြန်ဆိုရမည်။ ထိုမှသာ ဒေသခံ နိုင်ငံတွင်းဝန်ထမ်းများသည် စံသတ်မှတ်ချက်၏ ရှုထောင့်စုံကို သေချာရှင်းလင်းစွာ အပြည့်အဝနားလည်နိုင်ပေမည်။

**Key Reference Materials**

1. Documents pertaining to the SG's Bulletin
   - Secretary-General's Bulletin on Special Measures for Protection from Sexual Exploitation and Sexual Abuse (ST/SGB/2003/13). http://www.peacewomen.org/un/pkwatch/discipline/SGreportsexexpApr2004.pdf
   - Terms of Reference for in-country Focal Points on Sexual Exploitation and Abuse. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_FocalPtsTOR.pdf
   - Terms of Reference for in-country Networkson Sexual Exploitation and Abuse. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_NetworksTOR.pdf
   - Model Information Sheet for Local Communities. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_infosheet.pdf
   - Model Complaints Referral Form. http://www.icva.ch/cgibin/browse.pl?doc=doc00001187
   - Scenarios Covering Prohibited Acts. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SEAcasestudies.pdf
   - Implementation Guidelines. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SGbulletin.pdf

2. Activities of the Inter-Agency Standing Committee Task Force on Protection from Sexual Exploitation and Abuse (this includes links to the Secretary General's Bulletin and all of the accompanying implementation tools). http://ochaonline.un.org/webpage.asp?Page=1423

# အလုပ်စာမျက်နှာ
# ၄ – ၃ လျှို့ဝှက်တိုင်တန်းခြင်းစနစ်တခုအား အကောင်အထည်ဖော်ခြင်း
# လုပ်ငန်း။ ။ လူသားအရင်းအမြစ်များ
# အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများမှ အကာအကွယ်ပေးခြင်း အထူး လုပ်ဆောင်ချက်များဆိုင်ရာ ထုတ်ပြန်ကြေငြာချက် *Bulletin Special Measures for Protection from Sexual Exploitation and Sexual Abuse (SGB 2003/13)* သည် လိပ်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများအပေါ် သံသယဖြစ်ခြင်း သို့မဟုတ် စိုးရိမ်ချက်များအား အစီရင်ခံတင်ပြရန် ဝန်ထမ်းအားလုံးတွင် တာဝန်ရှိမှုအား ပြဋ္ဌာန်းပေးထားသည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု နှင့် အနိုင်ကျင့်မှုများ ကာကွယ်ဟန့်တားနိုင်သော ပတ်ဝန်းကျင်တခုအဖြစ် ထိန်းသိမ်းထားနိုင်သော စနစ်များ တည်ရှိလာရေးအတွက် အဆင့်တိုင်းရှိ စီမံခန့်ခွဲသူများတွင် တာဝန်ရှိသည်။ ယင်းလုပ်ငန်းတွင် တိုင်းတန်းချက်များအား လျှို့ဝှက်စွာ တင်ပြ နိုင်သော နည်းလမ်းများတည်ဆောက်ထားခြင်းနှင့် ကုလသမဂ္ဂရုံးတွင် လိင်အမြတ်ထုတ်ခြင်း၊ အနိုင်ကျင့်မှုများအတွက် လုပ်ငန်းဆုံချက်တခု ခန့်အပ်ထားရေးတို့ ပါဝင်သည်။

လူသားချင်းဆိုင်ရာအကူအညီများ ထောက်ပံ့ပေးနေသော အချို့ အစိုးရမဟုတ်သော အဖွဲ့များ သို့မဟုတ် UN နှင့် သက်ဆိုင်ခြင်းမရှိသော အခြားအဖွဲ့အစည်းအတွက်မူ လုပ်ငန်းဆုံးချက် ခန့်အပ်ခြင်းနှင့် လျှို့ဝှက်စွာ မကျေနပ်ချက် တိုင်တန်းခြင်း စနစ်ထားရှိရန်အတွက် ဥပဒေအရ လိုအပ်မှ လိုအပ်နိုင်သည်။ သို့ပင်ငြား အရေးပေါ်အခြေအနေတခုအောက်တွင် လုပ်ငန်းများဆောင်ရွက်နေသော လူသားချင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများအားလုံးသည် ဝန်ထမ်းများအတွက် ကျင့်ဝတ်သိက္ခာတခု ပြဋ္ဌာန်းပေးခြင်းဖြင့် လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားရန် တာဝန်ရှိသည်။ ယင်းကျင့်ဝတ်သိက္ခာများ အကောင်အထည်ဖော်ခြင်းတွင် တင်ပြမှု များအား လက်ခံသော လုပ်ငန်းပုံစံတခုနှင့် စုံစမ်းဖော်ထုတ်ခြင်း လုပ်ငန်းများ ရှိရန်လိုအပ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် UN အေဂျင်စီများကဲ့သို့ လုပ်ငန်းဆုံချက်တခုနှင့် အခြားအသေးစိတ်စနစ်များအား မထားမနေရမဟုတ်သော်လည်း ၎င်းတို့သည် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရန် တာဝန်ရှိသည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှု အစီရင်ခံတင်ပြမှုများ နှင့်မကျေနပ်ချက်များ တိုင်ကြားနိုင်ရန်အတွက် လျှို့ဝှက်သော လုပ်ငန်းပုံစံသည် လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်းအားကြည့်ပါ။) မှ ပြုလုပ်ထားသော အစီရင်ခံခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်များတွင် တပေါင်းတစည်းတည်း ရှိသင့်ပြီး၊ စင်ပြိုင် သို့မဟုတ် သီးသန့်အပို စနစ်တခုမျိုး မဖြစ်သင့်ပေ။

အခြားသော လိင်အကြမ်းဖက်မှု အစီရင်ခံတင်ပြသော စနစ်များကဲ့သို့ပင် လျှို့ဝှက်တိုင်တန်းခြင်းစနစ်သည် အကြောင်းအရာအရ ကွဲပြား နိုင်သော်လည်း နိုင်ငံတကာလူ့အခွင့်အရေး စံသတ်မှတ်ချက်များအညီ လေးစားလိုက်နာရမည်။ သံသယရှိဖွယ် အနိုင်ကျင့်မှုအား အစီရင်ခံ တင်ပြလာသူနှင့် အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ နှစ်ဦးစလုံးအတွက် လိင်အရ ကွဲပြားမှုနှင့် အသက်အရွယ်အရ ကွဲပြားမှု များအပေါ် အကဲခတ်မှု ရှိရမည်။ လျှို့ဝှက်တိုင်တန်းခြင်းစနစ်သည် ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုများအား ၎င်းတို့ကိုယ်တိုင်သော် လည်းကောင်း အခြားသူတဦးအား ကိုယ်စားပြု၍ သော်လည်းကောင်း တင်ပြနိုင်ရန် အထောက်အကူဖြစ်စေရမည်။

## အဓိကလုပ်ငန်းများ

လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် ဝန်ထမ်းများနှင့် ရပ်ရွာလူထုမှ တင်ပြလာသော လျှို့ဝှက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းများဆိုင်ရာ အစီရင်ခံစာများအား လက်ခံယူခြင်းနှင့်

ပြန်လည်တုန့်ပြန်ခြင်း အသေးစိတ် လုပ်ထုံးလုပ်နည်းများ အတွက် တာဝန်ယူဆောင်ရွက်ရသည်။ ထိုလုပ်ထုံးလုပ်နည်းများသည် အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်းတွင် ဖော်ပြထားသော လိင်အကြမ်းဖက်မှု အစီရင်ခံစာတင်သွင်းခြင်းနှင့် လွှဲပြောင်းပေးခြင်း လုပ်ငန်းများ၏ တစိတ်တဒေသဖြစ်သင့်သည်။ လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးတိုးတက်စေမှုတွင် အဓိကလုပ်ငန်းများအတွက် တာဝန်ရှိမှုနှင့် တာဝန်ခံမှုများပါဝင်သည်။

၁၊ အောက်ဖော်ပြပါ နောက်ဆက်တွဲ လုပ်ငန်းများအပါအဝင် ရှင်းလင်း၍ သိသာမြင်သာသော လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ပါ။

- တိုင်တန်းချက်များအား လက်ခံရန်နှင့် နောက်ဆက်တွဲလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ရှင်းလင်း၍ သိသာမြင်သာသော လုပ်ထုံးလုပ်နည်းများ ရှိရမည်။
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ လုံခြုံမှု၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးသည်သာ အမြင့်ဆုံး ဦးစားပေး တခုဖြစ်သည်။
- တိုင်ကြားသူ၏ အမည်အား အစဉ်အမြဲ ဖုန်းကွယ်ထားရမည်။
- စုံစမ်းဖော်ထုတ်မှု၏ တိုးတက်မှုများနှင့် မူရင်းတိုင်ကြားမှုနောက်ပိုင်း အရေးယူဆောင်ရွက်မှု အားလုံးအား တိုင်ကြားသူထံသို့ အသိပေးခြင်း၊ အကြံပေးခြင်းများ လုပ်ဆောင်ရမည်။
- တိုင်ကြားသူအတွက် အထောက်အပံ့ပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးရေးအတွက် ညွှန်းဆိုကောင်း ညွှန်းဆိုထားနိုင်သည်။ (အလုပ်စာမျက်နှာ ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများ အတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်းအား ကြည့်ပါ။)

၂၊ စံသတ်မှတ်ချက်များနှင် ကိုက်ညီသော စုံးစမ်းစစ်ဆေးခြင်း နည်းလမ်းများကို အသုံးပြုပါ။

- စုံးစမ်းစစ်ဆေးခြင်းများအားလုံးသည် လိင်၊ အသက်အရွယ်အရ ပြဌာန်းထားချက်များကို ကောင်းမွန်စွာ လိုက်နာရမည်ဖြစ်သည့် အပြင် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု၊ အမြတ်ထုတ်မှုများဆိုင်ရာ တိုင်ကြားချက်များ၊ စုံးစမ်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ IASC ပုံစံ (IASC Model Complaints and Investigation Prodcedures and Guidance Related to Sexual ABuse and Sexual EXploitation) ပါ အခြားသတ်မှတ်ချက်များကိုလည်း လေးစားလိုက်နာရမည်။
- လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံရှိသော၊ အရည်အချင်းပြည့်မှီသော ပညာရှင်များမှ စုံစမ်း စစ်ဆေးမှုများကို ဆောင်ရွက်သင့်သည်။

၃၊ ကျူးလွန်သူများအား သင့်တော်သော စည်းကမ်းထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရမည်။

၄၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများအတွက် ဝန်ထမ်းများအကြား လုပ်ငန်းဆုံချက်တခု သို့မဟုတ် အစားထိုး နည်းလမ်းတခု (DPKO နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များဖြစ်ရပ်တွင် စည်းကမ်းထိန်းသိမ်းရေးအရာရှိတစ်ဦး ခန့်အပ်ခြင်း) ခန့်အပ်ခြင်း။

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်ခြင်းများအတွက် တင်ပြလာသော တိုင်တန်းချက်များအား မည်ကဲ့သို့ လက်ခံရယူ မည်၊ မှတ်တမ်းတင်မည်နှင့် မည်ကဲ့သို့ တုန့်ပြန်ဆောင်ရွက်ရမည့် ကိစ္စများအား လုပ်ငန်းဆုံချက်တာဝန်ရှိသူများနှင့် စီမံခန့်ခွဲသူ များအား လေ့ကျင့်ပေးရမည်။
- လုပ်ငန်းဆုံချက်တာဝန်ရှိများအနက် အနည်းဆုံးတဦးသည် အမျိုးသမီး ဖြစ်ရမည်။

၅၊ ဆက်သွယ်ရန်တာဝန်ရှိသူများ၊ လုပ်ငန်းဆုံချက်တာဝန်ရှိသူများအပါအဝင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများအတွက် တိုင်တန်းခြင်းနှင့် အစီရင်ခံတင်ပြခြင်း စနစ်များအကြောင်း ဝန်ထမ်းအားလုံးသို့ အသိပေးထားရမည်။

၆၊ လူထုအား ပြုမူနေထိုင်ခြင်း စံသတ်မှတ်ချက်နှင့် တိုင်တန်းခြင်းစနစ်အကြောင်း အသိပေးထားရမည်။

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်ခြင်းများအတွက် အကာအကွယ်ရယူခွင့် အခွင့်အရေးအား အသိပေးခြင်း။
- တိုင်တန်းခြင်း လုပ်ထုံးလုပ်နည်းများ အသိပေးခြင်းအပြင် မည်ကဲ့သို့ မည်သူ့ထံတွင် တိုင်ကြားရမည့် သတင်းအသေးစိတ်နှင့် မည်သည့်အရာများ ဖြစ်လာနိုင်သည်ကိုပါ အသိပေးရမည်။

- လျှို့ဝှက်ထိန်းသိမ်းပေးသော လုပ်ငန်းအပါအဝင် အသက်ရှင်ကျန်ရစ်သူများအတွက် အဆင့်သင့်ရှိသော ဝန်ဆောင်မှုများ အကြောင်း အသိပေးခြင်း။

၇၊ အခြားသော လိင်အကြမ်းဖက်မှု ပုံစံများအား မှတ်ပုံတင်ခြင်းပုံစံများအတွင်းသို့ ထည့်သွင်းပါ။ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်း ယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း ကြည့်ပါ)။ သို့သော် ထိုဝန်ထမ်း အလုပ်လုပ်နေသော အဖွဲ့အစည်းအတွင်း မှတ်တမ်းတခုထားရှိရန် လိုအပ်နိုင်သည်။ (ဥပမာ စုံစမ်းစစ်ဆေးမှု အတွင်းရေးဖိုင်၊ ဌာနချုပ်ထံ တင်ပြရမည့်ဖိုင်)

၈၊ လိင်အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်ခြင်း အစီရင်ခံစာများအား ပူးပေါင်းတုန့်ပြန် အရေးယူမှုရှိပါစေ။

- ရှုပ်ထွေးမှုများ သို့မဟုတ် လုပ်ငန်းထပ်နေမှုများ နှင့် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ အတွက် လုပ်ငန်းများ ပို၍ ရှင်းလင်းစွာ ရှိနေစေရန်အတွက် လျှို့ဝှက်တိုင်တန်းခြင်းစနစ်အား လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့၊ အခြားသော အေဂျင်စီများဖြင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်သင့်သည်။ (အလုပ်စာမျက်နှာ ၁၊ ၁ အားကြည့်ပါ။)
- တိုင်ကြားချက်များအား လက်ခံခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းအား အဖွဲ့များပူးတွဲ၍ လုပ်ကိုင်ရန်မှာ အရေးကြီးသော အချက်ဖြစ်သည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ကျူးလွန်သူအလုပ်လုပ်နေသော အဖွဲ့အစည်းထံသို့ တိုင်ကြားရန် ဆန္ဒမရှိသည်ကို သတိပြုပါ။ ချိုးဖောက်မှုအား အခြားသော အဖွဲ့အစည်းမှတဆင့် တိုင်ကြားရန်သာ ၎င်းတို့မှ ရွေးချယ်လိမ့်မည် ဖြစ်သည်။

**Key Reference Materials**

1. ToR for in-country Networks. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_NetworksTOR.pdf

2. ToR for in-country Focal Points on Sexual Exploitation and Abuse. http://www.womenwarpeace.org/issues/violence-/GBV_nairobi/COC_FocalPtsTOR.pdf

3. Model Information Sheet for Communities http://www.womenwarpeace.org/issues/violence-/GBV_nairobi/COC_infosheet.pdf

4. Model Complaints Referral Form. http://www.icva.ch/cgibin/browse.pl?doc=doc000011875.

5. Scenarios Covering Prohibited Acts.http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SEAcasestudies.pdf

6. Implementation Guidelines. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SGbulletin.pdf

7. IASC Model Complaints and Investigation Procedures and Guidance Related to Sexual Abuse and Sexual Exploitation. http://ochaonline.un.org/webpage.asp?Site=sexex

# အလုပ်စာမျက်နှာ

# ၄ – ၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည်ဖော်ခြင်း

# လုပ်ငန်း॥ ॥ လူသားအရင်းအမြစ်များ

# အဆင့်॥ ॥ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှု (SEA) ဆိုင်ရာ လုပ်ငန်းဆုံချက်ကွန်ယက်တွင် DPKO သို့မဟုတ် DPA ငြိမ်းချမ်းရေး ထိန်းသိမ်းရေး စစ်ဆင်ရေးမှ ကိုယ်စားလှယ်များအပါအဝင် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ အပြင် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ နိုင်ငံတကာနှင့် နိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည်။

၎င်းကွန်ယက်သည် ToR တွင် ပြဌာန်းထားသော လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အမြဲတစေ လိုက်နာကျင့်သုံးရမည်။ ToR တွင် ပုံမှန်အစည်းအဝေးများပြုလုပ်ခြင်း၊ လျှို့ဝှက်မှုအား ထိန်းသိမ်းခြင်း၊ အေဂျင်စီများ သို့မဟုတ် လူသားချင်းဆိုင်ရာလုပ်ငန်းတာဝန်ခံ (HC) သို့မဟုတ် ဌာနေကိုယ်စားလှယ်များ (RC) ထံသို့ လွှဲပြောင်းပေးခြင်းနှင့် အဖွဲ့အစည်းတခုက အခြားအဖွဲ့အစည်းမှ ကျူးလွန်သူ အရေးယူရန် ထိုအဖွဲ့အစည်းထံသို့ တရားဝင်တိုင်ကြားစာပေးပို့သောအခါတွင် သက်ဆိုင်ရာ အဖွဲ့ နှစ်ဖွဲ့အစည်းအဝေးများ ကျင်းပပေးရေးတို့ ပါဝင်သည်။

**အဓိကလုပ်ငန်းများ**

လိုအပ်ပါက လုပ်ငန်းဆုံချက်ကွန်ယက်သည် ၎င်း၏လုပ်ငန်းများအား လူသားချင်းဆိုင်ရာ လုပ်ငန်းတာဝန်ခံ (HC) သို့မဟုတ် ဌာနေ ကိုယ်စားလှယ်များ (RC)၏ ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်ပြီး ထိုတာဝန်ခံများထံသို့ အစီရင်ခံတင်ပြသည်။ ကွန်ယက်လုပ်ငန်း များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု နှင့် အနိုင်ကျင့်မှုဆိုင်ရာ နိုင်ငံတွင်းလုပ်ဆောင်နေသော ကွန်ယက်များအတွက် ရည်ညွှန်းချက် အကိုးအကား (Terms of Reference for In-country Networks on Sexual Exploitation and Abuse) တွင် ဖော်ပြထားသည်။

၁၊ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များတွင် ပူးပေါင်းပါဝင်လုပ်ကိုင်ခြင်း။

- လိင်အကြမ်းဖက်မှုပုံစံအားလုံးအား ကာကွယ်ဟန့်တားရန်နှင့် တုန့်ပြန်ဆောင်ရွက်သော စနစ်များအတွင်းသို့ SEA အစီရင်ခံခြင်း လုပ်ငန်းအား တပေါင်းတည်းထားပါ။
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွင် ပူးပေါင်းပါဝင်ပါ။

၂၊ အနည်းဆုံး (၂ လ) လျှင် တကြိမ် လုပ်ငန်းဆုံချက်ကွန်ယက်အစည်းအဝေးအား ပုံမှန်ကျင်းပပါ။

- သင်ခန်းစာများနှင့် အကောင်းဆုံးသော လုပ်ငန်းဆောင်ရွက်မှုပုံစံများကို မျှဝေပါ။
- တိုင်ကြားသူ၏ လျှို့ဝှက်မှုအား ထိပါးစေနိုင်သည့် သတင်းအချက်အလက်များကို မည်သို့သော အခါမျှ ထုတ်ဖော်မပြောဆိုရ။
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အနိုင်ကျင့်မှုများအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်သော လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပါ။
- ကိုယ်စားပြုထားသော လုပ်ငန်းဆုံချက်များနှင့် အစားထိုးများအား အထောက်အပံ့များပေးပါ။

၃၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် မပါရှိသော ဖြစ်ရပ်များနှင့် အစီရင်ခံစာများအကြောင်းအား ဆုံချက်အဖွဲ့ဝင်များ မည်သည့်အခါမျှ မဆွေးနွေးရ။ အသက်ရှင်ကျန်ရစ်သူများ၊ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများနှင့် စွပ်စွဲခံထားရ သော ကျူးလွန်သူအား အကာအကွယ်ပေးရန်အတွက် ယင်းသတင်းအချက်အလက်အား လုံးဝလုံခြုံစွာ ထိန်းသိမ်းထားရမည်။

၄၊ အခြားအဖွဲ့များဖြင့် ပူးပေါင်းကာ သင်တန်းများ၊ အသိပညာပေးခြင်း နှင့် လူထုအတွင်း သတင်းဖြန့်ချိရေးစီမံချက်များ စီစဉ်ခြင်း၊ တာဝန်ခံဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းများ ဆောင်ရွက်ပါ။ (အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအား ကြည့်ပါ။)

၅၊ ကာကွယ်ဟန့်တားခြင်းနှင့် အကောင်းဆုံးသော လုပ်ဟန်များအား ဌာနချုပ်သို့ အစီရင်ခံပါ။

၆၊ အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်ပါ အချက်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများအား စောင့်ကြည့်ကြပ်မတ်သော စုပေါင်းအေဂျင်စီသုံးသပ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်ပါ။

၇၊ အခြေအနေတခုတည်းအောက်တွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများတွင် IASC အထောက်အထားများ အဆင်သင့်ရှိပါစေ။ ဖြန့်ဝေထားပြီး ဖြစ်ပါစေ။

**Key Reference Materials**

1. ToR for in-country Networks. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_NetworksTOR.pdf

2. ToR for in-country Focal Points on Sexual Exploitation and Abuse. http://www.womenwarpeace.org/issues/violence-/GBV_nairobi/COC_FocalPtsTOR.pdf

3. Model Information Sheet for Communities http://www.womenwarpeace.org/issues/violence-/GBV_nairobi/COC_infosheet.pdf

4. Model Complaints Referral Form.. http://www.icva.ch/cgibin/browse.pl?doc=doc00001187

5. Scenarios Covering Prohibited Acts. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SEAcasestudies.pdf

6. Implementation Guidelines. http://www.womenwarpeace.org/issues/violence/GBV_nairobi/COC_SGbulletin.pdf

# ၅၊ ရေ နှင့် မိလ္လာစနစ်

## လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၅၊ ၁ သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖော်ခြင်း

## အလုပ်စာမျက်နှာ
## သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖော်ခြင်း
## လုပ်ငန်း။ ။ လူသားအရင်းအမြစ်များ
## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

သန့်ရှင်းသော သောက်သုံးရေ၊ ကောင်းမွန်သော မိလ္လာစနစ်နှင့် တကိုယ်ရေသန့်ရှင်းမှုများသည် အရေးပေါ်အခြေအနေတခု၏ အဆင့် အားလုံးတွင် အသက်ရှင်နေထိုင်မှုအတွက် အရေးပါသော အရာများဖြစ်သည်။ အရေးပေါ်အခြေအနေများတွင် ပြည်သူများသည် ရေမှ ရသော ရောဂါများကြောင့် နာမကျန်းဖြစ်လွယ်ကြပြီး အသက်ပင် ဆုံးရှုံးရတတ်သည်။ အမျိုးသမီးများနှင့် ကလေးများသည် အထူးသဖြင့် ပို၍ အန္တရာယ်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ဆင်းရဲသောသူများအနက် အဆင်းရဲဆုံးသော လူအများစုဖြစ်ကြပြီး အိုးအိမ်အခြေမဲ့ စွန့်ခွာထွက်ပြေးကြသူများတွင်လည်း လူဦးရေအများဆုံးဖြစ်ကြသောကြောင့် ဖြစ်သည်။ ဓလေ့ထုံးစံအများစုတွင် အစားအသောက်နှင့် သောက်သုံးရေအား အမျိုးသားများအတွက် ပို၍ ဦးစားပေးတတ်ကြသောကြောင့်လည်းဖြစ်သည်။

အများသုံးရေစနစ်နှင့် မိလ္လာစနစ်ကို အသုံးပြုရသောအခါတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်သည်။ ထိုအန္တရာယ်ရှိမှုအား နည်းပါးစေရန်အတွက် ရေထောက်ပံ့ပေးမှုနှင့် မိလ္လာစနစ်ထောက်ပံ့ပေးမှု လုပ်ငန်းအစီအမံများတွင် အမျိုးသမီးများပါဝင်စေရေးအား အလေးထားဆောင်ရွက်သင့်သည်။ အထူးသဖြင့် နေရာရွေးချယ်ခြင်းနှင့် အဆောက်အဦး တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းများတွင် အမျိုးသမီးများ လုံးဝပါဝင်ရမည်။ သတင်းအချက်အလက်ဖြန့်ချီရေးလုပ်ငန်းအပါအဝင် ရေနှင့် မိလ္လာစနစ်များ ဒီဇိုင်းဆွဲရာတွင် လိင်ကွဲပြားမှုအချက်အလက်၊ လိင်ကွဲပြားမှုအပေါ် အကဲဖြတ်ချက်နှင့် လုံခြုံရေးဆိုင်ရာ ထည့်သွင်း စဉ်းစားချက်များအပါအဝင် ရပ်ရွာအခြေအနေအား နားလည်မှုအပေါ်တွင် အခြေပြုရမည်။ မီးအလင်းရောင်ပေးခြင်း၊ လုံခြုံရေး ကင်းလှည့်ခြင်းစသော အကာအကွယ်ပေးခြင်းနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများသည် လက်တွေ့တွင် တန်းတူမျှတသော ရေနှင့် မိလ္လာလုပ်ငန်းအစီအစဉ် အစဉ်ဖြစ်ရမည်။

**အဓိကလုပ်ငန်းများ**

အောက်ဖော်ပြပါလုပ်ငန်းများသည် ရေ နှင့် မိလ္လာထောက်ပံ့ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်း များ၏ ရေ နှင့် မိလ္လာထောက်ပံ့ခြင်းအလုပ်ကဏ္ဍများအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေး လုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်းဆုံချက်တခုဖွဲ့စည်းကာ ရေ နှင့် မိလ္လာထောက်ပံ့ခြင်း လုပ်ငန်း၏ အောင်မြင်မှုများကို ပြန်လည် အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များနှင့် သတင်း ပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေး တာဝန်ခံအေဂျင်စီများနှင့် အလုပ်အဖွဲ့များ ဦးဆောင်သော ကဏ္ဍစုံလုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက်များ ပူးပေါင်းပါဝင်ရမည်။

၁၊ ရေ နှင့် မိလ္လာထောက်ပံ့ခြင်းစနစ်များဖြင့် ဆက်နွယ်သော အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုံခြုံမှုနှင့် လုံခြုံရေးအတွက် အန္တရာယ် ရှိမှုများကို သတ်မှတ်ပါ။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် လုံခြုံမှုနှင့် လုံခြုံရေးကောင်းမွန်စေသော နေရာ၊ ပုံစံနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဖြစ်ပါစေ။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဆက်နွယ်သော ရပ်ရွာနှင့် အခြေအနေဆိုင်ရာ သက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်း ရန်အတွက် အခြေအနေဆိုင်ရာ စုပေါင်းအကဲဖြတ်ချက်လုပ်ငန်းတွင် ပူးပေါင်းပါဝင်ပါ။ (အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံဆောင်ရွက်ခြင်း
- အမျိုးသမီးတဦးတည်းဦးဆောင်ရသော အိမ်ထောင်စုများ၊ ဆယ်ကျော်သက်အမျိုးသမီးများ၊ အုပ်ထိန်းသူမရှိသော

မိန်းကလေးများ စသူတို့ကဲ့သို့သော အကာအကွယ်မဲ့သော အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များအား အထူးအလေးထားသင့် သည်။

၂။ ရေ နှင့် မိလ္လာ အဆောက်အဦးများအတွက် နေရာသတ်မှတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အမျိုးသမီးနှင့် အမျိုးသားများ ပါဝင်လာရေး ဆွဲဆောင်စည်းရုံးပါ။

- အမျိုးသမီးများအပေါ်တွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရ။
- အသုံးပြုသူများ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးများသည် တကိုယ်ရေသန့်ရှင်းမှု အလေ့အထများနှင့် အခြေအနေများအတွက် အန္တရာယ်ရှိမှုများ သတ်မှတ်ရာတွင် ပါဝင်ရမည်။ ထိုအန္တရာယ်ရှိမှုများ လျော့ပါးစေရေးအတွက် အသုံးပြုသူအားလုံးတွင် တာဝန်ရှိသည်။
- အမျိုးသမီး ၅၀ ရာခိုင်နှုန်းပါဝင်သော ရေ နှင့် မိလ္လာလုပ်ငန်းကော်မတီများ တည်ထောင်ပါ။ ယင်းကော်မတီသည် ရေ နှင့် မိလ္လာအဆောက်အဦးများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် တာဝန်ရှိသည်။

၃။ အားလုံးအတွက် လုံခြုံစွာ အသုံးပြုနိုင်သော ရေ ရရှိရာနေရာအား အမျိုးသမီးများနှင့် ကလေးများ၏ လိုအပ်ချက်အတွက် အထူးအာရုံထား၍ နေရာသတ်မှတ်ပါ။

- ရပ်ရွာလူထုအားလုံးနှင့် ရေစုပ်စက်ထားမည့်နေရာအား ဆွေးနွေးပါ။
- လမ်းညွှန်ချက်တခုမှာ မည်သည့်အိမ်ထောင်စုမဆို ရေ ရရာနေရာနှင့် မီတာ ၅၀၀ ထက်ပိုဝေး၍ မနေရ ဟူ၍ ဖြစ်သည်။

၄။ အမျိုးသမီးနှင့် ကလေးများအသုံးပြုမည့် ရေသယ်ခွက်နှင့် လက်ဆွဲ ရေစုပ်စက်များအား ပုံစံသတ်မှတ်ပေးပါ။

၅။ ရေခွဲတမ်း သို့မဟုတ် ရေစုပ်စက်အား အချိန်ဖြင့်ပေးရသော အခြေအနေများတွင် အသုံးပြုသူအားလုံး၏ အကြံညဏ်ယူ၍ စီမံပါ။ အထူးသဖြင့် အမျိုးသမီးများနှင် ကလေးများ၏ အကြံညဏ်ကို ရယူရမည်။

- အမျိုးသမီးများနှင့် ရေလာခပ်ရန်တာဝန်ရှိသူများအတွက် အဆင်ပြေ၍ လုံခြုံသော အချိန်တခု ဖြစ်သင့်သည်။
- အသုံးပြုသူများအားလုံးအား မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ရေရနိုင်သည်ကို ပြည့်စုံစွာ အသိပေးရမည်။

၆။ အသုံးပြုသူများအတွက် တကိုယ်ရေ လွတ်လပ်မှု၊ ဂုဏ်သိက္ခာရှိမှုတို့ ရှိစေရန်အတွက် အမျိုးသမီးများ၊ မိန်းကလေးများဖြင့် အကြံယူ၍ အများသုံးရေချိုးခန်း နှင့် အဝတ်လျှော်ခန်းများကို ပုံစံချပါ။

- အသုံးပြုသူများအားလုံး အထူးသဖြင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများဖြင့် အကြံယူဆွေးနွေးကာ အမျိုးသားများအသုံးပြုသော အဆောက်အဦနှင့် အမျိုးသမီးများ အသုံးပြုသော အဆောက်အဦး နီးကပ်စွာ ထားသင့်သည် သို့မဟုတ် ခပ်လှမ်းလှမ်းတွင် ထားသင့်သည်များအပါအဝင် အရည်အတွက်၊ နေရာ၊ ပုံစံ၊ လုံခြုံမှု၊ သင့်တင့်မှုနှင့် အဆင်ပြေမှုများကို သတ်မှတ်ရေးဆွဲပါ။
- အသုံးပြုသူများ၏ လုံခြုံမှုအတွက် အဆောက်အဦများသည် လက်လှမ်းမှီမှု၊ လွယ်လင့်တကူ အသုံးပြုနိုင်မှုနှင့် ကောင်းမွန်စွာ မီးထွန်းထားသင့်သည်။
- ရေချိုးခန်းများသည် အတွင်းမှ သော့ခတ်နိုင်သော အဆောက်အဦးများ ဖြစ်သင့်သည်။

၇။ လုံခြုံမှု၊ တကိုယ်ရေလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိရေးအတွက် အမျိုးသမီးများ၊ မိန်ကလေးများနှင့် အကြံညဏ်ယူ၍ အိမ်သာများကို ပုံစံရေးဆွဲပါ။

- တည်ဆောက်မှု အိမ်သာပုံစံအား သတ်မှတ်ရာတွင် နှစ်ခြိုက်မှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အလေ့အထများကို ထည့်သွင်း စဉ်းစားပါ။
- လိင်ကွဲပြားမှုအချက်အလက်များကို အသုံးပြု၍ အမျိုးသမီးနှင့် အမျိုးသားများအတွက် အဆောက်အဦ အရေအတွက် အချိုးအစားကို စီစဉ်ပါ။ အကြမ်းဖျင်း လမ်းညွှန်ချက်မှာ ၃ အချိုး ၁ ဖြစ်သည်။
- အိမ်သာများတွင် အပြင်မှ သော့ခတ်၍ ရသော တံခါးများတပ်ဆင်ပါ။
- အိမ်သာနေရာများသည် အမျိုးသမီးများနှင့် မိန်းကလေးများ လုံခြုံသည်ဟု ခံစားရသော လုံခြုံစွာအသုံးပြုနိုင်သော

နေရာများ ဖြစ်ရမည်။

- အများသုံးအိမ်သာများအား မီးများတပ်ဆင်ပေးရမည်ဖြစ်ပြီး မိသားစုများအား ဓါတ်မီးများထောက်ပံ့ပေးရမည်။

၈၊ ဓမ္မတာလာသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရာသီသွေးလာသောအချိန်တွင် အသုံးပြုမည့် သင့်တော်သော အသုံးအဆောင်များ ဝေငှပါ။ (အလုပ်စာမျက်နှာ ၇၊ ၄ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေ ပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ကြည့်ပါ။)

၉၊ ရေ၊ မိလ္လာအဆောက်အဦများ အသုံးပြုမှု နှင့် ထိန်းသိမ်းစောင့်ရှောက်မှု အကြောင်းအား အမျိုးသမီးနှင့် အမျိုးသားများသို့ အသိပေးပါ။

- အမျိုးသားနှင့် အမျိုးသမီးများအား အဆောက်အဦးများအား မည်ကဲ့သို့ ပြင်ဆင်ရမည်နှင့် ပစ္စည်းအပိုများအား မည်သည့် နေရာတွင် ရနိုင်သည်၊ မည်ကဲ့သို့ ပြုလုပ်နိုင်သည်ကို သေချာစွာ ပြောပြပါ။
- အသုံးပြုမည့်သူများ အထူးသဖြင့် အမျိုးသမီးများအတွက် မည်သည့်အချိန်တွင် သတင်းအချက်အလက်များ ပြောဆိုပြမည်အား ၎င်းတို့နှင့် ဆွေးနွေး၍ ဆုံးဖြတ်ပါ။ ထိုမှသာ ၎င်းတို့၏ အခြားသော တာဝန်ရှိမှုများဖြင့် သဟဇာတဖြစ်နိုင်ပေမည်။
- သတင်းအချက်အလက်များနှင့် အသိတရားမြှင့်တင်ပေးရေး အချက်အလက်များသည် ဓလေ့ထုံတမ်းအစဉ်အလာအရ လက်ခံနိုင်သော အရာများဖြစ်ကြပြီး၊ အုပ်စုအားလုံးမှ နားလည်းနိုင်သော (အထူးသဖြင့် အမျိုးသမီးများနှင့် စာမတတ်သူများ) အရာများဖြစ်ရမည်။
- အုပ်စုအားလုံးသည် ၎င်းတို့၏ တကိုယ်ရေသန့်ရှင်းမှု ပိုမိုကောင်းမွန်လာစေရန်အတွက် သူတို့ကိုယ်တိုင်ပါဝင်စီမံစောင့်ကြည့် ကြပ်မတ်နိုင်သော နည်းလမ်းများကို အသုံးပြုပါ။ အကြမ်းဖျင်းလမ်းညွှန်ချက်တွင် စခန်းအတွင်းအခြေအနေ၌ လူဦးရေ ၁၀၀၀ တွင် အမျိုးသမီးတဦးနှင့် အမျိုးသားတဦးပါဝင်သော တကိုယ်ရေသန့်ရှင်းရေးမြှင့်တင်သူနှင့် လူထုစည်းရုံးရေးသမားတဦး ရှိသင့်သည်။

၁၀၊ တကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးလုပ်ငန်းများတွင် အမျိုးသမီးနှင့် အမျိုးသားပါဝင်မှုကို ထိန်းသိမ်းထားပါ။ တကိုယ်ရေသန့်ရှင်းမှု မြှင့်တင်သူများအကြားနှင့် ကော်မတီများတွင် လိင်အရ တန်းတူရည်မှု ရှိရမည်။

- အမျိုးသမီးများသည် တကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးလုပ်ငန်းများ သို့မဟုတ် ရေ နှင့် မိလ္လာအဆောက်အဦများ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များဖြင့် တာဝန်ပိမနေစေရ။
- အမျိုးသမီးနှင့် အမျိုးသားများသည် တကိုယ်ရေမြှင့်တင်ရေးလုပ်ငန်းများတွင် တန်းတူပါဝင်မှု ရှိရမည်ဖြစ်ပြီး ထိုလုပ်ငန်းမှ အကျိုးရလဒ်များ သို့မဟုတ် ခံစားခွင့်များသည် အမျိုးသမီးနှင့် အမျိုးသားများအကြား မျှတစွာ ခွဲဝေရမည်။

**Key Reference Materials**


1. *Humanitarian Charter and Minimum Standards in Disaster Response.* The Sphere Project, Geneva 2004..Sphere, 2004. www.sphereproject.org

2. Toolkit on gender in water and sanitation. World Bank. http://www.reliefweb.int/rw/lib.nsf/db900SID/LHON-5TVFSP/$FILE/WorldBank_gender_1998.pdf?OpenElement

3. Gender in water and sanitation checklist. Asian Development Bank (ADB). www.adb.org/gender

4. Gender and Water Alliance. http://www.genderandwater.org/

5. Gender guidelines for water supply and sanitation. AusAID. http://www.ausaid.gov.au/publications/pdf/gender_guidelines_water.pdf

# ၆၊ အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အဟာရ

## လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၆၊ ၁ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးသော အစီအစဉ်များ အကောင်အထည် ဖော်ခြင်း

## အလုပ်စာမျက်နှာ

## ၆၊ ၁ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးသော အစီအစဉ်များ အကောင်အထည်ဖေါ်ခြင်း

## လုပ်ငန်း။ ။ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်း

## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

အရေးပေါ်အခြေအနေတခုတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် အမျိုးသားများ၊ ယောက်ကျ်ားကလေးများတွေ့ကြုံရသော အန္တရာယ်နှင့် မတူကွဲပြားစွာ ရင်ဆိုင်ရသည်။ ထိုအနက်မှ အန္တရာယ်ရှိမှုတခုမှာ အစားအစာကိစ္စရပ်ဖြစ်သည်။ လိင်အရမတူကွဲပြားမှုအပေါ် ထိရောက်သော အကူအညီပေးခြင်းများ သိရှိနိုင်ရန်အတွက် ထိရောက်သော အစားအစာပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်း ပေးခြင်း မဟာဗျူဟာများတွင် အရေးပေါ်အခြေအနအတွင်း လိင်ကွဲပြားမှုအခြေအနေ၏ အတိုင်းအတာအား နားလည်ရန်လိုအပ်သည်။ (အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံဆောင်ရွက်ခြင်းအားကြည့်ပါ။) အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်းလုပ်ငန်းစဉ်များအား အကောင်းဆုံးဖြစ်အောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချသောလုပ်ငန်းများတွင် အမျိုးသမီးများပူးပေါင်းပါဝင်ခြင်းသည် အရေးပေါ်အခြေအနေများအတွင်း အမျိုးသမီး များနှင့် မိန်းကလေးများရင်ဆိုင်ရမည့် အန္တရာယ်အား လျော့ပါးသွားစေရန် ကြိုးပမ်းမှုတွင် အလွန်အရေးပါလှသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်တာဆီးရာတွင် အစာအစာဖြန့်ဖြူးပေးရေး စီမံကိန်းရေးဆွဲခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း၌ အောက်ဖေါ်ပြပါ စည်းမျည်းစည်းကမ်း များကို လိုက်နာရန် လိုအပ်သည်။

- လူထုတွင် အစားအစာဆိုင်ရာ အကူအညီရရှိရန်အတွက် တိကျသော အခွင့်အရေးရှိသည်။
- လူထု၏ တက်ကြွသော ပူးပေါင်းပါဝင်မှုရှိရမည်။
- လုပ်ငန်းများအားလုံးသည် သိသာမြင်သာဖြစ်ခြင်း၊ ပွင့်လင်းခြင်းနှင့် ရှင်းလင်းစွာ ဖြစ်ရန်လိုအပ်သည်။
- အစားအစာအကူအညီရရှိနိုင်ရေးအတွက် ပါဝင်လုပ်ဆောင်သူအားလုံးက ကူညီပံ့ပိုးရမည်။
- အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုများမှ လုံခြုံစေရန်အတွက် ပါဝင်ဆောင်ရွက်သူများအားလုံးမှ သေချာစွာ ဆောင်ရွက်ရမည်။

**အဓိကလုပ်ငန်းများ**

အောက်ဖေါ်ပြပါလုပ်ငန်းများသည် အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်း လုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်း အလုပ်ကဏ္ဍများအတွက် အကျိုးဝင်သည်။ လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်းဆုံချက်တခု ဖွဲ့စည်းကာ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်း လုပ်ငန်း၏ အောင်မြင်မှုများကို ပြန်လည်အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များနှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖေါ်ပြထားသကဲ့သို့ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးတာဝန်ခံ အေဂျင်စီများနှင့် အလုပ်အဖွဲ့များဦးဆောင်သော ကဏ္ဍစုံလုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက်များ ပူးပေါင်း ပါဝင်ရမည်။

၁၊ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်းလုပ်ငန်းဗျူဟာများ စီမံကိန်းရေးဆွဲရန်နှင့် ပြန်လည်သုံးသပ်ခြင်းများ လုပ်ကိုင်ရန်အတွက် လိင်ကွဲပြားမှုအပေါ် အခြေခံ၍ ကောက်ယူထားသော အချက်အလက်များကို စုစည်းပါ။ (အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက် တခုအားတာဝန်ခံဆောင်ရွက်ခြင်းအား ကြည့်ပါ။)

၂၊ ပရောဂျက်လုပ်ငန်းစဉ်တခုလုံးရှိ အဆင့်အားလုံး (ပရောဂျက်ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖေါ်ခြင်း၊

စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများ အပါအဝင်) အစားအစာနှင့် အဟာရထောက်ပံ့ပေးခြင်း လုပ်ငန်းစဉ်များတွင် လိင်အကြမ်းဖက်မှု ကာကွယ် ဟန့်တားခြင်း မဟာဗျူဟာများတွင် ထည့်သွင်းပါ။ လိင်အကြမ်းဖက်မှုအတွက် ပိုမိုအကာအကွယ်မဲ့သော အုပ်စုများအပေါ် အထူး အလေးပေးရမည်။

- အမျိုးသမီးများနှင့်ကလေးများ ဦးစီးသော အိမ်ထောင်စုများသို့ အစားအစာအထောက်အပံ့ပေးပါ။ အိမ်ထောင်စုအတွက် အဓိက အစားအစာရှာပေးရသော အမျိုးသမီးများနှင့် ကလေးများသည် ရံဖန်ရံခါဆိုသလို ခွဲခြားဆက်ဆံခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ အတွက် အန္တရာယ်ကြီးစွာရှိသည်။ အစားအစာရှားပါးသော အခြေအနေများတွင် အမျိုးသမီးများနှင့် ကလေးများသည် အစားအစာ မလုံလောက်မှုနှင့် အဟာရချို့တဲ့ခြင်းဒဏ်ကို ပြင်းထန်စွာ ခံစားရသည်။ အိမ်ထောင်စု ရိက္ခာမှတ်ပုံတင်ကဒ်ပြားတွင် အမျိုးသားအမည်ထက် အမျိုးသမီး၏ အမည်အား တပ်ထားခြင်းသည် တကယ်တမ်းစားသုံးသော ရိက္ခာအပေါ် အမျိုးသမီး၏ ထိန်းချုပ်နိုင်မှု ပိုမိုကြီးစေသည်။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် အဟာရဓါတ်တိုးမြင့်လိုအပ်ချက်အား ဖြေရှင်းပေးသည့်အနေဖြင့် အထူးအာရုံစိုက် အလေးထားရမည်။
- ဇနီးတဦးထက်ပို၍ ထားခွင့်ရှိသော မိသားစုများအတွက် ဇနီးသည်တဦးစီနှင့် ၎င်းတို့၏ မှီခိုသူများအတွက် သီးခြားရိက္ခာကဒ်ပြား ထုတ်ပေးရမည်။ တခါတရံတွင် ခင်ပွန်းသည်အား ဇနီးသည် တဦးဦး၏ အိမ်ထောင်စုဝင်အဖြစ် ထည့်သွင်းထားရသည်။ ထုံးတမ်း စဉ်လာအရ ဇနီးတဦးထက်ပို၍ ထားခွင့်ရှိသော အမျိုးသားနှင့် သူ၏ဇနီးများက ခင်ပွန်းသည်အား ဇနီးသည်တဦးချင်းစီမှ အစားအစာများ လာရောက်ပေးရမည်ဟု ယုံကြည်ထားကြသည်။ ခင်ပွန်းသည်အတွက် ရိက္ခာခွဲတမ်းအားမည်ကဲ့သို့ သတ်မှတ်ပေးထားသည်ကို သေချာစွာ စဉ်းစား၍ မိသားစုဝင်များ (ဇနီးသည်အားလုံး)ကိုလည်း ရှင်းလင်းစွာ ပြောပြထား ရမည် ဖြစ်သည်။

၃၊ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးခြင်းလုပ်ငန်း အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တခုလုံးတွင် အမျိုးသမီးများ ပါဝင်ရမည်။ ဖြေရှင်းပေးရမည့်ကိစ္စရပ်များအား နားလည်နိုင်ရန်အတွက် အမျိုးသမီးများဖြင့် ပုံမှန်ဆက်သွယ်မှုများ ပြုလုပ်ပါ။ အမျိုးသမီးများသည် အောက်ပါလုပ်ငန်းများတွင် ပူးပေါင်းရမည်။

- စုံစမ်းလေ့လာခြင်းနှင့် ထောက်ပံ့ပေးရမည့်နေရာများသတ်မှတ်ပေးခြင်း လုပ်ငန်းများ အထူးသဖြင့် အကာအကွယ်မဲ့ အဖြစ်ဆုံး နေရာများ သတ်မှတ်ရာတွင် ပါဝင်ခြင်း
- အလားအလာရှိသော ရိက္ခာထောက်ပံ့မှုနှင့် လုပ်ကိုင်လိုသည့်ဆန္ဒအား ဆွေးနွေးပါ။
- ယေဘုယျကိုတာခွဲဝေပေးခြင်းနှင့် အပိုဆောင်းထောက်ပံ့ပေးခြင်းများအပါအဝင် အစားအစာ ဖြန့်ဝေပေးရန်အတွက် နေရာနှင့် အချိန်ကို ဆွေးနွေးပါ။
- ချက်ပြုတ်ရေးပစ္စည်းများနှင့် အခြားလိုအပ်သော ပစ္စည်းများအား စုံးစမ်းလေ့လာပါ။ ထိုပစ္စည်းများသည် ရပ်ရွာအတွင်းရှိမရှိနှင့် အစားအစာမဟုတ်သော ပစ္စည်းများ ရရှိရေးအတွက် နည်းလမ်းများရှာပါ။ ထိုပစ္စည်းများရှာဖွေချိန်တွင် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်ရှိသောကြောင့် ယင်းအချက်ကို အထူးဂရုစိုက်ရမည်။ ဥပမာ ထမင်းဟင်းချက်ရန် အတွက် ထင်းများကို နေရာဝေးဝေးတွင် သွားရောက်ရှာရပါက အမျိုးသမီးများအတွက် အကာအကွယ်မဲ့နိုင်သည်။ (အလုပ်စာမျက်နှာ ၇၊ ၃ လုံခြုံသော လောင်စာရရှိရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း နှင့် အလုပ်စာမျက်နှာ ၅၊ ၁ သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖော်ခြင်း အားကြည့်ပါ။)

၄၊ အမျိုးသမီးများအား အိမ်ထောင်စုအတွင်း အစားအစာစီမံခန့်ခွဲသူအဖြစ် တာဝန်ပေးခြင်းဖြင့် အမျိုးသမီးများ၏ အစားအစာ ဖြန့်ဝေခြင်းတွင် ထိန်းချုပ်မှုကို ပို၍ အားကောင်းစေသည်။

- အမျိုးသမီး၏ အမည်ဖြင့် ရိက္ခာကဒ်ပြားကို ထုတ်ပေးပါ။
- အစားအစာဖြန့်ဝေပေးသော နေရာတွင် လာရောက်ယူရန် အမျိုးသမီးများကို တွန်းအားပေးပါ။
- အမျိုးသမီးများအား ၎င်းတို့ကိုယ်စားရိက္ခာလာရောက်ထုတ်ရန် လူတဦးအား တာဝန်ပေးခွင့် အခွင့်အရေးအားပေးပါ။
- ရိက္ခာပေးသော နေရာမှ သယ်ယူရသော ရိက္ခာပမာဏ နည်းပါးစေရန်အတွက် တလလျှင် အနည်းဆုံး ၂ ကြိမ်ခွဲပေးပါ။
- ရိက္ခာပေးသော နေရာတွင် လာရောက်မထုတ်ယူနိုင်သော မိသားစုများအတွက် သယ်ယူပို့ဆောင်ရေး စီစဉ်ပေးရန်အတွက် ပရောဂျက်၏ ဘဏ္ဍာငွေအား သုံးစွဲပါ။

၅၊ ရိက္ခာပေးသော နေရာရွေးချယ်သော လုပ်ငန်းတွင် အမျိုးသမီးများပါဝင်ရမည်။ အောက်ဖော်ပြပါ လုပ်ငန်းကဏ္ဍများအတွက် ထည့်သွင်း စဉ်းစားရမည့်အချက်များမှာ

- ရိက္ခာဖြန့်ဝေပေးသော နေရာသည် အိမ်ထောင်စုများ၏ အနီးဆုံးရေရရှိသည့်နေရာ သို့မဟုတ် လောင်စာထင်းရနိုင်သော နေရာများထက် ပို၍ ဝေးသော နေရာများတွင် မရှိသင့်ပေ။
- ရိက္ခာဖြန့်ဝေပေးသောနေရာ အသွားအပြန် လမ်းသည် ရှင်းလင်းစွာ အမှတ်အသားများ ပြုလုပ်ထားခြင်း၊ လွယ်ကူစွာ အသုံးပြု နိုင်ခြင်းနှင့် အခြားရပ်ရွာပြည်သူများ ပုံမှန်သွားသော လမ်းတခုလည်း ဖြစ်သင့်သည်။
- အမျိုးသားများ များစွာရှိနေသော နေရာအနီးတဝိုက်အား အသုံးပြုခြင်းကို ရှောင်ရှားသင့်သည်။ အထူးသဖြင့် အရက်လွယ်ကူစွာ ရနိုင်သော နေရာ သို့မဟုတ် လက်နက်ကိုင်ပုဂ္ဂိုလ်များဖြင့် နီးကပ်သော နေရာများအား အထူးရှောင်ရှားရမည်။

၆၊ အမျိုးသမီးအတွက် အဓိပ္ပါယ်ရှိသော တန်းတူရှိသော ပူးပေါင်းပါဝင်မှုရှိသော လိင်ပိုင်းဆိုင်ရာ တန်းတူရည်တူရှိသော အစားအစာဖြန့်ဝေ ပေးခြင်း ကော်မတီများကို တည်ထောင်ပါ။ အောက်ပါလုပ်ငန်းများသို့ အာရုံစိုက်လုပ်ဆောင်သင့်သည်။

- လိင်ပိုင်းဆိုင်ရာ တန်းတူရည်တူပါဝင်မှုရှိသော အဖွဲ့တခုမှ အစားအစာဖြန့်ဝေခြင်းလုပ်ငန်းအား ဆောင်ရွက်ပါ။ အခြားသော မိသားစုလိုအပ်ချက်များအတွက် အသုံးပြုနိုင်သော ပစ္စည်းများဖြင့် ထုတ်ပိုးပေးပါ။
- အမျိုးသမီးများ၏ လုပ်ငန်းတာဝန်များ၊ လိုအပ်ချက်များနှင့်အညီ ရိက္ခာဖြန့်ဝေပေးရန်အချိန်ကို ရွေးချယ်ပါ။ ရိက္ခာဖြန့်ဝေသော နေရာသို့ အဖွဲ့အစည်းများအား သွားလာခွင့်ပြုရမည်။
- နေ့အချိန်တွင် ရိက္ခာ ဖြန့်ဝေပါ။ အမျိုးသမီးများ နေ့အချိန်တွင် အိမ်ပြန်နိုင်သော အချိန်ဖြစ်ပါစေ။

၇၊ လူထုထံသို့ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးများသို့ ရိက္ခာဖြန့်ဝေခြင်းနှင့်ပတ်သက်သော လုံလောက်ပြည့်စုံသော သတင်း အချက်အလက်များပေးပါ။ လူထုအား အောက်ပါသတင်းအချက် အလက်များ ပေးပါ။

- အိမ်ထောင်စုရိက္ခာခွဲတမ်း၏ ပါဝင်မှု နှင့်ပမာဏ
- ခံစားခွင့်ရှိသူများ ရွေးချယ်ခြင်း စံသတ်မှတ်ချက်
- ဖြန့်ဝေပေးသော နေရာနှင့် အချိန်
- ရိက္ခာရရန်အတွက် ပြည်သူများဖက်မှ မည်သို့သော အရာမျိုးမှ ပြန်ပေးစရာမလိုခြင်း
- ရိက္ခာဖြန့်ဝေပေးခြင်းနှင့် ဆက်နွယ်သော အနိုင်ကျင့်မှုများအား အစီရင်ခံတင်ပြနိုင်သော လမ်းကြောင်းရှိမှု

၈၊ ရိက္ခာဖြန့်ဝေခြင်းတွင် ပါရှိသော လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိမှုအား လျော့ချပါ။အမျိုးသမီးများအတွက် ရိက္ခာပေးသော နေရာများတွင် လုံခြုံသော နေရာများ ဖန်တီးပေးပါ။

- ရိက္ခာဖြန့်ဝေပေးသော ရွပ်ရွာအတွင်းရှိ အမျိုးသားများအား အမျိုးသမီးများကို အကာအကွယ်ပေးရန် မေတ္တာရပ်ခံခြင်းနှင့် ရိက္ခာ ဖြန့်ဝေပေးသော နေရာမှ အိမ်သို့အပြန်လမ်းကြောင်းသည် အမျိုးသမီးများအတွက် လုံခြုံသော လမ်းကြောင်း ဖြစ်ရမည်။
- ရိက္ခာဖြန့်ဝေပေးသော သူများတွင် လိင်ပိုင်းဆိုင်ရာအရ တန်းတူရည်တူဖြစ်ရမည်။
- လိုအပ်ပါက အမျိုးသမီးနှင့် အမျိုးသားများ ခွဲဝေ၍ ရိက္ခာပေးပါ။ အချိန်အရ ခွဲခြား၍သော်လည်းကောင်း ရိက္ခာခွဲဝေနေစဉ် အတွင်း အမျိုးသားနှင့် အမျိုးသမီးအကြား အတားအဆီးများ ချထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။
- ရိက္ခာဖြန့်ဝေပေးသော အဖွဲ့များနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်သော အဖွဲ့အစည်းမှ ဝန်ထမ်းများအားလုံးသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုများ ရှောင်ရှားခြင်း၊ ကျင့်ဝတ်သိက္ခာများအား သိရှိထားရမည်။ (အလုပ် စာမျက်နှာ ၄ – ၃ လို့ဂ်ု၁က် တိုင်တန်းခြင်း စနစ်တခုအား အကောင်အထည်ဖေါ်ခြင်းအားကြည့်ပါ။)
- ကလေးများ ဦးစီးသော အိမ်ထောင်စုများအတွက် လုံခြုံသော လမ်းကြောင်းအစီအမံများ ပြုလုပ်ပါ။
- နေ့ဖက်အချိန်တွင် ရိက္ခာဖြန့်ဝေခြင်း စတင်၍ အဆုံးသတ်ပါ။
- ပစ္စည်းချခြင်း၊ စာရင်းသွင်းခြင်း၊ ဖြန့်ဝေခြင်းနှင့် ရိက္ခာဖြန့်ဝေပြီးနောက်ပိုင်း လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ရန်အတွက် တာဝန်ကျ အမျိုးသမီး ၂ ဦး (အပေါ် ဝတ်စကုတ်အကျီနှင့် ဓိစီတပ်ဆင်ပေးထားသော) အား တာဝန်ပေးရန် ထည့်သွင်းစဉ်းစားပါ။

၉၊ ရိက္ခာဖြန့်ဝေပေးသော နေရာနှင့် လမ်းကြောင်းတလျှောက်တွင် အနိုင်ကျင့်မှုများနှင့် လုံခြုံရေးကိစ္စရပ်များအား စောင့်ကြည့်ကြပ်မတ်ပါ။

- ရိက္ခာဖြန့်ဝေနေချိန်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသော အေဂျင်စီအား ကိုယ်စားပြုသော အမျိုးသမီး ဝန်ထမ်းများရှိရမည်။
- လူထုနှင့် လက်တွဲ၍ ရိက္ခာဖြန့်ဝေခြင်းနေရာနှင့် ထွက်ခွာရာလမ်းကြောင်းတလျှောက် လူထုအခြေပြု လုံခြုံရေးအစီအမံများကို တည်ဆောက်ပါ။ (အလုပ်စာမျက်နှာ ၃ ၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာစုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေးဗျူဟာများ ချမှတ်ခြင်း နှင့် အလုပ်စာမျက်နှာ ၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်းအားကြည့်ပါ။)
- ရိက္ခာဖြန့်ဝေသော နေရာတိုင်းတွင် လုံခြုံရေးဆုံချက်တခုတည်ဆောက်ပါ။
- ထွက်ခွာရာလမ်းကြောင်းတလျှောက် လုံခြုံရေးများချထားပါ။ ရိက္ခာသယ်ယူလာသော အမျိုးသမီးများ အကြမ်းဖက်ခံရမှုရန်မှ ကင်းဝေးစေရေး စောင့်ကြည့်ကြပ်မတ်ပါ။

**Key Reference Materials**


1. International Committee of the Red Cross. *Addressing the Needs of Women Affected by Armed Conflict.* 2001 – Part 1.5 – Food and Essential Household Items. http://www.icrc.org/Web/Eng/siteeng0.nsf/htmlall/p0840/$File/ICRC_002_0840.PDF!Open

2. *Gender Approaches in Conflict and Post-conflict Situations. Guidelines.* United Nations Development Programme. January 2003. Chapter 2.3 Protection Against Sexual Violence. http://www.icrc.org/Web/Eng/siteeng0.nsf/htmlall/p0840/$File/ICRC_002_0840.PDF?Open

3. United Nations World Food Programme. Gender Policy 2003-2007. http://www.wfp.org/eb/docs/2002/wfp010654~4.pdf

# ၇၊ အိုးအိမ်၊ နေရာချထားခြင်းနှင့် အစားအစာမဟုတ်သော ပစ္စည်းများ

## လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

## အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း

၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း

၇၊ ၃ လောင်စာ လုံခြုံစွာ ရရှိနိုင်ရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း

၇၊ ၄ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေပစ္စည်းများ ထောက်ပံ့ပေးခြင်း

# အလုပ်စာမျက်နှာ

# ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း

## လုပ်ငန်း။ ။ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်ပစ္စည်းများ စီမံပေးခြင်း

## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

### နိဒါန်း

အိုးအိမ်စွန့်ခွာထွက်ပြေးလာသူများအတွက် လုံခြုံသော နေရာထိုင်းခင်းများနှင့် ထိုအိုးအိမ်နေရာများသည် နိုင်ငံတကာမှ သဘောတူထားသော စံသတ်မှတ်ချက်များနှင့်အညီ လုံခြုံစွာ တည်ရှိပါက လိင်ပိုင်းအကြမ်းဖက်မှု ဖြစ်ရပ်အတော်များများအား ကာကွယ်ဟန့်တားနိုင်သည်။ သင့်လျော်ကောင်းမွန် လုံခြုံသည့် အိုးအိမ်များထောက်ပံ့ပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှုအား ပိုမိုခိုင်မာလာစေသည်သာမက အမျိုးသမီး၊ မိန်ကလေး၊ ယောက်ကျ်ားကလေးများနှင့် အမျိုးသားများ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်အပြင် အကာအကွယ်ပေးမှုကိုပါ ဖြစ်စေသည်။ အရေးပေါ်အခြေအနေကာလတခုအတွင်း လုံခြုံသော၊ လိင်ကွဲပြားမှုအပေါ် အာရုံစိုက် စီစဉ်ပေးသော အိုးအိမ်နေရာချထားရေး သဘောတူညီချက်များ ရရှိရေးအတွက် အဖွဲ့အစည်းများအကြား ခိုင်မာသော ပူးပေါင်းတာဝန်ခံဆောင်ရွက်မှု ရှိရမည်ဖြစ်ပြီး လူထု၏ပါဝင်မှု အထူးသဖြင့် အမျိုးသမီးများ၏ တက်ကြွသော ပါဝင်မှု ရှိရမည်။ အိုးအိမ်ထောက်ပံ့ပေးရေး လုပ်ငန်းများတွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းအား စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပူးပေါင်းတာဝန်ခံခြင်း လုပ်ငန်းများတွင် ပါဝင်ရမည်။

### အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်ပစ္စည်းများစီမံပေးခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်ပစ္စည်းများ စီမံပေးခြင်း အလုပ်ကဏ္ဍများအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်း ဆုံချက်တခု ဖွဲ့စည်းကာ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်ပစ္စည်းများ စီမံပေးခြင်းလုပ်ငန်း၏ အောင်မြင်မှုများကို ပြန်လည်အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များ နှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု တာဝန်ခံ အေဂျင်စီများနှင့် အလုပ်အဖွဲ့များ ဦးဆောင်သော ကဏ္ဍစုံ လုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက်များ ပူးပေါင်း ပါဝင်ရမည်။

၁၊ လူသစ်များအား စာရင်းသွင်းခြင်းလုပ်ငန်းနှင့် အိုးအိမ်နေရာချထာပေးရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား သတင်းအချက်အလက် မျှဝေခြင်း နှင့် တာဝန်ခံမှုစနစ်များကို တည်ဆောက်ရမည်။

- အခြေအနေဆိုင်ရာ စုပေါင်းအကဲဖြတ်ချက်လုပ်ငန်းတွင် ပါဝင်ရမည် ( အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေ သုံးသပ် အကဲဖြတ်ချက် တခုအား တာဝန်ခံဆောင်ရွက်ခြင်းအားကြည့်ပါ။) ထိုသတင်းအချက်အလက်များအား အသုံးပြု၍ လုံခြုံသော အိုးအိမ်နေရာချထားခြင်း စီမံကိန်းလုပ်ငန်းများအတွက် အသုံးပြုပါ။
- နယ်စပ်များနှင့် နီးကပ်ခြင်း (နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ နည်းပါးစေရေး) သို့မဟုတ် ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် အပါအဝင် အခြားသော အန္တရာယ်များသော ဒေသများ
- သတ်မှတ်ထားသော နေရာ၏ ပြင်ပသို့ သွားရောက်လုပ်ကိုင်ရမည့် လောင်စာစုဆောင်းခြင်းနှင့် အခြားသော လုပ်ငန်းများအတွက် နီးကပ်ခြင်း (အလုပ်စာမျက်နှာ ၇၊ ၃ လုံခြုံသော လောင်စာရရှိရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း)

၂၊ လူထုအတွက် လုံလောက်သော အိုးအိမ်နေရာများကို ရွေးချယ်ရမည်။ ထိုနေရာများသည် အပို လုံခြုံရေးနှင့်

အကာအကွယ်ပေးခြင်း လုပ်ငန်းများ ပေးစရာမလိုသော နေရာမျိုး ဖြစ်သင့်သည်။ နေရာရွေးချယ်ရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်။

- နယ်စပ်များနှင့် နီးကပ်ခြင်း (နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ နည်းပါးစေရေး) သို့မဟုတ် ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် အပါအဝင် အခြားသော အန္တရာယ်များသော ဒေသများ
- သတ်မှတ်ထားသော နေရာ၏ ပြင်ပသို့ သွားရောက်လုပ်ကိုင်ရမည့် လောင်စာစုဆောင်းခြင်းနှင့် အခြားသော လုပ်ငန်းများ အတွက် နီးစပ်ခြင်း (အလုပ်စာမျက်နှာ ၇၊ ၃ လုံခြုံသော လောင်စာစီရရှိရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း)

၃၊ အမျိုးသမီးနှင့် အမျိုးသားများ တန်းတူ အချိုးကျ ပူးပေါင်းပါဝင်သော အိုးအိမ်ချထားရေးကော်မတီများ တည်ထောင်ပါ။ အမျိုးသမီး များ၏ လိုအပ်ချက်များ ပြည့်စုံစေရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများပါဝင်နိုင်ခွင့်အား ထိုကော်မတီက စောင့်ကြည့်ကြပ်မတ် ရမည်။

- အမျိုးသမီးနှင့် အမျိုးသားများ နှစ်ဦးစလုံး၏ ပူးပေါင်းဆောင်ရွက်မှုအား ၎င်းတို့၏ အခြားသော အလုပ်များကို (ဥပမာ ကလေးထိန်းပေးခြင်း) ပြန်လည်သုံးသပ်၍ မြှင့်တင်ပေးပါ။ အမျိုးသမီးများ၏ တန်းတူပူးပေါင်းပါဝင်မှုအား အတားအဆီး ဖြစ်စေသော အရာများ အား ဖြေရှင်းပေးရန်အတွက် လူထုအကြား လုပ်ငန်းများကို အထောက်အပံ့ပေးရမည်။
- အဆောက်အဦတည်ဆောက်ရေးတွင် ပေးဆပ်သော ၎င်းတို့၏ လုပ်အားအတွက် ခံစားခွင့်အား အမျိုးသမီးနှင့် အမျိုးသား နှစ်ဦးစလုံးအတွက် တန်းတူဖြစ်ရမည်။ အကယ်၍ ငွေပေးသော လုပ်ငန်းဖြစ်ပါက အမျိုးသားနည်းတူ အမျိုးသမီးများကိုလည်း တန်းတူ လုပ်အားခ ပေးရမည်။

၄၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများအပါအဝင် ရပ်ရွာ၊အိုးအိမ်နေရာ ချထားရေး ကော်မတီဖြင့် ပူးပေါင်း၍ နေရာပုံစံဆွဲပါ။

- လူမှုအဝန်းအဝိုင်းဟူသော အသိအား မြှင့်တင်ပေးနိုင်သော နေရာများကို ရွေးချယ်၍ မိသားစုတခု၏ ကိုယ်ပိုင်လွတ်လပ်ခွင့်အား မထိပါးစေသော လူထုအခြေပြုအကာအကွယ်ပေးခြင်းလုပ်ငန်းအား အားဖြည့်ပါ။
- ကလေးများ လူမမြင်ကွယ်ရာတွင် မကစားရစေရန်အတွက် အိမ်များမှ မိသားစုဝင်များက ကြည့်နေနိုင်သောနေရာတွင် ကလေးများကစားရန်အတွက် နေရာတခု သတ်မှတ်ပေးပါ။
- ရေ နှင့် မိလ္လာစနစ်များအတွက် သေချာစွာ ပြင်ဆင်ရေးဆွဲပါ။ (အလုပ်စာမျက်နှာ ၅၊ ၁ သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖော်ခြင်းအားကြည့်ပါ။)
- အများသုံးနေရာများတွင် မီးများ ထွန်းညှိပေးခြင်းနှင့် တဦးချင်းအသုံးပြုခြင်းများအတွက် မီးတပ်ဆင်ပေးခြင်း။ (အလုပ်စာမျက်နှာ ၃ ၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာစုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေးဗျူဟာများ ချမှတ်ခြင်း နှင့် အလုပ်စာမျက်နှာ ၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်းကိုကြည့်ပါ။) ဥပမာ အိမ်သာများတွင် မီးများထွန်းပေးရမည်ဖြစ်ပြီး မိသားစုများအတွက် ဓါတ်မီးများ ထောက်ပံ့ပေးရမည်။ မီးတပ်ဆင်ရေးစနစ်များ စီမံရေးဆွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ကျ်ားကလေးများနှင့် မိန်းကလေးများ ပါဝင်ရမည်။

၅၊ ဘုံရိပ်သာများ၊ အမျိုးသမီး၊ မိန်းကလေးနှင့် ကလေးများအတွက် လုံခြုံသောနေရာများ သတ်မှတ်ပေးခြင်း၊ ကျန်းမာရေးဌာနများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုစောင့်ရှောက်မှု လုပ်ငန်းများအား လျှို့ဝှက်စွာ အသုံးပြုနိုင်ခြင်း၊ တကိုယ်ရေလွတ်လပ်မှု၊ လျှို့ဝှက်စွာ ဆောင်ရွက်နိုင်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် နေရာ များ သတ်မှတ်ပေးခြင်း။ (အလုပ်စာမျက်နှာ ၈ ၊ ၁ အမျိုးသမီးများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအား အသုံးပြုခွင့် ရရှိရေး နှင့် ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်းကို ကြည့်ပါ။)

- အမျိုးသမီးရိပ်သာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် အကာအကွယ်မဲ့မှု အားနည်းပါးစေခြင်း သို့မဟုတ် အသက်ရှင် ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်းစသော ရည်ရွယ်ချက်ဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ပစ်မှတ်ထားသော အစည်းအဝေးများ၊ နှစ်သိမ့်အားပေးခြင်း လုပ်ငန်းများ၊ အတက်ပညာ သင်တန်း များနှင့် အခြားသော သင်တန်းများ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများနှင့် အကြံပြုဆွေးနွေးပါ။ နေရာအများစုတွင် အမျိုးသမီးရိပ်သာများအား စိတ်ခင်းလက်သာအပန်းဖြေခြင်း၊ မျိုးပွားကျန်းမာရေး၊ လိင်အကြမ်းဖက်မှု အကြောင်း ပိုမိုသိရှိလာရေးနှင့် နှစ်သိမ့် အားပေးခြင်း လုပ်ငန်းများအတွက် အသုံးပြုသည်။

- ကလေးငယ်များ လာရောက်၍ ဝန်ထမ်းများအပြင် ကလေးအချင်းချင်းအကြား ကြုံတွေ့ခံစားရမှုများ၊ စိုးရိမ်ချက်များအား လာရောက်မျှဝေနိုင်သော ကလေးရိပ်သာများ တည်ဆောက်ပါ။
- နေရာထိုင်ခင်းနှင့် လုပ်ငန်းများ စီမံခန့်ခွဲရေးလုပ်ငန်းတွင် အမျိုးသမီးနှင့် မိန်းကလေးများ ပါဝင်လာစေရန် ဆွဲဆောင်စည်းရုံးပါ။

၆၊ ဘုံရိပ်သာများတွင် လုံခြုံမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ဟန့်တားမှုများ ရှိရမည်။ အကယ်၍ ဘုံရိပ်သာများအား အရေးပေါ်ကာလတခု၏ ကနဦးပိုင်းတွင် ယာယီအဖြစ် အသုံးပြုစေရကာမူ

- မိသားစုအတွင်း ကြားကန့်ပေးရန်အတွက် လုံလောက်သော ပစ္စည်းများ ထောက်ပံ့ပေးရမည်။
- အိမ်ထောင်မကျသေးသူ အမျိုးသမီးနှင့် အမျိုးသားများအတွက် သီးခြား ဘုံရေချိုးခန်းများ စီစဉ်ပေးရမည်။
- အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် လုံခြုံရေး စိုးရိမ်ချက်များအား ဖြေရှင်းပေးရန်အတွက် အမျိုးသမီးများ၏ အကြံဉာဏ်များ ရယူရမည်။
- လုံခြုံရေးနှင့် အကာအကွယ်ပေးခြင်းအတွက် ဘုံရိပ်သာများအား ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရမည်။

၇၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားရန်နှင့် လုံခြုံမှု တိုးတက်လာစေရန်အတွက် ရည်ရွယ်၍ အိုးအိမ်များကို ပုံစံရေးဆွဲရမည်။

- နေရာထိုင်ခင်းတခုသည် လုံခြုံရေးအရ စိတ်မပူရသော နေရာတခုတွင် ဖြစ်ရမည်။ ဥပမာ အခြား သူများသည် အန္တရာယ်ရှိသော အခြေအနေအောက်တွင် ရှိနေစဉ်တွင် မိန်းမပျိုရိပ်သာများအတွက် သီးသန့်နေရာတွင် ထားရှိခြင်းမျိုးဖြစ်သည်။ အခြေအနေအလိုက် အန္တရာယ်ရှိမှုကို စုံစမ်းလေ့လာရမည်။ (အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ် အကဲဖြတ်ချက် တခုအား တာဝန်ခံဆောင်ရွက်ခြင်းအား ကြည့်ပါ။)
- အိုးအိမ်နေရာချထားရေး၊ အိုးအိမ်ဆောက်လုပ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းနှင့် အိုးအိမ်အထောက်အပံ့များ ရရှိနိုင်ခြင်းအတွက် စံသတ်မှတ်ခြင်း လုပ်ငန်းများတွင် ရှင်းလင်းတိကျသော စနစ်များ ထားရှိရမည်။
- ပတ်ဝန်းကျင်တွင် ရရန်မလွယ်ကူသော အိုးအိမ်ဆောက်လုပ်ရေးပစ္စည်းများအတွက် လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေး ရမည်။
- အိုးအိမ်ဆောက်လုပ်ခြင်း သို့မဟုတ် အိုးအိမ်ချထားရေးအတွက် အမျိုးသမီးများနှင့် မိန်းကလေး များအား ယောက်ကျ်ားသား များအပေါ်တွင် လုံးဝမှီခိုခြင်း မရှိစေရ။ အဘယ်ကြောင့် ဆိုသော် အဆောက်အဦဆောက်ရန်အတွက် လိင်ဆက်ဆံခြင်းဖြင့် အလဲအလှယ် လုပ်ရသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ ရံဖန်ရံခါဆိုသလို ဖြစ်ပေါ်သောကြောင့် ဖြစ်သည်။
- အကာအကွယ်ပေးခြင်းဆိုင်ရာ စိုးရိမ်းမကင်းဖြစ်မှုများအား တင်ကြိုသိရှိရန်နှင့် ဖြေရှင်းခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသမီးများ၊ မိန်ကလေးများနှင့် အိုးအိမ်နေရာချထားရေးကိစ္စအတွက် အထူးအကူအညီလိုအပ်သော အုပ်စုများဖြင့် ပုံမှန်တွေ့ဆုံအကြံဉာဏ် ရယူပါ။

**Key Reference Materials**

1. *Handbook for Emergencies.* UNHCR, 1999. Pp. 210, 226, 135-147, 100-106. http://www.theecentre.net/resources/e_library/doc/han_Em.pdf

2. *Minimum standards in shelter, settlement and non-fooditems,* Sphere Handbook, 2004 Revised Edition Pg.207-229. http://www.sphereproject.org/

3. *Guidelines on the Protection of Refugee Women.*UNHCR, 1991. http://www.unhcr.ch/cgibin/texis/vtx/partners/opendoc.pdf?tbl=PARTNERS&id=3b9cc1c14h

4. *Refugee Children: Guidelines on Protection and Care.*UNHCR, 2002. Pg. 54. http://www.unhcr.ch/cgibin/texis/vtx/protect/opendoc.pdf ?tbl=PROTECTION&id=3b84c6c67

5. *UN- Habitat Gender Policy.* www.unchs.org/unchs

6. *A Safe Space Created By and For Women: Sexual and Gender-Based Violence Programme Report.* IRC Tanzania, 1998.

အလုပ်စာမျက်နှာ

## ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများရရှိစေရန် ဆောင်ရွက်ပေးခြင်း

**လုပ်ငန်း။ ။ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်သော ပစ္စည်းများ စီမံပေးခြင်း**

**အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**

### နိဒါန်း

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား အနိမ့်ဆုံးအဆင့် တုန့်ပြန်ဆောင်ရွက်ရာတွင် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် လုံခြုံမှုနှင့် လုံခြုံရေးရှိခြင်း ပါဝင်သည်။ အမျိုးသမီးနှင့် မိန်းကလေးအပြင် ၎င်းတို့အား ကူညီပေးနေသူများသည် ကျူးလွန်သူများ၏ အနှောက်အယှက်ကိုသာ ခံကြရသည်မဟုတ်၊ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် အခြားသော ရပ်သူရွာသားများထံမှလည်း အနှောက်အယှက်ပေးခြင်းများ ခံရနိုင်သည်။ အကယ်၍ လူထုမှ ထိုသူသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံခဲ့ရသည်ဟု သိရှိပါက အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် လူမှုရေးအမဲစက်များ ကြီးစွာ ခံကြရသည်။ လူ့အဖွဲ့အစည်းအများစုသည် ကျူးလွန် ခံရသူတွင်သာ အပြစ်ပုံချတတ်ကြသည်ကို ဆောင်ရွက်သူများက သဘောပေါက်ရမည်။ အကယ်၍ အသက်ရှင်ကျန်ရစ်သူသည် (လိင်အကြမ်းဖက်မှုအား တပါးသူသို့ပြောပြခြင်း) မိသားစု၊ ပတ်ဝန်းကျင်၏ သဘောထားအား ဆန့်ကျင်၍ ရဲ နှင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးရန် ကြိုးပမ်းသော ဖြစ်ရပ်များတွင် အနှောက်အယှက်ပေးမှုသည် အထူးပြင်းထန်လာခြင်း သို့မဟုတ် ကြောက်ရွံ့ဖွယ် အနေအထား အထိ ရှိလာနိုင်သည်။

အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် ခြိမ်းခြောက်ခြင်းများ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကျူးလွန်ခံရသူအတွက် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုများ ထည့်သွင်းစဉ်းစားရမည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ ဆန္ဒအား သိုသိပ်စွာထားခြင်း၊ တကိုယ်ရေလွတ်လပ်မှု ပေးခြင်းနှင့် လေးစားလိုက်နာခြင်းတို့သည် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် စီစဉ်ဆောင်ရွက်ပေးသော အိုးအိမ်စီမံကိန်း အတွက် အဓိကသော့ချက်များ ဖြစ်သည်။

**လူထုအခြေပြု အဖြေထုတ်ချက်များကို လက်ငင်းပထမ ကြိုးစားကြည့်ရမည်။** အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအား ကိုယ်ချင်းစာသော၊ ထောက်ခံအားပေးသော မိသားစုကြီးများ သို့မဟုတ် အခြားသော အမျိုးသမီးများ သို့မဟုတ် ခေါင်းဆောင်များရှိနိုင်ပြီး ထိုသူများက လုံခြုံသောနေအိမ်လည်း စီစဉ်ပေးနိုင်သည်။ ထိုကဲ့သို့သော စီစဉ်မှုသည် အောင်မြင်နိုင်သည်။ သို့သော် တက်ကြွကွသော စည်းရုံးဆွဲဆောင်ခြင်းလုပ်ငန်းများလိုအပ်သည့်အပြင် နေစရာအိုးအိမ်ပေးထားသော သူများ၏ တကိုယ်ရေလုံခြုံမှု နှင့် လုံခြုံရေးအတွက်လည်း အစီအစဉ်များ တပေါင်းတည်းပါဝင်ရမည်။ ထိုကဲ့သို့ ခက်ခဲသော အခြေအနေမျိုးအောက်တွင် အမျိုးသမီးအုပ်စုများနှင့် အမျိုးသားအုပ်စုများသည် ထောက်ခံမှုများရရှိလာစေရန် စည်းရုံးကြိုးပမ်းသင့်သည်။

အချို့အခြေအနေများတွင် အသက်ရှင်ကျန်ရစ်သူ၏ လုံခြုံမှုအတွက် လက်တွေ့ကျသော နည်းလမ်းမှာ စခန်းအတွင်း သို့မဟုတ် သီးခြားနေရာတခုတွင် ရေရှည် သို့မဟုတ် ရေတိုကာလအတွက် သီးခြားနေရာ စီစဉ်ပေးရန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်လိုအပ်လာပါက လုံခြုံမှုနှင့် လုံခြုံရေး တိုးတက်ကောင်းမွန်စေရန်အတွက် လျင်မြန်သော အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန် ရှင်းလင်းတိကျသော စံချိန်စံညွှန်းအပြင် စနစ်များ ပါထားရှိရမည်။

### အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် အနည်းဆုံးအဆင့် အိုးအိမ်နေရာချထားရေးစီမံကိန်း လုပ်ငန်းကဏ္ဍများအတွက် အသုံးပြုနိုင်သည်။ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့က ယင်းလုပ်ငန်းများ လုပ်ဆောင်ခြင်း ရှိမရှိ၊ အခြားသော လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ခြင်း ရှိမရှိ ကြပ်မတ်ရမည်ဖြစ်ပြီး တိုးတက်မှုများအား အစီရင်ခံ၍ လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့အစည်းအဝေးများတွင် ဆွေးနွေး ရမည်ဖြစ်သည်။

၁၊ လိင်အကြမ်းဖက်မှု ခံခဲ့ရသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ အား ကူညီရာတွင် လတ်တလော ခြိမ်းခြောက်ခြင်းများရှိမရှိ သို့မဟုတ် သူမတွင် လက်တွေ့ကျသော လုံခြုံရေး အစီအမံတခု ရှိမရှိစသော လုံခြုံမှုနှင့်

လုံခြုံရေးကိစ္စရပ်များအား ပါဝင်ဆောင်ရွက်သူ အားလုံးက ဆွေးနွေးရမည်။ အကယ်၍ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် သူမ၏ လုံခြုံရေအတွက် စိုးရိမ်နေရပြီး၊ သူမ၏ လုံခြုံမှုအတွက် လက်တွေ့ကျသော အစီအမံမရှိသေးပါက သူမ၏ သဘောတူညီချက်နှင့်အညီ ကယ်ဆယ်ရေး ဂေဟာသို့ ဆက်လက် လွှဲပြောင်းပေးသင့်သည်။

၂။ လိင်အကြမ်းဖက်မှုခံခဲ့ရသော အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့၏ အိုးအိမ်သို့ပြန်ရန် မလုံခြုံပါက ကယ်ဆယ်ရေးဂေဟာများ တည်ဆောက်ထားနိုင်ရေး လူထုအတွင်း စည်းရုံးသိမ်းသွင်းပါ။ အလုပ်အဖွဲ့များ တည်ဆောက်ရေး လူထုအကြား အမျိုးသမီးများဖြင့် တွဲဖက်လုပ်ကိုင်ပါ။ (အလုပ်စာမျက်နှာ ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်းတွင် ဖေါ်ပြထားသကဲ့သို့) သို့မဟုတ် ခေါင်းဆောင်များ၊ အမျိုးသားအုပ်စုများ၊ အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးအကြံရယူပါ။ ယင်းလုပ်ငန်းတွင် မိသားစုဝင် တဦးဦးဖြင့် အတူနေထိုင်ခြင်း သို့မဟုတ် ရပ်ရွာခေါင်းဆောင် ထံတွင် နေထိုင်ခြင်း သို့မဟုတ် အိမ်အသစ် တခု ဆောက်ပေးခြင်း တို့ ပါဝင်သည်။

၃။ မိသားစု သို့မဟုတ် လူထုထံမှ ယာယီနေထိုင်ရန်အတွက် နေရာမစီစဉ်ပေးနိုင်သောအခါတွင် ဂေဟာအတွင်း ယာယီနေထိုင်ခြင်းသည်သာ တခုတည်းသော အဖြေဖြစ်သည်။ ကယ်ဆယ်ရေးဂေဟာများအား နောက်ဆုံး အဆင့် အဖြစ် စဉ်းစားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဂေဟာများသည် စီမံခန့်ခွဲရန် ခက်ခဲသောကြောင့် ဖြစ်သည်။ အထူးသဖြင့် လူသားချင်းဆိုင်ရာအရေးပေါ်အခြေအနေ၏ အစပိုင်းအဆင့်များတွင် ပို၍ ခက်ခဲသည်။ လူထုအခြေပြု အဖြေထုတ်ချက်များ မရရှိနိုင်သော အခြေအနေများတွင် ကယ်ဆယ်ရေးဂေဟာတခု မတည်ဆောက်ခင်တွင် အောက်ဖေါ်ပြပါ အချက်များအား လူထုအတွင်း ဆွေးနွေး၍ အထူးသဖြင့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ဆွေးနွေးရာတွင် သေချာစွာ ထည့်သွင်းစဉ်းစားသင့်သောအချက်များ ဖြစ်သည်။

- လျှို့ဝှက်လွှဲပြောင်းပေးခြင်းစနစ် ထားရှိပါ။
- ကယ်ဆယ်ရေးဂေဟာအတွက် စီမံခန့်ခွဲပေးသော မိသားစု၊ တသီးပုဂ္ဂလိက၊ ဝန်ထမ်းများအတွက် လုံခြုံမှုနှင့် လုံခြုံရေးအတွက် စီမံပေးရန်
- အလွဲသုံးစားလုပ်မှုများနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများအား ကာကွယ်ဟန့်တားရန်အတွက် ကယ်ဆယ်ရေးဂေဟာ စီမံခန့်ခွဲရေး ဆိုင်ရာ ရှင်းလင်းတိကျသော လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ရန်။ အသက်ရှင်ကျန်ရစ်သူ တဦးအား လွှဲပြောင်းပေး လိုက်သည်နှင့် တပြိုင်နက် ရေရှည်ကာလအတွက် စီစဉ်ဆောင်ရွက်မှုများကို စီမံထားသင့်သည်။ အသက်ရှင်ကျန်ရစ်သူများသည် ဂေဟာတွင် အဆုံးမရှိနေခြင်းအား ရှောင်လွှဲနိုင်ရန်အတွက် ကယ်ဆယ်ရေးဂေဟာတွင် အကန့်အသတ်ကာလဖြင့် နေထိုင်ခြင်း လမ်းညွှန်ထားရန်။ လူမှုရေးအမည်းစက်ဖြစ်မှုများနှင့် လုံခြုံရေးအရ အဖြစ်နိုင်ဆုံး ကယ်ဆယ်ရေးဂေဟာ၏ တည်နေရာအား လျှို့ဝှက်ထားရန်။
- လိင်အကြမ်းဖက်မှုတုန့်ပြန်ဆောင်ရွက်ရေးလုပ်ဆောင်နေသူအားလုံး အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးရေးလုပ်ငန်းများ၊ လုံခြုံရေး၊ အကာအကွယ်ပေးရေး ဝန်ထမ်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်
- ရေရှည်လုံခြုံရေးအစီအမံအတွက် ဂေဟာတည်ရှိမှုအား စခန်းစီမံခန့်ခွဲမှု သို့မဟုတ် ဂေဟာ ဖန်တီးပေးသော အဖွဲ့အစည်းများဖြင့် ပူးပေါင်းလုပ်ဆောင်ရန်။ ကျူးလွန်သူသည် မိသားစုဝင်တဦးဖြစ်ပါက အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် သူမ၏ နေအိမ်တွင် နေထိုင်ရန် လုံခြုံမှု မရှိနိုင်ပေ။ အကယ်၍ သူမသည် အရွယ်ရောက်သူတဦးဖြစ်ပါက သူမအား သီးခြား ဂေဟာတခုသို့ ပို့ဆောင်ကောင်း ပို့ထားရနိုင်သည်။
- ကယ်ဆယ်ရေးဂေဟာများ တည်ထောင်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ နိုင်ငံတော် ဥပဒေများအား သိရှိနားလည်ထားရန်။
- အကယ်၍ ရှိပါက နိုင်ငံတော်၏ တရားဥပဒေဘောင်အတွင်း ထိခိုက်ခံရသူအမျိုးသမီးများအတွက် ဂေဟာများအသုံးပြုခြင်းသည် အရင်းအမြစ်ရှားပါးသော အခြေအနေတွင် အခွင့်အလမ်းတခုဖြစ်နိုင်သလို အချို့အခြေအနေများတွင် ဒုက္ခသည်သီးသန့် ဂေဟာတခုထက် ပို၍ လုံခြုံမှု ပေးနိုင်လိမ့်မည်။
- ကယ်ဆယ်ရေးဂေဟာတွင် နေထိုင်နေသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ရိက္ခာခွဲတမ်းနှင့် ရိက္ခာမဟုတ်သော ခွဲတမ်းများ ရရှိရမည်။
- အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ဆန္ဒရှိပါက ၎င်းတို့၏ ကလေးများနှင့် ဂေဟာတွင် အတူတကွ နေထိုင်နိုင်ရန် စီစဉ်ပေးရမည်။
- ကလေးအသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ဖြစ်နိုင်ပါက ကျူးလွန်သူအား ပတ်ဝန်းကျင်မှ ဖယ်ထုတ်ကာ မိသားစုဂေဟာများတွင် နေထိုင်သင့်သည်။ ထိုသို့ မဖြစ်နိုင်ပါက ကလေးအသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် ကယ်ဆယ်ရေးဂေဟာတွင် အထူးဂရုစိုက်မှုနှင့် စောင့်ရှောက်မှု ရရှိရမည်။

**Key Reference Materials**

1. *Sexual and Gender-Based Violence Against Refugees, Returnees and Internally Displaced persons. Guidelines for Prevention and Response.* UNHCR, 2003. http://www.rhrc.org/pdf/gl_sgbv03.pdf

2. *Guidelines on the Protection of Refugee Women.* UNHCR, Geneva, 1991. http://www.unhcr.ch/cgibin/texis/vtx/partners/opendoc.pdf ?tbl=PARTNERS&id=3b9cc1c14h

3. *Refugee Children: Guidelines on Protection and Care*, pg. 54. UNHCR, 2002. http://www.unhcr.ch/cgibin/texis/vtx/protect/opendoc.pdf ?tbl=PROTECTION&id=3b84c6c67

4. *UN- Habitat Gender Policy.* http://www.unhabitat.org/pubs/genderpolicy/

## အလုပ်စာမျက်နှာ

## ၇၊ ၃ လောင်စာလုံခြုံစွာ ရရှိနိုင်ရေးမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း

**လုပ်ငန်း။ ။ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်သော ပစ္စည်းများ စီမံပေးခြင်း**

**အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**

### နိဒါန်း

လူထုသည် အိုးအိမ်စွန့်ခွဲထွက်ပြေးရသော အခြေအနေများ သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေသည် လုံခြုံမရှိသော အရေးပေါ် အခြေအနေ များတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် လုံခြုံသောစခန်းတခုမှ သို့မဟုတ် ကျေးရွာမှ စွန့်ခွာရချိန်၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း အန္တရာယ်ကို ကြီးစွာကြုံတွေ့ရသည်။ အန္တေဓာတ်ရရှိရန် သို့မဟုတ် ချက်ပြုတ်ရန်အတွက် ထင်းရှာရခြင်း၊ စိုက်ခင်း များတွင် အလုပ်လုပ်ရခြင်း၊ တနေ့စာအလုပ်ရှာခြင်းနှင့် တိရိစ္ဆာအတွက်အစာရှာရခြင်း စသည့်ကိစ္စများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် စခန်း သို့မဟုတ် ရွာပြင်ပသို့ ထွက်ခွာကြရသည်။ ရပ်ရွာအများစုတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် အစားအသောက်ချက်ပြုတ်ရန်နှင့် အန္တေဓာတ်အတွက် လောစာထင်းစုရန်အတွက် တာဝန်ယူရသည်။ တခါတရံတွင် လောင်စာရရှိရန် အတွက် လူမနီးသူမနီးနေရာများသို့ ခရီးဝေးသွားရသည်။

လောင်စာထင်းကောက်ယူခြင်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့်မှုအတွက် အခွင့်အရေးတရပ်ဖြစ်နိုင်သည်။ သေချာသော စောင့်ကြည့်ကြပ်မတ်ခြင်းမရှိသော လောင်စာဖြန့်ဝေခြင်းအမျိုးသမီးနှင့် ကလေးများ(ဥပမာ အိမ်ထောင်မကျသေးသူ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မသန်းစွမ်းအမျိုးသမီးများ စသဖြင့်) သည် လေးလံသော ပစ္စည်း များကို မသယ်ယူနိုင်ခြင်း သို့မဟုတ် လမ်းအဝေးကြီး မလျှောက်နိုင်ခြင်းနှင့် လောင်စာရရှိရန်အတွက် အခြားသောနည်းလမ်းများ ရှာကြံရသော အခြေအနေများတွင် ထိုကဲ့သို့သော ချိုးဖောက်မှုမျိုး ဖြစ်ပေါ်နိုင်သည်။

ယခုအလုပ်စာမျက်နှာ၏ နောက်ဆုံးစာမျက်နှာတွင် ဒုက္ခသည်စခန်းအခြေအနေများတွင် အကောင်အထည်ဖော်ခဲ့သော လောင်စာ ကောက်ယူခြင်းလုပ်ငန်းများ၏ နမူနာပုံစံအချို့ ဖြစ်သည်။ လောင်စာခွဲဝေပေးခြင်းနှင့် ကောက်ယူခြင်းများအတွက် အဓိကစဉ်းစားချက်မှာ ကုန်ကျစားရိတ်များပြားခြင်းနှင့် အမြဲလုပ်ဆောင်နိုင်ရန်အတွက် အခက်အခဲရှိခြင်းဖြစ်သည်။

လောင်စာလျှော့ချခြင်း နှင့် စုစည်းခြင်း နည်းလမ်းများ မရေးဆွဲခင် ပါဝင်ဆောင်ရွက်သူများသည် လောင်စာလုပ်ငန်းနှင့် ဆက်နွယ်သော လိုအပ်ချက်များ၊ ကိစ္စရပ်များနှင့် အခက်အခဲများကို နားလည်ရမည်။ ဒေသခံ ရပ်ရွာများ အိုးအိမ်စွန့်ခွာနေထိုင်သူများအား အနီးအနား ပတ်ဝန်းကျင်ရှိ လောစာထင်း မကောက်စေချင်ကြသလို သဘာဝပတ်ဝန်းကျင် ပျက်ဆီးစေမည့် အရေးကိုလည်း စိုးရိမ်မှုများ ရှိနိုင်သည်။ အချို့အိုးအိမ်အခြေမဲ့စွန့်ခွာနေထိုင်သူများသည် အပိုဝင်ငွေရရှိရန်အတွက် ထင်းများကောက်၍ ရောင်းကြသည်။ အခကြေးငွေပေးစရာ လိုသော လောင်စာဖြန့်ဖြူးပေးခြင်းစနစ်သည် ထိုသူများအပေါ် ဆိုးဝါးစွာ သတ်ရောက်စေနိုင်သည်။ လုံခြုံသော လောင်စာကောက်ယူခြင်း လုပ်ငန်းသည် အရေးပေါ်အခြေအနေများ အားလုံးတွင် စိန်ခေါ်ချက်တခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပြီး ထိရောက်သော ပြဿနာ ဖြေရှင်းချက်များ ရရှိရေးအတွက် အဖွဲ့အစည်းများနှင့် လူထုအကြား ပူးပေါင်းဆောင်ရွက်မှု ရရှိရန်လိုအပ်သည်။

### အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် အနည်းဆုံးအဆင့် လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက် နေသူများအတွက် အသုံးပြုနိုင်သည်။ လိင်အခြေခံအကြမ်းဖက်မှု လုပ်ငန်းအဖွဲ့က ယင်းလုပ်ငန်းများ လုပ်ဆောင်ခြင်း ရှိမရှိ၊ အခြားသော လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ခြင်း ရှိမရှိ ကြပ်မတ်ရမည်ဖြစ်ပြီး တိုးတက်မှုများအား အစီရင်ခံ၍ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေး လုပ်ငန်း အဖွဲ့အစည်းအဝေးများတွင် ဆွေးနွေးရမည်ဖြစ်သည်။ အခြေအနေအတော်များများတွင် အိုးအိမ်နေရာ ချထားခြင်း၊ အစားအစာမဟုတ်သော ပစ္စည်းများထောက်ပံ့ပေးခြင်းဆိုင်ရာ လုပ်ငန်းဆုံချက် (အလုပ်စာမျက်နှာ ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း အားကြည့်ပါ။)သည် အဓိကလုပ်ငန်းများ လုပ်ဆောင်ခြင်း၏ တိုးတက်မှုများအား အစီရင်ခံရမည်။

၁၊ ချက်ပြုတ်ရေးနှင့် အနွေးဓါတ်အတွက်လိုအပ်သော လောင်စာထင်းကောက်ယူရန် တည်နေရာများ၊ လမ်းကြောင်းများ၊ နည်းလမ်းများ နှင့် တဦးချင်းလုံခြုံမှုဆိုင်ရာ သတင်းအချက်အလက်များအား စုံးစမ်းလေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများ ပြုလုပ်ရန်။ အလုပ်စာမျက်နှာ ၂ ၊ ၁ လျင်မြန်သော အခြေအနေသုံးသပ်အကဲဖြတ်ချက် တခုအားတာဝန်ခံဆောင်ရွက်ခြင်းတွင် ဖေါ်ပြထားကကဲ့သို့ အခြေအနေ ဆိုင်ဆိုင်ရာ စုပေါင်းအကဲဖြတ်ချက်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရမည်။

- အမျိုးသမီးများ၊ ကလေးများ၊ ရပ်ရွာခေါင်းဆောင်များ၊ အခြားသော ပတ်သက်သည့်အုပ်စုများဖြင့် ဆွေးနွေးပါ။
- လောင်စာကောက်ယူချိန် လုံခြုံမှုနှင့် အိုးအိမ်အခြေမဲ့စွန့်ခွာသူများအတွက် လုံခြုံသော လောင်စာထင်းကောက်ယူခွင့် ရရှိရေး ဒေသခံ ပြည်သူများဖြင့် ဆွေးနွေးပါ။

၂၊ ချွေတာရေးနည်းလမ်းများအကောင်အထည်ဖေါ်ခြင်းဖြင့် လောင်စာအသုံးပြုခြင်းအား လျော့ချခြင်း

- လိုအပ်သော လောင်စာပမာဏလျော့ကျစေရန်အတွက် လောင်စာကောင်းစွာအသုံးပြုနိုင်သည့် မီးဖိုများထောက်ပံ့ပေးခြင်း
- လောင်စာချွေတာနိုင်သော မီးဖိုပုံစံရွေးချယ်ရာတွင် အမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးခြင်း
- အမျိုးသမီးထုနှင့် ရပ်ရွာခေါင်းဆောင်များအား လောင်စာသက်သာသော မီးဖိုများအသုံးပြုခြင်း များပြားလာစေရေးအတွက် စည်းရုံးသိမ်းသွင်းခြင်းနှင့် အသုံးပြုသူအမျိုးသမီးများအား သင်တန်းပေးခြင်း
- မီးခံပြားများထည့်ခြင်း သို့မဟုတ် ရိက္ခာခွဲတမ်းအတွက် ချက်ပြုတ်ချိန်လျော့နည်းသော အခြားနည်းလမ်းများ

၃၊ လောင်စာထင်းကောက်နေသောအချိန်တွင် လုံခြုံမှုနှင့် လုံခြုံရေးအား တိုးမြှင့်ပေးနိုင်သော နည်းလမ်းများရှာကြံခြင်း

- အမျိုးသားနှင့် အမျိုးသမီး အတူရော၍ လောင်စာစုဆောင်းရန်နှင့် လောင်စာကောက်ယူသော နည်းလမ်းတလျှောက် အတူတကွ ရှိနေစေရန် လူထုအား စည်းရုံးပါ။
- သတ်မှတ်ထားသော အချိန်တွင် လူထုမှ ထင်းမီးကောက်ယူရန် သတ်မှတ်ပေးထားသော နေရာတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအပါအဝင် စိတ်ချရသော လုံခြုံရေးတပ်သား ပုံမှန်ကင်းလှည့်ခြင်းများ ပြုလုပ်ခြင်း

၄၊ ဖြစ်နိုင်ချေရှိပါက အရေးပေါ်အခြေအနေတခု၏ အစောပိုင်းကာလများအတွင်း ယာယီလောင်စာလိုအပ်ချက်အား ဖြည့်ဆီးပေးရန်နှင့် လောင်စာမရှာနိုင်သော ကျေးရွာလူထုအတွက် လောင်စာဖြည့်တင်းပေးရန် လုံလောက်သော ဘဏ္ဍာငွေရှာဖွေခြင်း။

- လောင်စာဖြန့်ဝေပေးခြင်းသည် ဓလေ့ထုံးတမ်းအရ လက်ခံနိုင်မှုနှင့် လွယ်ကူစွာ အသုံးပြုနိုင်သောအရာ ဖြစ်သင့်သည်။
- လောင်စာထင်းကောက်ယူချိန်တွင် အကြမ်းဖက်ခံရနိုင်သော အခြေအနေအား အရဲစွန့် ထင်းကောက်ရောင်းနေသော အိုးအိမ် အခြေမဲ့လူထုအပေါ် အထူးအာရုံစိုက်ပါ။
- လောင်စာဖြန့်ဝေခြင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်စေခြင်း
- အကယ်၍ လောင်စာဖြန့်ဝေခြင်းသည် လူတိုင်းအတွက်မဖြစ်နိုင်ပါက လောင်စာလက်ခံသင့်သော ဦးစားပေးအုပ်စုများအား သတ်မှတ်ပေးရန်။

၅၊ လောင်စာကောက်ယူနေသော ကာလအတွင်း တင်ပြလာသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ တည်နေရာနှင့် အခြေအနေများအား လုံခြုံရေးအာဏာပိုင်များနှင့် လူထုထံသို့ လူအတိအကျပြဆိုထားခြင်းမရှိသော သတင်းအချက်အလက်များပေးပို့ပေးရသော လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ လုံခြုံမှုနှင့် အမည်အား ထိန်းသိမ်း ပေးရသော လမ်းညွှန်ချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတင်းဖလှယ်ရမည်။

- အကယ်၍ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများက ၎င်းတို့၏ ကိစ္စရပ်အား ရဲများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လွှဲပြောင်း မပေးရန် ဆန္ဒရှိပါက ထိုဖြစ်ရပ်အား လူအတိအကျထုတ်ဖေါ်ပြောဆိုခြင်းမရှိသော အမည်မသိ သတင်းအချက်အလက် အစီရင်ခံစာ တွင် ထည့်သွင်းရမည်။ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံ ဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း နှင့် ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း အားကြည့်ပါ။။
- ယင်းသတင်းအချက်အလက်များအား လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိမှုများ လူထုနှင့်အတူ ပြဿနာဖြေရှင်းရန်အတွက် အသုံးပြုပါ။

**Key Reference Materials**

1. *Minimum standards in shelter, settlement and non-fooditems,* Sphere Handbook, 2004 Revised Edition Pg. 235.
http://www.sphereproject.org/

2. *Guidelines on the Protection of Refugee Women,* UNHCR, Geneva, 1991. http://www.unhcr.ch

3. *Cooking Options in Refugee Situations,* UNHCR Handbook of Experiences in Energy Conservation and Alternative Fuels, 2002. http://www.unhcr.ch/cgibin/texis/vtx/protect/opendoc.pdf ?tbl=PROTECTION&id=406c368f2.

## လောင်စာကောက်ယူခြင်းလုပ်ငန်း နမူနာများ

### ဒါဖော၊ ဆူဒန်နိုင်ငံ

- အရပ်သားအမျိုးသမီးများနှင့် မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှုများ အလွန်ဆိုးဝါးစွာ ဖြစ်ပေါ်နေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ။ အမျိုးသမီးများနှင့် မိန်ကလေးများသည် လုံခြုံမှုရှိသော ကျေးရွာ သို့မဟုတ် စခန်းပြင်ပသို့ အကြောင်းရင်းတခုခု (အစားအစာ၊ ရေ၊ လောင်စာ ရှာဖွေခြင်း၊ စိုက်ပျိုးခြံများတွင် အလုပ်လုပ်ခြင်း စသဖြင့်)ဖြင့် ပြင်ပသို့ ထွက်ခွာချိန် တွင် တိုက်ခိုက်မှုများ ဖြစ်ပွားတတ်သည်။
- အာဖရိကသမဂ္ဂ (AU) စစ်သားများသည် နိုင်ငံတွင်းအိုးအိမ်အခြေမဲ့စွန့်ခွာထွက်ပြေးသူများအတွက်တည်ဆောက်ထားသော စခန်းအချို့ အတွက် **ထင်းကောက်ရန်အသုံးပြုရမည့်လမ်းကြောင်းတလျှောက် ကင်းလှည့်ပေးသည်။** ယင်းကင်းလှည့်တပ်ဖွဲ့များသည် ပုံမှန် AU ကင်းလှည့်တပ်ဖွဲ့၏ အစိတ်အပိုင်းတခုဖြစ်ပြီး နေ့စဉ်ကင်းလှည့်မည် မဟုတ်သကဲ့သို့ နေ့စဉ် ပုံမှန်အချိန်သတ်မှတ်ထားခြင်းများလည်း မရှိပေ။
- လိင်အခြေခံအကြမ်းဖက်မှုလုပ်ငန်းအဖွဲ့များသည် **လောင်စာချွေတာရေးမီးဖိုများ တည်ဆောက်အသုံးပြုရန်အတွက် အမျိုးသမီးများအား သင်တန်းပေးခဲ့သည်။** ယင်းမီးဖိုများက ချက်ပြုတ်ခြင်းအတွက်လိုအပ်သော ထင်းပမာဏကို လျော့ကျစေသဖြင့် ထင်းကောက်ယူရမည့် အချိန်နှင့် အကွာအဝေးကိုလည်း လျော့နည်းစေသည့်အပြင် တိုက်ခိုက်ခံရမှု အန္တရာယ်ကိုလည်း လျော့ပါးစေသည်။ လုံခြုံရေးနှင့် အသုံးပြုနိုင်ခွင့်အတွက် ပြဿနာများက IDP များအတွက် လုပ်ငန်းပရောဂျက်များ ဖြန့်ကျက်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်စေခဲ့ သည်။

### ဒါဘတ်ဒုက္ခသည်စခန်းများ၊ ကင်ညာနိုင်ငံ

- ၁၉၉၀ ခုနှစ်များနှောင်းပိုင်းတွင် မှတ်ပုံတင်ထားသော အိမ်ထောင်စုများအားလုံးအတွက် မီးသွေးခွဲတမ်းဖြန့်ချိပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ မှ ၁ ဒသမ ၅ သန်းအထိ ထောက်ပံ့ပေးခဲ့သည်။ အိမ်ထောင်စုတခု မီးသွေးအသုံးပြုမှု၏ ၃၀ ရာခိုင်နှုန်းခန့်အား ယင်းခွဲတမ်းက ကာမိစေခဲ့သည်။
- မီးသွေးထောက်ပံ့ပေးရေးလုပ်ငန်း၏ ရည်ရွယ်ချက်မှာ (၁) မီးသွေးကောက်ယူရခြင်းနှင့်ဆက်နွယ်သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် မုဒိမ်းမှု လျော့ပါစေရေး နှင့် (၂) မီးသွေးထုတ်ယူခြင်းကြောင်း သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှု အကျိုးဆက် နည်းပါးစေရေးတို့ ဖြစ်သည်။
- ယင်းပရောဂျက်သည် နိုင်ငံရေးအရ အသုံးချမှုများဖြစ်လာကာ ရှုပ်ရှုပ်ထွေးထွေးဖြစ်လာခဲ့သည်။ လိင်အကြမ်းဖက်မှု လျော့နည်းသွား သည်ဟူသော ရှင်းလင်းသော အချက်အလက်မရှိခဲ့ပေ။ အကြောင်းမှာ ပြည့်စုံခြင်းမရှိသော၊ ယုံကြည်စိတ်ချ၍မရသော လိင် အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များကြောင့် ဖြစ်သည်။

### ကာဆူလူ ဒုက္ခသည်စခန်း၊ တန်ဇင်းနီးယား

- အန်ဂျီအိုဝန်ထမ်းများနှင့် တန်ဇင်းနီးယား သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးဓရိုင်ဌာနမှ တာဝန်ရှိသူများ စောင့်ကြပ်၍ ဒုက္ခသည်များအား **ထင်းကောက်ယူရန် ကားများဖြင့် ပို့ပေးခဲ့သည်။**
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်ဆီးမှုအား လျော့ပါးစေရန်နှင့် သတ်မှတ်ထားသော နေရာအား အကာအကွယ်ပေးရန်အတွက် ရည်ရွယ် လုပ်ဆောင်ခြင်း ဖြစ်သည်။

### ဘူတန်ဒုက္ခသည်စခန်းများ၊ နီပေါနိုင်ငံ

- ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အိမ်ထောင်စုများအားရေနံဆီ များ ဖြန့်ဝေပေးခဲ့သည်။
- ထင်းမီးကောက်ယူရခြင်းအား လျော့နည်းစေရန်အတွက် ရည်ရွယ်လုပ်ဆောင်းဖြစ်သည်။ ရလဒ်မှာ ဒုက္ခသည်များနှင့် ပတ်ဝန်းကျင် လူထုအကြား တင်းမာမှုများကို လျော့ပါးစေသည်။
- ရေနံဆီသည် ပုံမှန်ရိက္ခာ၏ အစိတ်အပိုင်းတခုဖြစ်သည်။ ဘဏ္ဍာငွေနည်းပါးလာသည်နှင့်အမျှ တစစလျော့နည်းလာသည်။ ဒုက္ခသည်များက ၎င်းတို့၏ လိုအပ်သည့် ပမာဏ အထိ မပြည့်မှီကြောင်း ပြောဆိုကြသည်။

# အလုပ်စာမျက်နှာ

# ၇၊ ၄ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေပစ္စည်းများ ထောက်ပံ့ပေးခြင်း

# လုပ်ငန်း။ ။ အိုးအိမ်နေရာ စီစဉ်ပေးခြင်းနှင့် အစားအသောက်မဟုတ်သော ပစ္စည်းများ စီမံပေးခြင်း

# အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

တကိုယ်ရေသုံးပစ္စည်းများသည် လစဉ်ဓမ္မတာလာသော အရွယ်ရောက်အမျိုးသမီးများတွက် ထောက်ပံ့ပေးရန် လိုအပ်သည်။ ထိုပစ္စည်း များအား အရေးပေါ်အခြေအနေတခုတွင် အိမ်ထောင်စုပစ္စည်းများ ထောက်ပံ့ရာတွင် တပေါင်းတည်း ပါဝင်သင့်သည်။ သင့်လျော်သော တကိုယ်ရေသုံးပစ္စည်များ ထောက်ပံ့ပေးခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဂုဏ်သိက္ခာအား အကာအကွယ်ပေးနိုင် သလို နေ့တဓုဝ ရုန်းကန်လှုပ်ရှားမှုများ၊ မိသားစုနှင့် လူမှုအသိုင်းအဝန်းကိစ္စရပ်များတွင် ပူးပေါင်းပါဝင်နိုင်စေသည်။ တကိုယ်ရေ သုံးပစ္စည်း များသည် ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ စည်းရုံးရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု၊ မိသားစု လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုံခြုံမှုအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိစေသည်။

အရေးပေါ်အခြေအနေအောက်တွင် ထောက်ပံ့ပေးရမည့် တကိုယ်သုံးပစ္စည်းများ၏ အမျိုးအစားအသေးစိတ်ကို သေချာစွာ စဉ်းစားရမည်။ ဓလေ့ထုံးတမ်းအရ သင့်လျော်မှုလည်း ရှိရမည် ဖြစ်ပြီး ထောက်ပံ့ပေးမည့် အသိုင်းအဝန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများ၏ အကြံပြုချက် နှင့် ရွေးချယ်မှုများအပေါ်တွင် အခြေခံစဉ်းစားရမည်။ ဥပမာ ကော်ဆိုဗိုမှ အမျိုးသမီးများအတွက် အဝတ်အမဲစသုံးရန် မသင့်လျော်ပေ၊ ဒါဖောကျေးလက်ပိုင်းမှ အမျိုးသမီးများသည် ကုမ္ပဏီထုတ် တကိုယ်ရေးသန့်ရှင်းရေးသုံးပစ္စည်းများအား အသုံးမပြုကြပေ။ အချို့ အသိုင်းအဝန်းသည် တခါသုံးပစ္စည်းများဖြင့် အကျွမ်းတဝင် မဖြစ်ပေ။

**အဓိကလုပ်ငန်းများ**

လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ဝင်များအပြင် လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေး ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီများသည် အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် တာဝန်ရှိသည်။

၁၊ အသက် ၁၃ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသမီးများ နှင့် မိန်းကလေးအားလုံးအား တကိုယ်ရေသန့်ရှင်းမှုသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း

- လူဦးရေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းသော အမျိုးသမီးနှင့် မိန်းကလေးများအား ဓမ္မတာလာသော လူဦးရေအဖြစ် ခန့်မှန်းခြင်း
- ထုံတမ်းစဉ်လာအရ အသင့်တော်ဆုံးသော ပစ္စည်းများဖြစ်ရေး အမျိုးသမီးများ၊ မိန်းကလေးများဖြင့် အကြံဉာဏ်ရယူခြင်း
- အချိန်ကြန့်ကြာခြင်းများအား ရှောင်ကျဉ်ရန်အတွက် အချို့အခြေအနေများတွင် တကိုယ်ရေ သုံးပစ္စည်းများ ပထမဦးအကြိမ် ဖြန့်ဝေရာတွင် လူထုအကြံဉာဏ်များ ရယူစရာမလိုပဲ လုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ပြီးပါက အမျိုးသမီး၊ မိန်းကလေး များဖြင့် ဆွေးနွေးပြီးနောက် အပြောင်းအလဲများနှင့်အတူ တကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ပထမ အကြိမ်ထောက်ပံ့ခြင်း အတွက် အောက်ပါအချက်များအား လမ်းညွှန်တခုအဖြစ် အသုံးပြုနိုင်သည်။ ခြောက်လစာ လူတဦးအတွက် အခြေခံတကိုယ်ရည် သန့်ရှင်းရေး ပစ္စည်းများတွင်

  ၁၊ ခြောက်လစာအတွက် ၂ မီတာပတ်လည် အရည်စုပ်ဂွမ်း သို့မဟုတ် တလစာအတွက် တခါသုံး သန့်ရှင်းရေးပဝါ ၁၂ ခု

  ၂၊ အတွင်းခံဘောင်းဘီ ၃ ထည်

  ၃၊ တလလျှင် ၂၅၀ ဂရမ်အလေးချိန်ရှိသော ဆပ်ပြာ (အခြားဆပ်ပြာထောက်ပံ့ပေးခြင်းအပြင် သီးသန့်)

  ၄။ ရေပုံးတလုံး (တနှစ်တာ အသုံးပြုနိုင်ရမည်။)

- အရေးပေါ်အခြေအနေကာလတခုလုံးတွင် ပုံမှန်နေထိုင်သူများနှင့် အသစ်ရောက်ရှိလာသူများအား တကိုယ်ရေသန့်ရှင်းရေးသုံး အိတ်များပေးပါ။

၂။ တကိုယ်ရေသန့်ရှင်းရေးသုံးအိတ်များ ဖြန့်ဝေပေးရာတွင် သက်ဆိုင်ရာ အစုအဖွဲ့များ၏ တက်ကြွကွသော ပါဝင်ရှိရမည်။

- အမျိုးသမီးများနှင့် မိန်းကလေးများ ပူးပေါင်းပါဝင်မှုရှိစေရန် ကူညီပေးခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း
- လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်သူများထံမှ အကြံဉာဏ်နှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရန် အားထုတ်ခြင်း (ဥပမာ ကျန်းမာရေးအသိမြှင့်တင်သူများ၊ သရုပ်ပြသူများ)

၃၊ လိင်နှင့် အသက်အရွယ် အပိုင်းအခြားအရ တိကျသော အချက်အလက်များရှိပါက တကိုယ်ရေသန့်ရှင်းရေးအိတ်များဝေငှရာတွင် ယင်းအချက်အလက်များအား အသုံးပြုပါ။ အချက်အလက်များ မရှိပါက သို့မဟုတ် မသေမချာ၊ မတိမကျ သို့မဟုတ် မပြည့်စုံပါက ဖြန့်ဝေခြင်း စာရင်းပြုစုရန်အတွက် အမျိုးသမီးများ၊ မိန်းကလေးများနှင့် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်သူများဖြင့် ပူးပေါင်း ဆောင်ရွက်ပါ။ အသက်အရွယ်နှင့် လိင်ကွဲပြားမှုအား ရှင်းလင်းစွာ ဖေါ်ပြထားခြင်း မရှိပါက အိမ်ထောင်စု ရိက္ခာကဒ်ပြား အသုံးပြုခြင်းကို ရှောင်ကျဉ်ပါ။

**Key Reference Materials**


1. *Respect Our Rights: Partnership for Equality, Dialogue with Refugee Women.* UNHCR, Geneva, 2001. http://www.womenscommission.org/pdf/unhcr_ref.pdf

2. *Practical Guide to The Systematic Use of Standards and Indicators in UNHCR Operations.* First Edition, January 2004. http://www.unhcr.ch/cgibin/texis/vtx/statistics/opendoc.pdf ?tbl=STATISTICS&id=40eaa9804

3. *Minimum standards in shelter, settlement and non-food items,* Sphere Handbook, 2004 Revised Edition.Pages 232-233. http://www.sphereproject.org/

# ၈၊ ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုလုပ်ငန်း

## လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

## အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၈ ၊ ၁ အမျိုးသမီးများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအား အသုံးပြုခွင့် ရရှိရေး

၈၊ ၂ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထောက်ပံ့ပေးခြင်း

၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်း

# အလုပ်စာမျက်နှာ
# ၈ ၊ ၁ အမျိုးသမီးများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအား အသုံးပြုခွင့် ရရှိရေး
# လုပ်ငန်း။ ။ ကျန်းမာရေးနှင့် လူထုစောင့်ရှောက်မှု လုပ်ငန်း
# အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

## နိဒါန်း

ပဋိပက္ခများဖြစ်ပွားနေသော အချိန်အခါများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် တခါတရံတွင် ဆိုးဝါးစွာ ထိခိုက်ပျက်ဆီးနေ တတ်သည်။ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ လူဦးရေများပြားခြင်း၊ လုံခြုံရေးအကန့်အသတ်ကြီးမှုနှင့် ဦးစားပေးမှုများ များပြားခြင်း စသည့်အရာများက အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနည်းပါးစေခြင်းနှင့် အသုံးပြုခွင့် နည်းပါးစေခြင်းတို့ကို ဖြစ်စေနိုင်သည်။ ကောင်းမွန်စွာလည်ပတ်နိုင်ပြီး၊ ဝန်ဆောင်မှုပေးနိုင်သော ကျန်းမာရေးလုပ်ငန်းများက အမျိုးသမီး အတွက် ၎င်းတို့၏ ကိုယ်ပိုင်ကျန်းမာရေးနှင့် ကလေးများ၏ ကျန်းမာရေးတိုးတက်လာစေရေး စွမ်းဆောင်နိုင်ခြင်းများကို အထောက်အကူ ဖြစ်စေသည်။ အမျိုးသမီးများသည် ၎င်းတို့၏ ကိုယ်ပိုင်ကျန်းမာရေးနှင့် သူမ၏ မိသားစုကျန်းမာရေး အကာအကွယ်ပေးနိုင်ခြင်းသည် အမျိုးသမီးများ၏ ယေဘုယျအခြေအနေအား မြှင့်တင်ပေးခြင်းသည်သာမက လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန် ဆောင်ရွက်ခြင်း လုပ်ငန်းများအပါအဝင် မျိုးပွားကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား လူထုအတွင်း ပိုမိုသိရှိလာရေးအတွက်လည်း အထောက်အကူဖြစ်စေသည်။

လိင်အကြမ်းဖက်မှုခံခဲ့ရသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူ အများစုသည် ၎င်းတို့၏ အဖြစ်အပျက်များအား အခြား သူတဦးသို့ မပြောလိုကြသော်လည်း အကယ်၍ ကျန်းမာရေးလုပ်ငန်းများသည် လက်တွေ့ ပထဝီအနေအထားအရ သွားရလွယ်ကူခြင်း၊ လျှို့ဝှက်မှုပေးခြင်း၊ အထိခိုက်မခံခြင်း၊ သီးသန့် အကြံပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးခြင်းနှင့် အရည်အသွေးကောင်းမွန်ပါက ကျူးလွန်ခံရသူများသည် ကျန်းမာရေးဝန်ထမ်းများသို့ သူတို့၏ အတွေ့အကြုံအား ပြောပြကြသည်။ ကျန်းမာရေးဌာနများသည် အမျိုးသမီး များနှင့် မိန်းကလေးများ၏ မျိုးပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးသော ကြားနေရာအဖြစ် အစပထမတွင် ထမ်းဆောင်နိုင် သည်။ အခြားအထူးသီးသန့် ဝန်ဆောင်မှုများမရှိပါက ယင်းအခြေခံကျန်းမာရေး စောင့်ရှောက်မှုအခြေအနေအောက်တွင် အမျိုးသမီး များသည် ထိုကဲ့သို့ သတင်းအချက်အလက်များအား ပိုမို၍ ရရှိနိုင်သည်။

လိင်အကြမ်းဖက်မှု၏ အန္တရာယ်ရှိသော နောက်ဆက်တွဲဖြစ်ရပ်များအား လျော့ပါးစေရေးအတွက် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံ ရသူများအတွက် ချက်ချင်းပေးနိုင်သော ဝန်ဆောင်မှုများလည်း ရှိရမည်။ (အလုပ်စာမျက်နှာ ၈၊ ၂ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များ ထောက်ပံ့ပေးခြင်းအား ကြည့်ပါ။) နောက်ဆက်တွဲအဖြစ်အပျက်များတွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးဝါးစွာ ခံစားရခြင်း၊ ဆန္ဒမပါသော ကိုယ်ဝန်ဆောင်ရခြင်း၊ သန္ဓေသားဖျက်ချရခြင်း၏ စိုးရိမ်ကြောင့်ကြမှုများ၊ စိတ်ခံစားရမှု သို့မဟုတ် ရောဂါကူးဆက်ခံရမှုကြောင့် ကိုယ်ဝန်ဆောင်ရမှု၏ စိုးရိမ်ကြောင့်ကြမှုများ၊ မွေးဖွားရခြင်း၏ စိုးရိမ်ကြောင့်ကြမှုများနှင့် ကလေးပေါင်မပြည့်ခြင်း စသောမွေးကင်းစကလေးအတွက် ပြဿနာများစသည်တို့ပါဝင်သည်။ ထိုပြဿနာများအတွက် အရေးပေါ် သားဖွားစောင့်ရှောက်မှု ဌာနများ ရှိရန်လိုအပ်သည်။

## အဓိကလုပ်ငန်းများ

အောက်ဖော်ပြပါလုပ်ငန်းများသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း (PHC) အပါအဝင် ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ ကျန်းမာရေးဆိုင်ရာ အလုပ်ကဏ္ဍများအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်းဆုံချက်တခု ဖွဲ့စည်းကာ ယင်းလုပ်ငန်း၏ အဓိကအောင်မြင်မှုများကို ပြန်လည် အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသား အရင်းအမြစ်များနှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ် တားဆီးရေးတာဝန်ခံ အေဂျင်စီများနှင့် အလုပ်အဖွဲ့များ

ဦးဆောင်သော ကဏ္ဍာစုံလုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက် များ၌ ပူးပေါင်းပါဝင်ရမည်။

၁။ အရေးပေါ်အခြေအနေများတွင် မျိုးပွားကျန်းမာရေးဆိုင်ရာ အနိမ့်ဆုံးအဆင့် ရှေးဦးလုပ်ဆောင်ရမည့် လုပ်ငန်း (Minimum Initial Service Package of reproductive health in emergency situations (MISP) အားအကောင်အထည်ဖော်ခြင်း။ MISP သည် အရေးပေါ်အခြေအနေများ၏ အစပိုင်းအဆင့်များတွင် မျိုးပွားကျန်းမာရေးဆိုင်ရာ အယူသည်းမှုနှင့် အသက်ဆုံးရှုံးရမှုများကို ကာကွယ် တားဆီးပေးရန် လိုအပ်သော လုပ်ငန်းများဖြစ်သည်။ ၁ ၊ ၃ လုပ်ငန်းကဏ္ဍာစုံ စံသတ်မှတ်ချက်များကို ဖြန့်ဝေထားခြင်းနှင့် သေချာစွာ လေးစားလိုက်နာခြင်းနှင့် ***IAWG –ဒုက္ခသည်အခြေအနေများတွင် စောင့်ရှောက်မှုပေးသော မျိုးပွားကျန်းမာရေးဆိုင်ရာ အေဂျင်စီများအကြား ကွင်းဆင်းလက်စွဲ၊ အခန်း ၂*** ကို ကြည့်ပါ။ MISP ၏ လုပ်ငန်းများနှင့် ရည်ရွယ်ချက်မှာ

- MISP လုပ်ငန်းများအား တာဝန်ခံခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား အထောက်အကူပြုနေသော အဖွဲ့အစည်း များနှင့် တသီးပုဂ္ဂလိကများအား ရှာဖွေသတ်မှတ်ပါ။
- လိင်အကြမ်းဖက်မှု၏ အကျိုးဆက်များအား ကာကွယ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း
- အိပ်ချ်အိုင်ဗွီကူးစက်မှုအား
  - အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်အတွက် ကမ္ဘာလုံးဆိုင်ရာ သတိပေးမှုအား လေးစားလိုက်နာခြင်း
  - ကွန်ဒွမ် အခမဲ့ပေးဝေခြင်းတို့ဖြင့် လျော့ပါးစေခြင်း။

- မွေးကင်းစနှင့် မိခင်စောင့်ရှောက်မှုဆိုင်ရာ ဆိုးဝါးသော အယူသည်းမှုနှင့် အသက်ဆုံးရှုံးမှုများအား
  - အိမ်တွင်းမီးဖွားခြင်းတွင် သန့်ရှင်းမှုရှိစေရန်အတွက် မိခင်များနှင့် လက်သည်များအသုံးပြုရန်အတွက် သန့်ရှင်းသော မီးဖွားပစ္စည်းများ ထောက်ပံ့ပေးခြင်း
  - ကျန်းမာရေးဌာနတွင် သန့်ရှင်း၍ လုံခြုံသော မီးဖွားခြင်းများဖြစ်စေရန်အတွက် အရပ်လက်သည်အား မီးဖွားကိရိယာများ ထောက်ပံ့ပေးခြင်း
  - မီးဖွားခြင်းဆိုင်ရာ အရေးပေါ်အခြေအနေများအား စီမံကိုင်တွယ်နိုင်ရန်အတွက် လွှဲပြောင်းပေးခြင်းစနစ်အား တင်ကြိုစီစဉ်ထားခြင်းတို့ဖြင့် ကာကွယ်ဟန့်တားနိုင်သည်။
- အခြေအနေမှ ခွင့်ပြုနိုင်သည့်အတိုင်းအတာအထိ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် တပေါင်းတည်း ပြည့်စုံသော မျိုးပွား ကျန်းမာရေးလုပ်ငန်း စောင့်ရှောက်မှုလုပ်ငန်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ခြင်း

၂။ **အရေးပေါ် အခြေအနေဆိုင်ရာအကဲဖြတ်ချက်တခုဆောင်ရွက်ခြင်းလုပ်ငန်း**တွင် ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ အရေးပေါ်အကဲဖြတ်ချက်တခုသည် အမျိုးသမီးများအတွက် အသုံးပြုနိုင်ခြင်း၊ အမျိုးသမီးများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်သော ကျန်းမာရေး လုပ်ငန်းများ၏ အဆင်သင့်ရှိမှုနှင့် လုပ်နိုင်စွမ်းများကို ရှာဖွေကြည့်သင့်သည်။ ယင်းအကဲဖြတ်ချက်တွင် အောက်ပါ မေးခွန်းများ ပါဝင်သင့်သည်။

- လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးလုပ်ငန်းများ၏ အရေအတွက်၊ တည်နေရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်
- မတူညီသော အဆင့်နှင့် မတူညီသော လိင်အမျိုးအစားအရ ကျန်းမာရေးလုပ်သားဦးရေ
- မျိုးပွားကျန်းမာရေးဖြင့်ဆက်နွယ်၍ ထောက်ပံ့ပေးသော ဝန်ဆောင်မှုလုပ်ငန်းအတိုင်းအတာ
- အမျိုးသမီးများနှင့် ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် ပိတ်ပင်နေသော အတားအဆီးများ။ ဥပမာ ခွဲခြား ဆက်ဆံခံရခြင်း၊ လုံခြုံရေး၊ အခကြေးငွေ၊ တကိုယ်ရေလွတ်လပ်မှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း (ဆွေးမျိုးယောက်ကျ်ား တဦး၏ ခွင့်ပြုချက် သို့မဟုတ် အတူလိုက်ပါရန် လိုအပ်မှု စသဖြင့်)
- အမျိုးသမီးများ ကျန်းမာရေးအတွက် လက်ရှိတည်ရှိနေသော စိန်ခေါ်ချက်များနှင့် မျိုးပွားကျန်းမာရေးဆိုင်ရာ တိုင်းတာချက် များအား သိရှိခြင်း

၃။ အမျိုးသမီးများနှင့် ကလေးများသည် ကျန်းမာရေးဌာနများတွင် ဆေးကုသခံနိုင်မှုရှိစေရမည်။

- ဒုက္ခသည်၊ နိုင်ငံအတွင်းအိုးအိမ်စွန့်ခွာထွက်ပြေးရသူများနှင့် ဒေသခံလူထုအပါအဝင် ဒုက္ခရောက်သူအားလုံးအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ရှိရမည်။
- ကျန်းမာရေးဌာနများသည် လမ်းလျှောက်၍လာနိုင်လောက်သော နေရာနှင့် လုံခြုံသော လမ်းကြောင်းပေါ်တွင် တည်ရှိရမည်။ (အလုပ်စာမျက်နှာ ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံကိန်းများ

အကောင်အထည်ဖေါ်ခြင်း အားကြည့်ပါ။)

- အမျိုးသမီးများနှင့် ကလေးများအတွက် အဆင်ပြေသော အချိန်များတွင် ဆေးခန်းများဖွင့်ပါ။ (အိမ်ထောင်စုတာဝန်များ၊ ရေခပ်၊ ထင်းခွေတာဝန်များနှင့် ကျောင်းတက်ချိန်များ)
- အမျိုးသမီးများနှင့် မိန်ကလေးများအတွက်သီးသန့် ဆွေးနွေးခန်းနှင့် စမ်းသပ်ခန်းများ ထားရှိရမည်၊
- ဖြစ်နိုင်ပါက အမျိုးသမီးဝန်ထမ်းများ ခန့်အပ်ပါ။
- ကိုယ်ဝန်ဆောင် နှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများအတွက် ၂၄ နာရီပတ်လုံး အဆင်သင့် ရှိရမည်။
- တိုင်းရင်းသားမျိုးနွယ်အုပ်စုများ အားလုံးအား ကိုယ်စားပြုပေးသော ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်သူများ ရှိရမည်၊ သို့မဟုတ် တိုင်းရင်းသားတဦးချင်းစီအတွက် ဘာသာပြန် ခန့်အပ်ထားရမည်။
- ဆေးကုသမှုအကြောင်းပြချက်များ ပြန်လည်ဆုတ်ခွာခြင်းအစီအစဉ် စီစဉ်ထားခြင်း သို့မဟုတ် ဒေသတွင်းလက်ရှိတည်ရှိနေသော ဌာနများမှ မကုသပေးနိုင်သော ပြဿနာများအတွက် ရွှေ့ပြောင်းဆေးပေးခန်းများ ထားရှိပေးခြင်း
- ဓလေ့ထုံးတမ်းကိစ္စရပ်များအား ထည့်သွင်းစဉ်းစား၍ မိန်းကလေးများအတွက် ဝန်ဆောင်မှုအား သေချာစွာ ထည့်သွင်းစဉ်းစား ရမည်။ ဥပမာ အသက်အရွယ်ရှိလာပြီဖြစ်သော မိန်းကလေး သို့မဟုတ် အပျိုမိန်းကလေးများသည် မျိုးပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ခွင့်ရချင်မှ ရနိုင်လိမ့်မည်။ ထို့ကြောင့် ကျန်းမာရေးဌာနအတွင်း ရောက်ရှိနေသော ထိုမိန်းကလေးများအား သတိမှတ်မဲ့ မေးခွန်းထုတ်မိ ကြလိမ့်မည်။ ထိုအချက်သည် အမည်မဖေါ်လိုခြင်း၊ လျှို့ဝှက်ထားခြင်းနှင့် ကုသခွင့်ဟူသော အချက်များကို အဟန့်အတားဖြစ်စေသည်။

၄၊ ဝန်ထမ်းများအား စိတ်အားမြှင့်ပေးရန်နှင့် အထောက်အပံ့ပေးရန်

- ဆေးပညာဆိုင်ရာလျှို့ဝှက်ထားမှုအား လေးစားလိုက်နာရမည်ကို ဝန်ထမ်းအားလုံးက သိရှိထားရမည်။ (အလုပ်စာမျက်နှာ ၄–၂ ကျင့်ဝတ်သိက္ခာ (**Code of Conduct**) အား လုပ်ငန်းတူဆောင်ရွက်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ အသိပေးခြင်း အားကြည့်ပါ။)
- ကျန်းမာရေးဌာနများနှင့် ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ရှင်းလင်းပြတ်သားသော စည်းမျဉ်း စည်းကမ်းများ ထုတ်ပေးခြင်း၊ လုံလောက်သော အထောက်အပံ့နှင့် အသုံးအဆောင်များ ထောက်ပံ့ပေးခြင်း။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျန်းမာရေးကို ထိခိုက်စေသော မိန်းမတန်ဆာဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိအား ဝန်ထမ်း များသို့ အသိပေးပါ။ ထိုအတွက် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲများအား မည်ကဲ့သို့ စီမံရမည်နှင့် ပတ်သက်သော လုပ်ထုံး လုပ်နည်းများရှိရမည်။
- စနစ်ကျ၍ အထောက်အပံ့ဖြစ်စေသောစနစ် ထားရှိရမည်။

၅၊ ရပ်ရွာအား အသိပေးခြင်းနှင့် ပါဝင်စေခြင်း

- ဆေးကုသနိုင်ခွင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများပါဝင်ရမည်ဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုအား ကုသမှု ပေးသော ဝန်ဆောင်မှုများအတွက် သင့်လျော်သော၊ ထိခိုက်မှုမရှိသော၊ အနှုတ်လက္ခဏာမဆန်သော အမည်တခုပေးခြင်း။
- ကျန်းမာရေးဌာနတွင် ယင်းလုပ်ငန်းရှိကြောင်း လူထုသို့ အသိပေးခြင်း (အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းအား ကြည့်ပါ။)
- အမျိုးသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆွေးနွေးအကြံပေးမှုနှင့် အမျိုးသမီး မျိုးပွားကျန်းမာရေးနှင့် ပတ်သက်သော သတင်းအချက်များပေးခြင်းအပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်သော ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိမှုများကိုလည်း အသိပေးရမည်။

**Key Reference Materials**

1. *IAWG Inter-Agency Field Manual for Reproductive Health in Refugee Situations.* UNHCR/UNFPA/WHO, 1999. http://www.rhrc.org/resources/general%5Ffieldtools/iafm_menu.htm

2. *Sphere Handbook,* chapter on Health Services. http://www.sphereproject.org/handbook/hdbkpdf/hdbk_c5.pdf

3. *Clinical Management of Rape Survivors. Developing protocols for use with refugees and internally displaced persons,* revised edition,

WHO, UNHCR, 2005. http://www.who.int/reproductive-health/publications/
rhr_02_8_clinical_management_survivors_of_rape/clinical_mngt_survivors_of_rape.pdf

4. *Guidelines for HIV/AIDS Interventions in Emergency Settings,* IASC, 2004.
http://www.humanitarianinfo.org/iasc/IASC%20products/FinalGuidelines17Nov2003.pdf

5. *A Practical Approach to Gender-Based Violence, A Programme Guide for Health Care Providers and Managers.* UNFPA, 2001.
http://www.unfpa.org/upload/lib_pub_file/99_filename_genderbased.pdf

6. MISP fact sheet. Women's Commission for Refugee Women and Children, 2003.
http://www.rhrc.org/pdf/fs_misp.pdf and checklist.

## နိဒါန်း

အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ အတွက် သင့်လျော်သော စောင့်ရှောက်မှုများပေးခြင်း၊ ဖြစ်စဉ်တခုလုံးအား မှတ်တမ်းယူခြင်း၊ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုပြုလုပ်ခြင်းနှင့် အခြားဆက်နွယ်သော သတင်းအချက်အလက်များ ယူခြင်းအပြင် လူနာ၏ သဘောတူညီချက်အရ နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများအတွက် လိုအပ်ကောင်း လိုအပ်နိုင်သည့် မှုခင်းဆိုင်ရာ သက်သေခံပစ္စည်းများ ရယူထားခြင်းစသော လုပ်ငန်းများမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ တာဝန်ဖြစ်သည်။ ကျူးလွန်ခံရသူသည် အဓမ္မကျင့်ခံခဲ့ရသည် ဟုတ် မဟုတ်နှင့် ပတ်သက်၍ ပိုင်းခြားဆုံးဖြတ်ရန် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတွင် တာဝန်မရှိ။ ယင်းအချက်သည် ဥပဒေကြောင်းဆိုင်ရာ ဆုံးဖြတ်ချက် တခုဖြစ်သည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအပေါ် စေတနာပြည့်ဝစွာ ဆောင်ရွက်ပေးသော ကျန်းမာရေး လုပ်ငန်းများ အဆင်သင့်ရှိရမည်။ ကျန်းမာရေးတာဝန်ခံများက ဝန်ထမ်းများအားလုံးသည် လိင်အကြမ်းဖက်မှုကိစ္စရပ်နှင့် ဆေးပညာဆိုင်ရာ လျှို့ဝှက်မှုများအား လေးစားလိုက်နာရန် လိုအပ်သည်ကိုလည်း သိရှိထားရန် လုပ်ဆောင်ပေးရမည်။ ကျန်းမာရေးစောင့်ရှောက်သူများ (ဆရာဝန်များ၊ ဆေးအကူများ၊ သူနာပြုများ စသဖြင့်) သည် အဓမ္မကျင့်ခံခဲ့ရသော အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် စောင့်ရှောက်မှု ကျင့်ဝတ်စည်းကမ်း သဘောတူညီချက်တခု ရှိသင့်သည်။ ယင်းကျင့်ဝတ်စည်းကမ်းသည် နိုင်ငံတကာမှ လက်ခံထားသော စံသတ်မှတ်ချက်များ နှင့် သက်ဆိုင်ရာ အမျိုးသားစည်းမျဉ်းဥပဒေများနှင့်အညီဖြစ်သင့်သည် (အောက်တွင်ဖော်ပြထားသော ရည်ညွှန်းကိုးကားချက်အား ကြည့်ပါ။) ကျန်းမာရေးစောင့်ရှောက်သူများသည် သဘောတူထားသော ကျင့်ဝတ်စည်းကမ်းနှင့်အညီ မည်ကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ကို သိရမည်ဖြစ်ပြီး လိုအပ်သော ပစ္စည်းကိရိယာများနှင့် အထောက်အပံ့များလည်း ရရှိရမည် ဖြစ်သည်။ ယင်းအလုပ်စာမျက်နှာပါ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက် အသေးစိတ်နှင့် သတင်းအချက်အလက်များအား အဓမ္မကျင့်ခံရသူများအတွက် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း နှင့် ဒုက္ခသည်၊ နိုင်ငံတွင်းအိုးအိမ်စွန့်ခွာထွက်ပြေးရသူများအတွက် အသုံးချ ကျင့်ထုံးစည်းကမ်းများတွင် ကြည့်ရှုနိုင်သည်။ (အောက်တွင်ဖော်ပြထားသော ရည်ညွှန်းကိုးကားချက်အားကြည့်ပါ။)

အမျိုးသမီးကျန်းမာရေးစောင့်ရှောက်သူများအား ဦးစားပေးအဆင့်အဖြစ်သတ်မှတ်၍ စုဆောင်းသင့်သည်။ သို့သော် လေ့ကျင့်ပေးထားသော အမျိုးသမီးကျန်းမာရေးဝန်ထမ်းများ မရှိခြင်းကြောင့် အဓမ္မကျင့်ခံရသူအများအတွက် စောင့်ရှောက်မှုလုပ်ငန်းများအား အဟန့်အတား မဖြစ်သင့်ပေ။

လိင်အကြမ်းဖက်ခံရသော ဖြစ်ရပ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအပေါ် စည်းနှောင်မှုရှိသော သက်ဆိုင်ရာ ဥပဒေများ နှင့် မူဝါဒများအား ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းအားလုံးက သိရှိထားရမည်။ ဥပမာ လိင်အကြမ်းဖက်ခံမှုများအတွက် တရားဝင် ကိုယ်ဝန်ဖျက်ချခွင့်ပေးသော ဥပဒေများ ရှိနိုင်သည်။ ထို့အပြင် အကယ်၍ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ (ကျူးလွန်ခံရသူ ကလေး၊ သူမ၏ မိသားစု) သည် ဥပဒေကြောင်းအရ ဖြေရှင်းမှုများပြုလုပ်လိုသောအခါတွင် ကျန်းမာရေးစောင့်ရှောက်သူများသည် ရဲများဖြင့် ဆက်သွယ် လုပ်ကိုင်ရမည်။ နိုင်ငံအတော်များများတွင် ကျန်းမာရေးစောင့်ရှောက်သူများမှ ဖြည့်စွက်ပေးရသော ရဲတပ်ဖွဲ့ ပုံစံများရှိသည်။ ကျန်းမာရေးဝန်ထမ်းများသည် ယင်းပုံစံများအား မည်ကဲ့သို့ ဖြည့်စွက်ရမည်ကို သိရန် လိုအပ်သည်။ အချို့တိုင်းပြည်များတွင် ကျန်းမာရေး စောင့်ရှောက်သူများသည် လိင်အကြမ်းဖက်မှု ကိစ္စများအား ရဲ သို့မဟုတ် အခြားသော အာဏာပိုင်များသို့ တင်ပြန်ရန် ဥပဒေက ခွင့်ပြုထား သည်။ ယင်းဥပဒေများသည် ဆေးပညာဆိုင်ရာ လျှို့ဝှက်ထားရခြင်းအတွက် ထိန်းသိမ်းပေးရသော ကျန်းမာရေးဝန်ထမ်းများအတွက် ခက်ခဲသော စိန်ခေါ်မှုများဖြစ်တတ်ပြီး အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများသည် အကယ်၍ ၎င်းတို့ဖြစ်ရပ်များအား ရဲသို့ မတိုင်ကြားလိုခြင်း၊ တဦးတယောက်မျှ မသိစေလိုသော ၎င်းတို့၏ ဆန္ဒအား လေးစားလိုက်နာရန်အတွက်လည်း အခက်အခဲဖြစ်စေသည်။ ရဲသို့ အကြောင်းမကြား မနေရ ဥပဒေအရ

ထုတ်ပြန်ထားသော နေရာများတွင် ကျူးလွန်ခံရသူအများစုသည် လူသိရှင်ကြား ဖြစ်မည်ကို စိုးရိမ်သောကြောင့် ကျန်းမာရေး စောင့်ရှောက်သူများထံတွင် လိင်အကြမ်းဖက်ခံရခြင်းကို ထုတ်ဖော်ပြောဆိုခြင်း မလုပ်ကြပေ။ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုနှင့် သက်ဆိုင်သော နောက်ထပ် စဉ်းစားချက်တခုမှာ ကျန်းမာရေးဝန်ထမ်းများသည် စစ်ဆေးမှုပြုလုပ်စဉ် တွေ့ရှိရသော ဆေးပညာဆိုင်ရာ အချက်အလက်များအား တရားခွင်တွင် သက်သေထွက်ဆိုရန်အတွက် လိုအပ်ခြင်းဖြစ်သည်။ ထိုသို့သော ဥပဒေမျိုးရှိပါက အိမ်ရှင်ဝန်ထမ်း များက စစ်ဆေးမှုများ လုပ်ဆောင်ခြင်းသည် ပို၍ အဓိပ္ပါယ်ရှိသည်။ အဘယ်ကြောင့် တရားခွင်သို့လာရန် အဖြစ်နိုင်ဆုံးသော သူများဖြစ်သော ကြောင့်ဖြစ်သည်။ (နိုင်ငံတကာမှ လာရောက်ထမ်းဆောင်သော ဝန်ထမ်းများသည် အချိန်တိုကာလအတွင်း ပြောင်းရွှေ့သွားနိုင်သည်။)

## အဓိကလုပ်ငန်းများ

ကျန်းမာရေးလုပ်ငန်းတွင် ပါဝင်ဆောက်ရွက်နေသူအားလုံးသည် အဓမ္မကျင့်ခံခဲ့ရသော အသက်ရှင် ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူ များအတွက် စောင့်ရှောက်မှု ကျင့်ဝတ်စည်းကမ်း သဘောတူညီချက်တခု ထားရှိရမည်။ ကျန်းမာရေးဌာနတခုချင်းစီတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများသည် ကျင့်ဝတ်စည်းကမ်းများ မည်ကဲ့သို့ လိုက်နာအသုံးပြုရမည်အား လေ့ကျင့်ပေးသင့်သည်။ ကျင့်ဝတ် စည်းကမ်းများတွင် အောက်ပါ လုပ်ငန်းများ ပါဝင်သင့်သည်။

### ၁။ အသက်ရှင်ကျန်ရစ်သူအတွက် ပြင်ဆင်ပေးခြင်း

- ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ မပြုလုပ်ခင် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ အတွက် ပြင်ဆင်ပေးပါ။ မလိုအပ် သော စစ်ဆေးမှုများသည် အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် စိတ်ပိုင်းဆိုင်ရာဖိစီးမှုများကို ဖြစ်စေ နိုင်သည်။
- သင့်ကိုယ်သင်မိတ်ဆက်၍ အဓိကလုပ်ထုံးလုပ်နည်းများကို ရှင်းပြပါ။ (ဥပမာ အင်္ဂါဇာတ် စစ်ဆေးခြင်း)
- သူမ၏အနားတွင် ရှိစေချင်သော တစုံတဦး ရှိမရှိ မေးပါ။
- အကယ်၍ ကျူးလွန်ခံရသူသည် အသက်မပြည့်သေးသူတဦးဖြစ်ပါက ထိုသူ၏ မိဘများ၏ သဘောတူညီချက်ကို ရယူပါ။
- ကျူးလွန်ခံရသူသည် စမ်းသပ်မှု၏ အစိတ်အပိုင်းတခုချင်းစီတွင် သူမ ထိန်းချုပ်နိုင်ကြောင်းအား ထပ်မံအသိပေးပါ။ သူမ မစမ်းသပ်စေလိုသော အပိုင်းအား သူမတွင် ငြင်းဆိုရန် အခွင့်အရေးရှိသည်။
- စမ်းသပ်တွေ့ရှိချက်များသည် လျှို့ဝှက်စွာ သိမ်းဆည်းထားမည်ဖြစ်ကြောင်း ရှင်းပြပါ။

### ၂။ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခြင်း

- ရုပ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေစဉ်တွင် ကြောက်ရွံ့မှု၊ ထိတ်လန့်မှု၏ စိတ်ခြောက်ခြားဖွယ်လက္ခဏာများ ဥပမာ မူးဝေခြင်း၊ အသက်ရှူနှုန်းမြန်လာခြင်း၊ နှလုံးခုန်မြန်လာခြင်းနှင့် အသက်ရှူလမ်းကြောင်းပိတ်နေသလိုဖြစ်နေခြင်း ပေါ်ပေါက်ပါက ထိန်းချုပ်ပေးပါ။ ယင်းအချက်များသည် ဆေးပညာအရ ရှင်းပြ၍ မရသော အရာများဖြစ်သည်။ (ဆိုလိုသည်မှာ ကိုယ်ခန္ဓာ၏ အင်္ဂါများ ကြောင့် ဖြစ်ခြင်းမဟုတ်)။ ရိုးရိုးသာမန်စကားလုံးဖြင့် ရှင်းရမည်ဆိုသော် ထိတ်လန့်ဖွယ် အတွေ့အကြုံတခုအား ကျော်ဖြတ်လာ ရပြီးနောက် အလွန်ကြောက်ရွံ့နေသော လူများတွင် ပုံမှန်တွေ့ရှိရသော ခန္ဓာကိုယ်၏ တုန့်ပြန်ချက်များဖြစ်သည်။ ထိုတုန့်ပြန်ချက် များသည် ရောဂါ သို့မဟုတ် ဒဏ်ရာတခုကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပဲ ပြင်းထန်သော စိတ်ခံစားမှု၏ အစိတ်အပိုင်းတခုဖြစ်သည်။ စိတ်ပြေလျော့သွားသောအချိန်တွင် ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။
- ကျူးလွန်ခံရသူ၏ သဘောတူညီချက်ဖြင့်သာ စမ်းသပ်စစ်ဆေးခြင်း ပြုလုပ်ရမည်။ မေတ္တာတရားရှိခြင်း၊ လျှို့ဝှက်မှုရှိခြင်း၊ စနစ်ကျခြင်း၊ ပြည့်စုံခြင်းနှင့် သဘောတူထားသော ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာခြင်းများ ဖြစ်သင့်သည်။

### ၃။ အောက်တွင်ဖော်ပြထားသကဲ့သို့ မေတ္တာတရားရှိသော၊ လျှို့ဝှက်မှုရှိသော ကုသမှုများပေးပါ။

- အသက်အန္တရာယ်ရှိသော ကုသမှုများအတွက် လွှဲပြောင်းပေးခြင်း
- လိင်မှတဆင့်ကူးဆက်သောရောဂါများအတွက် အဖြစ်နိုင်ဆုံးကုသမှုများ ပေးခြင်း
- အိပ်အိုင်ဗွီရောဂါအတွက် နောက်ဆက်တွဲ ရောဂါတွဲများကုသပေးခြင်း
- အရေးပေါ်သန္ဓေဖျက်ချခြင်း
- ဒဏ်ရာများကုသပေးခြင်း
- စိတ်ပိုင်းဆိုင်ရာ အားပြည့်ပေးခြင်း (အလုပ်စာမျက်နှာ ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်းအားကြည့်ပါ။)
- အရေးပေါ်လုံခြုံမှုကိစ္စရပ်များအား ဆွေးနွေး၍ လုံခြုံရေးစီမံချက်တခုရေးဆွဲပါ။

- ကျူးလွန်ခံရသူ၏ သဘောတူညီချက်ဖြင့် လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင် ထောက်ပံ့ရေးဌာနများ၊ လုံခြုံရေးဆိုင်ရာဌာနများ၊ ဂေဟာများစသဖြင့် အခြားဌာနများသို့ လွှဲပြောင်းပေးပါ။ (အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖော်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း၊ ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းနှင့် ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်းအား ကြည့်ပါ။)

## ၄၊ အနိမ့်ဆုံး ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများအားရှာပါ။

- မည်သည့်သက်သေများအား ရှာဖွေရမည် သို့မဟုတ် မည်သည့်အရာများရှာဖွေသင့်သည်နှင့် ပတ်သက်၍ ဥပဒကြောင်းအရ ခွင့်ပြုချက်နှင့် ခွဲစိတ်ခန်း၏ ဆုံးဖြတ်ချက်များကို ရယူပါ။ အသုံးမဝင်သော အသုံးပြု၍မရသော သက်သေများကို ကျန်းမာရေး လုပ်သားများက မရှာဖွေရ။
- အကယ်၍ သူမသည် နောက်ဆုံးတွင် ယင်းအမှုအား တရားခွင်သို့ ယူဆောင်သွားသည်ဆိုပါက သက်သေရယူခြင်းနှင့် ပတ်သက်၍ ကျူးလွန်ခံရသူအား အကြံပေးပါ။ ထိုသတင်းအချက်အလက်သည် သူမ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အာဏာပိုင်ထံသာ ပေးပို့မည် ဖြစ်ကြောင်း အသိပေးပါ။
- လိင်အကြမ်းဖက်မှု ကိစ္စများအားလုံးအတွက် ကျူးလွန်ခံရသူ၏ အဖြစ်အပျက်အား အထောက်အကူ ဖြစ်စေနိုင်သော ဆေးပညာ ဆိုင်ရာ တွေ့ရှိချက်များအပြင် သူမအဝတ်အစား၏ အခြေအနေကိုပါ ဖော်ပြထားချက်များအား စာဖြင့် သေချာစွာ မှတ်တမ်းတင် သင့်သည်။ အကယ်၍ ကျူးလွန်ခံရသူသည် တရားခွင်သို့ လျှောက်တင်မည်ဆိုပါက ဆေးပညာမှတ်တမ်းသည် ဥပဒေဆိုင်ရာ မှတ်တမ်းတခု၏ အစိတ်အပိုင်း တခုအဖြစ် အသုံးပြုနိုင်သည်။
- စုတ်ပြဲသွားသော အဝတ်အစားနမူနာများကို သိမ်းထားပါ။ (ကျူးလွန်ခံရသူအား အစားထိုး အဝတ်ပေးနိုင်မှ သိမ်းဆည်းထားပါ။) သူမ အဖြစ်အပျက်အား အထောက်အကူဖြစ်စေရန်သော သူမအဝတ်ပေါ်နှင့် သူမ၏ ခန္ဓာကိုယ်ပေါ်တွင်ကျန်နေခဲ့သော တစိမ်းတယောက်၏ အပိုင်းအစများကိုပါ သိမ်းဆည်းထားပါ၊
- အကယ်၍ အဏုကြည့်မှန်ပြောင်းရှိပါက လေ့ကျင့်ပေးထားသော ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ဓါတ်ခွဲခန်းဝန်ထမ်းများက လိင်ဆက်ဆံခြင်းအား သက်သေပြနိုင်သာ သုတ်ရည် ရှိခြင်းအား စစ်ဆေးနိုင်သည်။

## ၅၊ အထောက်အပံ့ပစ္စည်းများစာရင်း (စာမျက်နှာ ၉၁ တွင် ကြည့်ပါ။)

**Key Reference Materials**

1. *Clinical Management of Rape Survivors. Developing protocols for use with refugees and internally displaced persons,* revised edition. WHO/UNHCR, 2005. http://www.who.int/reproductive-health/publications/rhr_02_8_clinical_management_survivors_of_rape/clinical_mngt_survivors_of_rape.pdf

2. *Reproductive Health Kits for Crisis Situations,* 3rd edition. UNFPA, 2004, page 13, RH kit 3. www.aidsandemergencies.org/RHKit_manual_en.pdf

3. *IAWG Inter-Agency Field Manual for Reproductive Health in Refugee Situations.* UNHCR/UNFPA/WHO, 1999. Chapter 4. http://www.rhrc.org/pdf/iafmch4.pdf

4. Guidelines for HIV/AIDS Interventions in Emergency Settings, IASC, 2004. http://www.humanitarianinfo.org/iasc/IASC%20products/FinalGuidelines17Nov2003.pdf

5. MISP fact sheet, Women's Commission for Refugee Women and Children, 2003. http://www.rhrc.org/pdf/fs_misp.pdf and checklist

# အထောက်အပံ့ပစ္စည်းများစာရင်း

| | |
|---|---|
| ၁။ ကျင့်ဝတ်စည်းကမ်းသတ်မှတ်ချက် | ရှိသည် |
| • ဝန်ထမ်းအသုံးပြုသောဘာသာစကားဖြင့် ဖော်ပြထားသော ဆေးပညာဆိုင်ရာ ကျင့်ဝတ်စည်းကမ်း | |
| ၂။ ဝန်ထမ်း | ရှိသည် |
| • လေ့ကျင့်ပေးထားသော ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်များ ( ၂၄ နာရီပတ်လုံး) | |
| • စမ်းသပ်စစ်ဆေးမှုပြုစဉ်အတွင်း အမျိုးသမီးကျန်းမာရေးလုပ်သား သို့မဟုတ် လုပ်ဖော်ကိုင်ဖက်အကြား တူညီသော ဘာသာစကား | |
| ၃။ ပရိဘောဂ၊ အခင်းအကျင်း | ရှိသည် |
| • အခန်း (သီးသန့်၊ တိတ်ဆိတ်သော၊ အသုံးပြုနိုင်ခြင်း နှင့် အိမ်သာနှင့် တဆက်တည်းရှိခြင်း) | |
| • ပစ္စည်းကိရိယာများ သန့်စင်ရန်အတွက် သန့်စင်ရေးကိရိယာများ ရှိခြင်း | |
| ၄။ အထောက်အပံ့ပစ္စည်းများ | ရှိသည် |
| • ပြစ်မှုဆိုင်ရာ အထောက်အထားများ စုစည်းခြင်းအတွက် "အခမ့်ပြုခြင်းဖိုင်တွဲ" | |
| ✓ ခါတ်ခွဲခန်းပလိပ်ပြား<br>✓ ဖူးယောင်ခြင်း၊ ကွဲရှနာခြင်း စသည်ဒဏ်ရာများ၏ အရွယ်အစားအား တိုင်းတာထားသော တိပ်အရွယ်အစား<br>✓ သက်သေပစ္စည်းများထည့်ထားသော စာအိတ်များ<br>✓ စာအိတ်ပိတ်ခြင်း နှင့် အမည်ထိုးခြင်းများအတွက် အသုံးပြုသော စက္ကူတိပ်များ | |
| • အစားထိုးပေးစရာ အဝတ်အစားတစုံ | |
| • သတိမေ့နေသူများအား သတိပြန်လည်လာစေရေး လုပ်ဆောင်ပေးသော ပစ္စည်းကိရိယာများ | |
| • စုတ်ပြဲခြင်းများအား ကုသပေးရန်အတွက် သန့်ရှင်းထားသော ဆေးကိရိယာများ နှင့် ချုပ်ရန်ပစ္စည်းများ | |
| • အပ် နှင့် ဆေးထိုးပြွန်များ | |
| • စမ်းသပ်စစ်ဆေးနေစဉ်အချိန်အတွင်း ကျူးလွန်ခံရသူအား အကာအကွယ်ပေးရန် အကာများ (ဝတ်ရုံအရှည်များ၊ အထည်များ၊ အဝတ်စများ) | |
| • တကိုရေသုံး ပစ္စည်းများ (ဂွမ်းကပ်များ သို့မဟုတ် ဒေသထွက် အဝတ်စများ) | |
| ၅။ ဆေးဝါး | ရှိသည် |
| • တိုင်းပြည်အတွင်း ဥပဒေများနှင့်အညီ လိင်မှတဆင့်ကူးစက်ရောဂါများအား ကုသပေးရန် | |
| • လိုအပ်ပါက PEP ဆေးဝါးများ | |
| • အရေးပေါ် သန္ဓေတားဆေးလုံးများနှင့် IUD | |
| • အနာသက်သာဆေးများ (ဥပမာ ပါရာစီတမော) | |
| • ထိပ်လန့်မှုအတွက် ဒေသသုံး မေ့ဆေးများ | |
| • ဒဏ်ရာကုသရန်အတွက် ပဋိဇီဝဆေးများ | |
| ၆။ စီမံအုပ်ချုပ်ရေး အထောက်အကူပြုပစ္စည်းများ | ရှိသည် |
| • ကိန်းညွှန်းဂရပ်များပါရှိသော ဆေးပညာဆိုင်ရာမှတ်တမ်း | |
| • သဘောတူညီချက်ပုံစံများ | |
| • အခမ့်ကျင့်ခံရပြီးနောက်ဆိုင်ရာ လက်ကမ်းစာစောင်များ (အသက်ရှင်ကျန်ရစ်သူအတွက်) | |
| • လျှို့ဝှက်မှတ်တမ်းများ ထားရှိရန်အတွက် လုံခြုံ၍ သော့ခတ်ထားသော ဖိုင်သိမ်းရာနေရာများ | |

**အလုပ်စာမျက်နှာ**

**၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်း**

**လုပ်ငန်း။ ။ ကျန်းမာရေးနှင့် လူထုစောင့်ရှောက်မှု လုပ်ငန်း**

**အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**

## နိဒါန်း

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုများပါဝင်သည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန် ခံရသူများသည် ဝမ်းနည်းခြင်း၊ စိတ်ဓါတ်ကျခြင်း၊ ကိုယ်ကိုကိုယ်အပြစ်ဖို့ခြင်း၊ စိတ်နှင့်ကိုယ် မကပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ပြဿနာ တက်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့်ဆိုင်သော ပြဿနာများ (အိပ်မပျော်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ စိတ်ဖိစီးခြင်းနှင့် ရူးတော့မည်ဟူသော စိုးရိမ်ချက်) စသည်တို့ကို ခံစားရတက်သည်။ ကျူးလွန်ခံရသူ အများစုအတွက် ထိုကဲ့သို့သော အတွေ့အကြုံများသည် အနာတရဖြစ်မှုမှ ရရှိသော ပုံမှန်စိတ်ခံစားချက်များ ဖြစ်သည်။ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ကြောင့် ကျူးလွန်ခံရသူ အများစုသည် စိတ်ကျခြင်းအား အချိန်နှင့်အမျှ လျော့ကျလာသည်။ အချို့ဖြစ်ရပ်များတွင် အသက်ရှင်ကျန်ရစ်သူ များနှင့် ကျူးလွန်ခံရသူများသည် ဆိုးဝါးသော စိတ်ကျခြင်းနှင့် စိတ်ဝေဒနာကို ပါခံစားရနိုင်သည်။ ထိုအမျိုးသမီးများအား ပြန်လည် သုံးသပ်ခြင်းနှင့် ဆေးဝါးကုသပေးသော ကျန်းမာရေးဝန်ထမ်းထံသို့ လွှဲပြောင်းပေးသင့်သည်။

လူမှုရေးဆိုင်ရာ နောက်ဆက်တွဲများကိုလည်း ကြုံတွေ့ရနိုင်သည်။ လူ့အဖွဲ့အစည်းအများစုသည် လိင်အကြမ်းဖက်ခံရသူကိုသာ အပြစ်ပုံချ တတ်ကြသည်။ ခင်ပွန်းသည်နှင့် မိသားစုဝင်များ အပါအဝင် ဘေးပတ်ဝန်းကျင်၏ လူမှုရေးအမည်းစက်၊ အထီးကျန်ခြင်းနှင့် ပစ်ပယ်ခံ ရခြင်းများသည် ဆိုးဝါသော နောက်ဆက်တွဲများ ဖြစ်ကြပြီး၊ တခါတရံတွင် နေ့တဓူဝလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များမှ ဖယ်ကျဉ်ခံရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်တည့်မတ်မှု ပို၍ ခက်ခဲလာသည်။ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ သို့မဟုတ် နှစ်သိမ့်အားပေးခြင်းလုပ်ငန်းတွင် လျှို့ဝှက်မှုနှင့် ကရုဏာထားသော နားထောင်မှု၊ ထိုသို့ဖြစ်ရခြင်း သည် ကျူးလွန်ခံရသူ၏ အပြစ်ကြောင့် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့ ဆိုးဝါးသော အဖြစ်အပျက်များကြောင့် ဤကဲ့သို့သော စိတ်ဒဏ်ရာ ခံစားနေရခြင်းအား နူးညံ့စွာ ပြောဆို ဖြောင်းဖျခြင်းများ ပါဝင်သည်။ ထိုကဲ့သို့သော အထောက်အပံ့ပုံစံများသည် အရပ်သားဖွားဆရာမများ၊ အရပ်လက်သည်များ၊ မိသားစု အဖွဲ့ဝင်များ (ဥပမာ ညီအမ သို့မဟုတ် အဒေါ်) မှ တဆင့် လူထုအတွင်း ရရှိနိုင်သည်။ တခါတရံတွင် ဘာသာရေး ခေါင်းဆောင်များသည် ကျူးလွန်ခံရသူအတွက် ရပ်ရွာအထောက်အပံ့များပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအားလုံးသည် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ နှစ်သိမ့်အားပေးမှု သို့မဟုတ် လူမှု အဝန်းအဝိုင်းအတွင်း ပြည်လည်ဝင်ရောက်ရေး ကူညီမှုများ လိုအပ်ချင်မှ လိုပေလိမ့်မည်။ သို့ပင်ငြား အရေးပေါ်အခြေအနေတခု၏ ကနဦးအဆင့် များတွင်ပင် စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များအား အသုံးပြုနိုင်ရန်အတွက် စီမံထားရမည် ဖြစ်သည်။ ထိုလုပ်ငန်းတွင် အောက်ပါအရာများ လိုအပ်သည်။

- လူထုအတွင်း စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအထောက်အပံ့များပေးနေသော တသီးပုဂ္ဂလိကများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ကျန်းမာရေးဌာနများအကြား လည်ပတ်နေသော လွှဲပြောင်းပေးရေးစနစ်တခု ရှိခြင်း
- ယေဘုယျအခြေအနေအားလုံးနှင့် မျိုးပွားကျန်းမာရေးဌာနများတွင် အခြေခံ စိတ်ကျန်းမာရေးစောင့်ရှောက်မှု ထားရှိခြင်း
- မိသားစု၊ လူထု၊ ဘာသာရေးအရ အထောက်အပံ့ပေးရေး စနစ်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

## အဓိကလုပ်ငန်းများ

အောက်ဖေါ်ပြပါလုပ်ငန်းများသည် အခြေခံကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက် နေသော အဖွဲ့အစည်းများ၏ ကျန်းမာရေးနှင် လူထုစောင့်ရှောက်မှု အလုပ်ကဏ္ဍများအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှု လုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသောသူများနှင့် လုပ်ငန်းဆုံချက်တခု ဖွဲ့စည်းကာ ယင်းလုပ်ငန်း၏ အဓိကအောင်မြင်မှု များကို ပြန်လည်အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊

စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များနှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖေါ်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးတာဝန်ခံ အေဂျင်စီများနှင့် အလုပ်အဖွဲ့များ ဦးဆောင်သော ကဏ္ဍစုံလုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက်များ ပူးပေါင်းပါဝင်ရ မည်။

၁၊ လူထုအတွင်းလက်ရှိတည်ရှိသော အရပ်သားဖွားဆရာမများ၊ အမျိုးသမီးအုပ်စုများ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူထုစောင့်ရှောက်မှု လုပ်ငန်းများကဲ့သို့သော အရင်းအမြစ်များအား သတ်မှတ်ခြင်း၊ စည်းရုံး သိမ်းသွင်းခြင်း

- လိင်အကြမ်းဖက်မှု ကိစ္စများ၊ ကျူးလွန်ခံရသူအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ၊ လက်ရှိလူထုအတွင်းရှိနေသော တသီးပုဂ္ဂလိကများ၊ အုပ်စုများ၊ အဖွဲ့အစည်းများမှ ၎င်းတို့သည် ကျူးလွန်ခံရသူများအတွက် ထောက်ခံအားပေးနိုင်ခြင်း၊ ကရုဏာ ထားခြင်း၊ သမာသမတ်ကျခြင်း၊ လျှို့ဝှက်ခြင်းနှင့် လေးစားခြင်းစသော အချက်များအား လုပ်ဆောင်နိုင်ခြင်း ရှိမရှိအား ပြန်လည် သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း။
- အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း တွင်ဖေါ်ပြထားသကဲ့သို့ လျှို့ဝှက်လွှဲပြောင်းပေးခြင်း စနစ်အား လူထုအခြေပြုစိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး အထောက်အပံ့ပေးသော အရင်းအမြစ်များ၊ လူထုစောင့်ရှောက်မှုလုပ်ငန်းများ၊ လုံခြုံရေးနှင့် ဥပဒေဆိုင်ရာ လုပ်ကိုင်သူများ အကြား တည်ဆောက်ထားခြင်း

၂၊ ကျန်းမာရေးနှင့် လူထုစောင့်ရှောက်မှုလုပ်ငန်းများအားလုံးတွင် ကျူးလွန်ခံရသူမှ သူမသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံခဲ့ရသည်ဟု ပြောဆိုချက်များ ပြုလုပ်သောအခါတိုင်း၌ နားထောင်ပါ။ စိတ်ပိုင်းဆိုင်ရာ အားပေးမှုများပေးပါ။ သတင်းအချက်အလက်ပေးခြင်းနှင့် ကျူးလွန်ခံရသူ၏ လိုအပ်ချက်နှင့် သဘောတူညီချက်အတိုင်း လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ပါ။

- ကျူးလွန်ခံရသူပြောစကားကို နားထောင်ပါ။ လိုလိုလားလားဖြစ်မှုအားပြသပါ။ ပိုမိုရှင်းလင်းစေရန်အတွက်သာ ဆက်နွယ်သော၊ ဆုံးဖြတ်ချက်မပေးသော မေးခွန်းများ မေးပါ။ သူမပေးနိုင်သော သတင်းအချက်အလက်ထက် သူမအား ပိုပေးရန် ဖိအားမပေးပါနှင့်။ (ဥပမာ စိတ်ပိုင်းဆိုင်ရာ ခံစားမှုအား မေးခွန်းတခုတည်းဖြင့် မမေးခြင်း။) အဖြစ်အပျက် ဟိုတစ ဒီတစ သူမပုံဖေါ်ပြနေခြင်းနှင့် သူမ၏ စိတ်ခံစားမှု ပြောင်းလဲခြင်း အခြေအနေ အသေးစိပ်အား သတိပြုပါ။ ယင်းအချက်က သူမလိမ်နေသည်ထက် သူမစိတ်ပိုင်း ဆိုင်ရာ သောကရောက်နေမှုကို ပြနေခြင်းဖြစ်နိုင်သည်။

- အကယ်၍ ကျူးလွန်ခံရသူသည် သူမကိုယ်သူမ အပြစ်ဖို့နေပါက လိင်အကြမ်းဖက်မှုသည် ကျူးလွန်သူ၏ အပြစ်သာဖြစ်ကြောင်း နှင့် မည်သို့သောအခါမျှ ကျူးလွန်ခံရသူ၏ အပြစ်မဟုတ်ကြောင်း ထပ်လောင်းပြောပြပါ။

- လုံခြုံရေးအား သေချာစွာ အာရုံထား၍ သူမ၏ လိုအပ်ချက်နှင့် စိုးရိမ်မကင်းဖြစ်မှုများကို စုံစမ်းလေ့လာပါ။ အခြေခံ လိုအပ်ချက် များ ရရှိစေရမည်။ နောက်ထပ် အန္တာတရမဖြစ်စေရန်အတွက် အခြားသူများအား အတင်းအကြပ်မယုံကြည်ခိုင်းရ။ (အလုပ် စာမျက်နှာ ၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်းနှင့် အလုပ်စာမျက်နှာ ၈၊ ၂ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထောက်ပံ့ပေးခြင်းအားကြည့်ပါ။)
- လိုအပ်ပါက လက်တွေ့ကျသော လုံခြုံရေးအစီအမံများ သူမအတွက် စီစဉ်ပေးရမည်။ (အလုပ်စာမျက်နှာ ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း အားကြည့်ပါ။)
- လက်ရှိရှိနေသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကူညီထောက်ပံ့မှုများအား ရိုးသွားစွာ ပြည့်စုံစွာပြောပြပါ။
- ကျူးလွန်ခံရသူအား မည်သည့်အရာလုပ်ကိုင်ရမည်၊ မည်သည့်အရာအားရွေးချယ်ရမည်ဟု မပြောရ။ သူမ၏ ပြဿနာအား သေချာစွာ ရှင်းလင်းပြခြင်းဖြင့် ပြဿနာအား ဖြေရှင်းရာတွင် ကူညီပေးခြင်း၊ ပိုမိုကောင်းမွန်စွာ ပြဿနာအားကိုင်တွယ်နိုင်ရန် အတွက် သူမ၏ နည်းလမ်းများအား ကူညီပေးခြင်း၊ သူမ၏ ရွေးချယ်ခြင်းအား သတ်မှတ်ပေးခြင်း၊ ထိုရွေးချယ်မှုများ၏ အကျိုးဆက်နှင့် တန်ဖိုးများကို ပြန်လည်သုံးသပ်ပြခြင်း စသည်များဖြင့် သူမအား ကူညီပေးပါ။ လွှဲပြောင်းပေးခြင်းနှင့် အခြား ဝန်ဆောင်မှုအကူအညီများ ရှာဖွေရာတွင် သူမ၏နှစ်ခြိုက်မှုနှင့် ရွေးချယ်ခြင်းအား အသိအမှတ်ပြုရမည်။
- တဦးချင်းနှင့် ဓလေ့ထုံးတမ်းအရ ကွဲပြားမှုရှိနိုင်သော၊ ကောင်းမွန်သော ဖြစ်နိုင်ချေရှိသည့် ရင်ဆိုင်ဖြေရှင်းခြင်းအား ဆွေးနွေးပါ။ နေ့တဓူဝ လုပ်ငန်းများအား ပြန်လည်အသက်ဝင်လာစေရေး လှုံ့ဆော်ပေးပါ။ မိသားစုနှင့်

လူထုအကျိုးပြုလုပ်ငန်းများတွင် ကျူးလွန်ခံရသူများ တက်ကြွသော ပါဝင်မှုရှိရေး အားပေးပါ။ စိတ်သက်သာစေသော နည်းလမ်းများကို သင်ကြားပေးပါ။ အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းစသော မကောင်းသည့်ရင်ဆိုင်နည်းများကို အားမပေးရ။ အဘယ်ကြောင့်ဆိုသော် အနာတရရခဲ့သော ကျူးလွန်ခံရသူများသည် နောက်ထပ်အနိုင်ကျင့်မှုပြဿနာများ ထပ်မံကြုံတွေ့ရနိုင်သော အန္တရာယ်များစွာ ရှိသောကြောင့် ဖြစ်သည်။

- ဖြစ်နိုင်ပါက မိသားစုဝင်များ၏ အားပေးမှုကိုမြှင့်တင်ပါ။ မိသားစုများ (ကျူးလွန်သူမဟုတ်သော) ကျူးလွန်ခံရသူများ အတွက် စိတ်ပိုင်းဆိုင်ရာ နှင့် လက်တွေ့ပိုင်းတွင် အထောက်အပံ့များပေးရာ၌ အဓိကသော နေရာမှ ကူညီပေးနိုင်သည်။ ဥပမာ ၎င်းတို့က ကျူးလွန်ခံရသူအား လိင်အကြမ်းဖက်မှုမှ ရုပ်ပိုင်းဆိုင်ရာ အရ ပြန်လည်ကောင်းမွန်လာသောအခါတွင် နေ့တဓူဝလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရန် အတွက် ကူညီပေးနိုင်သည်။ (ဥပမာ ကလေးထိန်းခြင်း၊ အလုပ်လုပ်ခြင်း၊ အိမ်ထောင်စု တာဝန်များ ဆောင်ရွက်ခြင်း၊ ကျောင်းတက်ခြင်း)။ ဆန့်ကျင်ဖက်အားဖြင့် အကယ်၍ မိသားစုဝင်များ သည် ကျူးလွန်ခံရသူအား အပြစ်ပုံ ချခြင်း၊ ပစ်ပယ်ခြင်းနှင့် ထိုအကြောင်းအား ပြောဆိုခြင်းအတွက် သူမအား ဒေါသထွက်ခြင်းများ ပြုလုပ်ပါက စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုများ ပို၍ ဆိုးဝါးလာ စေနိုင်သည်။

၃၊ ကလေးများအတွက် အထူးလိုအပ်ချက်များ ဖြေရှင်းပေးခြင်း

- ကျူးလွန်ခံရသူ ကလေးနှင့် ဆယ်ကျော်သက်မိန်ကလေးများအား တွေ့ဆုံမေးမြန်းသူသည် ကလေးဖွံ့ဖြိုးမှုဆိုင်ရာနှင့် လိင်အကြမ်းဖက်မှုအကြောင်းဆိုင်ရာ အခြေခံဗဟုသုတရှိသင့်သည်။
- ကလေးများ စိတ်ပြေပြောက်စေရန်နှင့် ဆက်သွယ်ရေးကောင်းမွန်ရန်အတွက် စိတ်ဝင်စားဖွယ်နည်းလမ်းများ အသုံးပြုခြင်း (ဥပမာ ပုံပြောပြခြင်း နှင့် ပုံဆွဲပြခြင်း)
- အသက်အရွယ်နှင့်မျှသော ဘာသာစကားနှင့် အသုံးအနှုန်းများကို အသုံးပြုပါ။
- သင့်လျော်ပါက ယုံကြည်ရသူမိသားစုဝင်အား ထည့်သွင်းပေးထားခြင်းဖြင့် ကလေးနှင့် ဆယ်ကျော်သက်အရွယ်မိန်းကလေးများ အား ၎င်းတို့ပုံမှန်ဘဝပြန်ရရှိရေးအတွက်ကူညီပေးနေကြောင်း ယုံကြည်စေနိုင်သည်။
- လိင်အကြမ်းဖက်ခံထားရသည်ဟု သင်ယုံကြည်ရသော ကလေးအား ဖိအားပေးခြင်း၊ လှည့်စားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းများ မည်သို့သောအခါမျှ မလုပ်ရ။ အတင်းအကြပ်လုပ်ခြင်း၊ လှည့်စားခြင်းနှင့် ဖိအားပေးခြင်းသည် တခါတရံတွင် အနိုင်ကျင့်မှု၏ စရိုက် လက္ခဏာများ ဖြစ်ကြသည်။ ကူညီပေးနေသူက ထိုသို့သော အသုံးအနှုန်းများ အသုံးပြုနေပါက ကလေးအတွက် နောက်ထပ် အနာတရကိုသာ ဖြစ်စေလိမ့်မည်။
- ကလေးအတွက် အကောင်းဆုံးအကျိုးစီးပွားကိုသာ မျှော်ကိုး၍ လုပ်ကိုင်ပါ။

၄၊ (ကျန်းမာရေးဝန်ထမ်းများအတွက်သာ) အရွယ်ရောက်သူ ကျူးလွန်ခံရသူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုသမှုများနှင့် စပ်လျဉ်း၍ အထူးအရေးကြီးသော ကိစ္စရပ်များအတွက်သာ ဆေးဝါးပေးရမည်။ အဓမ္မကျင့်ခံရသူများအတွက် ဆေးဝါးကုသမှုဆိုင်ရာ စီမံခန့်ခွဲခြင်း လမ်းညွှန်၏ အခန်း ၆ ကိုကြည့်ပါ။ ***ဘန်ဇိုဒီရာဇီပင်ဆေး***သည် စိတ်ဝေဒနာရသောသူများအတွက် အလျင်အမြန်စွဲလမ်းသွားစေနိုင်သည်။ တခါတရံတွင် လိုသည်ထက်ပို၍ ပေးမိတက်သည်။ အထူးသတိပြုရန် လိုအပ်သည်။

၅၊ လူမှုအဝန်းအဝိုင်းအတွင်း ပြည်လည်ပေါင်းစုခြင်း လုပ်ငန်းများအပါအဝင် စိတ်ပိုင်းဆိုင်ရာ လူမှုရေးဆိုင်ရာ အထောက်အပံ့များ ဆောင်ရွက်ပေးခြင်း

- လုပ်ငန်းများလုပ်ဆောင်ရာတွင် လမ်းညွှန်စည်းကမ်းချက်များအား အမြဲတစေ လိုက်နာရမည်။
- လုံခြုံမှု နှင့် လုံခြုံရေး ပေးခြင်း
- လျှို့ဝှက်မှုအား အာမခံပေးခြင်း
- ကျူးလွန်ခံရသူများ၏ ဆန္ဒ၊ ရွေးချယ်မှုနှင့် ဂုဏ်သိက္ခာအား လေးစားလိုက်နာခြင်း
- ခွဲခြားဆက်ဆံခြင်း မရှိစေရ
- စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ သို့မဟုတ် နှစ်သိမ့်အားပေးခြင်းသင်တန်းများအား ကြီးကြပ်ရမည်။
- အကယ်၍ ကျူးလွန်ခံရသူက ခွင့်ပြုပါက ၎င်းတို့ကိုယ်စား ကျန်းမာရေး၊ လူမှုရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးအေဂျင်စီများတွင် စည်းရုံးလှုံ့ဆော်ပါ။ သင့်လျော်ပါက လိုအပ်သော လျှို့ဝှက်လုံခြုံမှုပေးသော လုပ်ငန်းများအတွက် စီစဉ်ပေးခြင်း။
- လိင်အကြမ်းဖက်မှုသည် မည်သည့်အခါမျှ ကျူးလွန်ခံရသူ၏ အပြစ်မဟုတ်ကြောင်းနှင့် သတ်ပစ်ခြင်း၊ ပစ်ပယ်ခြင်း၊

အထီးကျန်ဖြစ် စေခြင်းများသည် မှားယွင်းကြောင်းအား လူထုအတွင်းပိုမိုသိရှိလာစေရေး လုပ်ဆောင်ပါ။ အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်း ဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းတွင် ပါရှိသော BCC/IEC အားထုတ်မှု များဖြင့် ပူးပေါင်းဆောင်ရွက်ပါ။

- ကျန်းမာရေး သို့မဟုတ် အခြားသော လူထုစောင့်ရှောက်မှုလုပ်ငန်းများမှတဆင့် လိုအပ်သော ရုပ်ဝတ္ထု အထောက်အပံ့များပေးရန်
- လူထုအတွင်း ကျူးလွန်ခံရသူများ၏ ပူးပေါင်းဆောင်ရွက်ခြင်းအား အားပေးခြင်း။ ခိုင်မာသော၊ ရည်ရွယ်ချက်ကောင်းသော ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသောလုပ်ငန်းများ (အကူအညီပေးရေး ပရောဂျက်များ၊ ကလေးများအားစာသင်ပေးခြင်း)နှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ခြင်းအား အားပေးသောလုပ်ငန်းစဉ်များမှတဆင့် ယင်းလုပ်ငန်များ ဆောင်ရွက်နိုင်သည်။

သင့်လျော်ကောင်းမွန်သော ရိုးရာပစ္စည်းများကို အသုံးပြုရန် အားပေးပါ။ ဖြစ်နိုင်ပါက လိင်အကြမ်းဖက်ခံရသူများအတွက် အာပတ်ဖြေ ပေးသော အခန်းအနားများ သို့မဟုတ် ဆုတောင်းပွဲများ လုပ်ဆောင်ပေးသော မိရိုးဖလာ ဘာသာရေးဆရာများ၊ ဘုန်တော်ကြီးများဖြင့် ပူးပေါင်းဆောင်ရွက်ပါ။ ထိုကဲ့သို့သော လုပ်ငန်းများသည် အကျိုးကျေးဇူးများစွာ ရရှိနိုင်သော်လည်း ထိုသူများမှ ကျူးလွန်ခံရသူများအား အပြစ်ပုံချခြင်းများ မရှိစေရ။ သို့မ ဟုတ်ပါက ကျူးလွန်ခံရသူများတွက် စိတ်အနာပို၍ ရရှိနိုင်သည်။

- အခြားလုပ်ငန်းကဏ္ဍများဖြင့် ချိတ်ဆက်ပါ။ နောက်ထပ်အဓိကကျသော လူထုအတွင်း လူမှုရေးအထောက်အပံ့လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊ အကာအကွယ်ပေးခြင်း၊ အိုးအိမ်နေရာချထားခြင်း၊ အစားအစာမဟုတ်သော ပစ္စည်းများထောက်ပံ့ ပေးခြင်း၊ အပြုအမူဆိုင်ရာ ပြောင်းလဲဆက်သွယ်ခြင်း၊ သတင်းပညာဆက်သွယ်ရေးလုပ်ငန်းများတွင် ထပ်မံတွေ့ရှိနိုင်သည်။

**Key Reference Materials**


1. *Humanitarian Charter and Minimum Standards in Disaster Response.* Sphere Project, Geneva, 2004, pp 291-293. http://www.sphereproject.org/handbook/index.htm

2. *Sexual and Gender-Based Violence against Refugees, Returnees and Internally Displaced Persons: Guidelines for Prevention and Response.* UNHCR, Geneva, 2003. http://www.rhrc.org/pdf/gl_sgbv03.pdf

3. *Gender-Based Violence: Emerging Issues in Programs Serving Displaced Populations.* Vann B., RHRC, 2002. http://www.rhrc.org/pdf/gbv_vann.pdf

4. *Mental Health in Emergencies: Psychological and Social Aspects of Health of Populations Exposed to Extreme Stressors.* WHO: Geneva, 2003. http://www.who.int/mental_health/media/en/640.pdf

5. *Clinical Management of Survivors of Rape.* WHO/UNHCR/UNFPA, Geneva, 2004. http://www.unfpa.org/upload/lib_pub_file/373_filename_clinical-mgt-2005rev1.pdf

# ၉၊ ပညာရေး

## လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းများ

# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

### ၉ ၊ ၁ မိန်းကလေးများ၊ ယောကျ်ားငယ်ကလေးများအတွက် လုံခြုံသော ပညာရေးအတွက် ရရှိစေရေး

## အလုပ်စာမျက်နှာ

## ၉ ၊ ၁ မိန်းကလေးများ၊ ယောကျ်ားငယ်ကလေးများအတွက် လုံခြုံသောပညာရေးအတွက် ရရှိစေရေး

**လုပ်ငန်း။ ။ ပညာရေး**

**အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**

### နိဒါန်း

အမျိုးသမီးများနှင့် ကလေးများသည် အထူးသဖြင့် မိန်ကလေးများသည် အရေးပေါ်အခြေအနေကာလများတွင် အဓမ္မကျင့်ခံရခြင်း၊ လိင်ပိုင်း ဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ ပြည့်တန်ဆာအဖြစ် သွတ်သွင်းခံရခြင်း၊ ရောင်းစားခံရခြင်းနှင့် အတင်းအကြပ် ကိုယ်ဝန်ဆောင်ရခြင်းများစသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်ကို ခံစားရသည်။ အရေးပေါ်အခြေအနေများအတွင်း အကာအကွယ်ရှိသော လေ့လာရေးပတ်ဝန်းကျင်တခုတွင် ကလေးများ ပညာသင်ခွင့်ရရှိခြင်းက မိန်းကလေးများအား လိင်အကြမ်းဖက်မှုနှင့် အခြားသော အနိုင်ကျင့်မှုများအန္တရာယ်မှ အကာအကွယ်ပေးခြင်းအား အထောက်အကူဖြစ်စေနိုင်သည်။ လိင်အကြမ်းဖက်မှုအား အထူးတလှယ်ဖေါ်ပြပေးသည့် အသက်မွေးဝမ်းကြောင်းမှုစသော အရည်အသွေး မြှင့်တင်ရေး ပညာရေးလုပ်ငန်းများအား မြင့်မားစေရေးမှာ အရေးကြီးသော အချက်တခုဖြစ်သည်။

စာသင်ကျောင်းများသည် မိန်းကလေး၊ ယောကျ်ားကလေးများအတွက် အကာအကွယ်ပေးသော ပတ်ဝန်းကျင်တခု ဖြစ်စေရမည်။ နေ့စဉ် ကျောင်းတက်ခြင်းမှ ရရှိသော ပုံမှန်လည်ပတ်နေသော အခြေအနေသည် အခြေအနေအား တည်ငြိမ်စေခြင်းနှင့် ကလေးများ ဖွံ့ဖြိုးတိုးတက်ခြင်း အတွက် အရေးကြီးသော အချက်တခုဖြစ်သည်။ ကျောင်းတက်နေသော ကလေးများနှင့် လူငယ်များသည် ပထမဦး အကြိမ် လိင်ဆက်ဆံခြင်း သည် နောက်ကျနိုင်သည်။ အထူးသဖြင့် ကျောင်းသားများသည် အရွယ်မတိုင်ခင် လိင်ဆက်ဆံခြင်း၏ ဆိုးကျိုးများဆိုင်ရာ အသိပညာများ လေ့လာခွင့်ရပါက ပို၍ ကောင်းမွန်စေသည်။ စာသင်ကျောင်းဆိုသည်မှာ ထုံးတမ်းစဉ်လာဘာသာရပ် များကို သင်ကြားပေးသော နေရာတခုတည်းသာ မဟုတ်။ ဘဝရှင်သန်ရပ်တည်ရေးနှင့် တိုးတက်ရေးအတွက် သတင်းစကားများပါ ဖြန့်ဖြူးပေးသော နေရာတခုဖြစ်ရမည်။ စာသင်ကျောင်းများသည် အိပ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ မြေမြုပ်မိုင်း၊ လူ့အခွင့်အရေး၊ သည်းခံမှု တရား၊ အကြမ်းမဖက် ပြဿနာဖြေရှင်းခြင်းနည်းလမ်းများအပြင် အခြားသော ကိစ္စရပ်များကဲ့သို့သော ထိရောက်သော ပညာရေးများ သင်ကြားပို့ချရာ နေရာများဖြစ်သည်။ ကျောင်းတက်နေသော ကလေးများသည် စစ်တပ်သို့မဟုတ် လက်နက်ကိုင်အဖွဲ့အများသို့ ဝင်ရောက်ရန် အခြေအနေနည်းပါးသည်။

### အဓိကလုပ်ငန်းများ

အောက်ဖေါ်ပြပါလုပ်ငန်းများသည် ပညာရေးလုပ်ငန်းကဏ္ဍအတွက် အကျုံးဝင်သည်။ လိင်အခြေခံ အကြမ်းဖက်မှုကာကွယ်တားဆီးရေး လုပ်ငန်းအဖွဲ့များတွင် ပုံမှန်ပါဝင်နေသော သူများနှင့် လုပ်ငန်းဆုံချက်တခုဖွဲ့စည်းကာ ယင်းလုပ်ငန်း၏ အဓိကအောင်မြင်မှုများကို ပြန်လည်အစီရင်ခံရမည်။ တာဝန်ခံဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ လူသားအရင်းအမြစ်များနှင့် သတင်းပညာဆက်သွယ်ရေး အလုပ်စာမျက်နှာတွင် ဖေါ်ပြထားသကဲ့သို့ လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးရေးတာဝန်ခံ အေဂျင်စီများနှင့် အလုပ်အဖွဲ့များဦးဆောင်သော ကဏ္ဍစုံ လုပ်ငန်းများတွင် အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက်များ ပူးပေါင်းပါဝင်ရ မည်။

၁၊ အရေးပေါ် အခြေအနေများအတွင်း ပညာရေးဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များမှ လမ်းညွှန်မှုများအား အသုံးပြု၍ ပညာရေး အစီအစဉ်များကို ရေးဆွဲပါ။

၂။ အထူးသဖြင့် မူလတန်းအရွယ်ကျောင်းသားငယ်များအား အဓိကထား၍ ကလေးများအား ကျောင်းထားရမည်။ သို့မဟုတ် ကျောင်းမရှိ သော နေရာများတွင် ကျောင်းအသစ်တခု ဖန်တည်းပေးရမည်။ အခြေအနေကိုလိုက်၍ သင့်တော်နိုင်မည့် ထိရောက်သော နည်းလမ်း အချို့တွင် အောက်ပါအချက်များ ပါဝင်သည်။

- ကျောင်းများနှင့် ချိတ်ဆက်နေသော လူသားချင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသော ဌာနများဖြင့် ချိတ်ဆက်ပါ။ (ကျောင်းသားနှင့်အတူပါလာသော မိသားစုအတွက် အစားအစာစီစဉ်ပေးခြင်း)

- မည်သည့်အကြောင်းကြောင့် ကလေးများ ကျောင်းမှ ထွက်ကြရသည်ကို သိရှိရန်အတွက် ကျောင်းသားဦးရေစာရင်းမှ ထွက်သွားသော ဦးရေအား စောင့်ကြည့်ကြပ်မတ်ပါ။
- ကျောင်းမှ ကျွေးသော အစားအစာမလုံလောက်မှုကြောင့် ကလေးများ ကျောင်းမှ ထွက်ခြင်း ဟုတ်မဟုတ် စစ်ဆေးပါ။
- ကျောင်းစရိတ်၊ ကျောင်းသုံးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးပါ။
- အခြားအလုပ်များဖြစ်သော ကလေးထိန်းပေးရခြင်း သို့မဟုတ် နာမကျန်းသော မိဘအား ပြုစုရခြင်း သို့မဟုတ် မိဘမဲ့ကလေး တဦး ဖြစ်နေခြင်းကြောင့် တနေကုန်ကျောင်းမတက်နိုင်သော ကလေးများအတွက် တခါတရံတွင် သင့်လျော်သော ကျောင်းတက် ချိန် သတ်မှတ်ပေးရမည်။

၃၊ လိင်အကြမ်းဖက်မှုအား အကာအကွယ်ပေးရမည်။ ကျောင်းသားများနှင့်ဆရာ ဆရာမများအကြား လိင်အကြမ်းဖက်မှုအကြောင်း ပိုမိုသိရှိလာရေး မြှင့်တင်ပေးခြင်းဖြင့် ကလေးကျူးလွန်ခံရသူများ အကူအညီပေးရေးဌာနများအား အသုံးပြုနိုင်ရေးနှင့် ကျောင်းအတွင်း ကာကွယ် ဟန့်တားရေး နည်းလမ်းများ အကောင်အထည်ဖေါ်ခြင်း။

- လိင်အကြမ်းဖက်မှု၊ ကာကွယ်ဟန့်တားခြင်း နည်းလမ်းများ၊ အကြမ်းဖက်ခံရပြီးနောက် ကလေးများ ကြုံတွေ့နိုင်သော အခြေအနေနှင့် ရပ်ရွာအတွင်း လိင်အကြမ်းဖက်မှုခံရသူများအတွက် ထောက်ပံ့ပေးရေးလုပ်ငန်းများ မည်သို့ကဲ့သို့ အသုံးပြုရ မည်အား ဆရာ၊ ဆရာမများထံသို့ အသိပေး အကြောင်းကြားခြင်း
- အမျိုးသမီးဆရာမများ အထူးအလေးပေး၍ စုဆောင်းပါ။
- ပညာရေးအဆင့်အားလုံးရှိ ဆရာ၊ ဆရာမများ၊ မိန်းကလေးများနှင့် ယောကျ်ားကလေးများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းတွင် လိင်အကြမ်းဖက်မှုဖြစ်ပေါ်ရခြင်းအကြောင်း ဆွေးနွေးခြင်းအား ထည့်သွင်းပါ။
- ကလေးများ၊ ငယ်ရွယ်သူများနှင့် လိင်ဆက်ဆံခြင်းအား တားမြစ်သော ကျင့်ဝတ်သိက္ခာအား ဆရာ၊ ဆရာမများအားလုံး လက်မှတ် ရေးထိုးရမည်။
- ကျောင်းတွင်းအန္တရာယ်ရှိမှုများနှင့် ဆရာ၊ ဆရာမများက ကျောင်းသားများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း သို့မဟုတ် အနိုင်ကျင့်၍ ရနိုင်သော အခွင့်အလမ်းများအား တားဆီးနိုင်သော ကာကွယ်တားဆီးခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း စနစ်များ တည်ဆောက်ပါ။
- ဆရာ၊ ဆရာမများအား လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေးပါ။ (ဥပမာ လိင်အခြေခံအကြမ်းဖက်မှုနှင့် ကျူးလွန်ခံရသူ များအား ကုသပေးခြင်း သတင်းအချက်အလက်များပါဝင်သော ကျောင်းသုံးသေတ္တာနှင့် စိတ်အပန်းဖြေစရာ ကစားစရာအိတ် များ)
- ၎င်းတို့ကိုယ်တိုင်ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအပြင် ကျောင်းသားများအတွက်ပါ စိတ်ပိုင်းဆိုင်ရာအရ ခံစားနေရသော ဆရာ၊ ဆရာမများအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးမှုများပေးပါ။ ထိုကဲ့သို့သော အကူအညီများက အဆိုးမြင် ဖြေရှင်းနည်းလမ်းများကို လျှော့ပါးစေသည်။

၄၊ လိင်အကြမ်းဖက်မှု နှင့် ကလေးများအား လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်သားစစ်စုဆောင်းခြင်းရန်မှ ကာကွယ်ဟန့်တားပေးရန်အတွက် ကလေးများပညာသင်ကြားနိုင်သော လူထုအခြေပြု အကာအကွယ်ပေးခြင်း လုပ်ငန်းများ၊ လုပ်ငန်းယန္တယားများတည်ဆောက်ပါ။

- ကျောင်းတွင်း အပန်းဖြေစရာများ၊ ကစားစရာများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်း။ ထိုပစ္စည်းများအား ယောကျ်ားကလေးနှင့် မိန်းကလေးနှစ်ဦးစလုံး အသုံးပြုရမည်။ လိင်ကွဲပြားမှုနှင့် စပ်လျဉ်း၍ ရပ်ရွာ၏ ထုံတမ်းစဉ်လာ အလေ့အထများနှင့် ဦးစားပေးမှုများကို သတိပြုပါ။
- လိင်အကြမ်းဖက်မှုနှင့် အရေးပေါ်အခြေအနေများအတွင်း မိန်းကလေးများအတွက် အန္တရာယ်ရှိမှုများအား ရပ်ရွာ၊ ကျောင်းသား မိဘအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းတွင်း လိင်အကြမ်းဖက်မှုလုပ်ငန်းများအတွက် လူထု ထောက်ခံမှု ရယူခြင်း (အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းသို့ကြည့်ပါ။ )
- ကျောင်းဆရာ၊ ဆရာမများ လိုက်နာရမည့် ကျင့်ဝတ်သိက္ခများအား မိဘများနှင့် လူထုမှ သိရမည်။

**Key Reference Materials**


1. *Minimum Standards for Education in Emergencies,* Interagency Network on Education in Emergencies (INEE). http://www.ineesite.org/standards/default.asp

2. Global Information Networks in Education: www.ginie.org

3. UNICEF Life skills website: www.unicef.org/programme

4. UNICEF School in a box and Recreation in a box. To order: unicef@unicef.org

# ၁၀၊ တရားဝင်ပညာရေးနှင့် ဆက်သွယ်ရေး

## ကဏ္ဍစုံလုပ်ငန်းများ

# အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်း

၁၀ ၊ ၂ လက်နက်ကိုင်အဖွဲ့များထံသို့ နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေများဆိုင်ရာ သတင်းအချက် အလက်များ ဖြန့်ဝေပေးခြင်း

**အလုပ်စာမျက်နှာ**

**၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်း အလုပ်စာမျက်နှာ**

**လုပ်ငန်း။။ သတင်းပညာဆက်သွယ်ရေး**

**အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း**

## နိဒါန်း

ကမ္ဘာတဝှမ်းလုံးတွင် လိင်အကြမ်းဖက်မှုဖြစ်ရပ်အများစုသည် လူမသိ သူမသိဖြစ်နေကြသဖြင့် ကျူးလွန်ခံရသူအများစုသည် သင့်လျော်သော အကူအညီများမရရှိပဲ ဖြစ်နေကြသည်။ သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော အထောက်အကူများ မရရှိသော ကျူးလွန် ခံရသူများအတွက် အသက်အန္တရာယ်ဆုံးရှုံးနိုင်သော အကျိုးဆက်များကို ခံစားရနိုင်သည်။

လိင်အကြမ်းဖက်မှု လူသိနည်းရခြင်းသည် အကြောင်းရင်းသုံးရပ်နှင့် တိုက်ရိုက်သက်ဆိုင်သည်။ (၁) လူမှုအဖွဲ့အစည်းတော်တော်များများ တွင် တွေ့ရတက်သော လူမှုရေးအမည်းစက်အစွန်းထင်းခံရခြင်း သို့မဟုတ် အစွန်းထင်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်း (၂) ကုသမှုမရရှိပါက နောက်ဆက်တွဲ ဖြစ်နိုင်သော ဆိုးဝါးသည့် ကျန်းမာရေးအခြေအနေနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များအား မသိရှိခြင်းနှင့် (၃) တည်ရှိနေသော အထောက်အကူပေးရေး လုပ်ငန်းများအကြောင်း မသိရှိခြင်း သို့မဟုတ် ထိုလုပ်ငန်းများသည် လျှို့ဝှက်ထားမှုနှင့် လေးစားလောက်ဖွယ်မရှိခြင်း စသည်တို့ဖြစ်သည်။

အရေးပေါ်အခြေအနေတခု၏ ကနဦးအဆင့်တွင် လုပ်ငန်းခွင်တွင် အရင်းအမြစ် အကန့်အသတ်ဖြစ်မှုနှင့်အတူ လူထုမှ စဉ်ဆက်မပြတ် ပြောင်းရွှေ့နေရခြင်း၊ သတင်း၊ ပညာရေးနှင့် ဆက်သွယ်ရေး (IEC) ပါဝင်သော လိင်အကြမ်းဖက်မှုအကြောင်း လူထုအသိတရား မြှင့်တင်ပေး ခြင်း။ ရည်ရွယ်ချက်များမှာ

- လိင်အကြမ်းဖက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် အသက်အန္တရာယ်ထိပါးနိုင်သော အကျိုးဆက်များအား ကျူးလွန်ခံရသူများကို အသိပေးရန်
- လိင်အကြမ်းဖက်မှုကာကွယ်တားဆီးရေးကူညီထောက်ပံ့ပေးသောလုပ်ငန်းများတည်ရှိခြင်းနှင့် ထိုလုပ်ငန်းများအား မည်ကဲ့သို့ အသုံးပြုနိုင်သည်နှင့် ထိုလုပ်ငန်းများသည် ကျူးလွန်ခံရသူနှင့် ၎င်းတို့၏ မိသားစုများအား ကူညီပံ့ပိုးပေးနေသည်ဟူသော သတင်းစကားအား လူထုသို့ အသိပေးခြင်း
- ထိုလုပ်ငန်းများသည် ကျူးလွန်ခံရသူနှင့် သူမ၏မိသားစု၏ ဂုဏ်သိက္ခာ၊ လျှို့ဝှက်မှုအား စောင့်ထိန်းလေးစားလိုက်နာသည်ဟူသော အချက်အား လူထုအား အသိပေး၍ ယုံကြည်မှုတည်ဆောက်ခြင်း
- အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအား အကာအကွယ်ပေးရန်နှင့် စောင့်ရှောက်ပေးရန် လိုအပ်ပြီး ၎င်းတို့အား ခွဲခြား ဆက်ဆံခြင်း မပြုရန် လူထုအား ပညာပေးခြင်း

**လမ်းညွှန်ချက်များတွင် ဖေါ်ပြထားသည့်အတိုင်း သင့်လျော်ကောင်းမွန်သော၊ အသုံးပြုနိုင်သော၊ လျှို့ဝှက်မှုအား ထိန်းသိမ်းပေးသော လုပ်ငန်းများ ဖြစ်လာသော အချိန်အခါမှသာလျှင်** လူထုအား ကျူးလွန်ခံရသူများအတွက် အကူအညီပေးသော လုပ်ငန်းများ အဆင်သင့်ရှိနေကြောင်းအား အသိပေးရန် အထူးအရေးကြီးသည်။ သင့်လျော်ကောင်းမွန်သော ဝန်ဆောင်မှုများ မပေးနိုင် သေးပဲ လူထုအား အသိပေးကြေငြာလိုက်ပါက လူထုအကြား မယုံကြည်မှုများ ဖြစ်ပေါ်လာစေနိုင်ပြီး အနည်းငယ်မျှသော ကျူးလွန်ခံ ရသူများသာ လာရောက် အကူအညီ တောင်းခံလိမ့်မည် ဖြစ်သည်။

## အဓိကလုပ်ငန်းများ

တာဝန်ခံအေဂျင်စီများဖြင့် ဖွဲ့စည်းထားသော လိင်အခြေခံအကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့သည် အောက်ဖေါ်ပြပါ လုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ခြင်း ရှိမရှိစစ်ဆေးရန် တာဝန်ရှိသည်။ အခြေအနေအများစုတွင် ကျန်းမာရေးနှင့် လူထု စောင့်ရှောက်မှု လုပ်ငန်းများက IEC လုပ်ငန်းများအား ဦးဆောင်လေ့ရှိသော်လည်း

လုပ်ငန်းစုံဆက်နွယ်နေသော သဘာဝကြောင့် IEC တွင် လုပ်ငန်းကဏ္ဍများအားလုံးနှင့် ပါဝင်ဆောင်ရွက်သူ အားလုံး ပါဝင်ရမည်။

၁။ လိင်အကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအကြောင်း လူထုအားအသိပေးရာတွင် အသုံးပြုနိုင် မည့် ဖြစ်နိုင်ချေရှိသော ဆက်သွယ်ရေးနည်းလမ်းများနှင့် လက်ရှိ တည်ရှိနေသော အရင်းအမြစ်များအားလုံးကို ဖေါ်ထုတ်သတ်မှတ်ပါ။ (အလုပ်စာမျက်နှာ ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံဆောင်ရွက်ခြင်း
အားကြည့်ပါ။) အောက်ပါအချက်များအား ထည့်သွင်း စဉ်းစားပါ။

- ကျန်းမာရေးလုပ်ငန်း၊ အဟာရဓါတ်ဖြည့်တင်းပေးရေးလုပ်ငန်း၊ ရေ မိလ္လာ လုပ်ငန်း၊ လူထုစောင့်ရှောက်မှု လုပ်ငန်း၊ ကလေးများ ဆိုင်ရာ အစီအစဉ်၊ အရပ်လက်သည်၊ ရိုးရာ သားဖွားဆရာမ စသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသော လူထုအခြေပြု လုပ်သား များ
- အမျိုးသမီးခေါင်းဆောင်များ၊ ဆရာ ဆရာမများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုခေါင်းဆောင်များ
- ရပ်သူရွာသားများ စုဆုံသောနေရာများ၊ ပိုစတာ သို့မဟုတ် ကျန်းမာရေးဌာနများ၊ မှတ်ပုံတင်ဌာနများ၊ လူသစ်များအတွက် ထားရှိသော ယာယီတည်းခိုရာနေရာများ ကဲ့သို့သော အခြားသတင်းအချက်အလက် ဖြန့်ဝေနိုင်သော နေရာများ
- လူကြိုက်များသော ရေဒီယိုအစီအစဉ်များ

၂။ အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက် ခြင်းတွင် ဖေါ်ပြထားသကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းများ လုပ်ကိုင်နေ သော အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုများ၏ စာရင်းကို ပြုစုပါ။ ထို့နောက် လူထုအကြား၊ လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေ သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာနများအကြား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပါ။

၃။ အလုပ်စာမျက်နှာ ၂၊ ၁တွင်ပါရှိသော အခြေအနေဆိုင်ရာ စုပေါင်းအကဲဖြတ်သုံးသပ်ချက်နှင့် လက်ရှိ အခြေအနေတွင် တည်ရှိနေသော အရင်းအမြစ်များကို အခြေခံ၍ အဓိကဖြန့်ဝေရမည့် သတင်းအချက်ကို ဆုံးဖြတ်ပါ။ အောက်ဖေါ်ပြပါ သတင်းအချက်အလက် အချို့ သို့မဟုတ် အားလုံးသည် လိုအပ်နိုင်သလို သင့်လျော်ကောင်း သင့်လျော်နိုင်သည်။

- လိင်အကြမ်းဖက်မှု၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ (မလိုချင်သော ကိုယ်ဝန်၊ ဒဏ်ရာအနာ တရရခြင်း၊ မျိုးပွား ကျန်းမာရေးပြဿနာများ၊ ရောဂါကူးစက်ခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါ ကူးဆက်ခြင်းအပါအဝင် လိင်မှတဆင့် ကူးဆက်သော ရောဂါများ)။
- လိင်အကြမ်းဖက်မှုမှ တဆင့်ရရှိသော စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ (ကြောက်ရွံ့ခြင်း၊ ထိပ်လန့်ခြင်း၊ တိုက်ခိုက် ခံရမည်ကို ကြောက်ရွံ့ခြင်း၊ ရှောင်ဖယ်ဖယ်နေခြင်း၊ စိတ်ဓါတ်ကျခြင်း၊ မျှော်လင့်ချက်မဲ့သလို ခံစားရခြင်း၊ လူမှု အဝန်းအဝိုင်းအတွင်း အထီးကျန်ခြင်း)။
- အကူအညီလိုအပ်နိုင်သောသူများ (ဥပမာ မိန်းကလေးများ၊ ယောက်ကျ်ားကလေးများ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများနှင့် သက်ဆိုင်ရာ မိသားစုဝင်များ)။
- အကူအညီရနိုင်သော နေရာ ( မည်သည့်နေရာသို့ အတိအကျသွားရမည်။ မည်သည့်အဖွဲ့အစည်းထံသို့ သွားရမည်။ မည်သည့် အခန်းသို့ဝင်ရမည်၊ အလုပ်လုပ်ချိန် (၂၄ နာရီပတ်လုံး ဖြစ်သင့်သည်။) စသည့်အရာများ။
- မည်သို့သော အကူအညီများရနိုင်သည်။ (ဥပမာ လျို့ဝှက်မှုနှင့် တကိုယ်ရေလွတ်လပ်မှု၊ လေ့ကျင့်သင်ပြထားသော လက်သည် များ၊ လေ့ကျင့်သင်ပြပေးထားသော နှစ်သိမ့်အားပေးသူများ၊ လျို့ဝှက်ဆေးကုသပေးမှု၊ ဆေးဝါး၊ ရှေ့ဆက် သင်၏ လုံခြုံရေးအတွက် သင် ပြင်ဆင်ထားမှုအား ကူညီပေးခြင်း)။
- ကျူးလွန်ခံရသူများအတွက် အကာအကွယ်ပေးခြင်းနှင့် လုံခြုံရေးပေးရခြင်း၏ အရေးကြီးမှု။
- ရပ်ရွာ၏ တာဝန်သည် ကျူးလွန်ခံရသူများအား အကာအကွယ်ပေးရန်နှင့် စောင့်ရှောက်မှု ပေးရန်ဖြစ်သည်။ ထိုသူများအား အပြစ်ဖို့ခြင်းနှင့် ပစ်ပယ်ခြင်းများ မပြုလုပ်ရ။ (အလုပ်စာမျက်နှာ ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းအားကြည့်ပါ။)
- အလုပ်စာမျက်နှာ ၄ – ၃ လျို့ဝှက်တိုင်တန်းခြင်းစနစ်တခုအား အကောင်အထည်ဖေါ်ခြင်း နှင့် အလုပ်စာမျက်နှာ ၄ –

၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည်ဖေါ်ခြင်းတွင် ဖေါ်ပြထားသော လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူ ဝန်ထမ်းများအတွက် ပြုမူနေထိုင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ်။

၄၊ သတင်းအချက်များပေးရန်အတွက် ရိုးစင်းသော နည်းလမ်းများနှင့် ပစ္စည်းများကို အသုံးပြုရန်။

- ပေးပို့သော သတင်းအချက်အလက်သည် ယဉ်ကျေးမှုအရ သင့်လျော်မှု၊ ရှင်းလင်းတိကျမှုနှင့် ပေးလိုသော သတင်းစကားများ ရောက်ရှိခြင်း ရှိမရှိအား အမျိုးသမီးများ၊ မိန်းကလေးများဖြင့် ဆွေးနွေးတိုင်ပင်ပါ။
- သတင်းဖြန့်ဝေပေးရန်လိုအပ်ကြောင်းအား ရပ်ရွာခေါင်းဆောင်များထံသို့ အသိပေးပါ။ ထို့နောက် သတင်းအချက်အလက်များနှင့် ပစ္စည်းများသည် ယဉ်ကျေးမှုအရ သင့်လျော်ခြင်း ရှိမရှိ ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ပါ။
- လိင်အကြမ်းဖက်မှုဆိုင်ရာ ကာကွယ်တားဆီးရေးအထောက်အကူပြုလုပ်ငန်းများသည် လျှို့ဝှက်မှုရှိကြောင်းအား အထူးဂရုပြု၍ ပြောဆိုပါ။
- စာတတ်သူနှင့် စာမဖတ်တတ်သူများပါ နားလည်စေရန်အတွက် နည်းလမ်းမျိုးစုံကိုအသုံးပြု၍ ပစ္စည်းများကိုပြင်ဆင်ပါ။ နမူနာအချို့မှာ စကားလုံးများနှင့် ရုပ်ပုံများပါသော ပိုစတာများ၊ လက်ကမ်း စာစောင်များ၊ ရေဒီယို အခန်းဆက်များ၊ အမျိုးသမီး များနှင့် မိန်းကလေးများ စုဆုံသော နေရာများတွင် ကျန်းမာရေးဆွေးနွေးပွဲ၊ ကျောင်းအပြီးအစီအစဉ်များကဲ့သို့သော အစည်းအဝေးများ သို့မဟုတ် အစုအဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်ခြင်း

၅၊ အလုပ်စာမျက်နှာ ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံဆောင်ရွက်ခြင်းအား တည်ဆောက် ခြင်းတွင် ဖေါ်ပြထားသော စီမံကိန်းရေးဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း၏ တစိတ်တဒေသအဖြစ် လူထုအကြား သတင်းဖြန့်ဝေ ရေး အစီအမံတခုအား တည်ဆောက်ပါ။ ထိုစီမံကိန်းတွင်

- မည်သူ (မည်သည့်အဖွဲ့အစည်း) က မည်သည့်ပစ္စည်းများအား ဖြန့်ဝေပေးမည်နည်း။
- မည်သည့်နေရာနှင့် မည်သူ့ထံသို့ သတင်းဖြန့်ဝေပေးမည်နည်း။
- လူထုအကြား သီးသန့်ပစ်မှတ်ထားသောအုပ်စုထံသို့ သတင်းဖြန့်ဝေရန်အတွက် မည်သည့် နည်းလမ်းများအား အသုံးပြုမည်နည်း။
- သတင်းဖြန့်ဝေခြင်းလုပ်ငန်းအား အကြိမ်မည်မျှ လုပ်ဆောင်မည်နည်း။

**Key Reference Materials**

1. Samples of information materials can be downloaded at
- Johns Hopkins Bloomberg School of Public Health/Center for Communication Programs. Media/Materials Clearinghouse http://www.hcpartnership.org/mmc/mmc_sea rch.php and End VAW website http://www.endvaw.org/about.htm
- The National Center for Victims of Crime (USA), Get Help Series, Sexual Assault. http://www.ncvc.org/ncvc/main.aspx?dbName=DocumentViewer&DocumentID=32369

2. S*exual and Gender-based Violence against Refugees, Returnees, and Internally Displaced Persons.* UNHCR, 2003. http://www.rhrc.org/pdf/gl_sgbv03.pdf

3. *Gender-based Violence Web-based Annotated Bibliography.* RHRC. www.rhrc.org/resources/gbv

4. *Gender-based Violence Tools Manual for Assessment and Program Design, Monitoring and Evaluation.* RHRC, 2004, pages 167-168. www.rhrc.org/resources/gbv

## အလုပ်စာမျက်နှာ

## ၁၀ ၊ ၂ လက်နက်ကိုင်အဖွဲ့များထံသို့ နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း

## လုပ်ငန်း။ ။ သတင်းပညာဆက်သွယ်ရေး

## အဆင့်။ ။ အနိမ့်ဆုံးအဆင့် ကာကွယ်တားဆီးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း

**နိဒါန်း**

**ခေါင်းစဉ်ပြင်ရန်။ ဥပဒေနောက်တွင် ဆိုင်ရာဖြုတ်ရန်**

လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းတွင် လက်နက်ကိုင်သူများ၊ လုံခြုံရေးနှင့် ရဲတပ်ဖွဲ့ဝင်များအား အထူးပစ်မှတ်ထားသော လုပ်ငန်းများ ပါဝင်ရမည်။ သမိုင်းဖြစ်စဉ်တလျှောက်လုံးမှ ယနေ့အချိန်ကာလအထိ လက်နက်ကိုင်ပဋိပက္ခကာလတလျှောက်လုံးတွင် ဖြစ်ပွားသော လိင်အကြမ်းဖက်မှုသည် တခါတရံ၌ သေနတ်ကိုင်သူများ၏ ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်မှုကြောင့်လည်းကောင်း မျက်ကွယ်ပြုခြင်းမှလည်းကောင်း ဖြစ်ပေါ်ရတတ်သည်။ လက်နက်ကိုင်ပဋိပက္ခကာလအတွင်းနှင့် ငြိမ်းချမ်းသော ကာလများအတွင်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များတွင် လိင်အကြမ်းဖက်မှုမှ လူထုကင်းဝေးစေရေး အကာအကွယ်ပေးရန်နှင့် ဥပဒေအရ သက်ရောက်မှုရှိစေရန်အတွက် တာဝန်ရှိသည်။

အဓိကအားဖြင့် ဂျနီဗာသဘောတူစာချုပ်နှင့် ထိုစာချုပ်၏ အပိုဥပဒေသများပါဝင်သော နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေ (IHL) သည် တိုက်ခိုက်မှုများတွင် မပါဝင်သော၊ ပါဝင်ခြင်း မရှိတော့သော သူများ အား အကာအကွယ်ပေးသော ဥပဒေတခုဖြစ်ပြီး စစ်ပွဲ၏ ပုံစံနှင့် နည်းလမ်းများကို စံသတ်မှတ်ပေးသည်။ IHL သည် နိုင်ငံတကာနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင် အကျုံးဝင်ပြီး နိုင်ငံတော်နှင့် လက်နက်ကိုင် အတိုက်အခံအုပ်စု ဘက်နှစ်ဖက်စလုံးအပေါ်တွင် စည်းနှောင်မှုရှိသည်။ တိုက်ခိုက်မှုများတွင် ပါဝင်ပါက ငြိမ်းချမ်းရေး ထိန်းသိမ်းရေး နိုင်ငံစုံတွင်တပ်များတွင် ပါဝင်သော တပ်ဖွဲ့များအပေါ်တွင်လည်း စည်းနှောင်မှုရှိသော ဥပဒေတခုဖြစ်သည်။ **လိင်အကြမ်းဖက်မှုအား နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေတွင် အတိအကျ တားမြစ် ထားသည်။**

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (“လူ့အခွင့်အရေး”) သည် အဓိကအားဖြင့် ငြိမ်းချမ်းရေးကာလများအတွက် အံဝင်စေရန် ပြုလုပ်ထားသော ဥပဒေတခုဖြစ်ပြီး လူတိုင်းအပေါ်တွင် အကျုံးဝင်သည်။ လူ့အခွင့်အရေး၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ၎င်းတို့၏ အစိုးရများကိုယ်တိုင်မှ အကြောင်းမဲ့ပြုမူဆက်ဆံခြင်းမှ နိုင်ငံသားများအား အကာအကွယ်ပေးရန် ဖြစ်သည်။ နိုင်ငံတကာလူသားချင်စာနာ သော ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှစ်ခုသည် လိုက်ဖက်ညီသော ဥပဒေနှစ်ခုဖြစ်သည်။ ဥပဒေနှစ်ခုစလုံးက မတူညီသော ရှုထောင့်များမှ လူတဦးချင်းစီ၏ အသက်ရှင်သန်နေထိုင်ခြင်း၊ ကျန်းမာရေးနှင့် လူ့ဂုဏ်သိက္ခာတို့အား အကာအကွယ်ပေးရန် ကြိုးပမ်းကြ သည်။ လူသားချင်းစာနာသော ဥပဒေများ သည် လက်နက်ကိုင် ပဋိပက္ခ ကာလများတွင် အကျုံးဝင်ပြီး လူ့အခွင့်အရေးသည် (သို့မဟုတ် အချို့သည်) စစ်ပွဲအတွင်း၊ ငြိမ်းချမ်းရေး ကာလအတွင်း အချိန်အားလုံး၌ လူတဦးချင်းစီအား အကာအကွယ်ပေးသည်။ IHL အား ဖြန့်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခတခု သို့မဟုတ် လက်နက်ကိုင်အကြမ်းဖက်မှုတွင် ပါဝင်နေသော သို့မဟုတ် ပါဝင်နိုင်သော သူများအပေါ် ဥပဒေများအား လေးစားလိုက်နာစေရန် ဖြစ်သည်။

ဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သောအခါ၌ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တခါတရံတွင် စစ်တပ်သည် လိင်အကြမ်းဖက်မှု အပါအဝင် ဥပဒေမဲ့လုပ်ရပ်များမှ လူထုအား အကာအကွယ် ပေးခြင်းဖြင့် လူထုအကျိုးကို သယ်ပိုးရမည်။ ထို့ကြောင့် ၎င်းတို့၏ လုပ်ငန်းများနှင့် ဆက်နွယ်မှုရှိသော **နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာသောဥပဒေတို့အား သိရှိခြင်း၊ နားလည်ခြင်း၊ လေးစားခြင်းနှင့် လိုက်နာခြင်းများ လုပ်ဆောင်ရမည်။** IHL ဖြန့်ဝေခြင်း၏ အဓိကရည်မှန်းချက်မှာ ချိုးဖောက်မှု အား ကာကွယ်ဟန့်တားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ IHL မူဝါဒများ မြှင့်တင်ပေးခြင်းသည် လက်နက်ကိုင်များ၏ အပြုအမူဆောင်ရွက်မှုများ အပေါ် လက်တွေ့သက်ရောက်မှုများ ရှိလာစေရန် မျှော်မှန်းခြင်း ဖြစ်သည်။ လက်နက်ကိုင်များမှ ကျူးလွန်သော လိင်အကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်းတွင် အဆင့် ၃ ဆင့်အား အာရုံထား ဆောင်ရွက်ရမည်။

- မတူညီသော တပ်ဖွဲ့များ၏ ဥပဒေများတွင် အဓမ္မပြုကျင့်ခြင်းနှင့် အခြားသော လိင်အကြမ်းဖက်မှုအား တားမြစ်မှုအား ထည့်သွင်း ခြင်း သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများတွင် အဖွဲ့အစည်းအတွင်း စည်းမျဥ်းဥပဒေများ ထားရှိခြင်း
- အတွေးအခေါ်ချပေးခြင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ ပညာပေးခြင်းနှင့် သင်တန်းများ (သို့မဟုတ် ၎င်းတို့နှင့် သင့်တော်ရာ အရာများ) မှတဆင့် အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း။ ထိုမှသာ လက်နက်ကိုင်ဆောင်သူများသည် ထိုကိစ္စအပေါ်တွင် ၎င်းတို့ကျင့်ကြံရမည့်နှင့် ပတ်သက်၍ တိကျသော အမိန့်များ ရရှိမည်ဖြစ်သည်။
- ချိုးဖောက်ခဲ့ပါက ထိရောက်သော အပြစ်ပေးအရေးယူမှုများလုပ်ဆောင်ခြင်း

## အဓိကလုပ်ငန်းများ

အောက်ဖေါ်ပြပါလုပ်ငန်းများသည် အကာအကွယ်ပေးခြင်းလုပ်ငန်းများလုပ်ဆောင်နေသော အဖွဲ့အစည်းတခု၏ အကာအကွယ်ပေးခြင်း လုပ်ငန်းကဏ္ဍအတွက် အကျုံးဝင်သည်။ အကာအကွယ်ပေးခြင်း လုပ်ငန်းဆုံချက် (အလုပ်စာမျက်နှာ ၃ ၊ ၃ နိုင်ငံတကာသဘောတူစာချုပ် များကို အကောင်အထည်ဖေါ်ရန်နှင့် လေးစားလိုက်ရန် အတွက် စည်းရုံးလှုံ့ဆော်ခြင်းအားကြည့်ပါ။) သည် အဓိကလုပ်ငန်း၏ အောင်မြင်မှုများအား လိင်အခြေခံ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ထံသို့ ပြန်လည်အစီရင်ခံသည်။

၁၊ လိင်အကြမ်းဖက်မှုမဖြစ်ပွားစေရန် တားမြစ်မှုများအား လေးစားလိုက်ရန်လိုအပ်သော၊ တိကျသော ညွှန်ကြားချက်တခုအဖြစ် ပြဋ္ဌာန်းထားသော ဥပဒေတခု ရှိရန်အတွက် အမြင့်ဆုံး စစ်ခေါင်းဆောင်နှင့် နိုင်ငံရေးခေါင်းဆောင်များတွင် တာဝန်ရှိကြောင်း အသိပေးရန်

၂၊ လက်နက်ကိုင်တပ်များ သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် သက်ဆိုင်သည့် လူသားချင်းစာနာသော ဥပဒေနှင့် အခြားဆက်နွယ်သော စာချုပ်များ အကောင်အထည်ဖေါ် လိုက်နာခြင်းအား မြှင့်တင် ပေးရန်။

၃၊ လူသားချင်းစာနာသော ဥပဒေနှင့် အခြားဆက်နွယ်သော စာချုပ်များ အကြောင်းအား အရပ်သား လူထုသို့ အသိပေးရန်။ အလုပ်စာမျက်နှာ ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်းဖြင့် ချိတ်ဆက်လုပ်ကိုင်ရန်။

၄၊ လိင်အကြမ်းဖက်မှုဆိုင်ရာ နည်းဥပဒေများအပါအဝင် လူသားချင်းစာနာသော ဥပဒေနှင့် အခြားဆက်နွယ်သော စာချုပ်များအား ဝန်ကြီးဌာနများမှ လူထုဆက်ဆံရေးအရာရှိများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချသူများအား အသိပေးရန်။

၅၊ ဥပဒေစိုးမိုးရေးအာဏာပိုင်များအား အောက်ပါအချက်များ အသိပေးရန်လိုအပ်သည်။

- နိုင်ငံအချင်းချင်းလက်နက်ကိုင် ပဋိပက္ခ သို့မဟုတ် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတို့တွင်မဆို အဓမ္မကျင့်ခြင်း၊ အတင်းအဓမ္မ ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် အခြားသောလိင်အခြေခံအကြမ်းဖက်မှုများသည် စစ်ရာဇဝတ်မှုများ ဖြစ်ခြင်း
- ၎င်းတို့၏ စီမံအုပ်ချုပ်ပိုင်ခွင့် နယ်မြေအတွင်း အခြားရာဇဝတ်မှုများအပေါ် အရေးယူဆောင်ရွက်သကဲ့သို့ လိင်အခြေခံအကြမ်းဖက် မှုသည် မည်သည့်အချိန်တွင် မဆို ဖြစ်ပွားခဲ့ပါက အရေးယူဆောင်ရွက်ရန် တာဝန်ရှိခြင်း
- အမျိုးသမီးများအား ဖမ်းဆီးခြင်းပြုပါက သူမသည် အမျိုးသမီး ဥပဒေစိုးမိုးရေးအရာရှိများ၏ ကြီးကြပ်မှုအောက်တွင် ရှိရမည် ဖြစ်ပြီး ချုပ်နှောင်မည်ဆိုပါက အမျိုးသားများနှင့် သီးခြားချုပ်နှောင်ရမည်။
- အမျိုးသမီးကျူးလွန်ခံရသူများနှင့် အမျိုးသမီးကျူးလွန်သူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာအား အချိန်တိုင်းလေးစားလိုက်နာ ရမည်။
- လိင်အကြမ်းဖက် ကျူးလွန်ခံရသူများအား ၎င်းတို့၏ ဂုဏ်သိက္ခာအား လေးစားခြင်း၊ ကရုဏာထားခြင်းဖြင့် ဆက်ဆံရမည်။ ကျူးလွန်ခံရသူများသည် ၎င်းတို့အတွက် တကိုယ်ရေလွတ်လပ်ခွင့်၊ လုံခြုံမှုအပြင် ၎င်းတို့၏ မိသားစုအတွက်လည်း ခြိမ်းခြောက် ခြင်း၊ လက်စားချေခြင်းမှ အကာအကွယ်ပေးရန် လိုအပ်သည်ကို သိရှိရမည်။
- ကျူးလွန်ခံရသူများအား လုပ်ထုံးလုပ်နည်းများနှင့် တရားရေးစနစ်အား အသုံးပြုပုံများအား အသိပေးရမည်။

၆၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများအတွက် ပြင်ဆင်ခြင်းများတွင် IHL မွန်းမံသင်တန်းအပြင် အဓမ္မပြုကျင့်ခြင်းနှင့် အခြား လိင် အကြမ်းဖက်မှု ပုံစံများ တားမြစ်ခြင်းများအား အထူးပြု၍ သင်တန်းပေးခြင်းများ ပါဝင်ရမည်။ (အလုပ်စာမျက်နှာ ၄ – ၃ လို့ဝှက်တိုင်တန်းခြင်း စနစ်တခုအား အကောင်အထည်ဖေါ်ခြင်းနှင့် ၄ – ၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည်ဖေါ်ခြင်းအား ကြည့်ပါ။)

**Key Reference Materials**

1. *To serve and to protect.* This manual describes the rules of human rights and humanitarian law relevant to professional law enforcement practice in situations ranging from peace to international armed conflict.
http://www.icrc.org/Web/Eng/siteeng0.nsf/htmlall/p0698/$File/ICRC_002_0698.PDF!Open

2. *The law of armed conflict.* Teaching file.
http://www.icrc.org/Web/Eng/siteeng0.nsf/iwpList571/2437B7A5BFC8EE31C1256D5C00393846

3. *Addressing the Needs of Women Affected by Armed Conflict: An ICRC Guidance Document.*
http://www.gva.icrc.org/Web/Eng/siteeng0.nsf/iw pList138/888F718CF7575CB4C1256E4B004D0576

4. Secretary-General's Bulletin: *Observance by United Nations Forces of International Humanitarian Law,* ST/SGB/1999/13, 6 August 1999. www.un.org/peace/st_sgb_1999_13.pdf

5. *The Special Needs of Women and Children in and after Conflict: a Training Programme for Civilian Personnel in UN Peacekeeping Operations.* http://www.unitar.org/wcc/

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ ၁

**အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှုများ ဖြေရှင်းခြင်း လုပ်ငန်း။ IASC ၏ ကတိကဝတ်။**
**၁၃ ဇန်နဝါရီ ၂၀၀၅**

အေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီ (IASC) အဖွဲ့ဝင်များ ဖြစ်သော ကျွန်ုပ်တို့သည် အရေးပေါ် အခြေအနေ များအတွင်း ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော လိင်အခြေခံအကြမ်းဖက်မှု များအပေါ် အထူး စိုးရိမ် မကင်းဖြစ်ရသည်။ ပဋိပက္ခအခြေအနေများတွင် လိင်အကြမ်းဖက်မှု အား အရပ်သားပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ်တွင် အကြောက်တရား လွှမ်းမိုးရေး၊ ရက်စက်စွာ ပြုမူသော စစ်ပွဲ၏ နည်းလမ်းတခုအဖြစ် စနစ်တကျ တွင်တွင်ကျယ်ကျယ်အသုံးပြုနေခြင်းအပေါ် ကျွန်ုပ်တို့ အထူးစိုးရိမ်မကင်းဖြစ်ရသည်။

ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂအရပ်သားဝန်ထမ်းများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အနိုင်ကျင့်ခြင်းများနှင့် ပတ်သက်၍ မကြာသေးမီက ထုတ်ပြန်လိုက်သော အစီရင်ခံစာများကြောင့် ကျွန်ုပ်တို့ ပို၍ စိတ်မချမ်းမသာ ဖြစ်ရသည်။

ထို့ကြောင့် အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ကြေငြာချက်ဖြစ်သော လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများမှ အကာအကွယ်ပေးခြင်း အထူးလုပ်ဆောင်ချက်များ (UN Secretary-General's Bulletin on Special Measures for Protection from Sexual Exploitation and Sexual Abuse (ST/SGB/2003/13) ) အား အပြည့်အဝလေးစားလိုက်နာရန်နှင့် ဥပဒေ၏ အမြင့်ဆုံးစံသတ်မှတ်ချက်များအား တဦးချင်းအနေဖြင့်သော်လည်း၊ အစုအဖွဲ့အရသော်လည်းကောင်း လေးစားလိုက်နာမည် ဖြစ်ကြောင်းအား ကျွန်ုပ်တို့က ထပ်လောင်းပြောပြလိုသည်။

အထူးသဖြင့် လိင်အကြမ်းဖက်မှုအပါအဝင် လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်တားဆီးဟန့်တားခြင်း၊ ကျူးလွန်ခံရသူများအတွက် နောက်ဆက်တွဲ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း နှင့် ကျူးလွန်သူများအား အပြည့်အဝ တာဝန်ခံရေးလုပ်ငန်းများအတွက် ရည်ရွယ်သော အရေးတကြီး အားကောင်းသောလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့မှ ထပ်လောင်းကတိပြုလိုက်သည်။ အောက်ပါလုပ်ငန်း များအား အထူးအလေးပြု၍ လုပ်ဆောင်မည်ဖြစ်ကြောင်း ကတိပြုလိုက်သည်။

၁၊ ကာကွယ်ဟန့်တားခြင်းလုပ်ငန်းများ အားကောင်းစေရေး။ ။ ပဋိပက္ခ၏ ဘေးထွက်သက်ရောက်မှု များဖြစ်သော အိုးအိမ်အခြေမဲ့ စွန့်ခွာထွက်ပြေးရခြင်း၊ လူထုအဆောက်အအုံများ ဖျက်ဆီးခံရခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အရင်းအမြစ်နည်းပါးခြင်းကြောင့် လိင်အခြေခံ အကြမ်းဖက်မှု အန္တရာယ်ပိုမိုများပြားလာစေသည်။ လိင်အခြေခံအကြမ်းဖက်မှုပုံစံအားလုံး အထူးသဖြင့် လိင်အကြမ်းဖက်မှုရန်မှ အကာအကွယ်ပေးရန်လိုအပ်သူများအား ကျွန်ုပ်တို့၏ လူသားချင်းစာနာသော စည်းမျဉ်းစည်းကမ်းများအား အပြည့်အဝလိုက်နာ၍ အချိန်နှင့်တပြေးညီ အပြည့်အဝကူညီပေးခြင်း၊ အကာအကွယ်ပေးခြင်းများ လုပ်ဆောင်ပေးရန်အတွက် ကြိုးပမ်းသွားရမည်။ ကာကွယ်ဟန့်တားခြင်းလုပ်ငန်းများတွင် အောက်ဖော်ပြပါလုပ်ငန်းများ ပါဝင်သင့်သည်။

- လိင်အခြေခံအကြမ်းဖက်မှုအန္တရာယ်တွင် ကျရောက်နေသောပြည်သူလူထု အထူးသဖြင့် မိန်းကလေးများနှင့် အမျိုးသမီး များအား အန္တရာယ်မှ ကာကွယ်ဟန့်တားပေးသော ကျွန်ုပ်တို့၏ စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- တရားဥပဒေစိုးမိုးခြင်းနှင့် ကာကွယ်တားဆီးခြင်းလုပ်ငန်းများ အပါအဝင် အရပ်သားပြည်သူများ အထူးသဖြင့် အမျိုးသမီး နှင့် ကလေးများအတွက် ထိရောက်သော လုံခြုံရေးထောက်ပံ့ပေးရန်အတွက် နိုင်ငံတော်အာဏာပိုင်များအား ကူညီထောက်ပံ့ ပေးခြင်း
- ဥပဒေဆိုင်ရာ နစ်သိမ့်အားပေးခြင်းနှင့် ကျူးလွန်ခံရသူများအတွက် တရားစီရင်မှု အခွင့်အရေးရရှိနိုင်ရေးအပါအဝင် တာဝန်ခံမှုများ ပိုမိုအားကောင်းလာစေရေးအတွက် ထိရောက်သော တရားစီရင်မှုလုပ်ငန်းများ ဖြစ်လာစေရန် မြှင့်တင်ပေးခြင်း
- ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လက်နက်ကိုင်များအား နိုင်ငံတကာဥပဒေဆိုင်ရာ သဘောတူညီချက် များတွင် ပါရှိသည့် လိင်အကြမ်းဖက်မှုတားမြစ်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်

တွန်းအားပေးခြင်း

- ကာကွယ်ဟန့်တားခြင်း လုပ်ငန်းများလုပ်ဆောင်နေသော နိုင်ငံတော်အစိုးရများ၊ နိုင်ငံတွင်း အန်နန်ဂျီအိုများနှင့် ဒေသခံပြည်သူများ အား အရည်အသွေးမြှင့်တင်ပေးရန်နှင့် သင်တန်းများပေးခြင်း

**၂။ လူသားချင်းစာနာသော အထောက်အပံ့များတွင် IASC ၏ လိင်ကွဲပြားမှုဆိုင်ရာ မူဝါဒအား အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း**

လိင်အရ တန်းတူမဖြစ်ခြင်းသည် လိင်အခြေခံအကြမ်းဖက်မှုအား ဖြစ်ပွားရခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည်။ အမျိုးသမီးများနှင့် မိန်ကလေး များသည် ဆုံးဖြတ်ချက်ချသော လုပ်ငန်းများတွင် အပြည့်အဝပါဝင်လာစေခြင်းအပါအဝင် လိင်အရ ခွဲခြားဆက်ဆံခြင်းအား ဖြေရှင်းခြင်း သည် ယင်းအကြမ်းဖက်မှုပုံစံအား အဆုံးသတ်စေရေးအတွက် အရေးကြီးသော ခြေလှမ်းတလှမ်းဖြစ်သည်။

**၃။ ဥပဒေအရ ကင်းလွတ်ခွင့်ရရှိနေခြင်း ပြဿနာအား ဖြေရှင်းသော အားထုတ်မှုများ ပိုမိုအားကောင်းလာစေခြင်းနှင့် နိုင်ငံတကာဥပဒေအား လေးစားလိုက်နာခြင်း၊**

လက်နက်ကိုင် ပဋိပက္ခ အခြေအနေများတွင် အထူးသဖြင့် လိင်အကြမ်းဖက်မှုအပါအဝင် လိင်အခြေခံအကြမ်းဖက်မှုများသည် အရပ်သား အများအပေါ် ပို၍ ထိခိုက်စေသည်ကို ရှုမြင်ရမည်။ ထို့ကြောင့် အစိုးရများသည် လက်နက်ကိုင်ပဋိပက္ခများဖြစ်နေသော အချိန်နှင့် ဖြစ်ပြီးနောက်ပိုင်းများတွင်လည်း နိုင်ငံတကာဥပဒေပါ အခန်းများအား လေးစားလိုက်နာရန် တွန်းအားပေးရမည်။ လိင်အကြမ်းဖက်မှု ကျူးလွန်သူများသည် ဥပဒေအပေါ် ကင်းလွတ်ခွင့်အပြည့်အဝ ရရှိနေကြသဖြင့် ကျူးလွန်သူများအား တရားရုံးတော် ရှေ့မှောက်သို့ ဆောင်ကျဉ်းပေးရမည့် အစိုးရများ၏ ခိုင်မာသော ဆောင်ရွက်ချက်များအပေါ် အထောက်အပံ့ ပေးရမည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ICC) ၏ အခန်းကဏ္ဍအား ကျွန်ုပ်တို့က ကြိုဆိုလိုက်ပါသည်။ နိုင်ငံတော်အာဏာပိုင်များက ပျက်ကွက်ခဲ့သော အခြေအနေများတွင် အမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှုများရှိနေခြင်းကို အဓိပ္ပါယ်ပြည့်ဝသော တာဝန်ခံမှုများ ရှိလာစေရေးအတွက် အိုင်စီစီ၏ ကြိုးပမ်းအားထုတ်ချက်များကို ကျွန်ုပ်တို့က ထပ်လောင်းအားပေးလိုက်သည်။

၄၊ နိုင်ငံတကာဥပဒေ အခြေခံများဖြင့် ဆီလျော်ကိုက်ညီပြီး ပြန်လည်လျော်ကြေးပေးခြင်းလုပ်ငန်းများအတွက် အထောက်ကူဖြစ်စေသော **အစီရင်ခံစာတင်သွင်းခြင်းနှင့် အချက်အလက်စုဆောင်းခြင်း လုပ်ငန်းများ ကောင်းမွန်တိုးတက်လာခြင်း။** လိင်အခြေခံ အကြမ်းဖက်မှု အထူးသဖြင့် လိင်အကြမ်းဖက်မှုများဆိုင်ရာ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အစီရင်ခံခြင်းများတွင် စွမ်းရည်များ ပိုမိုတိုးတက် လာခြင်း။ ယင်းလုပ်ငန်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာကာကွယ်ရေး အထူးကိုယ်စားလှယ်၊ ဒေသတွင်း လူ့အခွင့်အရေး ဆိုင်ရာအဖွဲ့များ၊ လူ့အခွင့်အရေးအန်ဂျီအိုများအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ နည်းလမ်းများ (စာချုပ်ပါအဖွဲ့အစည်းများနှင့် အထူး လုပ်ထုံးလုပ်နည်းများ)နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းများ ပါဝင်သည်။ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းအပါအဝင် ထိရောက်သော လုပ်ငန်းစီမံကိန်းများ ဖြစ်ပေါ်လာစေရေးအတွက် အခြေခံတခုအဖြစ် သုံးသပ်နိုင်သော လိင် နှင့် အသက်အရွယ် အလိုက် စနစ်တကျ အချက်အလက်စုဆောင်းခြင်းအား မြှင့်တင်ပေးခြင်း။

**၅။ ကျူးလွန်ခံရသူများအတွက် စောင့်ရှောက်မှုများ နှင့် နောက်ဆက်တွဲ လုပ်ငန်းများဆောင်ရွက်ပေးခြင်း**

ကျူးလွန်ခံရသူများအတွက် လိင်အခြေခံအကြမ်းဖက်မှု အထူးသဖြင့် လိင်အကြမ်းဖက်မှု၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ နောက်ဆက်တွဲ ပြဿနာရပ်များ ဖြေရှင်းပေးသော လုပ်ငန်းများ ဖြစ်ပေါ်လာရေးနှင့် အားကောင်းစေရေး။ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျယ်ပြန့်သော လူ့အဖွဲ့အစည်း အတွင်း ၎င်းတို့ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကူညီပံ့ပိုးနိုင်သည်။

**၆။ ဒုက္ခရောက်နေသော လူထုအတွက် အထောက်အပံ့အကူအညီနှင့် အကာအကွယ်ပေးရန်အတွက် တာဝန်ရှိသူများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် အမြတ်ထုတ်ခြင်း ပြဿနာများအား ဖြေရှင်းခြင်း။**

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကြေငြာချက်တွင် ပါရှိသော မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်ပုံများ အားလေးစားလိုက်နာမည်ဖြစ်ကြောင်းအား ထပ်လောင်းကတိပြုအပ်ပေသည်။ ထို့အပြင် ကုလသမဂ္ဂဌာနေအဖွဲ့များသည် တိုင်ကြားချက် များအား လက်ခံနိုင်သော လျှို့ဝှက်အစီရင်ခံခြင်း စနစ်တခု ထားရှိရန်နှင့် လွဲမှားသော အပြုအမူများအပေါ် စွတ်စွဲချက်များအား ပြည့်စုံစွာ စုံးစမ်းစစ်ဆေး၍ ကျူးလွန်သူများအား လိုအပ်သလို

အရေးယူမှုများလုပ်ဆောင်သွားရန်နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ကျင့် မှုများအား ထပ်မံမဖြစ်ပွားစေရန် ကာကွယ်ဟန့်တားရမည်။ ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းများတွင် ပါဝင်သော နိုင်ငံများအား အထွေထွေအတွင်းရေးမှူးချုပ်၏ ကြေငြာချက်ကို အပြည့်အဝ လေးစားလိုက်နာဆောင်ရွက်ရန်နှင့် ကျူးလွန်သူများသည် ၎င်းတို့ပြစ်မှု အတွက် တာဝန်ခံမှုရှိစေရန်အတွက် လုပ်ဆောင် ပေးပါရန် ကျွန်ုပ်တို့က တောင်းဆိုလိုက်သည်။ တချိန်တည်းမှာပင် ကြေငြာချက် အကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင် ၎င်းတို့၏ တာဝန်ရှိမှုများအား အပြည့်အဝထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော နည်းပညာ နှင့် လူသားအရင်းအမြစ်များ အပြည့်အဝကူညီပေးရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ် သို့မဟုတ် လူသားချင်းစာနာသော တာဝန်ခံများနှင့် သက်ဆိုင်ရာနိုင်ငံလုပ်ငန်းအဖွဲ့များ တပ်ဆင်ပေးရန် လိုအပ်ချက်အား ကျွန်ုပ်တို့က ထောက်ခံသည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂပြင်ပ အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလိကများသည် ကြေငြာချက်ပါ ကျင့်ဝတ် သိက္ခာ စံသတ်မှတ်ချက်များ သိရှိထားရန်မှာ အရေးကြီးသည်ဟု ကျွန်ုပ်တို့က ထပ်လောင်း အသိပေးလိုက်ပါသည်။

**၇၊ အရေးပေါ်အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှုအား ဆန့်ကျင်ပြောဆိုခြင်း။**

ကျူးလွန်ခံရသူများကိုယ်စား စည်းရုံးလှုံ့ဆော်ခြင်းနှင့် ကျူးလွန်သူများသည် ကျူးလွန်မှုအတွက် အပြည့်အဝတာဝန်ခံရန် အားထုတ်မှု များကို ကျွန်ုပ်တို့က အားထုတ်လုပ်ဆောင်ရမည်။

**၈၊ လိင်အခြေခံအကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းစီမံချက်၊ အရည်အချင်းမြှင့်တင်ပေးရေး IASC မူဝါဒတခု ဖြစ်ပေါ်လာစေရေး။**

လူသားချင်းစာနာသော အခြေအနေများတွင် လိင်အခြေခံအကြမ်းဖက်မှု ကြားဝင်ဆောင်ရွက်မှုများဆိုင်ရာ IASC မက်ထရစ် အပါအဝင် လက်ရှိတည်ရှိနေသော မူဝါဒများနှင့် လမ်းညွှန်ချက်များ တည်ဆောက်ရာတွင် လိင်အခြေခံအကြမ်းဖက်မှုအား ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် တစုတစည်းတည်းဆောင်ရွက်ခြင်း၊ ပူးပေါင်းပါဝင်နိုင်ခြင်းနှင့် လုပ်ငန်းကဏ္ဍစုံနည်းလမ်းအား ကျွန်ုပ်တို့က မြှင့်တင်လုပ်ဆောင်ရမည်။

## နောက်ဆက်တွဲ အခန်း ၂

အလုပ်စာမျက်နှာ ၂ – ၂၊ စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းများဖြင့် ဆက်စပ်လုပ်ကိုင်ရန်

နမူနာ စောင့်ကြည့်ကြပ်မတ်ခြင်းပုံစံ။ အနိမ့်ဆုံးအဆင့် ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်း

အခြေအနေ၊ တိုင်းပြည် ––––––––– နေ့စွဲ ––––––––––––– ဖြည့်စွက်သူ ––––––––––

| အဓိကလုပ်ငန်းများ | အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းလုပ်ငန်းအဆင့် |
|---|---|
| **တာဝန်ခံဆောင်ရွက်ခြင်း** | |
| ၁ ၊ ၁ လုပ်ငန်းယန္တရားများနှင့် လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များအကြား တာဝန်ခံ ဆောင်ရွက်ခြင်းအား တည်ဆောက်ခြင်း | |
| ၁ ၊ ၂ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်း | |
| ၁ ၊ ၃ လုပ်ငန်းကဏ္ဍစုံ စံသတ်မှတ်ချက်များကို ဖြန့်ဝေထားခြင်းနှင့် သေချာစွာ လေးစားလိုက်နာခြင်း | |
| **စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း** | |
| ၂ ၊ ၁ အရေးပေါ် အခြေအနေသုံးသပ်အကဲဖြတ်ချက်တခုအား တာဝန်ခံဆောင်ရွက်ခြင်း | |
| ၂ ၊ ၂ လုပ်ငန်းများအား စောင့်ကြည့်ကြတ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း | |
| **ကာကွယ်တားဆီးခြင်း (ဉပဒေကြောင်း၊ လူမှုရေး နှင့် ရုပ်ပိုင်းဆိုင်ရာ)** | |
| ၃ ၊ ၁ လုံခြုံရေးအခြေအနေအား လေ့လာစုံစမ်းခြင်းနှင့် အကာအကွယ်ပေးရေးဗျူဟာများ ချမှတ်ခြင်း | |
| ၃ ၊ ၂ လိုအပ်ချက်နှင့်အညီ လုံခြုံမှုပေးခြင်း | |
| ၃ ၊ ၃ နိုင်ငံတကာသဘောတူစာချုပ်များကို အကောင်အထည်ဖေါ်ရန်နှင့် လေးစားလိုက်ရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်း | |
| **လူသားအရင်းအမြစ်** | |
| ၄ – ၁ SEA ကို မနှစ်မြို့၊ လက်မခံသော ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း | |
| ၄ – ၂ ကျင့်ဝတ်သိက္ခာ (Code of Conduct) အား လုပ်ငန်းတူဆောင်ရွက်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ အသိပေးခြင်း | |
| ၄ – ၃ လို့ဝှက်တိုင်တန်းခြင်းစနစ်တခုအား အကောင်အထည်ဖေါ်ခြင်း | |
| ၄ – ၄ SEA လုပ်ငန်းဆုံချက်ကွန်ယက်တခု အကောင်အထည်ဖေါ်ခြင်း | |
| **ရေ နှင့် မိလ္လာစနစ်** | |
| ၅၊ ၁ သန့်ရှင်းသော ရေနှင့် မိလ္လာ အစီအစဉ်များ အကောင်အထည်ဖေါ်ခြင်း | |
| **အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အဟာရ** | |
| ၆၊ ၁ အစားအစာ ပြည့်စုံစွာ ထောက်ပံ့မှုနှင့် အဟာရဖြည့်တင်းပေးသော အစီအစဉ်များ အကောင်အထည် ဖေါ်ခြင်း | |
| **အိုးအိမ်၊ နေရာချထားခြင်း နှင့် အစားအစာမဟုတ်သော ပစ္စည်းများ** | |
| ၇ ၊ ၁ လုံခြုံသော နေရာချထားရေးအစီအစဉ်များနှင့် အိုးအိမ်စီမံကိန်းများ အကောင်အထည်ဖေါ်ခြင်း | |
| ၇၊ ၂ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် လုံခြုံသော နေရာထိုင်ခင်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း | |
| ၇၊ ၃ အိမ်သုံးလောင်စာ လုံခြုံစွာ ရရှိနိုင်ရေးမဟာဗျူဟာများ အကောင်အထည်ဖေါ်ခြင်း | |
| ၇၊ ၄ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေ ပစ္စည်းများ ထောက်ပံ့ပေးခြင်း | |
| **ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုလုပ်ငန်း** | |
| ၈ ၊ ၁ အမျိုးသမီးများသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအား အသုံးပြုခွင့် ရရှိရေး | |
| ၈၊ ၂ လိင်အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထောက်ပံ့ပေးခြင်း | |
| ၈ ၊ ၃ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများအတွက် လူထုအခြေပြု စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ထောက်ပံ့ပေးခြင်း | |
| **ပညာရေး** | |
| ၉ ၊ ၁ မိန်းကလေးများ၊ ယောက်ကျ်ားလေးများအတွက် လုံခြုံသော ပညာရေးအတွက် ရရှိစေရေး | |
| **တရားဝင်ပညာရေးနှင့် ဆက်သွယ်ရေး** | |
| ၁၀ ၊ ၁ လိင်အကြမ်းဖက်မှုနှင့် သက်ဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းရှိနေခြင်းကို ရပ်ရွာသို့ အသိပေးခြင်း | |
| ၁၀ ၊ ၂ လက်နက်ကိုင်အဖွဲ့များထံသို့ နိုင်ငံတကာလူသားချင်းဆိုင်ရာ ဉပဒေများဆိုင်ရာ သတင်းအချက် အလက်များ ဖြန့်ဝေပေးခြင်း | |

# နောက်ဆက်တွဲ အခန်း ၃
# နမူနာ အမှုအစီရင်ခံခြင်း ပုံစံ

(ဒုက္ခသည်၊ မူရင်းနေရပ်ပြန်သူများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးသူများအား လိင်အကြမ်းဖက်မှုအန္တရာယ်မှ ကာကွယ်ပေးခြင်း။ ယူအန်အိုင်ချ်စီအာရ် ၂၀၀၃ ခုနှစ်)

မှတ်ချက်။ ။ ယခုပုံစံအားဖြည့်စွက်သူသည် ကျူးလွန်ခံရသူများအားမည်ကဲ့သို့ တွေ့ဆုံမေးမြန်းရမည်၊ ပုံစံစာရွက်အား မည်ကဲ့သို့ မှန်ကန်စွာ ဖြည့်စွက်ရမည်တို့နှင့် ပတ်သက်၍ သေချာစွာ လေ့ကျင့်ပေးထားသူ ဖြစ်ရမည်။ တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် စမ်းသပ် စစ်ဆေးခြင်း တခုအတွက် ပုံစံတခုမဟုတ်ပါ။ နှစ်သိမ့်အားပေးခြင်း၊ ကျန်းမာရေး စစ်ဆေးမှုနှင့် ကုသပေးမှုများအတွက် သီးခြားလမ်းညွှန်ချက် များနှင့် ပုံစံများကို အသုံးပြုသင့်သည်။

| **အမှုပုံစံအမျိုးအစား** | ဒုတိယအမှုပုံစံအမျိုးအစား | |
|---|---|---|
| အမှုနံပါတ် | စခန်းအမည်၊ မြို့နယ်အမည် | တွေ့ဆုံမေးမြန်းမှုပြုလုပ်သည့် အချိန်၊ နေ့စွဲ |
| အမှုသည်၏ ယခင်အမှုနံပါတ်အဟောင်း (ရှိပါက) | | |

| ကျူးလွန်ခံရသူ၏ သတင်းအချက်အလက် | | | |
|---|---|---|---|
| အမည် | အသက် | မွေးသက္ကရာဇ် | လိင် |
| လိပ်စာ | နောက်ခံလူမျိုး | အိမ်ထောင်ရှိ မရှိ | အလုပ်အကိုင် |
| ကလေးအရေအတွက် | အသက်(များ) | အိမ်ထောင်ဦးစီး (သူမကိုယ်တိုင်သို့မဟုတ် ကျူးလွန်ခံရသူ နှင့် တော်စပ်ပုံ) | |
| အကယ်၍ကျူးလွန်ခံရသူသည် ကလေးဖြစ်ပါက စောင့်ရှောက်သူ၏ အမည် | | | တော်စပ်ပုံ |

| အမှုဖြစ်ပွားပုံ | | |
|---|---|---|
| တည်နေရာ | နေ့စွဲ | အမှုဖြစ်ပွားသည့်အချိန် |
| အမှုဖြစ်ပွားပုံ အကျဉ်းချုပ် (ဖြစ်ပွားပုံအား အကျဉ်းရုံးဖော်ပြပါ။ မည်သည့်အရာများ အတိအကျဖြစ်ပျက်ခဲ့သည်နှင့် ထို့နောက် မည်သည့်အရာများ ဆက်ဖြစ်ခဲ့သည်ကို အတိအကျဖော်ပြပါ။) | | |

| ကျူးလွန်သူ၏ သတင်းအချက်အလက် | | |
|---|---|---|
| အမည် | ကျူးလွန်သူအရေအတွက် | လိင် |
| လိပ်စာ | နိုင်ငံသား<br>အသက် | လူမျိုး |
| ကျူးလွန်ခံရသူနှင့် ဆက်စပ်ပုံ | အိမ်ထောင်ရှိ မရှိ | အလုပ်အကိုင် |
| အကယ်၍ ကျူးလွန်သူအား မည်သူမည်ဝါမှန်းမသိပါက ထင်ရှားသော အမှတ်အသားများအပါအဝင် သူ သို့မဟုတ် သူမအား ပုံဖော်ပေးပါ။ | | |
| ကျူးလွန်သူ၏ လက်ရှိနေရာ။ (သိပါက)<br>ကျူးလွန်သူသည် ဆက်လက် အန္တရာယ်ပြုနေပါသလား။ | | |
| အကယ်၍ ကျူးလွန်သူသည် ကလေးတဦးဖြစ်ပါက စောင့်ရှောက်သူ၏ အမည်။ တော်စပ်ပုံ | | |

# နောက်ဆက်တွဲ အခန်း ၄နောက်ဆက်တွဲ အခန်း ၄
## အတိုကောက် ဝေါဟာရများ

| | |
|---|---|
| ARC | Action for the Rights of the Child |
| AS | action sheet |
| BCC | behaviour change communication |
| CAP | consolidated appeal process |
| CBO | community-based organisation |
| CEDAW | Convention on the Elimination of All Forms of Discrimination Against Women |
| DPKO | Department of Peacekeeping Operations |
| GBV | gender-based violence |
| HC | Humanitarian Coordinator |
| IASC | Inter-Agency Standing Committee |
| ICRC | International Committee of the Red Cross |
| IEC | information, education, communication |
| M & E | monitoring and evaluation |
| MISP | Minimum Initial Service Package |
| NGO | non-governmental organisation |
| OHCHR | Office of the High Commissioner for Human Rights |
| RC | Resident Coordinator |
| RHRC | Reproductive Health Response in Conflict Consortium |
| SEA | sexual exploitation and abuse |
| SG | Secretary-General of the United Nations |
| SGB | Secretary-General's Bulletin |
| SGBV | sexual and gender-based violence |
| SRSG | Special Representative of the Secretary General |
| STI/STD | sexually transmitted infection/disease |
| TBA | traditional birth attendant |
| TOR | terms of reference |
| UN | United Nations |
| UNFPA | United Nations Population Fund |
| UNHCR | United Nations High Commissioner for Refugees |
| UNICEF | United Nations Children's Fund |
| UNOCHA | United Nations Office for the Coordination of Humanitarian Affairs |
| VAW | violence against women |
| WFP | World Food Programme |
| WHO | World Health Organisation |

ဓါတ်ပုံတွင် ပါရှိသော သူများအားလုံးမှာ ပဋိပက္ခအခြေအနေအတွင်း နေထိုင်နေကြသူများဖြစ်ကြသော်လည်း လိင်အခြေခံအကြမ်းဖက်မှု ကျူးလွန်ခံခဲ့ရသူများ မဟုတ်သည်ကို ကျေးဇူးပြု၍ သတိချပ်စေချင်သည်။

ဓါတ်ပုံပညာရှင်များ (ရှေ့မျက်နှာဖုံး) – အပေါ်တန်း၊ ဘယ်ဖက် မှ ညာဖက်ဆီသို့ IRIN (Women's Commission for Refugee Women and Children: IOM 2003 - MMD0002 (ဓါတ်ပုံ - Iurie Foca)

အောက်ဖက်အတန်း - WFP/ Vanessa Vick; IOM 2003 - MRU0030 (ဓါတ်ပုံ - Cemil Alynak) (ထိပ်ပိုင်): IOM 2002 - MAF102 (ဓါတ်ပုံ – Jeff Labovitz) (အောက်ဖက်ပိုင်း)

**ဆက်သွယ်ရန်လိပ်စာ**

The IASC Taskforce on Gender in Jumanitarian Assistance
http://www.humanitarianinfo.org/iasc/publications/asp
Email - iascgbvguidelines@un.org

လူသားချင်းစာနာသော အရေးပေါ် အခြေအနေများအတွင်း *လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်တားဆီးခြင်း ကြားဝင်ဆောင်ရွက်မှု လုပ်ငန်းများ အတွက် လုပ်ငန်းလမ်းညွှန်ချက်များသည်* အထူးသဖြင့် လိင်အကြမ်းဖက်မှု နှင့် လိင်အခြေခံအကြမ်းဖက်မှုများအား ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းတွင် ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလိကများအတွက် တန်ဖိုးရှိသော သတင်းအချက်အလက်များ ပါဝင်သည်။

ပါဝင်သော ခေါင်းစဉ်များမှာ

- စီစဉ်ခြင်း နှင့် ပြင်ဆင်ခြင်း
- တာဝန်ခံဆောင်ရွက်ခြင်း
- စုံစမ်းလေ့လာခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း
- ကာကွယ်တားဆီးခြင်း (ဥပဒေကြောင်း၊ လူမှုရေး နှင့် ရုပ်ပိုင်းဆိုင်ရာ)
- လူသားအရင်းအမြစ်
- ရေ နှင့် မိလ္လာ သနစ်
- အစားအသောက် ပြည့်ပြည့်ဝဝရှိမှုနှင့် အဟာရ
- အိုးအိမ်၊ နေရာချထားခြင်း နှင့် အစားအစာမဟုတ်သော ပစ္စည်းများ
- ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုလုပ်ငန်း
- ပညာရေး
- တရားဝင်ပညာရေးနှင့် ဆက်သွယ်ရေး

ယခုလုပ်ငန်းလမ်းညွှန်ချက်တွင် လူသားချင်းဆိုင်ရာ အရေးပေါ်အခြေအနေများ၏ အစောပိုင်းအဆင့်များတွင် လုပ်ဆောင်ရမည့် လုပ်ငန်းများ နှင့် ပိုမိုတည်ငြိမ်သော အခြေအနေများအတွင်း လုပ်ဆောင်ရန်လိုအပ်သော လုပ်ငန်းများအတွက် အရေးပေါ်စီမံကိန်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်များပြဋ္ဌာန်းပေးထားသော မက်ထရစ် တခုပါဝင်သည်။ အရေးပေါ်အခြေအနေများအတွင် မိတ္တူကူးယူ၍ အလွယ်တကူအသုံးပြုနိုင်သော ကာကွယ်ဟန့်တားခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်ချက်အား ရိုးစင်းသော ဇယားကွက်တခုဖြင့် ဖေါ်ပြထားသည်။

လုပ်ငန်းလမ်းညွှန်ချက်အား ပုံနှိပ်လမ်းညွှန်စာအုပ်တွင် ပါဝင်သော သတင်းအချက်အလက်များပါဝင်သော CD-ROM တခုအဖြစ်လည် ထုတ်လုပ်ထားပြီး၊ Acrobat/PDF/ Word/ HTML ပုံစံများအဖြစ်လည်း အသုံးပြု နိုင်သည်။ အသုံးပြုရာတွင် လွယ်ကူစေရန်အတွက် ကွန်ပြူတာအားလုံးတွင် အလိုအလျောက် ဖွင့်နိုင်သော CD-ROM အဖြစ် ပြုလုပ်ထားပြီး အင်တာနက်စာမျက်နှာ ပုံစံကဲ့သို့ လွယ်ကူစွာ ရှာဖွေအသုံးပြုနိုင်သည်။

အေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီမှ ပုံနှိပ်ဖြန့်ဝေထားသော ယခုလုပ်ငန်းလမ်းညွှန်ချက်သည် လူသားချင်းဆိုင်ရာအရေးပေါ် အခြေအနေများအတွင်း လိင်အခြေခံအကြမ်းဖက်မှု ကာကွယ်ဟန့်တားခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သော သတင်းအချက်အလက်များအား လူသားချင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူများ လျင်လျင်မြန်မြန်၊ အလွယ်တကူ ရရှိနိုင်ရန်အတွက် ကျစ်လစ်၍ အသုံးဝင်သော အထောက်အကူပြု စာအုပ်တအုပ်ဖြစ်သည်။

IASC

Inter-Agency Standing Committee